ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော် ဘုရားကြီး၏

# အနုရာဓသုတ်

## တရားတော်

ပြုစုရေးသားသူ
ကိုဝင်းမြင့် ( ကော့သောင်းမြို့ )

## “ ဒို့တာဝန် အရေးသုံးပါး။ ”

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး။
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး။

- **နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

## “ ပြည်သူ့သဘောထား။ ”

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော် ဘုရားကြီး၏

# အနုရာဓသုတ်

## တရားတော်

ပြုစုရေးသားသူ

ကိုဝင်းမြင့် ( ကော့သောင်းမြို့ )

ဤစာအုပ်သည်
ဦးကျိုက်ဟင်း+ဒေါ်ကင်လှျံ သားသမီးတစ်စု
ခြံအမှတ် (၆)၊ အေးရိပ်မွန်လမ်းမကြီး ( ပိတောက်လမ်းထောင့် )၊
အမှတ် (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း ( ၇၀၇၉၂၆၊ ၆၈၃၂၂၇ )၏ မူပိုင်ဖြစ်ပါသည် ။

၂၅၇၁၂

# " အနုရာဓသုတ် "

ပထမအကြိမ် ............ အုပ်ရေ – ၂၀၀၀။
၂၀၀၃ ခုနှစ်၊ ဇွန်လ။
တန်ဖိုး – ၁၁၀၀ ကျပ်။

ဘာသာရေးဆိုင်ရာစာမူ ခွင့်ပြုချက်အမှတ် ..... ၃၅၇/ ၂၀၀၂ (၆)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ..... ၃၈၉ / ၂၀၀၂ (၇)

" ထုတ်ဝေသူ "
ဦးထွန်းထွန်းဦး၊ နှင်းဦးလွင်စာပေ၊
အမှတ် (၅၃၃) အေ၊ ပြည်လမ်း၊ ကမာရွတ်၊ ရန်ကုန်။

" ပုံနှိပ်သူ "
ဦးနိုင်နိုင်ဦး၊ ရွှေပုံနှိပ်တိုက် ( မြ–၀၅၇၀၁ )၊
အမှတ် (၅)၊ ကြာညိုလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်တွင် ပုံနှိပ်သည်။


" ဖြန့်ချိရေး "
ဦးကျိုက်ဟင်း+ဒေါ်ကင်လှျံ သားသမီးတစ်စု
အမှတ် (၆)၊ အေးရိပ်မွန်လမ်းမကြီး ( ပိတောက်လမ်းထောင့် )၊ အမှတ် (၄)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၇၀၇၉၂၆၊ ၆၈၃၂၂၇။

“ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ”




မြတ်စွာဘုရား ပုံတော်

“ ဓမ္မံ သရဏံ ဂစ္ဆာမိ ”



ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ ပုံတော်

“ သံဃံ သရဏံ ဂစ္ဆာမိ ”



မိုးကုတ်ဆရာတော် ဦးဝိမလ ပုံတော်

## " ကျေးဇူးတင်ရှိပါကြောင်း။ "

ဤစာအုပ် ဖြစ်မြောက်ရန်အတွက် အဖက်ဖက်မှ ကူညီပေးခဲ့ကြသော ဆရာတော် ဦးဃောသိတ ( တစ်ဘဝ သာသနာကျမ်းပြု )။ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သီလဝံသ ( ပထမကျော် )၊ ထားဝယ်ရိပ်သာကျောင်းတိုက်၊ ကော့သောင်းမြို့။ ဆရာတော် ဦးမေဃိယ ( ဓမ္မာစရိယ )၊ မြို့လယ်ကျောင်း၊ ကော့သောင်းမြို့။ ဦးဝိလာသ ( စာချတန်း )၊ မြို့လယ်ကျောင်း၊ ကော့သောင်းမြို့။ **သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို နှင့်ဇနီး ဒေါ်မြင့်မြင့်ရီ။** ကိုအောင်သန်းဦး။ မျက်နှာဖုံး ဒီဇိုင်း ပြုလုပ်ပေးသော ကိုမိုးကျော်လင်း။ ဒေါက်တာစံကျော်ဦး ( ရွှေစာပေတိုက် )။ မတင်စန်း။ ကိုကျော်စွာဝင်း နှင့်ဇနီး မသီတာ။ ကိုကျောင်းဝင်း နှင့်ဇနီး မဘေဘီဝင်း။ မခင်ချို။ ကိုဌေးဝင်း ( ကိုနောင်ပိန် ) နှင့်ဇနီး မစိုးစံ။ ကိုတင်မြင့်။ ကိုဌေးအောင်ဝင်း။ ကိုဇော်နိုင် တို့အား အထူး ကျေးဇူးတင်ရှိပါကြောင်း။ ။

ပြုစုရေးသားသူ
**ကိုဝင်းမြင့် ( ကော့သောင်းမြို့ )**

# "အမှာစာ"
# ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ "မူ"ကို ထိန်းသိမ်းသောအားဖြင့် ပြုစုရေးသားထားခြင်း ဖြစ်ပါသည်။

ဤ–"အနုရာဓသုတ်"သည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံပေါ်တွင် ( ၁၀ . ၃ . ၆၀ မှ ၁၂ . ၃ . ၆၀ ထိ ) နှင့် ( ၉ . ၂ . ၆၁ မှ ၁၂ . ၂ . ၆၁ ထိ ) ဟောကြားထားသော တရားတော်များထဲမှ စနစ်တကျ ပြုစုရေးသားထားသော တရားတော်များ ဖြစ်ပါသည်။ တရားတော် အပုဒ်တိုင်းတွင် သူ့ကဏ္ဍာနှင့်သူ အရောင်များနှင့် ခွဲခြား၍ ရေးသားဖော်ပြ ပေးထားပါသည်။ ထို့အတွက်ကြောင့် စာဖတ်ရှုသူ သူတော်ကောင်းများမှာ **"မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်"**များကို အလွယ်တကူ သိရှိနိုင်ပြီး၊ **"ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်" အတိုင်း ကျင့်ကြံပွားများ အားထုတ်တတ်စေရန် နှင့် တစ်ဆင့်ပြန်လည် ဟောကြားတတ်စေရန်** ရည်ရွယ်ပြီး ပြုစုရေးသား လိုက်ပါသည်။

ဤ–"အနုရာဓသုတ်"တွင်.....

(***) **"ဒိဋ္ဌိ, ဝိစိကိစ္ဆာ သတ်တဲ့–တရား။"**

(***) **"အယောနိသောမနသိကာရ"ကြောင့် "အဝိဇ္ဇာ"ဖြစ်တယ် တရား။**

(***) **"ဟဒ္ဓိပဒေါပမသုတ်။"** ( "ပဋိစ္စသမုပ္ပါဒ်"သိမှ "ခန္ဓာ"သိတယ်။ )

*** **"ဒိဋ္ဌိ, ဝိစိကိစ္ဆာ သတ်ပုံ–တရား။"**

♣♣♣♣♣

(***) **"ပဋိစ္စသမုပ္ပါဒ်။"** *** **"ဒိဋ္ဌိဖြုတ်တရား။"**

(***) **"အာရုံတိုက်ဆိုင်တဲ့ ပဋိစ္စသမုပ္ပါဒ် ၆–မျိုးတရား။"** ( ဒိဋ္ဌိ–ခွာပေးနေတာ။ )

(***) **"ယခုပေါ်တဲ့–ပဋိစ္စသမုပ္ပါဒ်။"** *** **"ဒိဋ္ဌိ, ဝိစိကိစ္ဆာ ပြုတ်တဲ့–တရား။"**

(***) **"သစ္စာနုလောမိကဉာဏ်"** တရားများ ပါဝင်ပါသည်။

မှတ်ချက်။ ။

(က)။ ဤတရားတော် တစ်ပုဒ်စီ၏ **"အဓိက ရည်ရွယ်ချက်"**ကို တရားတော် ခေါင်းစီး၏ အထက်တွင် မှင်အနီရောင် စာလုံးဖြင့် ရေးသားဖော်ပြ ပေးထားပါသည်။

(ခ)။ ဤတရားတော် တစ်ပုဒ်စီ၏ **"ရည်ရွယ်ချက်"**ကို မှတ်ချက်။ ။အမှတ်စဉ် (၁), (၂), (၃), (၄), (၅) စသည်များဖြင့် ရေးသားဖော်ပြ ပေးထားပါသည်။

**ပြုစုရေးသားသူ**
**ကိုဝင်းမြင့် ( ကော့သောင်းမြို့ )**

# မာတိကာ

♠♠♠♠♠


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ၁၀ . ၃ . ၆၀<br>ရှင်အနုရာဓရဟန်း ဥပမာပြ၊ သုညတ တရားတော်။ | ၁ |
| ၂။ | ၁၁ . ၃ . ၆၀<br>ရှင်အနုရာဓရဟန်း ဥပမာပြ၊ မျိုးမှအပင် အပင်မှမျိုး တရားတော်။ | ၁၄ |
| ၃။ | ၁၂ . ၃ . ၆၀<br>ရှင်အနုရာဓရဟန်း ဒိဋ္ဌိ, ဝိစိကိစ္ဆာကွာပြီး ရဟန္တာဖြစ်ပုံ တရားတော်။ | ၂၇ |

♣♣♣♣♣

| | | |
|---|---|---|
| ၄။ | ၉ . ၂ . ၆၁<br>ရှင်အနုရာဓရဟန်း ဥပမာပြ၊ ဒိဋ္ဌိပြုတ်ရေး အမှတ် (၁) တရားတော်။ | ၄၂ |
| ၅။ | ၁၀ . ၂ . ၆၁<br>ရှင်အနုရာဓရဟန်း ဥပမာပြ၊ ဒိဋ္ဌိပြုတ်ရေး အမှတ် (၂) တရားတော်။ | ၅၇ |
| ၆။ | ၁၁ . ၂ . ၆၁<br>ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် ခန္ဓာအစဉ်သိ ဒိဋ္ဌိပြုတ်ရေး တရားတော်။ | ၇၀ |
| ၇။ | ၁၂ . ၂ . ၆၁<br>ရှင်အနုရာဓရဟန်း ဒိဋ္ဌိ, ဝိစိကိစ္ဆာကွာပြီး ရဟန္တာဖြစ်ပုံ တရားတော်။ | ၈၅ |


"အနုရာဓသုတ်" မာတိကာ ပြီး၏။

♣♣♣♣♣♣♣♣

( မန္တလေးမြို

# ၁၀ . ၃ . ၆၀

# ရှင်အနုရာဓရဟန်း ဥပမာပြု၊ သုညတ တရားတော်။

## ( "အနုရာဓသုတ်။" )

မှတ်ချက်။ ။

(*)(၁)။ **(ရှင်အနုရာဓ)**မှာ သတ္တဝါရှိသလားလို့ ဆိုတဲ့–"ဝိစိကိစ္ဆာ" သူ့မှာ ရှိနေတယ်။ သတ္တဝါသေရင် နိဗ္ဗာန်ရောက်သွားသလား ဆိုတဲ့–"ဝိစိကိစ္ဆာ" နှစ်ခု–ရှိတယ်။

(**)(၂)။ **"ဝိစိကိစ္ဆာ"ရှိရင် "ဒိဋ္ဌိ"ရှိနေသေးတယ် မှတ်လိုက်။ "ဒိဋ္ဌိ"မရှိရင် "ဝိစိကိစ္ဆာ" အတွဲလိုက် ပြုတ်တယ်။**

(**)(၃)။ **ယနေ့တော့ဖြင့် "ဒိဋ္ဌိ, ဝိစိကိစ္ဆာ သတ်တဲ့–အနုရာဓ" အကြောင်းရင်းခံပြီးသကာလ ငါတို့ လုပ်နေတဲ့ အလုပ်ဟာဖြင့် အမှန်သာ လုပ်လို့ရှိရင်ဖြင့် အမှန်–ဒုက္ခခပ်သိမ်း ငြိမ်းတဲ့–"နိဗ္ဗာန်" ရောက်မှာပဲ။**

(**)(၄)။ **ပုဂ္ဂိုလ်–ရှိသလား, မရှိသလား ဆိုတာ နှစ်ခွ–ဖြစ်လာသာ "ဝိစိကိစ္ဆာ"လို့ မှတ်လိုက်စမ်း။**

(*)(၅)။ **"ဒိဋ္ဌိ"ရှိနေလို့ "ဝိစိကိစ္ဆာ"ရှိတာလို့ မှတ်လိုက်ကြစမ်းပါ။**

(**)(၆)။ **"ဝိစိကိစ္ဆာ"ပြုတ်အောင် လုပ်ရတော့မယ်။**

(၇)။ **"နိဗ္ဗာန်"**ဆိုတာက "ဒုက္ခသစ္စာ–ချုပ်သွားတာကို ဆိုတာကိုး" ဆိုတော့ ပုဂ္ဂိုလ်, သတ္တဝါ သွားသာ ဟုတ်သေးရဲ့။

(၈)။ **"နိဗ္ဗာန်"** ပေါ်လာပြီ ဆိုတော့ ဘယ်ဟာ "နိဗ္ဗာန်" ပေါ်လာတာတုန်း မေးတော့လဲ ဖြစ်တာလဲ–ဒုက္ခ, ပျက်တာလဲ–ဒုက္ခ၊ အစဉ်ကြီး မရှိတာဘဲ။ သြော်...ဒုက္ခအစဉ် ပြတ်သွားတာ ဘာခေါ်ကြမယ် **(နိဗ္ဗာန်)**။

(၉)။ "ဒုက္ခ–ဖြစ်တယ်" ဆိုထည်းက "သမုဒယ–အကြောင်းရှိလို့ ဖြစ်တာ။" "ဒုက္ခ–ချုပ်တယ်" ဆိုတဲ့ဥစ္စာလဲ ဘယ့်နှယ်ကြောင့် ချုပ်ပါလိမ့်မတုန်းလို့ မေးတဲ့ အခါကျတော့ကိုး၊ "မဂ္ဂသစ္စာနဲ့ ပွားများလို့ ချုပ်တယ်။"

(**)(၁၀)။ **နဂိုက ခန္ဓာဖြစ်စဉ်မှာ သတ္တဝါ မပါဘူး၊ ဒုက္ခဖြစ်၍ ဒုက္ခပျက်နေတာသာ တွေ့ကြတယ်။**

(*)(၁၁)။ **ပုဂ္ဂိုလ်, သတ္တဝါ ပျောက်တဲ့–အဓိပ္ပါယ် ဉာဏ်ထဲမှာ ရောက်နေမှ သာသနာအတွင်းသား, သာသနာအတွင်းသူ ဒါ–ဖြစ်နိုင်တယ်။**

(၁၂)။ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" အပင်း မပါဘဲနဲ့ ခင်ဗျားတို့ ခန္ဓာထဲမှာ "ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကြီး"ကို ဖြစ်ပျက်သာ ရှုကြတော့မယ် ဆိုရင် သေသေချာချာ "မဟာသောတာပန်" ဖြစ်မယ်ဆိုတာ ဆုံးဖြတ်ချက်-ချ။

(၁၃)။ အလွန်ကို ဒီနေ့-ဝမ်းမြောက်စရာ ကောင်းတဲ့-နေ့ပဲ။

(၁၄)။ ဒါက ထောက်ခံတဲ့-ဝတ္ထုကို ထုတ်ပြတာနော်။

(၁၅)။ **ဘုန်းကြီးက ခဏ, ခဏ သတိ-ပေးတယ်။ ဖြစ်ပျက်ရှေ့ထားပြီး အား မထုတ်နဲ့နော်။ 'ဒိဋ္ဌိ'အရင် ဖြုတ်ပုံ၊ 'ဒိဋ္ဌိ'အရင် ဖြုတ်မယ်ကြံ၊ "ပဋိစ္စသမုပ္ပါဒ်" နဲ့ "ခန္ဓာ"ကို နားလည်ပါစေ။ "ပဋိစ္စသမုပ္ပါဒ်" နားမလည်, "ခန္ဓာ" နား မလည်တော့ကို "ပဋိစ္စသမုပ္ပါဒ်-ခန္ဓာကြီး"ကိုပင် ပုဂ္ဂိုလ်, သတ္တဝါ-လုပ်ပစ် လိုက်လိမ့်မယ်။**

(***)(၁၆)။ **အရေးကြီးတာကို ၁-နံပါတ်က "ဒိဋ္ဌိ"ဖြုတ်ဖို့ အရေးကြီးတယ်။ "ဒိဋ္ဌိ"ဖြုတ် ချင်လို့ ရှိရင်လဲ "ပဋိစ္စသမုပ္ပါဒ်" ခန္ဓာကိုယ်ထဲမှာ အစုပေါ်လာတဲ့-"ပဋိစ္စ သမုပ္ပါဒ်"ကို ခင်ဗျားတို့ ပေါ်အောင် သိပေးရမယ်။ ဒါ-ပုဂ္ဂိုလ်, သတ္တဝါ မဟုတ်ဘူး။ ဒါ-ရုပ်နာမ် ဓမ္မတွေ ဆက်ဆက်လာတာ၊ ရုပ်နာမ် ဓမ္မတွေ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာကြတာ၊ ပုဂ္ဂိုလ်, သတ္တဝါ-မပါဘူး။ ဒီက "ပဋိစ္စသမုပ္ပါဒ်" သိထားမှသာလျှင် ရှင်းလင်းသွားတော့မှာပေါ့။**

# ဝေသာလီပြည်မှာ **"အနုရာဓ"** ဆိုတဲ့-ရဟန်းတစ်ပါးက ဘုရား၏ ကျောင်းတော်နားမှာ သူ-ကျောင်းကလေးတစ်ကျောင်း ဆောက်ပြီးသကာလ နေတဲ့အခါမှာ သူ-ဝိပဿနာအလုပ်တွေ အတော်-ကြိုးစား၊ အဖြစ်အပျက် ဆိုတဲ့-ခန္ဓာ့ဖြစ်ပျက်တွေ တော်တော် မြင် တယ်၊ တော်တော် မြင်တာနဲ့ပဲ ဘေးက တိတ္ထိတွေက ဒီ-ပုဂ္ဂိုလ်တော့ တော်တော် တော်တဲ့-ပုဂ္ဂိုလ် ပဲ၊ သူ-မေးရ, မြန်းရလို့ ရှိရင် နေရာကျမှာပဲ ဆိုပြီး တိတ္ထိတွေက မေးတယ်။ တိတ္ထိက မေးတော့ကို သူ-ဖြေတော့ ဖြေတယ်၊ ပိုင်ပိုင်နိုင်နိုင် ဝမ်းထဲက ဆုံးဖြတ်ချက် ချပြီး ဖြေတာ မဟုတ်၊ စာသွားနဲ့သာ ဖြေနေတယ်၊ သူ့ဉာဏ်သွားနဲ့ ဖြေတာ မဟုတ်ဘူး။ အဲတော့ သူဖြေတာကိုလဲ သူ-မကျေနပ်ဘူး၊ သူလဲ ဖြစ်ပျက်တွေ မြင်ပြီးသကာလ နေတာပဲ၊ ရဟန္တာလဲ မဖြစ်ဘူး၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ မဖြစ်ရာဘူး။ အဲဒါ-ဘယ့်နှယ်ကြောင့်တုန်းလို့ တွေးကြည့်တဲ့အခါ **သူ့မှာ သတ္တဝါရှိသလားလို့ ဆိုတဲ့-"ဝိစိကိစ္ဆာ" သူ့မှာ ရှိနေတယ်။ သတ္တဝါသေရင် နိဗ္ဗာန် ရောက်သွားသလား ဆိုတဲ့-"ဝိစိကိစ္ဆာ" နှစ်ခု-ရှိတယ်။** သတ္တဝါရှိသလား ဆိုတဲ့-'ဝိစိကိစ္ဆာ' တစ်ချက်ရှိတယ်နော်၊ 'အနုရာဓ'မှာ။ ပုဂ္ဂိုလ်, သတ္တဝါရှိသလားဆိုတဲ့ သူ့စိတ်ထဲ မရှင်းဘူး။ ပုဂ္ဂိုလ်,

သတ္တဝါ ရှိထင်ပါရဲ့၊ မရှိဘဲများ နေလေရော့လား၊ ဒီလို 'ဝိစိကိစ္ဆာ'လေးက–ရှိ။ ပုဂ္ဂိုလ်, သတ္တဝါ သေလို့ ရှိရင်ဖြင့် ဒီလိုကျင့်ကြံတဲ့–ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်သွားတာပဲ၊ သွားလေရော့သလား ဒီလိုကလဲ 'ဝိစိကိစ္ဆာ'–ရှိ။ ပုဂ္ဂိုလ်, သတ္တဝါ ရှိသလားလို့လဲ 'ဝိစိကိစ္ဆာ' ရှိတယ်။ ပုဂ္ဂိုလ်သေလို့ ရှိရင် နိဗ္ဗာန်သွားသလားလို့လဲ 'ဝိစိကိစ္ဆာ' ရှိတယ်။ အဲတော့ **"ဝိစိကိစ္ဆာ"ရှိရင်** ဘုန်းကြီးတို့ ဒကာဒကာမတွေက မှတ်လိုက်တာပေါ့၊ **"ဒိဋ္ဌိ"ရှိနေသေးတယ် မှတ်လိုက်။ "ဒိဋ္ဌိ" မရှိရင် "ဝိစိကိစ္ဆာ" အတွဲလိုက် ပြုတ်တယ်။ ယနေ့တော့ဖြင့် "ဒိဋ္ဌိ, ဝိစိကိစ္ဆာ သတ်တဲ့–အနုရာဓ" အကြောင်းရင်း ခံပြီး သကာလ ငါတို့ လုပ်နေတဲ့ အလုပ်ဟာဖြင့် အမှန်သာ လုပ်လို့ ရှိရင်ဖြင့် အမှန်–ဒုက္ခ ခပ်သိမ်း ငြိမ်းတဲ့–"နိဗ္ဗာန်" ရောက်မှာပဲ။** "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" သတ်ပုံ, သတ်နည်း မှန်မှန်ကန်ကန် တို့–သိထားတာကို။ 'ရှင်အနုရာဓ' ဆိုတဲ့–ပုဂ္ဂိုလ်ဟာ 'ဝိစိကိစ္ဆာ'တန်းလန်း ရှိနေတဲ့အတွက် 'ဒိဋ္ဌိ'– မပြုတ်။ ထိုကဲ့သို့ မပြုတ်သောကြောင့် "အနိစ္စ, ဒုက္ခ, အနတ္တ"တွေ မြင်ငြားသော်လည်း နိဗ္ဗာန်– မရောက်လို့ ဘုရားက ကယ်တင်ရတာ၊ တိတ္ထိတွေ မေးတာကိုလဲ ဖြေငြားသော်လည်း ကိုယ်ဉာဏ် ပိုင်နဲ့ မဖြေနိုင်တာကို ထောက်သဖြင့် 'ဝိစိကိစ္ဆာ' ပြုတ်ဖို့လဲ အရေးကြီးတယ်။ **ပုဂ္ဂိုလ်–ရှိသလား, မရှိသလား ဆိုတာ နှစ်ခွ–ဖြစ်လာသာ "ဝိစိကိစ္ဆာ"လို့ မှတ်လိုက်စမ်း။** ပုဂ္ဂိုလ်–ရှိသလား, မရှိသလား ဆိုတာက (ဝိစိကိစ္ဆာ)။ ပုဂ္ဂိုလ်သေလို့ ရှိရင်ဖြင့် နိဗ္ဗာန်သွားသလား, မသွားဘူးလားလို့ ဟာကော၊ အဲ–'ဝိစိကိစ္ဆာ' ရှိနေလို့ ရှိရင် မှတ်လိုက်၊ 'ဒိဋ္ဌိ'ရှိနေလို့ ဒီ–အသံထွက်တာ။ **"ဒိဋ္ဌိ"ရှိနေလို့ "ဝိစိကိစ္ဆာ"ရှိတာလို့ မှတ်လိုက်ကြစမ်းပါ။ ယနေ့တော့ဖြင့် ဆရာဘုန်းကြီးက ငါတို့ကို နိဗ္ဗာန်သို့ ကယ်တင်, ယူဆောင် နေတဲ့ဥစ္စာ ဒါတွေ တို့–ပြုတ်ပြီးသားပါကလား၊ တို့–အလုပ် လုပ်လိုက်ရလို့ ရှိရင်ဖြင့် ဒီဘဝ အပေါက်ကြီး ပေါက်ပြီး အရောက်ကြီး ရောက်ရတော့မယ့် နိဗ္ဗာန် ဟာ သေချာပါပေါ့လားလို့ ကိုယ်ဟာကို ဝမ်းမြောက်နိုင်အောင် ဒီ–သက်သေ သာဓက ဒီ– ပုဂ္ဂိုလ်ဖြစ်ပုံနှင့်တကွ ထုတ်ပြမယ်နော်။**

**"ဝိစိကိစ္ဆာ"ပြုတ်အောင် လုပ်ရတော့မယ်**လို့ ဆိုတော့ နားလည်ပြီးသား ပုဂ္ဂိုလ်လဲ မြဲရော့, နားမလည်သေးတဲ့ ပုဂ္ဂိုလ်လဲ အဖတ်တင်ရော့ ဆိုပြီးသကာလ မေတ္တာရှေ့ထားပြီး ဒီအကြောင်း ဟောပြန်တယ်လို့ မှတ်ရလိမ့်နော်။ ဒကာဒကာမတွေ သန္တာန်မှာတဲ့ ဥပမာ–ဘုန်းကြီးက အခု–တရားဟောလိုက် ကြားစိတ်ကလေးတော့ မပေါ်ကြဘူးလား (ပေါ်ပါတယ်)။ လူသေ မဟုတ်လို့ ဆို ကြားတတ်တဲ့–ရုပ်ကလေးကလဲ နားထဲ ရှိတယ်ပေါ့။ ဒီကလဲ ဟောတဲ့ ပုဂ္ဂိုလ်ကလဲ လူသေဖြစ် လို့ ရှိရင် အသံထွက်ပါ့၊ ဒီက–အသံကလဲ ထွက်တော့၊ အသံနဲ့ ဒကာဒကာမတွေသန္တာန် မသေတဲ့ ကြားရုပ်ကလေးကလဲ ရှိနေတော့ ဘုန်းကြီးပြောနေတာလေး **ကြားတယ်ဆိုတဲ့–စိတ်ကလေး**တော့ မပေါ်ဘူးလား (ပေါ်ပါတယ်)။ ဒါဖြင့် **'ဝိညာဏက္ခန္ဓာ'**လေး ပေါ်နေ။ ပုဂ္ဂိုလ်, သတ္တဝါ ဟုတ်သေး ရဲ့ (မဟုတ်ပါ)။ ဘာ, ဘာ–ပေါ်နေ၊ 'ဝိညာဏက္ခန္ဓာ' ပေါ်နေတယ်လို့ ရှင်းရှင်းပဲ မှတ်ထားလိုက်။ ဩော်...'သိစိတ်ကလေး' ပေါ်တယ်။ 'ဝိညာဏ'က သိတာနော်။ ဩော်...ဒါ–'ဝိညာဏက္ခန္ဓာ' ပေါ်

နေတာပဲ။ သူပေါ်လို့ ရှိရင်ဖြင့် အသံနဲ့ ဆက်သွယ်ပေးတဲ့–'ဖဿ'လဲ သူ့ထဲ ပါပြီးသား။ ပြီးတော့ ကြားတတ်တဲ့–'ဝေဒနာ'လေးကကော (ပါပြီးသားပါ)။ ကြားလိုတဲ့–'စေတနာ'လဲ ပါပြီးသား ဖြစ်တော့၊ နာမက္ခန္ဓာလေးပါး–ဖြစ်။ **နာမက္ခန္ဓာလေးပါး နားအကြည်ရုပ်ပေါ်မှာ ဖြစ်ပြီးသကာလ နေကြတော့တယ် ဆိုတာ ရှင်းနေနော်။** ဒီထဲ–'ဝေဒနာ'ပါနေတော့ "ဖဿပစ္စယာ ဝေဒနာ" ဆိုတာလဲ တွဲဖြစ်တာကို ဆရာဘုန်းကြီးက ဟောထားတော့ အင်း...ဒီထဲမှာ ပုဂ္ဂိုလ်, သတ္တဝါများ ပါသေး၊ ယောကျ်ား, မိန်းမကော၊ သြော်...မပါဘူး ဆိုတော့ 'ဒိဋ္ဌိ'ကလဲ ပြုတ်ပြီ။ ဒီဥစ္စာ ကြားတယ်လို့ ဆိုလို့ ရှိရင်ဖြင့် ကြားရတာ သဘောကျလိုက်တာ၊ သဘောကျလိုက်တာ ဆိုတဲ့–စိတ်ကလေး မလာဘူးလား၊ **သဘောကျတဲ့–စိတ်ကလေးဟာ ဝမ်းသာတဲ့–'သောမနဿစိတ်ကလေး' ပေါ်နေတာ။** သဘောကျလိုက်တာ ဆိုတော့ ခုနက ကြားစိတ်ကလေး ရှိသေးရဲ့လား၊ မရှိပေမယ့်လဲ ကြားစိတ်ကလေးကတော့ ဖြစ်ပျက်ဆိုပြီး ချုပ်သွားတော့ ကြားစိတ်ကလေးက သဘောကျတဲ့–စိတ်ကလေးကို ဖြစ်ခွင့်ပေးခဲ့။ သဘောကျတဲ့–စိတ်ကလေး ဖြစ်ခွင့်ပေးခဲ့တဲ့အတွက် ကြားစိတ်ကလေး ချုပ်သွားပြီးတော့ ဒီ..သဘောကျတဲ့–စိတ်ကလေး ကျန်နေရစ်။ သဘောကျပြီးသကာလ ဒကာဒကာမတွေက တစ်ခါ **ဝေဖန်တဲ့–စိတ်ကလေး** မလာဘူးလား၊ အင်း...သဘောကျတဲ့–စိတ်ကလေး ချုပ်ပြီး ဘယ်စိတ်လာပြန် အင်း...ဝေဖန်တဲ့–စိတ်ကလေး လာပြန်တော့၊ ဝေဖန်တဲ့–စိတ်ကလေး လာပြီးသည့် နောက်မှ တစ်ခါ **ကြည်ညိုတဲ့–စိတ်ကလေး** လာပြန်တယ်။ အင်း–တစ်ခုချုပ်ပြီး တစ်ခုဖြစ်နေတာ။ ဒါဖြင့် ဒီထဲမှာ **"ကြားတတ်တာ ချုပ်ပြီးသကာလ သဘောကျတာလေးပါတယ်၊ သဘောကျတာ ချုပ်ပြီး ဝေဖန်တာပါတယ်၊ ဝေဖန်တာလာပြီး ဆုံးဖြတ်တာ လာပြန်တယ်။"** ဒီလိုပဲ ဆက်ဆက်, ဆက်ဆက် မသွားဘူးလား။ အင်း–ပုဂ္ဂိုလ်, သတ္တဝါများ ပါသေး (မပါပါ)။ အင်း–ဒီအကြောင်း ချုပ်သွားတော့ ဒီအကျိုး မပေါ်ဘူးလား၊ တစ်ခါ ဒါလေးက အကြောင်းဖြစ်ပြီး ချုပ်သွားပြန်တော့ ဒီအကျိုးဟာကော (ပေါ်ပါတယ်)။ အင်း–ဒီအကျိုး ချုပ်သွားပြီးသကာလ သူက–သတ္တိ ပေးသွားပြန်တော့ ဒီအကြောင်း တစ်ခု မပေါ်လာဘူးလား။ ဒီလိုချည်း ပေါ်ပြီး ဆက်သွားလိုက်တာ မသေမချင်း ဆက်သွားမှာပဲ။ ဆက်သွားတော့ ဒါတွေ နိဂုံးချုပ်လိုက်တဲ့ အခါကျတော့ ပထမ–ချုပ်သွားတာလဲ 'ဖြစ်ပျက်–ဒုက္ခသစ္စာ၊' ဒုတိယ–ပေါ်လာတာလေးလဲ 'ဖြစ်ပျက်–ဒုက္ခသစ္စာ၊' တတိယ–ပေါ်လာတာလေးလဲ (ဖြစ်ပျက်–ဒုက္ခသစ္စာ)၊ အင်း...စတုတ္ထ–ပေါ်လာတာလေးလဲ (ဖြစ်ပျက်–ဒုက္ခသစ္စာ)၊ ချုပ်သွားတာက–အကြောင်း ပေါ်လာတာက–အကျိုး, ချုပ်သွားတာက–အကြောင်း ပေါ်လာတာက–အကျိုး၊ ဒီလို အကြောင်းအကျိုးတွေ ဆက်ပြီးသကာလ သွားတာ ပုဂ္ဂိုလ်, သတ္တဝါများ ပါသေးလား (မပါ)။ ဒါဖြင့် ဒီအကြောင်းအကျိုးတွေ အကုန်ပဲ အကြောင်းလဲ မလာတော့ဘူး၊ အကျိုးလဲ ရုပ်သိမ်းသွားပြီ ဆိုလို့ရှိရင်ဖြင့် "ဒုက္ခသစ္စာ"တွေ ရုပ်သိမ်းသွားတာ။ "ဒုက္ခသစ္စာ"တွေ ရုပ်သိမ်းသွားတဲ့ အခါကျတော့ ဘယ်လိုဆုံးဖြတ်ချက် ချမတုန်း၊ "နိဗ္ဗာန်"ပဲ။ သြော်...ဒါဖြင့် "နိဗ္ဗာန်"ဆိုတာ ဒီ–"ဒုက္ခသစ္စာ" ဟူသ၍ ဖြစ်လိုက်ချုပ်လိုက်, ဖြစ်လိုက်ချုပ်လိုက်, ဖြစ်လိုက်ချုပ်လိုက်တွေ နောက်ထပ် မပေါ်တာ ဘာခေါ်ကြမယ်၊ အဲ...နောက်ထပ် မပေါ်တာ "နိဗ္ဗာန်"လို့ဆိုတော့ သြော်...,"နိဗ္ဗာန်" ဆိုတာက "ဒုက္ခသစ္စာ–ချုပ်သွားတာကို ဆိုတာကိုး" ဆိုတော့ ပုဂ္ဂိုလ်, သတ္တဝါ သွားသာ ဟုတ်သေး

ရဲ့။ ပုဂ္ဂိုလ်, သတ္တဝါသွားတာ မဟုတ်တော့ဘူး ဆိုတာ ကျေကျေနပ်နပ် သဘောကျ။ အခု–ဖြစ်နေတာတွေကတော့ ဒကာဒကာမတို့သန္တာန် ကြားစိတ်ဖြစ်တုန်းကလဲ ဒုက္ခဖြစ်တာပဲ၊ ကြားစိတ်ပျက်သွားတော့ ဒုက္ခပျက်တာ၊ ကြားပြီးသကာလ သဘောကျတဲ့–စိတ်ကလေး ဖြစ်တာလဲ ဒုက္ခဖြစ်တာပဲ၊ သဘောကျတဲ့–စိတ်ကလေး ချုပ်သွားတာလဲ (ဒုက္ခပျက်တာ)၊ ဝေဖန်တဲ့–စိတ်ကလေး ပေါ်လာပြန်တာကော (ဒုက္ခဖြစ်တာ)၊ ဝေဖန်တဲ့–စိတ်ကလေး ချုပ်သွား (ဒုက္ခပျက်တာ)။ ဒါဖြင့် **"ပဋိစ္စသမုပ္ပါဒ်" တစ်ခုလုံးမှာ ဒုက္ခဖြစ်၍ ဒုက္ခချုပ်ချည်း မရှိဘူးလား (ရှိပါတယ်)။ ပုဂ္ဂိုလ်, သတ္တဝါများ ပါလေသေးလား (မပါပါ)။** ဘုန်းကြီးက ဒကာဒကာမတွေသန္တာန်မှာ တစ်နေ့လုံး ဖြစ်နေတဲ့ အဖြစ်တွေဟာ အင်း–ဘာတွေများ ဖြစ်လို့ ဘာတွေများ ပေါ်လို့ ဘာတွေများ ပျောက်နေကြသတုန်းလို့ မေးရင် ဘယ့်နှယ်ဖြေပါ့မလဲ၊ ဖြစ်တာ–ဒုက္ခ, ပျက်တာ–ဒုက္ခတွေ ဆက်စပ်နေတာပါ။ ဒါတွေပဲ အစဉ်မပြတ်ပေါ်နေတာပဲ။ **ဖြစ်–ဒုက္ခ, ပျက်–ဒုက္ခ အစဉ်မပြတ် ပေါ်နေတယ်** ဆိုတာ ကျေနပ်ပြီလား။ အကယ်၍ "နိဗ္ဗာန်"ရောက်သွားပြီ ဆိုတော့ **"နိဗ္ဗာန်" ပေါ်လာပြီ ဆိုတော့ ဘယ်ဟာ "နိဗ္ဗာန်"ပေါ်လာတာတုန်း မေးတော့လဲ ဖြစ်တာလဲ–ဒုက္ခ, ပျက်တာလဲ–ဒုက္ခ၊ အစဉ်ကြီး မရှိတာဘဲ။ ဩော်...ဒုက္ခအစဉ် ပြတ်သွားတာ ဘာခေါ်ကြမယ် (နိဗ္ဗာန်)။** ဩော်...ကျုပ်တို့ အခု–ဆက်စပ်ပြီး အစဉ်တစိုက် ဖြစ်နေတာတွေကတော့ ဘာပါလိမ့်၊ ဩော်...ဆက်စပ်ပြီး ဖြစ်နေတာရော, ပျက်နေတာရော ဒုက္ခကြီးပဲနော်။ အင်း–ဒါတွေများ အကုန်ချုပ်ငြိမ်း ရုပ်သိမ်းသွားတဲ့ အခါကျတော့ ဘာဆိုကြပါ့ (နိဗ္ဗာန်)။ **"ဒုက္ခ–ဖြစ်တယ်" ဆိုထည်းက "သမုဒယ–အကြောင်းရှိလို့ ဖြစ်တာ။" "ဒုက္ခ–ချုပ်တယ်" ဆိုတဲ့ဥစ္စာလဲ ဘယ့်နှယ်ကြောင့် ချုပ်ပါလိမ့်မတုန်းလို့ မေးတဲ့ အခါကျတော့ကိုး၊ "မဂ္ဂသစ္စာနဲ့ ပွားများလို့ ချုပ်တယ်။"** ဩော်...ဒါဖြင့် ဒကာဒကာမတွေ သန္တာန်မှာ ဖြစ်နေတဲ့–သဘော ကြည့်လိုက်လို့ရှိရင် "သမုဒယ"ဖြစ်လို့ "ဒုက္ခ"တွေ ဖြစ်နေတာပဲ။ အင်း–"မဂ္ဂသစ္စာ"လဲ ဖြစ်ပါရော "ဒုက္ခသစ္စာ"တွေလဲ ချုပ်ရတယ်ဆိုတာ မသေချာဘူးလား။ ဒါဖြင့် ဒကာဒကာမတွေ သန္တာန်မှာ အလုပ်–မလုပ်တဲ့ ပုဂ္ဂိုလ်မှာ ဒုက္ခဖြစ်၍ ဒုက္ခပျက်နေတာပဲ ရှိတယ်။ "ဒုက္ခသစ္စာကြီး"ဖြစ်နေတယ် ဆိုရုံပဲ။ အလုပ်–မလုပ်တဲ့ ပုဂ္ဂိုလ်မှာ ဘာတွေချည်း ဖြစ်နေ၊ "ဒုက္ခသစ္စာ"–ဖြစ်။ ဖြစ်တာလဲ "ဒုက္ခသစ္စာ"ပဲ၊ ပျက်သွားတာလဲ "ဒုက္ခသစ္စာ"ပဲ၊ စဉ်းစားလိုက်စမ်းပါ၊ ဩော်..."သမုဒယ" ရှိတဲ့ပုဂ္ဂိုလ်မို့ ဒါတွေ အစဉ်တစိုက် ဖြစ်ပျက်နေတာပဲ။ ကိုင်း–**တစ်ခါ ဆရာကောင်း, သမားကောင်း ဆီက နည်းရလို့၊ ဘုရား–ပွင့်လို့ ဒကာဒကာမတွေက ဒီ–ဒုက္ခချည်း မလိုချင်တဲ့–"မဂ်ဉာဏ်"** ပေါ်လာတဲ့ အခါကျတော့ ဒုက္ခဖြစ်၍ ဒုက္ခချုပ်ကာချည်းဟာ မလာတော့ဘူး၊ အင်း–ဘာဖြစ်သွားပါလိမ့် **"နိဗ္ဗာန်" ဖြစ်သွားတယ်။** အဲ–"နိဗ္ဗာန်"ပေါ်လာတော့ "မဂ္ဂသစ္စာ"ကြောင့် ပေါ်လာတာ။ ဒုက္ခဖြစ်၍ ဒုက္ခပျက်နေတာကတော့ "သမုဒယ"ကြောင့် ပေါ်တာပဲ ဆိုတော့ ဒီ–ခန္ဓာကိုယ်ထဲမှာ ပုဂ္ဂိုလ်, သတ္တဝါလို့ ရှာလို့ကို မတွေ့ဘူး။ ဖြစ်ပျက်တွေ ကြည့်လိုက်တော့လဲ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ၊ ဒါတွေကလဲ "သမုဒယ"ရှိတဲ့ ပုဂ္ဂိုလ်သန္တာန်မှာ ဒီဟာတွေ ဖြစ်ပျက်နေရမှာပဲ။ အင်း–ဆရာကောင်း, သမားကောင်းဆီက နည်းရ၊ သာသနာတွင်းကြုံလို့ ကြိုးစားလိုက်တဲ့ အခါကျတော့ ဒီ–

ဒုက္ခတွေ မလိုချင်တော့ပါဘူး ဆိုပြီး ပွားများလိုက်တဲ့ အခါကျတော့ **ဒုက္ခဖြစ်ပျက်တွေ မလိုချင်တော့ပါဘူး၊ မြင်တဲ့ဥစ္စာတွေ မလိုချင်တော့ပါဘူး ဆိုတော့ ဖျတ်ဆို–ဒုက္ခတွေ ချုပ်သွား။** ချုပ်သွားတော့ ဘာသစ္စာ ပေါ်လာ၊ **"နိရောဓသစ္စာ"** ပေါ်လာတယ် ဆိုတာ သေချာပြီလား။ အင်း–ပေါ်ချင်လို့ ပေါ်ရတာလား၊ "မဂ္ဂသစ္စာ"နဲ့ မလိုချင်လို့ ပေါ်ရတာလား (မလိုချင်လို့ ပေါ်ရတာ)။ ဒါဖြင့် ဒကာ ဒကာမတို့ သန္တာန်မှာ ဒုက္ခဖြစ်၍ ဒုက္ခပျက်နေတာဟာ ခန္ဓာရှိတဲ့ ပုဂ္ဂိုလ်၏ အလုပ်မှာ ဒုက္ခဖြစ်၍ ဒုက္ခပျက်နေတာမှတစ်ပါး ဘာမှ မရှိဘူး။ ဒါဖြင့် စုတိ၊ စုတိပြီး ပဋိသန္ဓေ–လာပြန်တော့လဲ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာ၊ သတ္တဝါကို ပါရဲ့လား (မပါပါ)။ ဒါဖြင့် ဘုန်းကြီးက မေးပါတယ်၊ သတ္တဝါ သေရင် ဖြစ်သေးလားလို့ မေးလို့ရှိရင်ဖြင့် ဘယ့်နှယ်ဖြေကြ၊ သတ္တဝါ မရှိလို့ ဖြစ်သေးတယ် ဆိုတာလဲ ဖြေဖို့မလိုဘူး။ **သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးလို့ရှိရင် သတ္တဝါ မရှိသောကြောင့် ဖြစ်သေးသလား ဆိုတဲ့–အမေးကို ဖြေစရာမရှိပါဘူး။** ဒါ–သတိထားပြီး နားထောင်ပါလို့ ပြောလိုက်တယ်နော်။ ဘာဖြစ်လို့ ဒီ–စကားကို ဘုန်းကြီး လေးလေးစားစားနဲ့ ဒကာဒကာမတွေ သိစေချင်၊ မှတ်စေချင်၊ ရှင်းစေချင်ရသလဲလို့ မေးတော့ သတ္တဝါရှိမှာ သိပ်–စိုးရိမ်။ **သတ္တဝါရှိရင် "ဒိဋ္ဌိ။" သတ္တဝါသေရင် ဖြစ်သေးသလား ဆိုတဲ့ဥစ္စာ ခင်ဗျားတို့သန္တာန်မှာ 'ဝိစိကိစ္ဆာ'လာမှာ စိုးတယ်။** အခုတော့ သတ္တဝါကို ရှိရဲ့ (မရှိပါ)။ ကြည့်လေ အခု–ဝိညာဏ် ချုပ်တော့ကို၊ ဉပမာ–ဒီက နေပြီးသကာလ ကောင်းတာ ပေါ်လာတယ်၊ ဆုံးဖြတ်တာ ပေါ်လာတယ်၊ ဝေဖန်တာ ပေါ်လာတယ်၊ စိတ်တွေ၊ အစဉ်အတိုင်းတာ ဓမ္မတွေသာ ပေါ်နေတယ် ဆိုတော့ သတ္တဝါကို ပါရဲ့လား (မပါပါ)။ ဉပမာမယ် စုတိစိတ် ဖြစ်သွားတယ် ဆိုတော့လဲ "ဒုက္ခသစ္စာ" ဖြစ်သွားတာ။ ပဋိသန္ဓေ ပေါ်လာတော့လဲ "ဒုက္ခသစ္စာ" ပေါ်တာပဲ။ သတ္တဝါ ပါသေးလား (မပါ)။ ဒါဖြင့် ဘုန်းကြီးက မေးပါတယ်၊ ဒကာဒကာမတို့ သတ္တဝါသေလို့ ရှိရင်ဖြင့် ဖြစ်သေးလား၊ သတ္တဝါ မရှိတဲ့အတွက် ဖြစ်သေးသလား ဆိုတဲ့–သံသယ ခင်ဗျားတို့မှာ လာသေးရဲ့ (မလာပါ)။ ဒီ–အဖြေ ရှင်းသွားပြီ။ နဂိုက သတ္တဝါ မရှိတာ ပြထားမှ။ မျက်လုံးပေါက်က ဖွင့်လိုက်လဲ သတ္တဝါ ပါရဲ့လား (မပါပါ)။ သူ–ဓမ္မတွေ တန်းသွားတာ။ နားပေါက်က နားထောင်လိုက်တော့ကော၊ အဲ–"ဒုက္ခသစ္စာ"ဖြစ်၍ "ဒုက္ခသစ္စာ"ချုပ်တာပဲ ရှိတာပေါ့၊ ပုဂ္ဂိုလ်၊ သတ္တဝါ ပါသေးလား (မပါ)။ ဒါနဲ့ပဲ သောတာပန် တည်တော့မယ် ဆိုတာ သေသေချာချာ မှတ်ပါ။ ဒီအကြောင်းတွေကို ဘယ်အပေါက်က ဖြစ်ဖြစ် "ပဋိစ္စသမုပ္ပါဒ်"ကို ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်တွေ မြင်နေတဲ့ ဒကာဒကာမတွေ ဖြစ်နေတော့ ဒီထဲ နဂိုကိုက ရှင်စဉ်အခါတုန်းကကိုက ပုဂ္ဂိုလ်၊ သတ္တဝါ ပါရဲ့လား (မပါပါ)။ ဓမ္မဖြစ်၍ ဓမ္မပျက်သာ ရှိတာ။ အဲတော့ သတ္တဝါ သေလို့ ရှိရင် ဖြစ်သေးသလားလို့ ဘုန်းကြီးကပဲ တိတ္တိသဘောနဲ့ မေးလိုက်တယ်၊ ဘယ့်နှယ်ဖြေကြ၊ သတ္တဝါ မရှိတဲ့အတွက် သေဆိုတာဟာ ဖြေစရာမလိုပါဘူး။ သတ္တဝါရှိရင်သာ သေတယ်ဆိုတာ လာမှာကိုး။ ဒီတစ်လုံးကို လေးလေးစားစား မှတ်ထိုက်ပါတယ်လို့ မှတ်ရလိမ့်မယ်။ ဒီဟာကို သဘောမကျလို့ရှိရင် သတ္တဝါပေါ်လိမ့်မယ်။ သတ္တဝါပေါ်လို့ရှိရင် သတ္တဝါသေတော့ လာတော့မှာ။ သတ္တဝါ သေရင် ဖြစ်သေးသလား ဆိုတဲ့–အမေးကော (လာမှာ)။ အခုတော့ နဂိုကထည်းက သတ္တဝါ မရှိတာကို သိပြီးသကာလ သြော်..**ဓမ္မတစ်ခုဖြစ်ပြီး ဓမ္မတစ်ခုချုပ်တာပဲ၊ နောက်တစ်ခါ ဓမ္မတစ်ခု ပေါ်ပြန်၊**

ပေါ်တဲ့ဓမ္မ–ချုပ်၊ ဓမ္မသာ တန်းသွားတာပဲ။ ဝိညာဏဓမ္မ, ဝေဒနာဓမ္မ, တဏှာဓမ္မ၊ ဒါတွေသာ တန်းပြီးသွားနေတော့ ဒါတွေ သစ္စာဖွဲ့လိုက် ဒုက္ခဖြစ်၍ ဒုက္ခပျက်တာတွေ ဒုက္ခ–တန်းနေတာပဲ ဆိုတာ မှန်ဘူးလား။ အဲဒါတွေ အမှန်ကို သိထားတော့မှ ဩော်…ဒါဖြင့် ဘုန်းကြီးက တိတ္ထိလုပ် မေးတော့ သတ္တဝါသေရင် ဖြစ်သေးသလား၊ သတ္တဝါ မရှိလို့ သေစရာလဲ (မရှိပါ)။ အစောကြီး ကထည်းက ဒီ–'ဝိစိကိစ္ဆာ' သတ်ပေးထားတော့ သေချာလိုက်တာ။ 'ဝိစိကိစ္ဆာ' သတ်လိုက်တာပဲ၊ ဒီဥစ္စာ။ သတ္တဝါသေရင် ဖြစ်သေးသလားလို့ ဆိုတော့၊ နဂိုကမှ သတ္တဝါမှ မပါဘဲနဲ့ ဖြစ်သေးသလား ဆိုတာ မေးဖို့ မလိုပါဘူး ဆိုတော့ သံသယကို ရှင်းနေ။ အဲဒါ–'ဝိစိကိစ္ဆာ'သတ်နေ၊ 'ဝိစိကိစ္ဆာ'သေနေတာ။ ခုနက 'အနုရာဓ'မှာ ဒါက နားမလည်လို့ သတ္တဝါသေလျှင် ဖြစ်သေးသလားလို့ တိတ္ထိက မေးတဲ့အခါ သူမှာအဖြေခက်ချည်း–ဖြစ်။ ကိုင်း–ခင်ဗျားတို့ ဘယ်အချိန်မှာဖြစ်ပေါ်,ဖြစ်ပေါ် ဒကာဒကာမတို့ သန္တာန်မှာ ရုပ်နာမ်ဓမ္မမှတစ်ပါး ဖြစ်ပေါ်စရာ ရှိသေးရဲ့လား (မရှိ)။ ရုပ်နာမ်ဓမ္မပဲ ဖြစ်တော့ ပုဂ္ဂိုလ်, သတ္တဝါ ဒီထဲ ယောကျ်ားတွေ, မိန်းမတွေ, ပုဂ္ဂိုလ်တွေ, သတ္တဝါတွေ ပါသေး (မပါ)။ သတ္တဝါသေရင် ဖြစ်သေးသလား ဆိုတဲ့–'ဝိစိကိစ္ဆာ' ရှိသေးရဲ့လား (မရှိပါ)။ ကျေနပ်တော့၊ ဒါ–တရားဟောတာ ဘာမှ မကြာသေးပါဘူးတဲ့၊ ခင်ဗျားတို့မှာ 'ဝိစိကိစ္ဆာ' ရှင်းသွားပြီ။ ခင်ဗျားတို့ ဉာဏ်ထဲမှာ ရှင်းသွားတာ ဘုန်းကြီးများက အင်မတန် ကျေနပ်နေလို့၊ တို့ဒကာဒကာမတွေ ပုဂ္ဂိုလ်, သတ္တဝါတော့ဖြင့် ပျောက်နေပြီ၊ အပြောသာ ကျန်တော့တယ်၊ အထင် မရှိဘူး ဆိုတာကို ဘုန်းကြီးက ယုံကြည်သွားပြီ။ အပြောကတော့ မပြောမဖြစ်လို့ကိုး။ အထင် မရှိလို့ ရှိရင်ဖြင့် ဒါ–သံသယ ဆိုတဲ့–'ဝိစိကိစ္ဆာ' လာသေးရဲ့လား (မလာပါ)။ ဒကာဒကာမတို့ကို တစ်ပါးသော ပုဂ္ဂိုလ်ကဖြစ်စေ, ဘုန်းကြီးကဖြစ်စေ မေးလိုက်တယ်၊ သတ္တဝါများ သေရင် ဖြစ်သေးလားလို့ မေးရင် ဘယ့်နှယ်ဖြေကြ၊ သတ္တဝါ မရှိတဲ့အတွက် သေဆိုတာလဲ မရှိလို့ ဖြေစရာကို မလိုပါဘူး။ နောက်တစ်ခါ တစ်ချက် မေးပြန်တယ်၊ တိတ္ထိဆိုတာ ကြံဖန်မေးတာနော်၊ ၁–နံပါတ်က သတ္တဝါသေရင် ဖြစ်သေးလား မေးတယ်၊ ၂–နံပါတ်က သတ္တဝါသေရင် မဖြစ်တော့ဘူးလားလို့ မေးပြန်တယ်။ သတ္တဝါ နဂိုက မရှိတဲ့ အတွက် မဖြစ်တော့ဘူးလား ဆိုတာ မေးဖို့မလိုဘူး။ သတ္တဝါသေလို့ရှိရင်ဖြင့် မဖြစ်ချည်တစ်လှည့်, ဖြစ်ချည်တစ်လှည့်လားလို့ မေးရင် ဖြေစရာ မလိုပါဘူး၊ သတ္တဝါကို မပါတဲ့အတွက်။ ခု–ပုစ္ဆာ ဘယ့်နှစ်ခု ရှိသွား (၃–ခု)။ ကဲ… ၄–ခုကျအောင် သူ–မေးလိမ့်မယ်၊ သတ္တဝါသေလို့ ရှိရင်ဖြင့် မဖြစ်တော့ဘူးလို့ ဆိုမလား [သို့မဟုတ်] ဖြစ်သေးတယ် ဆိုမလား၊ မဖြစ်တော့ဘူးလို့လဲ ဆိုစရာ မရှိဘူး၊ ဖြစ်သေးတယ်လို့လဲ (ဆိုစရာ မရှိပါဘူး)။ ဘာများ သဘောကျထားလို့ ဒီ–'ဝိစိကိစ္ဆာ' ဒီ –သံသယတွေ သူတို့–ရှင်းလင်းနေပါလိမ့်မလဲလို့ မေးတဲ့ အခါကျတော့မှ **နဂိုက ခန္ဓာဖြစ်စဉ်မှာ သတ္တဝါ မပါဘူး။ ဒုက္ခဖြစ်၍ ဒုက္ခပျက်နေတာသာ တွေ့ကြတယ်။** ဒီ–ဒကာဒကာမတွေ အတွက်မှာတော့ ဝိပဿနာ–ရှုလိုက်ရလို့ ရှိရင်ဖြင့် 'ဝိစိကိစ္ဆာ'ရှင်းပြီးသား ပုဂ္ဂိုလ်တွေ, 'ဒိဋ္ဌိ'ရှင်းပြီး သား ပုဂ္ဂိုလ်တွေလို့ ဆိုထိုက်ပြီ။ သတ္တဝါဆိုတာ နဂိုက မရှိပါဘူးတဲ့၊ ဒါကြောင့် လုံးဝဖြစ်, မဖြစ် ကို ဘာမှ စဉ်းစားစရာ လိုသေး (မလိုပါ)။ ခင်ဗျားတို့ ဉာဏ်ထဲ ရောက်နေတာက သတ္တဝါ မရှိဘူး

ဒုက္ခဖြစ်၍ ဒုက္ခပျက်တယ်၊ ဒါပဲ ရှိတယ်။ ဒုက္ခဖြစ် ဒုက္ခပျက် ဆုံးသွားရင်လဲ "နိရောဓ" ဖြစ်ရုံပဲ-ရှိ။ ဒီပြင် ဘာရှိသေး (ဘာမှ မရှိပါ)။ အခု-ရှိနေတာက ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ-ရှိ။ အကယ်၍ ဆရာကောင်း, သမားကောင်းဆီက နည်းကောင်း, နာကောင်း ရပြီးသကာလ အားထုတ်လိုက်လို့ ဆုံးသွားရင်လဲ အင်း-ဒုက္ခဖြစ်၍ ဒုက္ခပျက်တာကြီး မရှိတာပဲ၊ "ဒုက္ခနိရောဓော" ဖြစ်သွားမှာပဲ၊ ဒုက္ခ ချုပ်တာပဲ တွေ့ရမှာ။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာတော့ဖြင့် သြော်...သတ္တဝါ ဆိုတာဟာ ဖြင့် အပြောသာ ရှိတော့တယ် အထင်တော့ဖြင့် (မရှိ)။ ဒါ-ဘယ့်နှယ်ကြောင့် ဒီအဖြေ ဖြေနိုင်ပါလိမ့် မတုန်းဆိုတော့ သတ္တဝါဆိုတဲ့-အထင် 'ဒိဋ္ဌိ'ကလဲ မရှိဘူး။ **အင်း-အကြောင်းနဲ့အကျိုးသာ ရှိနေတယ်၊ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာ ရှိတာပဲ၊** သိနေတဲ့အတွက် 'ဝိစိကိစ္ဆာ'ကော ရှိသေးရဲ့လား (မရှိပါ)။ ဒါဖြင့် ဒီ-ဒကာဒကာမတွေ အတွက်မှာတော့ ဘုန်းကြီးများက အလွန်ပဲ ဝမ်းသာ။ ဘယ်လို-ဝမ်းသာသတုန်း ဆိုတော့ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" ပြုတ်ပြီ။ ဒါကြောင့်ပေါ့တဲ့ "သုညတတရား" နာကြ။ **"သုညတတရား"နာမှ နိဗ္ဗာန်သွားတဲ့-မြေပုံ လမ်းစတွေ့တယ် ဆိုတာ အခုဟာ ပုဂ္ဂိုလ်, သတ္တဝါ ဆိတ်တာတွေ တွေ့သွားပြီ။ "သုညတ"ဆိုက်နေတာ။** ဒီထဲ ပုဂ္ဂိုလ်, သတ္တဝါ ပါသေးလား (မပါ)။ ဒါကြောင့် သတ္တဝါသေရင် ဖြစ်သေးသလားဆိုတာ ဒကာဒကာမတွေကိုက ရဲရဲတင်းတင်း ဖြေတယ်၊ သတ္တဝါမရှိလို့ ဖြစ်သေးသလားဆိုတာ ဖြေဖို့မရှိပါဘူး။ သတ္တဝါသေလို့ရှိရင် မဖြစ်တော့ဘူးလားလို့ မေးပြန်တော့လဲ နဂိုကကိုက သတ္တဝါမပါလို့ ဖြေစရာမလိုဘူး။ သတ္တဝါသေလို့ရှိရင် မဖြစ်ချည်တစ်လှည့်, ဖြစ်ချည်တစ်လှည့်လားကော မေးပြန်တော့ ဖြေစရာမလို။ သတ္တဝါသေလို့ ရှိရင်ဖြင့် မဖြစ်သည်လည်း မဟုတ်၊ ဖြစ်သည်လို့လဲ ဆိုနိုင်သေးရဲ့လား၊ သတ္တဝါမရှိတဲ့အတွက် ဒီအမေး ၄-ချက်ဟာ အကုန်စင်ပြီးသကာလ အဖြေမထွက်တော့။ ဘယ့်နှယ်ကြောင့် ဒီအဖြေမထွက်ပါလိမ့်မတုန်းလို့ မေးတဲ့အခါ၊ **တပည့်တော်တို့မှာ "သံသယ-ဝိစိကိစ္ဆာ"စင်နေလို့ဘုရား။ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ"ကို တစ်ခါတည်း ဓမ္မသဘောနဲ့ကို အသိနဲ့ပယ်ထားပြီးတော့ တကယ်လို့များ အားထုတ်လိုက်မယ်ဆို ဒီ-ဒကာဒကာမတွေဟာ "သောတာပတ္တိမဂ်"ဟာ မကြာခင် ရတော့မယ်။** "သောတာပတ္တိမဂ်" ပယ်စရာကို အစောကြီးက ကျုပ်တို့က ရှင်းနေ။ အပါယ်လေးပါးတံခါးကို ပိတ်အောင် ခင်ဗျားတို့ဉာဏ်ဟာ ကြီးကျယ်၊ ဒီလောက် အဖိုးတန်ပါတယ်။ သေပျော်ပြီ။ မပြောမဖြစ်လို့သာ ပြောရတယ်၊ သတ္တဝါ မရှိတာ, ပုဂ္ဂိုလ်မရှိတာ, ယောကျ်ားမရှိတာ, မိန်းမ မရှိတာကတော့ ခန္ဓာကိုယ်ထဲမှာ သေချာသွားပြီ။ 'ပရမတ္ထ'နယ်မှာ ရှိသေးရဲ့လား။ 'သမုတိ' သူများ သမုတ်ထားတာတော့ရှိတာပေါ့။ ဘယ်သူ ဘယ်လို ခေါ်လိုက်၊ ဟောဟာ-ယောကျ်ားတဲ့, ဟိုဟာ-မိန်းမတဲ့, ဟိုဟာ-ကလေးတဲ့, ဟိုဟာ-တူတဲ့, ဟိုဟာ-တူမတဲ့၊ ဒါက-သမုတ်ထားကြတာကိုး။ အဲဒါ-ပြောတာပေါ့၊ ကိစ္စ မရှိပါဘူး။ သို့သော် ကိုယ်ဉာဏ်ထဲကတော့ သြော်...ဒါ-ပြောတာပြောနေရ၊ ရှိတော့ရှိတာ မဟုတ်ဘူး။ စကားပြော ဖြစ်အောင်လို့ တို့-တစ်ယောက်, တစ်ယောက် အထိန်းအမှတ် ထားတာပဲ။ ဒီတိုင်းထားနိုင်လို့ ရှိရင်ဖြင့် "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" ပယ်ပြီးသား ဖြစ်နေတယ်။ ဒါ-**ခန္ဓာကိုယ်ထဲမှာ ဖြစ်သည်နဲ့ တစ်ပြိုင်နက်တည်း** သြော်..ဝိညာဏ်ဖြစ်တယ်, နာမ်ရုပ်ဖြစ်တယ်, သဠာယတနဖြစ်တယ်, ဖဿဖြစ်တယ်, ဝေဒနာဖြစ်တယ်, တဏှာဖြစ်တယ်, ဥပါဒါန်ဖြစ်တယ်, ဇာတိ,ဇရာ,မရဏဖြစ်တယ်။ ဒါတွေဟာ ဘုရားကလဲ

ဟောလိုက်တော့ အကုန်–ဒုက္ခအစုကြီးကွ။ ဒုက္ခအစုကြီးဖြစ်ပြီး ဒုက္ခအစုကြီးချုပ်နေလို့ မပြောဘူးလား။ ပုဂ္ဂိုလ်, သတ္တဝါ ပါသေးလား (မပါပါ)။ နို့–ခင်ဗျားတို့ သန္တာန်လဲ ဒီအစဉ်မှတစ်ပါး ဘယ်အစဉ်များ ပိုဖြစ်သေး။ ဒီအစဉ်ပဲ တောက်လျှောက်တန်းနေတာပဲ။ တော်ကြာ နားပေါက်က စလိုက် ဒီအစဉ်၊ နှာခေါင်းပေါက်က စလိုက် (ဒီအစဉ်)၊ မနောပေါက်က စလိုက် ဒီအစဉ်ချည်းပဲ သွားနေတော့ ဩော်…ဒါဖြင့် "ပဋိစ္စသမုပ္ပါဒ်"အကြောင်းအကျိုးဆက်နေတာသာ ရှိပါလား၊ ပုဂ္ဂိုလ်, သတ္တဝါ ဒီထဲမှာ လုံးဝ အပ်ဖျားနဲ့ထောက်လို့မှ ကော်ကြည့်လို့တောင်မှ မပါတာ အသေချာချည်း ပါလားဆိုတော့ ပုဂ္ဂိုလ်,သတ္တဝါ၊ သတ္တဝါသေရင် ဖြစ်သေးသလား ဆိုတာမျိုးဟာလဲ ဘယ်ရှိမတုန်း စုတိပြီးရင် နိဗ္ဗာန်မရသေး ပဋိသန္ဓေသာ လာမှာပဲ၊ သတ္တဝါတော့မလာဘူး။ စုတိစိတ်ချုပ်သွားတော့ ပဋိသန္ဓေစိတ်လာမှာပဲ၊ ပဋိသန္ဓေစိတ်ချုပ်သွား ဘဝင်စိတ်လာမှာပဲ။ ဒါပဲရှိ ဒီပြင် ဘာလာစရာ ရှိသေး (မရှိပါ)။ ဒါတွေလှည့်နေမှာပဲ မဟုတ်လား။ ဒါတွေ ဘာသစ္စာ (ဒုက္ခသစ္စာ)။ အင်း–"ဒုက္ခသစ္စာ"တွေ ချုပ်ပြီး "ဒုက္ခသစ္စာ"တွေ ဖြစ်နေမှာပဲ ဆိုတော့ ဒါပဲ–ခန္ဓာ ရှိတာပဲ။ ဒီပြင် ဘာရှိသေး (မရှိပါ)။ ဒါကြောင့် ခုနက ၄–ချက်ကို မေးလိုက်တဲ့ အခါကျတော့ သတ္တဝါသေရင် ဖြစ်သေးသလား မေးတော့လဲ ဖြေစရာ မရှိဘူး၊ သတ္တဝါသေရင် မဖြစ်တော့ဘူးလားလို့ မေးပြန်ရင် (ဖြေစရာ မရှိပါ)။ နဂိုက ဘာဖြစ်လို့တုန်း၊ ခင်ဗျားတို့ သန္တာန်ထဲမှာကို မပါဘူး။ အဲဒါ–ကြပ်ကြပ် သတိထား စမ်းပါတဲ့၊ ဒီဥစ္စာ "သာသနာတွင်းတရား"ဆိုတာ မလွယ်ဘူးနော်။ အခု–ဒကာဒကာမတွေ ဖြေလိုက်တဲ့–အဓိပ္ပါယ် ဉာဏ်ထဲမှာ ရှင်းပြီး ဒကာဒကာမတွေက ကျေကျေနပ်နပ်ကြီး သူများပြောသံကြားနဲ့ မဖြေဘဲ ဟုတ်သားပဲ ဆိုပြီးသာ ဖြေလိုက်ရလို့ရှိရင် အပါယ်တော့ သေချာပြီ လုံးဝမရှိဘူး။ သတ္တဝါ သေရင် မဖြစ်ချည်တစ်လှည့်, ဖြစ်ချည်တစ်လှည့်လားလို့ မေးပြန်ရင် သတ္တဝါကိုက နဂိုက မရှိဘူး။ "ပဋိစ္စသမုပ္ပါဒ်" အကြောင်းအကျိုးပဲ ရှိတယ်, နာမ်ရုပ်ပဲ, ပုဂ္ဂိုလ်, သတ္တဝါ ပါသေးလား။ "ပဋိစ္စသမုပ္ပါဒ်" အကြောင်းအကျိုးပဲ၊ အင်း–ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ။ ဒီပြင် ဘာရှိသေး (ဘာမှမရှိ)။ ဒီ–အမေး ၄–ချက်ဟာ တပည့်တော်တို့ ကောင်းကောင်း ဖြေနိုင်ပြီဘုရား။ မေးတဲ့ပုဂ္ဂိုလ်က–"မိစ္ဆာဒိဋ္ဌိ၊"ဖြေစရာမရှိဘူး ဆိုတဲ့ပုဂ္ဂိုလ်က–"သမ္မာဒိဋ္ဌိ။" ပုဂ္ဂိုလ်, သတ္တဝါသေရင် ဖြစ်သေးသလား၊ ဖြေစရာမရှိဘူးတဲ့ ခင်ဗျားတို့က အမြင်မှန်ရထား။ တစ်ခုချုပ် တစ်ခုဖြစ်, တစ်ခုချုပ် တစ်ခုဖြစ် ဆိုတော့ ရုပ်နာမ်ဓမ္မတွေသာ တစ်ခုချုပ် တစ်ခုဖြစ်၊ "ပဋိစ္စသမုပ္ပါဒ်" အကြောင်းချုပ် အကျိုးဖြစ်တယ်။ အဲဒီ–အကြောင်းချုပ်သွားပြန်၊ နောက်တစ်ခါ အကြောင်းတစ်ခု ပေါ်လာပြန်တာပဲ ဆိုတော့ "ပဋိစ္စသမုပ္ပါဒ်"သာ လှည့်နေတာပဲ၊ ပုဂ္ဂိုလ်, သတ္တဝါ ပါသေးလား (မပါပါ)။ အဲတော့ ခင်ဗျားတို့က ဘာဒိဋ္ဌိနဲ့ ဖြေတာတုန်း (သမ္မာဒိဋ္ဌိနဲ့ ဖြေတာ)။ မေးတဲ့ပုဂ္ဂိုလ်က ဘာနဲ့မေး (မိစ္ဆာဒိဋ္ဌိနဲ့ မေးတာပါ)။ "သမ္မာဒိဋ္ဌိ" ဆိုထည်းက စဉ်းစားလိုက်၊ ဩော်…"မိစ္ဆာဒိဋ္ဌိ" တို့သန္တာန် မရှိလို့ ဒါ–အမှန်မြင်လို့ ပြောတာကိုး။ ဒါဖြင့် "သက္ကာယဒိဋ္ဌိ" ပြုတ်ပြီ။ ပြုတ် အပါယ်တော့ မသွားဘူး စိတ်သာချ၊ ခင်ဗျားတို့ သေချင်သလို–သေ ဘာမှအရေးကြီးစရာ မလိုဘူး။ ဒါဖြင့် ဒီ–ဒကာဒကာမတွေမှာ 'ဒိဋ္ဌိ'လဲ မရှိဘူး၊ 'ဝိစိကိစ္ဆာ'ကော (မရှိပါဘူး)။ ပုဂ္ဂိုလ်, သတ္တဝါသေလို့ ရှိရင် ဖြစ်ဦးမှာလား, မဖြစ်ဘဲ နေဦးမှာလားလို့ ဆိုတဲ့–'ဝိစိကိစ္ဆာ'ကော (မရှိ)။ ဘာဖြစ်လို့ မရှိတာတုန်း၊ နဂိုကိုက ဒီ–"ပဋိစ္စသမုပ္ပါဒ်"

အကြောင်းအကျိုးပဲ ရှိတယ်၊ "ဒုက္ခသစ္စာ"ပဲ ရှိတယ်ဆိုတာ ပိုင်ပိုင်ကြီး သိထားတဲ့အတွက် ဘယ်မှာသာလျှင် 'ဝိစိကိစ္ဆာ'လာသေးလား (မလာပါ)။ ဒီ-ဖြစ်နေတာလေးလဲ ခမ္မတစ်ခုဖြစ်ပြီး ခမ္မတစ်ခုချုပ်တာပဲ၊ နောက်ခမ္မတစ်ခု ပေါ်လာ နောက်ခမ္မတစ်ခု ချုပ်တာပဲ။ ဒါပဲ ရှိနေတော့ ငါ, သူ, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ ပါသေးလား (မပါပါ)။ အင်း-'ဒိဋ္ဌိ'က ပြုတ်ထားတော့ 'ဝိစိကိစ္ဆာ'က ပြုတ်ပြီးသားဖြစ်။ အဲဒီလို ဉာဏ်ထဲမှာ ရှင်းပြီးသကာလ နေတော့မှ ဪ...ဒီဒကာဒကာမတွေ ဘာတွေများ ဖြစ်နေကြ၊ ဪ... **"မိစ္ဆာဒိဋ္ဌိ"ဘဝမှ ကျွတ်လွတ်ပြီးသကာလ "သမ္မာဒိဋ္ဌိ" တွေ ဖြစ်ကုန်ကြပါပေါ့လား**။ နေရာကျပြီ ဒကာဒကာမတို့ ဝိပဿနာ-ရှုလိုက်လို့ ရှိရင်ဖြင့် ဒီ-"မိစ္ဆာဒိဋ္ဌိ"ဟာ ဒကာဒကာမတို့သန္တာန်မှာ လုံးဝ အမြစ်နှင့်တကွ ကျွတ်တော့မှာပဲ။ နိဗ္ဗာန်တာမြင်တဲ့-တစ်နေ့ သေချာကျွတ်တော့မှာပဲဆိုတာ ဆုံးဖြတ်ချက် ချတော့။ အခုဟာက တရားနာလို့ကျွတ်တာ၊ ခင်ဗျားတို့ ပွားများလို့ ကျွတ်ဖို့လေး ကျန်တော့။ အဲဒါလေးတော့ ကိုယ့်ဟာကိုယ် ပွားများပြီး ကျွတ်လိုက်မယ်ဆိုလို့ ရှိရင် မဖြစ်ဘူးလား။ **ပွားများနည်းလဲ ဒီနေ့လဲ ဟောမှာပါပဲ**။ အဲဒါ-သာသနာတွင်းသား, သာသနာတွင်းသူ ဖြစ်တဲ့-အဓိပ္ပါယ်ဟာ **ပုဂ္ဂိုလ်, သတ္တဝါ ပျောက်တဲ့-အဓိပ္ပါယ် ဉာဏ်ထဲမှာ ရောက်နေမှ သာသနာအတွင်းသား, သာသနာအတွင်းသူ ဒါ-ဖြစ်နိုင်တယ်**။ ကိုင်း-ဒါဖြင့် ကိုယ့်သန္တာန် ဖြစ်တဲ့-"ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကြီး"ကို ဒါ-အကြောင်းဖြစ်တယ်, အကြောင်းချုပ်တယ်၊ ဒီတိုင်းပဲ သွားပြီးသကာလ ဖြစ်ပျက်တွေသာ ရှိတယ်, "ဒုက္ခသစ္စာ"တွေသာ ရှိတယ်၊ ဒီလိုသိနေတော့ ပုဂ္ဂိုလ်, သတ္တဝါဆိုတဲ့ ထင်နေတဲ့ 'ဒိဋ္ဌိ'ကော ရှိသေးလား (မရှိပါ)။ အင်း-နောက် ဘာဖြစ်ဦးမှာတုန်း ဆိုတာကော ရှိသေးလား (မရှိ)၊ ဘာများ ဖြစ်ချင်ဖြစ်ဦးမှာတုန်း ဆိုတဲ့ 'ဝိစိကိစ္ဆာ'ကော မရှိဘူး။ **နိဗ္ဗာန် မရသေး ဒီ-ခဏတ်သဘောတွေ ဒီ-'ပဋိစ္စသမုပ္ပါဒ်'လည်နေမှာပဲ-ရှိ၊** ဒီပြင် ဘာရှိသေးတုန်း (မရှိပါ)။ ဒီခါ-ဝိပဿနာလုပ်လို့ရှိရင်ဖြင့် **"ဒိဋ္ဌိ, ဝိစိကိစ္ဆာ" အပင်း မပါဘဲနဲ့ ခင်ဗျားတို့ ခန္ဓာထဲမှာ "ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကြီး"ကို ဖြစ်ပျက်သာ ရှုကြတော့မယ်ဆိုရင် သေသေချာချာ "မဟာသောတာပန်" ဖြစ်မယ်ဆိုတာ ဆုံးဖြတ်ချက်-ချ**။ မဟာသောတာပန် ပြီးတော့လဲ အထက်-သကဒါဂါမ်, အနာဂါမ်ဖြစ်ဖို့ ဒါ-ဘုန်းကြီးတာဝန် မလိုပါဘူး၊ ဖြစ်ပျက်ကသာ-စ သူဟာသူ တက်သွားတာပဲ။ **အလွန်ကို ခင်ဗျားတို့ ဒီနေ့-ဝမ်းမြောက်စရာ ကောင်းတဲ့-နေ့ပဲ**။

"ဒိဋ္ဌိ, ဝိစိကိစ္ဆာ"ရှိလျက်နဲ့ ဖြစ်ပျက်အားထုတ်လို့ရှိရင် 'အနုရာဓ' ရကို မရဘူး။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝေသာလီပြည်မှာ သီတင်းသုံးတယ်၊ အထွတ်ရှိတဲ့ ကျောင်းတွေမှာ သူနေလိုက်တယ်။ ခုနက 'အနုရာဓ'က ဘေးကျောင်းကလေးမှာ နေတယ်။ 'မိစ္ဆာဒိဋ္ဌိ'တွေက လာကြတယ်၊ ဘုရားဆီတော့ မဝင်ဘဲနဲ့ 'အနုရာဓကျောင်း' ဝင်ကြ။ 'အနုရာဓ'ကလဲ ဘုရားနဲ့ အတူတူ နေပါတယ် ဆိုတော့ ဝိပဿနာအလုပ်တော့ လုပ်နေတာပေါ့။ ရှင်အနုရာဓ မြတ်စွာဘုရားသခင် ကိုယ်တော်ကြီးလဲ အလွန်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးလဲ ဖြစ်ပါတယ်၊ ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်ချွန်လဲ ဖြစ်ပါတယ်။ သူဟာ ဘယ်လိုများ ပြောလေ့, ဆိုလေ့ ရှိပါလိမ့်မလဲတဲ့၊ သတ္တဝါများသေလို့ရှိရင် ဖြစ်သေးသလား

ဆိုတဲ့စကားများ ဘယ်လိုများ ပြောလေ့ရှိသတုန်း၊ ဒီက–စကိုင်တာ သူတို့က။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သတ္တဝါများ သေရင် ဖြစ်သေးသလားလို့ မေးခဲ့သော် ဘယ်လိုများ ဖြေမယ်ထင်သတုန်း၊ သို့မဟုတ်ရင်လဲ သတ္တဝါသေရင် မဖြစ်တော့ဘူးလား မေးရင်လဲ ဘုရား ဘယ်လိုများအမိန့်ရှိဘူးသလဲ၊ တိတ္ထိတွေက။ သတ္တဝါသေလို့ ရှိရင်ဖြင့် မဖြစ်ချည်တစ်လှည့်, ဖြစ်ချည်တစ်လှည့်လား၊ ဒီလိုများမေးရင် ဘယ်လိုများဖြေလေ့ရှိပါလိမ့်မလဲ၊ သတ္တဝါသေလို့ရှိရင် လုံးဝ မဖြစ်တော့ဘူးလို့လဲ မဟုတ်ဘူး၊ ဖြစ်တဲ့အခါ ဖြစ်သေးတယ် ဆိုတဲ့–အဓိပ္ပါယ်မျိုးကိုလဲ ဘုရားသည် ပြောလေ့, ဟောလေ့များ ရှိပါသလား။ ဘယ်နှစ်ချက် မေးတုန်း၊ ၄–ချက်။ **ဒါက ထောက်ခံတဲ့–ဝတ္ထုကို ထုတ်ပြတာနော်**။ 'အနုရာဓ'က တိတ္ထိတို့ မေးတဲ့ဥစ္စာဟာတဲ့ ဒီ..၄–ချက်ကိုတော့ ဘုရားက မဖြေပါဘူး။ သူက ဘုရားဖြေလေ့ မရှိဘူး ဆိုတာတော့ သူ–ဖြေလိုက်တယ်နော်။ တိတ္ထိတွေက ပြန်သွား၊ ရိုးရိုးပြန်တာ မဟုတ်သေးဘူး၊ ဘုရားဖြေလေ့ မရှိဘူး၊ ဒီ..၄–ချက် ဘာမှဖြေလေ့ မရှိပါဘူးလို့ ပြောလိုက်တော့ တိတ္ထိတွေက ဖြေစေချင်တာကိုး။ ဖြေစေချင်တော့ ဩော်...ဒီ–'အနုရာဓ' ဆိုတဲ့–ကိုယ်တော်လေးဟာ ဘယ်နှစ်ဝါလောက် ရပြီလဲ၊ ဝါ–ငယ်ပါသေးတယ်၊ ဩော်...ဒါ–လူမိုက်ကလေး ရှိသေးတာ၊ ဒါ–မဖြေတတ်ဘူး၊ သူတို့ကပဲ အမွန်းတင်လိုက်။ နောက်–အသက်လေး နည်းနည်းကြီးတာကို ပြောပြန်တော့လဲ ဩော်...ကြီးပေမယ့်လဲ ဆန်ကုန်မြေလေး ဖြစ်နေတာ၊ ဒါ–မဖြေတတ်ပါဘူး၊ ဒီလိုနဲ့ ပြောဆိုပြီး တိတ္ထိတွေက ပြန်သွားကြ။ ဩော်...တိတ္ထိတွေတော့ ပြန်သွားကြပြီ၊ ငါ–လူမိုက်ကလေးလဲ ဆိုသွားကြတယ်၊ ကြီးပြန်လို့ ရှိရင်လဲ ဆန်ကုန်မြေလေး သမားကြီးပဲလို့ ပြောသွားပြန်တယ်၊ ပညာ မပါဘူးပေါ့။ အဲတော့ နောက်–ဒီထက် ပိုမေးရင်တော့ ငါ–ခက်တယ်။ သူက သံသယဝင်လာပြီ။ သူကိုယ်တိုင်က ဒီဥစ္စာ မရှင်းသေးဘူး၊ ဝိပဿနာ အားထုတ်နေတာတော့ ကြာလှပြီ။ သူမှာ ဉာဏ်–မပါတာ သေချာ–သွားပြီ။ **သူမှာ မရှင်းတာက သတ္တဝါဆိုတာ ရှိသလား၊ သူမှာ ဒီ–သံသယ ကျန်နေတယ်၊ သတ္တဝါသေပြီးတော့ နိဗ္ဗာန်သွားသလား၊ ဒီ..သံသယလဲ–ရှိ**။ကဲ–သူကိုယ်တိုင်က ဝိပဿနာတော့ အားထုတ်တယ်၊ ဒီ–'ဝိစိကိစ္ဆာ' ရှိမနေဘူးလား (ရှိပါတယ်)။ သတ္တဝါရှိသလား ဆိုတော့ သံသယ မဟုတ်လား။ **အဲ–သံသယကို စာလိုသုံးတော့ "ဝိစိကိစ္ဆာ"ပေါ့**။ သတ္တဝါရှိသလား, သတ္တဝါသေလို့ရှိရင် နိဗ္ဗာန်သွားသလား၊ ဒါကော (ဝိစိကိစ္ဆာ)။ 'ဝိစိကိစ္ဆာ'ရှိနေလို့ ရှိရင် ဒကာဒကာမတွေက ဆုံးဖြတ်ချက် ချလိုက်၊ 'ဒိဋ္ဌိ'ရှိနေလို့–ရှိ။ 'သက္ကာယဒိဋ္ဌိ'ရှိနေတဲ့ အတွက်တဲ့ 'ဝိစိကိစ္ဆာ' လုံးဝ မပြုတ်ဘူး။ 'ဒိဋ္ဌိ'ပြုတ်ရင် 'ဝိစိကိစ္ဆာ'က ရောပြုတ်ရ။ အဲဒါ–'အင်္ဂုတ္တိုရ်ပါဠိတော်'မှာလဲ "အဗျာကတ္တသုတ်"မှာ လာပါတယ်။ သို့သော် စကားရှည်နေမှာ စိုးလို့ အလုပ်ကလဲ ပြောစရာ ရှိနေလို့။ ကောင်းပြီ ဒါဖြင့် တိတ္ထိတွေ ဖြေလိုက်တာက တည့်ငြားသော်လည်း သူ–ဉာဏ်နဲ့ တည့်တာလား, ဖြေလေ့ မရှိတာလောက် ပြောလိုက်တာလား (ဖြေလေ့ မရှိတာ ပြောလိုက်)။ ဒါဖြင့် သူ့ဉာဏ်ထဲမှာ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" ရှိ, မရှိ (ရှိပါတယ်)။ နို့–ဖြစ်ပျက် အားထုတ်နေတာတော့ ကြာလှပြီတဲ့။ **ဘုန်းကြီးက ခဏ, ခဏ သတိ–ပေးတယ်။ ဖြစ်ပျက်ရှေ့ထားပြီး အားမထုတ်နဲ့နော်။ 'ဒိဋ္ဌိ'အရင် ဖြုတ်ပုံ၊ 'ဒိဋ္ဌိ'အရင် ဖြုတ်မယ်ကြ၊ "ပဋိစ္စသမုပ္ပါဒ်"နဲ့ "ခန္ဓာ"ကို နားလည်**

**ပါစေ။ "ပဋိစ္စသမုပ္ပါဒ်" နားမလည်, "ခန္ဓာ" နားမလည်တော့ကို "ပဋိစ္စသမုပ္ပါဒ်-ခန္ဓာကြီး" ကိုပင် ပုဂ္ဂိုလ်, သတ္တဝါ-လုပ်ပစ်လိုက်လိမ့်မယ်။** လုပ်ပစ်လိုက်လို့ ရှိရင် 'ဒိဋ္ဌိ' ဝင်လာပြီ၊ 'ဒိဋ္ဌိ' ဝင်လာရင် 'ဝိစိကိစ္ဆာ' ပြုတ်စရာ မြင်သေးလား (မမြင်ပါ)။ အဲဒါကြောင့် ဖြစ်ပျက် နောက်ထား လုပ်ပါ၊ "အနိစ္စ, ဒုက္ခ, အနတ္တ" နောက်ထားလုပ်ပါ။ 'ဒိဋ္ဌိ' ပြုတ်ရအောင် လုပ်ပါ။ 'ဒိဋ္ဌိ' ပြုတ်ချင် "ပဋိစ္စသမုပ္ပါဒ်" နားလည်အောင် လုပ်လိုက်ပါဦး။ **"ပဋိစ္စသမုပ္ပါဒ်"-ဖြစ်ကြောင်းပဋိစ္စသမုပ္ပါဒ်, ချုပ်ကြောင်းပဋိစ္စသမုပ္ပါဒ်၊ ဒီ-နှစ်ခု နားလည်အောင် လုပ်ဦး။** အဲဒါနဲ့ မဖြစ်သေးပါဘူး၊ ဒီတိုင်းနေလို့ ရှိရင် နောက်-တိတ္ထိတွေက လာမေး ခက်ချည့်ရဲ့။ ဘုရား-သွားလျှောက်မှပဲ။ အရှင်ဘုရားတဲ့ အရှင်ဘုရားကျောင်း၏ နံဘေးမှာ တပည့်တော် ကျောင်းကလေးနဲ့ နေပါတယ်ဘုရားတဲ့၊ မနေ့က တိတ္ထိတွေက လာကြတယ်ဘုရား၊ အရှင်ဘုရား ဂုဏ်တွေလဲ ချီးမွမ်းကြတယ်။ အဲဒီ-အလွန့်အလွန် မြတ်တဲ့ပုဂ္ဂိုလ်က သတ္တဝါသေရင် ဖြစ်သေးသလားလို့များ ဟောဖူးသလား၊ သတ္တဝါသေရင် မဖြစ်တော့ဘူးလို့ ဟောဖူးသလား၊ သတ္တဝါသေရင် မဖြစ်ချည်တစ်လှည့်, ဖြစ်ချည်တစ်လှည့်လို့ ဟောဖူးသလား၊ သတ္တဝါသေလို့ ရှိရင် လုံးဝတော့ မဖြစ်တော့ဘူး၊ နောက်မှ ဖြစ်ပြန်တယ်လို့ ဒီလိုများ ဟောဖူးသလား ဆိုပြီး တပည့်တော် လာမေးကြတယ်ဘုရား။ တပည့်တော်က ဖြေလိုက်ပါတယ်၊ ဒီ..အမေး ၄-ချက်ကိုတော့ ဘုရားဘယ်တော့မှ ဖြေလေ့မရှိဘူးလို့ ပြောလိုက်ပါတယ်။ သူတို့လဲပြန်သွား တပည့်တော်ကိုတော့ဘုရား မင်းဟာ လူမိုက်ကလေးပဲ၊ ငယ်လေးရှိသေးတာပဲ၊ အသက်ကြီးပေမယ့်လဲ မင်းဟာ ဒါ-မဖြေနိုင်ဘူး ဆိုထည်းက ဆန်ကုန်မြေလေးသမားပဲ ပြောပြီး ပြန်သွားကြတယ်။ နောက်-သူတို့ပြန်သွားပြီး တပည့်တော် စဉ်းစားတယ်၊ ဒီ-တိတ္ထိတွေက နောက်တစ်ဖန်များ လာမေးလို့ရှိရင်ဖြင့် ဘယ်လိုများ ဖြေရမယ်ဆိုတာ သူစိတ်ထဲမှာဖြင့် အင်မတန် အရှုပ်အထွေး ဖြစ်နေတယ်၊ ဆိုတော့ ဘုရားက ရိပ်မိ။ သူကိုယ်တိုင် မဟန်ဘူး။ 'အနုရာဓ' ကိုယ်တိုင် 'ဝိစိကိစ္ဆာ' မပြုတ်ဘူးကွ ဆိုတာ ဘုရားက ရိပ်မိပါတယ်ဟဲ့။ ကဲ-ဘုရားက နောက်တစ်ခါ မေးရင် ဘယ့်နှယ်လုပ် မတုန်း ဆိုတာနဲ့ကိုပဲ ဘုရားက သိနေပြီ။ ငါလူ 'အနုရာဓ' တော့ဖြင့် သူကိုယ်တိုင် ကိုယ်ကလဲ ဝိပဿနာသာ ရှုနေတာ၊ 'ဝိစိကိစ္ဆာ' နဲ့ 'ဒိဋ္ဌိ' မပြုတ်သေးပါလား။ သူကိုဟောဦးမှ တော်မှာပါလား။ တိတ္ထိဖြေတာ အသာထားဦး။ ကိုင်း-တရားကို လွှဲပစ်ရ။ အခုလို "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" ပြုတ်ပြီး ခန္ဓာထဲမှာ ရှင်းနေမှသာလျှင် သြော်...သာသနာတွင်းသား, သာသနာတွင်းသူ ဖြစ်ပြီးသကာလ အပါယ်လေးပါး တံခါးပိတ်ရတယ် ဆိုတာ ဒီ-အသိမှ အသိမှန်ပါလား, 'သမ္မာဒိဋ္ဌိ' ရောက်လာတာပါလား, 'မိစ္ဆာဒိဋ္ဌိ' ပြေးပါပေါ့လား ဆိုတော့မှ သက်သေခံက လုံလောက်လာ။ 'မိစ္ဆာဒိဋ္ဌိ' မပြေးသရွေ့ ကာလပတ်လုံး ဘယ်တော့မှ အပါယ်လေးပါးမျိုးစေ့ မပြုတ်ဘူးလို့-မှတ်။ 'မိစ္ဆာဒိဋ္ဌိ' ဆိုတဲ့-'သက္ကာယဒိဋ္ဌိ' သာ ရှိနေမယ် ဆိုရင် အပါယ်မျိုးစေ့ဟာ (မပြုတ်ပါ)။ ဝမ်းထဲမှာ အမြဲ-ကိန်းနေ။ အနုသယ-သဘောနဲ့ ကိန်းနေ။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သြော်...'အနုရာဓ' သူကိုပင်လျှင် 'ဒိဋ္ဌိ, ဝိစိကိစ္ဆာ' ဖြုတ်ပြီးသကာလ သောတာပန်တည်အောင် ဟောဦးမှ တော်တော့မယ်ဆိုပြီး ဒါ-ဟောရ ရှာ။ **ဒီ-ဝါးအဖျားက နေပြီးသကာလ နှိပ်ချိုးနေသလို ဖြစ်နေတယ်။ အရင်းကတော့ ဘာမှ ဂရုမစိုက်ဘဲနဲ့ ဝါးပင်-သေချင်လို့ အဖျားချိုးပေမယ့်လဲ မိုးဦးကျ ပေါက်မယ်လို ဖြစ်နေတာ။အရေးကြီး**

**တာကို ၁–နံပါတ်က "ဒိဋ္ဌိ"ပြုတ်ဖို့ အရေးကြီးတယ်။ "ဒိဋ္ဌိ"ပြုတ်ချင်လို့ ရှိရင်လဲ "ပဋိစ္စသမုပ္ပါဒ်" ခန္ဓာကိုယ်ထဲမှာ အစုပေါ်လာတဲ့–"ပဋိစ္စသမုပ္ပါဒ်"ကို ခင်ဗျားတို့ ပေါ်အောင် သိပေးရမယ်။ ဒါ–ပုဂ္ဂိုလ်, သတ္တဝါ မဟုတ်ဘူး။ ဒါ–ရုပ်နာမ် ဓမ္မတွေ ဆက်ဆက်လာတာ၊ ရုပ်နာမ် ဓမ္မတွေ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာကြတာ၊ ပုဂ္ဂိုလ်, သတ္တဝါ–မပါဘူး။ ဒီက "ပဋိစ္စသမုပ္ပါဒ်" သိထားမှသာလျှင် ရှင်းလင်းသွားတော့မှာပေါ့။** သူဟာ ဝိပဿနာ–အလုပ်ကို မလုပ်တဲ့–'အနုရာဓ'လား, လုပ်နေတဲ့–'အနုရာဓ'လား၊ လုပ်ပင်လုပ်ငြားသော်လည်း ဘယ့်နှယ်ကြောင့် သူသည်ကားလို့ ဆိုလို့ ရှိရင်ဖြင့် ဒီ–သံသယတွေ ပေါ်နေပါလိမ့်မတုန်းလို့ မေးတော့ **ပဋိစ္စသမုပ္ပါဒ်, ဒုက္ခသစ္စာ, ခန္ဓာဆိုတဲ့ ယခုပေါ်နေတဲ့–"ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကြီး" ကို သူ–နားမလည်ဘူး၊ နားမလည်တဲ့အတွက် "ဝိစိကိစ္ဆာ" ရှိတယ်။ "ဝိစိကိစ္ဆာ" ရှိနေတဲ့အတွက် "ဒိဋ္ဌိ"က နည်းနည်းမှ မပြုတ်ဘူး ဆိုတာ သေချာတယ်။** အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါလူကိုယ်က အခက်ချည်းပဲ ပေါ်လာတာပဲ။ သူ့ကိုယ်တိုင် ဟန်မရလို့ သူကို အမိဖမ်းရဦးမှာ။ သူကို အမိဖမ်းဖို့ ဆိုတော့ သူ့–သောတာပန်တည်အောင် ဒီ–"ပဋိစ္စသမုပ္ပါဒ်" ပြပြီး ဝိပဿနာ–အရှုခိုင်းရဦးမှာ၊ လွယ်ပါ့မလား။ ။

♠♠♠♠♠♠♠♠

( မန္တလေးမြို့ဟော )

## ၁၁ . ၃ . ၆၀

## ဖွင့်အနုရာဓရဟန်း ဥမာပြ၊ မျိုးမှအပင် အပင်မှမျိုး တရားတော်။

( "အနုရာဓသုတ်" အဆက်။ )

မှတ်ချက်။ ။

(၁)။ ပထမရေးဦးစွာ မြေနော်၊ ဒီပေါ်မှာ မျိုးစေ့ စိုက်ကြ၊ မျိုးစေ့ စိုက်ပြီးသကာလ မဟုတ်တဲ့–ရေတွေ လောင်းကြနော်။ မဟုတ်–ရေတွေ လောင်းတဲ့အခါကျတော့ မဟုတ်တဲ့–အပင်ကြီး ပေါက်ပြီးသကာလ လာကြ။

(***)(၂)။ **"အဝိဇ္ဇာ" အကြောင်း မရှိဘူးလို့ မယူလိုက်ပါနဲ့၊ "အယောနိသောမနသိကာရ"ကြောင့် "အဝိဇ္ဇာ"ဖြစ်တယ်။ ဒါကို ဟောချင်လို့ပါနော်။**

(၃)။ နှလုံးသွင်းမှားလို့ "အဝိဇ္ဇာ"ဖြစ်တာ။

(၄)။ "အဝိဇ္ဇာ"အစ နှလုံးသွင်းမှားမှုကလို့ မှတ်လိုက်စမ်းပါ။

(၅)။ **တစ်သံသရာလုံး တပည့်တော်တို့ ဘယ်လိုများ နေခဲ့လို့ ဘယ်လိုများ ထိုင်ခဲ့ပါလိမ့်မတုန်းလို့ ဆိုတာ ဒီနေ့ဖြင့် ပေါ်ပါပြီ။ နှလုံးသွင်းမှားတဲ့–မြေပေါ်မှာ မသိတဲ့–"အဝိဇ္ဇာမျိုးစေ့" စိုက်ပြီးသကာလ "တဏှာ"တည်းဟူသော–ရေတွေနဲ့ လောင်းကြတော့ကိုး "ခန္ဓာပင်"တွေဟာ တစ်ခါတည်း ပေါက်လာ။**

(၆)။ ဒီလိုလဲ "ပဋိစ္စသမုပ္ပါဒ်" ဖြစ်သေးတယ်လို့ ဘုရားက ဟောတယ်။

(၇)။ ယနေ့က စပြီးသကာလ နှလုံးသွင်းမှားနေတာကြီးကို နှလုံးသွင်းမှန် ပြင်လိုက်လို့ ရှိရင်ဖြင့် "အဝိဇ္ဇာ"ကလဲ "ဝိဇ္ဇာ" ဖြစ်မှာပဲ။ "တဏှာ" ဆိုတဲ့–ရေကလဲ "အလောဘ" သွားဖြစ်မယ်။ "ခန္ဓာ"ကလဲ "ဒုက္ခသစ္စာ"ကလဲ "သုခသစ္စာ" ဖြစ်ရတော့။

(**)(၈)။ **ဒီနေ့–ဟောမယ့်တရားသည် "အယောနိသောမနသိကာရ"ကို "ယောနိသောမနသိကာရ" ပြင်လိုက်ရလို့ ရှိရင် ကျန်–သုံးခု ပြင်စရာ မလိုတော့ဘူး။**

(၉)။ "အဝိဇ္ဇာ၏အမြစ်"ကို ဖြတ်ကြစို့တော့။ ဒီနေ့–အရေးကြီးတာပေါ့။

(၁၀)။ ဒီနေ့–ဟောရမယ့်တရားက "အဝိဇ္ဇာ၏အမြစ်"ဟာ ဘယ်သူတုန်း (အယောနိသောမနသိကာရ)။ ဒီဥစ္စာ ထူးထူးဆန်းဆန်း ပါပဲလား ဆိုတာ

"အင်္ဂုတ္တိုရ်"က လာတာလို့-မှတ်။

(၁၁)။ "ရှင်အနုရာခ"တော့ဖြင့် ယနေ့-ဟောရတော့မယ်။

(၁၂)။ နှလုံးသွင်းမှန်ဖြစ်ဖို့ အရေးဟာဖြင့် အကြီးဆုံးအရေး ထားကြစို့တော့။

(၁၃)။ သံသရာ့ရေသောက်မြစ် ဖြတ်သော နှလုံးသွင်းမှန်ဖို့ပါလား။

(၁၄)။ တစ်သံသရာလုံး ဘယ်လိုများ နေခဲ့ရ၊ အို-ဝန်ထမ်းသမား အဖြစ်နဲ့ နေခဲ့ရတယ်။

(၁၅)။ **လူဘဝ, နတ်ဘဝ, ဗြဟ္မာဘဝကိုတဲ့ ငါ-မျက်စိတစ်မှိတ်လောက်တောင် တစ်ခါမှ ပါးစပ်ထဲမှာ ကောင်းတယ်ဟော့လို့ မချီးမွမ်းဖူးဘူးတဲ့၊ "အင်္ဂုတ္တိုရ်ပါဠိတော်"မှာ လာတယ်နော်။**

(၁၆)။ နှလုံးသွင်းမှားမှုကို နှလုံးသွင်းမှန်မှု ပြင်ကြစို့တော့။

(၁၇)။ **အခု-ပြောချင်တာကတော့ ဒကာဒကာမတွေလဲ "သံဝေဂ"လဲ ပါအောင်လို့ပါ။**

(၁၈)။ ဘယ်အချိန်ပဲ ဘာဖြစ်ဖြစ် "ပဋိစ္စသမုပ္ပါဒ်ဓမ္မ"တွေပဲ ဖြစ်တယ်။ နှလုံးသွင်းမှန်ပြီတဲ့။

(*)(၁၉)။ **(အနုရာခ)** သူ့-"ဒိဋ္ဌိ"နဲ့ သူ့-"ဝိစိကိစ္ဆာ" ရှင်းပြလိုက်မယ်နော်။ သတ္တဝါရှိလေသလား၊ ဟော-သူလာပေါ်။ သတ္တဝါသေရင် "နိဗ္ဗာန်" သတ္တဝါပဲသွားသလား၊ ဒါ-သူမှာကို သံသယ-ရှိ။

(၂၀)။ "ဝိစိကိစ္ဆာ" မပြုတ်တော့ "ဒိဋ္ဌိ"ကကော (မပြုတ်ပါဘူး)။ ဒါဖြင့် "ဒိဋ္ဌိ, ဝိစိကိစ္ဆာ မပြုတ်တဲ့-ပုဂ္ဂိုလ်" အားထုတ်နေလို့ မရတာ။

(***)(၂၁)။ **"အနိစ္စ, ဒုက္ခ, အနတ္တ"ကို ရှေ့မထားနဲ့ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ ဖြုတ်မှု"ကို ရှေ့ထား။ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" ဖြုတ်ချင်လဲ "ပဋိစ္စသမုပ္ပါဒ်" ခန္ဓာကိုယ်ထဲမှာ အခု-ပေါ်လာတာတွေ တန်းတန်း, တန်းတန်း ပြီးသကာလ သြော်...မျက်လုံးပေါက်ကလဲ ဒီလိုချည်း ပေါ်တာပါလား၊ နားပေါက်ကလဲ ဒီလိုချည်း ပေါ်တာပါလား၊ ပုဂ္ဂိုလ်, သတ္တဝါဆို ပေါ်တာ မဟုတ်ပါဘူး၊ ဓမ္မတွေသာ တစ်ခုဓမ္မချုပ်ပြီး တစ်ခုဓမ္မဖြစ်တာသာ ကေန်ပါလားလို့ မှတ်လိုက်။**

(၂၂)။ "သမ္မာဒိဋ္ဌိကုသိုလ်"အစစ်ကတော့ "ပဋိစ္စသမုပ္ပါဒ်" နားလည်မှသာလျှင် "ခန္ဓာ"ကို နားလည်သတဲ့။

**#** ရှေ့ပိုင်းမှာ မှတ်စရာလေးကို ပြောမယ်တဲ့။ ဒီထဲမှာ ဒုက္ခကင်းတဲ့ ပုဂ္ဂိုလ်လို့ ဘယ်သူမှ မပါဘူး။ အဲဒီ–ဒုက္ခကင်းတဲ့ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မှ မပါတာဟာ ဘာဖြစ်လို့တုန်းလဲလို့ မေးတဲ့အခါကျတော့၊ သြော်...သစ်ပင် အစိုက်လွဲလို့ အသီးတွေ သီးတာကလဲ မကောင်းသီးတွေ–သီး, မကောင်းပွင့်တွေ ပွင့်ပြီးသကာလ မကောင်းပင်တွေ ပြန်ပေါက်နေလို့ ဖြစ်ရသလိုပဲလို့ မှတ်ရမယ်နော်။ အဲဒီတော့ လက်သည်ရှာတော့ကို ဒကာဒကာမတို့မှာ ဘယ့်နှယ်ကြောင့် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿတွေနဲ့ နေပါလိမ့်မတုန်း၊ ဘယ့်နှယ်ကြောင့် ဒီခန္ဓာကိုယ်ကြီး အို, နာတွေနဲ့လဲ အမြဲ–နေရပါလိမ့်မလဲ၊ ဘေးက ၉၆–ပါးသော ရောဂါဝေဒနာတွေနဲ့ ဝိုင်းသိုင်းပြီးသကာလ နေကြတော့တယ်။ အဲဒါ–ဘယ့်နှယ်ကြောင့် ဒုက္ခမျိုးစုံ အကုန်–ကြုံပြီးသကာလ နေကြပါလိမ့်မလဲလို့ မေးလို့ ရှိရင်ဖြင့် ဒကာဒကာမတို့ မြေပေါ်မှာ သစ်ပင်စိုက်တဲ့ဥစ္စာ ရေလောင်းကြ။ **ပထမရှေးဦးစွာ မြေနော်။ ဒီပေါ်မှာ မျိုးစေ့ စိုက်ကြ၊ မျိုးစေ့ စိုက်ပြီးသကာလ မဟုတ်တဲ့–ရေတွေ လောင်းကြနော်။ မဟုတ်–ရေတွေ လောင်းတဲ့အခါကျတော့ မဟုတ်တဲ့–အပင်ကြီး ပေါက်ပြီးသကာလ လာကြ။** ဒီ–လေးချက်ကို မှတ်ထားရမယ်လို့ ရှေ့ပိုင်းက ဒီတိုင်း–မှတ်ရမယ်။ မဟုတ်တဲ့–မြေကို တည်ထောင်မိတယ်၊ မဟုတ်တဲ့–မျိုးစေ့ စိုက်ပျိုးမိတယ်၊ မဟုတ်တဲ့–ရေ လောင်းမိလို့ မဟုတ်တဲ့–အပင်ကြီး စည်းကားလာတဲ့အတွက် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ ခန္ဓာပင်ကြီး စည်းကားလာတယ်ဆိုတာ မှတ်ရမယ်။ ဒါ–"တရားဓမ္မ" မပေါ်သေးပါဘူး၊ ဖြစ်စဉ်အကြောင်းအကျိုး ဆက်တာပဲ ပြရပါသေးတယ်လို့ မှတ်ရမယ်နော်။ ဒကာဒကာမတွေ ယခုဘဝမှာ သော်လည်းကောင်း, သံသရာက သော်လည်းကောင်း နှလုံးသွင်း မမှန်မှုဆိုတဲ့–မြေတွေဟာ ရှိနေကြ။ နှလုံးသွင်း မမှန်မှု၊ နှလုံးသွင်း မမှန်မှုသည် မြေနဲ့တူတယ်လို့ မှတ်လိုက်စမ်းပါ။ ခန္ဓာကိုယ် ဒုက္ခပင်ကြီးက ဒုက္ခသီး, ဒုက္ခပွင့်တွေ ဝေဆာနေတယ် ဆိုတဲ့ဥစ္စာ ရိပ်မိ။ အဲဒါ–ဘယ်မြေမှာ ပေါက်လာတာတုန်း မေးတော့မှ "အယောနိသောမနသိကာရ" ဆိုတာ နှလုံးသွင်းမှားမှု တည်းဟူသော–မြေ တည်ထောင်မိလို့တဲ့။ နှလုံးသွင်းမှားမှု ဆိုတာက ခင်ဗျားတို့က လူရယ်, နတ်ရယ်, ဗြဟ္မာရယ်, သားရယ်, သမီးရယ်လို့ ဘဝများစွာက နှလုံးသွင်းမှားခဲ့ကြ။ **ဘယ်တော့မှ "ရုပ်နာမ်–ဒုက္ခသစ္စာ" လို့ မပေါ်ခဲ့ဘူးတဲ့။** နှလုံးသွင်းမှားတဲ့–မြေကို ခင်ဗျားတို့က တည်ထောင်မိလျက် ကြုံတယ်။ ဒီမြေပေါ်မှာ ဘာဖြစ်ပြန်နှလုံးသွင်းမှားတဲ့ အခါကျတော့ မသိတဲ့–'အဝိဇ္ဇာတည်းဟူသောမျိုးစေ့' စိုက်မိတာပဲ။ တစ်သံသရာလုံး နှလုံးသွင်းမှားတဲ့–မြေပေါ်မှာ 'အဝိဇ္ဇာမျိုးစေ့' ချည်း–စိုက်။ နှလုံးသွင်းက မှားတော့ မသိတဲ့–'အဝိဇ္ဇာ'က နောက်က လိုက်မလာဘူးလား၊ 'အဝိဇ္ဇာ၏အကြောင်း' ကိုလဲ မှတ်လိုက်။ **"အဝိဇ္ဇာ" အကြောင်း မရှိဘူးလို့ မယူလိုက်ပါနဲ့၊ "အယောနိသောမနသိကာရ" ကြောင့် "အဝိဇ္ဇာ" ဖြစ်တယ်။ ဒါကို ဟောချင်လို့ပါနော်။** ဒါဖြင့် 'အဝိဇ္ဇာ'၏အစ 'အယောနိသောမနသိကာရ' ကလို့ မှတ်လိုက်စမ်းပါ။ ဒါဖြင့် သတ္တဝါအစ "အဝိဇ္ဇာ, တဏှာ"က ဆိုငြားသော်လည်း 'အဝိဇ္ဇာ' ဘယ်ကစသတုန်း မေးရင် ဖြေတတ်ကြ (အယောနိသောမနသိကာရ)။ ဒါဖြင့် **နှလုံးသွင်းမှားလို့ "အဝိဇ္ဇာ" ဖြစ်တာ။** မိမိတို့နယ်မြေထဲ ရောက်သွားပြီ ဆိုမှဖြင့် တစ်ခါတည်း ဒါ–သားပဲ, ဒါ–

သမီးပဲ, ဒါ–မြေးပဲ, ငါ–ငွေပဲ, ငါ–ရွှေပဲဆိုတဲ့ နှလုံးသွင်းမှားတွေဟာ တစ်ခါတည်း ရုပ်နာမ်ကို မပေါ်လာတော့ဘူး။ ဒါ–ဘာပါလိမ့်၊ နှလုံးသွင်းမှားတော့ကို ဘယ့်နှယ်ကြောင့် သူ–နှလုံးသွင်းမှား ပါလိမ့်မတုန်း ဆိုတော့ အို–'အဝိဇ္ဇာ'ကြောင့်ပေါ့။ ဒါဖြင့် နှလုံးသွင်းမှားမှုကြောင့် ဘာဖြစ်လာ (အဝိဇ္ဇာဖြစ်လာပါတယ်)။ နှလုံးသွင်းမှားလို့ ရှိရင် မသိတာ ပိုလာမှာပဲ။ ဒါကြောင့် **"အဝိဇ္ဇာ"အစ နှလုံးသွင်းမှားမှုကလို့ မှတ်လိုက်စမ်းပါ**။ သေသေချာချာ မှတ်ပါ၊ 'အဝိဇ္ဇာ'အစ ဆိုတာ နှလုံးသွင်းမှားမှုက ဆိုတော့ 'အယောနိသောမနသိကာရ'ကလို့ စာလိုတော့ ဒီအဓိပ္ပါယ် ရပါတယ်။ နှလုံးသွင်းမှားမှုကို ဒီဆရာသမားကသော်လည်းကောင်း, ဘုရားကသော်လည်းကောင်း မပြင်ပေးတော့ ပါဘူး ဆိုလို့ရှိရင် ဒီပုဂ္ဂိုလ် 'အဝိဇ္ဇာ'ချုပ်ဖို့တော့ မြင်သေးရဲ့လား (မမြင်ပါ)။ ဖြစ်စဉ်က အင်မတန် ဆိုးဝါးကုန်ပါပေါ့လား။ ကိုယ့်အိမ်, ကိုယ့်ယာ, ကိုယ်နယ်သို့ ရောက်သွားပြီဆိုမှဖြင့် သားမလာသေး ဘူးလား၊ သမီးဘယ်သွားတုန်း ဆိုတာတွေဟာ တစ်ခါတည်း နှလုံးသွင်းမှားမှုတွေ မလာဘူးလား။ နှလုံးသွင်းမှားမှုတွေသာ လာမယ်ဆိုလို့ရှိရင်ဖြင့် သစ္စာမသိတဲ့–'အဝိဇ္ဇာ'ဟာ နောက်ကတစ်ခါတည်း လိုက်လာတာ။ ဒါဖြင့် 'အဝိဇ္ဇာ၏ ဖြစ်ခြင်း၏အကြောင်း' ဘယ်သူပါလိမ့်မတုန်း၊ နှလုံးသွင်းမှား မှု၊ 'အယောနိသောမနသိကာရ'လို့ စာလိုတော့ မှတ်လိုက်တာပေါ့။ ဒါဖြင့် သားပဲ, သမီးပဲ, ဆွေပဲ, မျိုးပဲလို့ နှလုံးသွင်းက မှားလိုက်ပြီ ဆိုမှဖြင့် **"အနိစ္စ, ဒုက္ခ, အနတ္တ, ဒုက္ခသစ္စာ"**တွေ မကွယ်သေးဘူး လား။ ကွယ်သွားပြီလို့ သေသေချာချာ မှတ်ကြပါ။ ကွယ်သွားတော့ 'အဝိဇ္ဇာ'က သစ္စာတွေ သိသေး ရဲ့လား (မသိပါ)။ ဒါဖြင့် နှလုံးသွင်းမှားမှု တည်းဟူသော–မြေပေါ်၌ 'အဝိဇ္ဇာမျိုးစေ့' တစ်သံသရာ လုံး စိုက်ခဲ့ကြ။ ပြီးတော့မှ မသိတော့လဲ နှလုံးသွင်းကမှားတော့ မသိဘူး။ မသိတော့ တကယ်– သား, တကယ်–သမီး, တကယ်–ပစ္စည်း မှတ်ပြီးသကာလ တကယ်–ခင်လိုက်တော့တာကိုး။ ဒါဖြင့် နှလုံးသွင်းမှားတဲ့–မြေပေါ်မှာ မသိတဲ့–မျိုးစေ့ စိုက်ပြီးသကာလ 'တဏှာရေ'တွေ လောင်းပြန်တော့ တယ် ဆိုရင်လဲ မလွဲဘူးပေါ့။ မသိတော့ ခင်တာပေါ့။ ကဲ–နှလုံးသွင်းကမှားတော့ မသိဘူး၊ မသိတော့ ခင်ရော၊ အဲတော့ ဥပမာ–ပြောချင်တော့ နှလုံးသွင်းမှားတာက–မြေနဲ့တူတယ်ကွ၊ မသိတာက– 'အဝိဇ္ဇာမျိုးစေ့' အဲဒီ–မြေပေါ် စိုက်လိုက်တာနဲ့ တူတယ်ကွ။ နှလုံးသွင်းမှားတဲ့–မြေပေါ်မှာ 'အဝိဇ္ဇာ မျိုးစေ့'စိုက်လိုက်။ ပြီးတော့ နှလုံးသွင်းမှားလို့ 'အဝိဇ္ဇာမျိုးစေ့'စိုက်လိုက်သည်နဲ့ တစ်ပြိုင်နက် မသိ တော့ဘူး။ မသိသည်နဲ့ တစ်ပြိုင်နက်တည်း ဒီဉစ္စာ သစ္စာမသိတော့ ငါ့သားပဲ, ငါ့သမီးပဲ, ငါ့မြေးပဲ, ငါ့ဆွေမျိုးပဲဆိုပြီး အရမ်း–ခင်ချလိုက်။ ဒါဖြင့် မြေပေါ်မှာ မျိုးစေ့စိုက်၊ မဟုတ်တဲ့ ရေတွေ–လောင်း၊ ဒါ–ဘယ်တုန်းက စခဲ့တာတုန်းလို့၊ သူ့အစကတော့ဖြင့် ရှာမတွေ့လောက်အောင်ပဲ ကြာခဲ့ပြီလို့ ဆိုကြပါစို့တော့။ နှလုံးသွင်းမှားတဲ့–မြေပေါ်မှာ 'အဝိဇ္ဇာမျိုးစေ့' စိုက်ခဲ့ကြ၊ 'တဏှာရေ'တွေကော၊ 'တဏှာရေ'တွေ လောင်းတဲ့အခါကျတော့ 'တဏှာ'တည်းဟူသော အကြောင်းတရားသာ ရှိမယ်ဆို တော့ ခန္ဓာပင် ပေါက်သင့်, မပေါက်သင့်၊ သြော်...ခန္ဓာပင် ပေါက်လာပြီ ဒကာဒကာမတို့။ 'တဏှာ' ကြောင့် 'ခန္ဓာ'ဖြစ်ရတာကိုး။ 'တဏှာ–သမုဒယ' ချုပ်သွားတဲ့ ပုဂ္ဂိုလ်များ 'ခန္ဓာ'လာတယ်လို့ ထုံးစံ ရှိရဲ့လား (မရှိပါ)။ 'သမုဒယသစ္စာ'သာချုပ် 'ဒုက္ခသစ္စာ' လာသေး (မလာပါ)။ ကဲ–ဒါဖြင့် 'တဏှာ

ရေ'လောင်းလို့ 'ခန္ဓာပင်'ပေါက်ပေါ့။ ဒါကြောင့် အခု–ဒကာဒကာမတွေမှာ ခန္ဓာငါးပါးကြီး ရပြီးသကာလ ထားကြတော့ ဒီခန္ဓာငါးပါးကြီး အတွက်နဲ့ ရူပက္ခန္ဓာကြီး အတွက်နဲ့ ထီးတို့, ဖိနပ်တို့, ခြုံထည်တို့, ရုံထည်တို့ဟာ ဒါ–ရူပက္ခန္ဓာကြီးအတွက် ဆည်းပူးနေရတာ။ အိုး–နေ့တိုင်းပဲ စားစရာ, သောက်စရာ ဝယ်လိုက်ရတဲ့ ဖြစ်ခြင်းသည်ကားလို့ ဆိုရင် မပြောပါနဲ့၊ အဲဒါ–ဝေဒနာက္ခန္ဓာ အခွန်ဆက်နေရတာ။ နေ့တိုင်း ကျောင်းတက်ပြီးသကာလ မှတ်သားပြီး ပညာတွေ သင်နေရတာကလဲ၊ ဒီခန္ဓာကြီးအတွက် သညာအလုပ်ကိုလုပ်နေရတာ။ အဲတော့ စေတနာနဲ့လဲ သွားဟဲ, လာဟဲ, ပြောဟဲ, ဆိုဟဲ ဆိုတဲ့–အလုပ်တွေကော မလုပ်ရပေ (လုပ်ရပါတယ်)။ အေး–ဒါကြောင့် ဝိညာဏက္ခန္ဓာကလဲ နေရာတိုင်းမှာ လျှောက်ပြီးသကာလ သိနေရတော့ ဩော်...ဒီခန္ဓာငါးပါး တည်းဟူသော အပင်ကြီး ပေါက်လာပြီ။ ဒီခန္ဓာငါးပါးကြီးကို ကျေလည်အောင် အခွန်ဆက်နိုင်ကြပါ့မလား။ အခွန်သာ ဆက်ပြီးသကာလ နေရတယ်၊ ဒီဟာကြီးဟာ အိုမှု, နာမှု, သေမှုများ ရပ်ကဲ့လား (မရပ်ပါ)။ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿတွေကော သူကပေါက်ပွား မလာဘူးလား (လာပါတယ်)။ ဩော်...ဒီအပင်ကြီးကလဲ စဉ်းစားပါ၊ မြေကလဲ မြေဆိုး၊ မျိုးစေ့ကလဲ အယုတ်သမာမျိုးစေ့၊ ရေကလဲ ရေပုပ်တွေနဲ့လောင်း။ ဒါဖြင့် မကောင်းတဲ့–အပင်ကြီး ပေါက်ပြီး မကောင်းသီးတွေချည်း သီးလိမ့်မယ် ဆိုတဲ့ဥစ္စာဖြင့် သံသယ မရှိနဲ့တော့ ဒီတိုင်းဖြစ်ရမှာပဲ။ ဘုန်းကြီးတို့ ဒကာဒကာမတွေသည် ဒီအပင်ကြီးက ဒီလောက်ဆိုးပါလား ဆိုတာတော့ သိလောက်ပါပြီ၊ ခန္ဓာပင်ကြီးကလေ။ ဩော်...ဘာရေလောင်းလို့ ကြီးပွားလာတာပါလိမ့် (တဏှာရေလောင်းလို့)။ 'တဏှာ'နဲ့ ဆုတောင်းတာကိုး။ သိလို့တောင်းတာလား, မသိလို့တောင်းတာလား (မသိလို့တောင်းတာပါ)။ ဒါဖြင့် သူ့–မျိုးစေ့ကိုကလဲ 'အဝိဇ္ဇာမျိုးစေ့'ချည်းပဲ။ မသိတာက ဘယ့်နှယ်ကြောင့် မသိပါလိမ့်မတုန်း မေးလိုက်စမ်းပါ၊ နှလုံးသွင်းက မမှန်လို့။ ဒါဖြင့် နှလုံးသွင်း မမှန်တာက–မြေနဲ့တူတယ်၊ မသိတာက–မျိုးစေ့နဲ့တူတယ်၊ မျိုးစေ့ကို ရေအကူအညီပေးနေတာက–ရေလောင်းတာနဲ့ 'တဏှာ'နဲ့တူတယ်။ အဲဒီ–'တဏှာ' ကြောင့် 'ခန္ဓာပင်ကြီး၊' 'တဏှာ'က ဆုတောင်းတော့ 'ခန္ဓာပင်'တွေ ပေါက်လာ။ ပေါက်လာတော့ အိုဘေး, နာဘေး, သေဘေးတွေ သီးလာ၊ ၉၆–ပါး ရောဂါဝေဒနာတွေကော (သီးလာပါတယ်)။ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿတွေကော (သီးလာပါတယ်)။ အခုလဲ သီးတုန်း, ပွင့်တုန်းပဲ။ မျိုးစေ့ကျရင်တော့ ပေါက်လိမ့်ဦးမယ် ဆိုတာလဲ သတိထားစမ်းပါ။ ဒါဖြင့် လက်ရှိခန္ဓာကြီး အသီးတွေ, အပွင့်တွေ သွန်သုဉ်းသွားအောင် မြေပြင်မှ–ရ။ 'ယောနိသောမနသိကာရ' ပြင်လိုက်မှသာလျှင် 'အယောနိသောမနသိကာရ' သွားတော့မယ်။ 'အဝိဇ္ဇာ'ကလဲ 'ဝိဇ္ဇာ'ဖြစ်မှပဲ နေရာကျတော့၊ 'တဏှာ'ကလဲ 'အလောဘ'ဖြစ်မှ ဒါမှ 'ခန္ဓာ'–ဇာတ်သိမ်းတော့။ 'အဝိဇ္ဇာ' ဘယ်သူကြောင့် လာသတုန်း မေးတော့ 'အယောနိသောမနသိကာရ'ကြောင့်နော်။ 'အယောနိသောမနသိကာရ'ကြောင့် 'အဝိဇ္ဇာ'ဖြစ်တယ်။ 'အဝိဇ္ဇာ'ဖြစ်လာလို့ရှိရင် 'တဏှာ'က မနေတော့ဘူး၊ 'တဏှာ'သာရှိလို့ရှိရင် 'ခန္ဓာပင်'ပေါက်ဖို့ရာလဲ မငြင်းနဲ့တော့။ 'သမုဒယသစ္စာ' တည်းဟူသော အကြောင်းတရား ပေါ်ပေါက်လာရင် 'ဒုက္ခသစ္စာ–ခန္ဓာပင်ကြီး'က ဝေဆာလာတော့တာပဲ။ အခု–ဒကာဒကာမတွေ ကြည့်စမ်း၊ တစ်နေ့တခြား အိုဘေး, နာဘေး, သေဘေးတွေဟာ ဝိုင်းပြီးသကာလ ကြီးထွားလာလိုက်တာ၊ ကိုယ့်

ခန္ဓာ ကိုယ်ကြည့်လို့ ရှိရင်ဖြင့် ငယ်မူ, ငယ်ရုပ်တွေကို ရှာတွေ့ကြသေးရဲ့လား။ ဒီအပင်ကြီးသည် ကားလို့ ဆိုလို့ရှိရင်ဖြင့် တစ်နေ့တခြား ဆွေးမြည့်ပြီးသကာလ လာတယ်ဆိုတာ သဘောကျ။ သူ့ထဲ မှာလဲ ဆွေးသာ ဆွေးမြည့်နေတယ်။ သူ့ထဲမှာ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ ဒီခန္ဓာကြီးထဲမှာ ခဏ,ခဏ ဒီ–အသီး, အပွင့်တွေကော မလာဘူးလား၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ လာ လို့ ရှိရင်ဖြင့် နောက်–အပါယ်ကောင်, အပါယ်သီးတွေ ပွင့်ဦးမှာ, သီးဦးမှာတွေ ရှိသေးတယ်နော်။ ဒီခန္ဓာထဲက ထွက်ပြီးကျတဲ့ အသီး, အပွင့်တွေ ဆိုရင်ဖြင့် လွဲပါ့။ မလွဲလို့ရှိရင်တော့ အပါယ်ခန္ဓာကြီး ကော လာမလား, မလာဘူးလား (လာမယ်)။ အဲ–ဒါကြောင့် ခင်ဗျားတို့ အရုပ်ဆိုးနေတဲ့ အချင်း အရာ အာကာသ ကဖြင့် **တစ်သံသရာလုံး တပည့်တော်တို့ ဘယ်လိုများ နေခဲ့လို့ ဘယ်လို များ ထိုင်ခဲ့ပါလိမ့်မတုန်းလို့ ဆိုတာ ဒီနေ့ဖြင့် ပေါ်ပါပြီ။ နှလုံးသွင်းမှားတဲ့–မြေပေါ်မှာ မသိတဲ့–"အဝိဇ္ဇာမျိုးစေ့" စိုက်ပြီးသကာလ "တဏှာ" တည်းဟူသော–ရေတွေနဲ့ လောင်း ကြတော့ကို "ခန္ဓာပင်"တွေဟာ တစ်ခါတည်း ပေါက်လာ။** ခန္ဓာက–'ဒုက္ခသစ္စာ၊' 'ဒုက္ခသစ္စာ' ထဲက ပွားလေသရွေ့ဟာလဲ ဒုက္ခပဲဖြစ်မှာပဲ။ ဒုက္ခပင်ကြီးက သီးပွင့်လာရင်လဲ သုခတော့ လာမယ်မ ဟုတ်။ အဲဒီ–ဒုက္ခသီး, ဒုက္ခပွင့်တွေက အောက်–မြေပေါ်ကျပြီး 'အယောနိသောမနသိကာရ–မြေ'ပေါ် ပြန်ကျဦးမယ်ဆို ပေါက်ဦးမှာ။ အရင်လိုပဲ ရောက်ရာ ခင်တဲ့–'တဏှာ'က လောင်းဦးမှာပဲ၊ လောင်း လို့ ရှိရင် 'နောက်ခန္ဓာပင်ကြီး'ကကော ပေါက်ရင် သီးပွင့်ပြီးသကာလ 'အယောနိသောမနသိကာရ –မြေ'ပေါ်ကျဦးမယ်။ **ဒီလိုလဲ "ပဋိစ္စသမုပ္ပါဒ်" ဖြစ်သေးတယ်လို့ ဘုရားက ဟောတယ်။** ဟောဒီ–အပင်ကြီးက နောက်ထပ်–အသီး မပွင့်ဖို့ အရေးကြီးတယ်။ ဒီအပင်ကြီးကိုသည်ကားလို့ နောက်ထပ်–သီးဖို့, ပွင့်ဖို့ သူ့ကို တစ်ခါတည်း ဘာမှ မပြုစုဖို့၊ သူ့ကို မခင်တွယ်ဖို့၊ ဒါ–သိပ်အရေး ကြီးလာပြီ။ ဒါဖြင့် ဒီအပင်ကြီးကို သေစေချင်လို့ ရှိရင်ဖြင့် 'တဏှာရေ'လဲ မလောင်းနဲ့၊ 'အဝိဇ္ဇာ မျိုးစေ့'လဲ မရှိစေနဲ့၊ နှလုံးသွင်း မမှန်တဲ့–မြေလဲ မရှိစေနဲ့၊ မြေမရှိ, မျိုးစေ့မရှိ, ရေမလောင်းတော့ဘူး ဆိုရင် ဒီအပင်ဟာ ပေါက်ပါဦးမလား (မပေါက်ပါ)။ ဒါဖြင့် **ယနေ့က စပြီးသကာလ နှလုံးသွင်း မှားနေတာကြီးကို နှလုံးသွင်းမှန် ပြင်လိုက်လို့ ရှိရင်ဖြင့် "အဝိဇ္ဇာ"ကလဲ "ဝိဇ္ဇာ"ဖြစ်မှာ ပဲ၊ "တဏှာ" ဆိုတဲ့–ရေကလဲ "အလောဘ" သွားဖြစ်မယ်။ "ခန္ဓာ"ကလဲ "ဒုက္ခသစ္စာ"ကလဲ "သုခသစ္စာ" ဖြစ်ရတော့။** မြေက စပြင်ရမယ်နော်။ 'အယောနိသောမနသိကာရ–မြေ'ကို 'ယော နိသောမနသိကာရ' ဖြစ်အောင်လုပ်ရ။ အဲဒီ–မြေရှိလာပြီ ဆိုမှဖြင့် 'အဝိဇ္ဇာမျိုးစေ့'ကလဲ 'ဝိဇ္ဇာမျိုးစေ့' ဖြစ်ရ၊ 'တဏှာရေ' မလောင်းတော့ပါဘူးလို့ ဆိုသဖြင့် 'တဏှာ'က 'အလောဘ'ဖြစ်ရ။ 'အလောဘ' ဆိုတာ ခန္ဓာ–မလိုချင်တာ။ မလိုချင်တာ ဆိုတော့ ခုနက အဆိပ်–ခန္ဓာပင်ကြီးဟာ သေပျောက်ပြီး သကာလ အမြစ်နှင့်တကွ အသီး, အပွင့်တွေနှင့်တကွ အလုံးစုံကို ရှာမတွေ့တဲ့ဆီ မရောက်ပေ (ရောက်တယ်)။ အဲဒါ–**"နိဗ္ဗာန်"**ပဲ ဆိုတာ သဘောကျ။ ဒီဥစ္စာတော်တော်အရေးကြီးပါလား။ ဒါဖြင့် 'အယောနိသောမနသိကာရ'ကို ဘာလုပ်ကြမလဲ၊ 'ယောနိသောမနသိကာရ'လုပ်လိုက်သည်နဲ့ တစ် ပြိုင်နက်တည်း 'ဝိဇ္ဇာ'တော့ ဖြစ်ရတော့မယ်။ 'ဝိဇ္ဇာဉာဏ်'ရောက်လာတဲ့ ပုဂ္ဂိုလ်ဟာ လိုချင် ဆိုတာ

ရှိသေးရဲ့လား၊ မလိုချင်တော့ သူ–'အလောဘ' ဖြစ်သွား။ 'အလောဘ' ဆိုတဲ့–မလိုချင်တာ လာသည်နဲ့ တစ်ပြိုင်နက်တည်း 'အလောဘ' ဆိုတာ မလိုချင်တာ–'မဂ်'ပဲ။ 'မဂ်'လာသည်နဲ့ တစ်ပြိုင်နက်တည်း ဒီခန္ဓာပင်ကြီးဟာ ပေါက်ခွင့်, ပေါက်ရေး ရှိသေးရဲ့ (မရှိပါ)။ ဩော်...ဒါဖြင့် ဓာတ်သိမ်းတဲ့–နည်းတော့ဖြင့် ရပေါ့လို့ ဆိုတာ ကျေနပ်ပြီလား။ ဒါဖြင့် **ဒီနေ့–ဟောမယ့်တရားသည် "အယောနိသောမနသိကာရ"ကို "ယောနိသောမနသိကာရ" ပြင်လိုက်ရလို့ ရှိရင် ကျန်–သုံးခု ပြင်စရာ မလိုတော့ဘူး။** 'အယောနိသောမနသိကာရ'ကို ပြင်လိုက်ရင် ဘယ့်နှယ်တုန်း၊ 'ယောနိသောမနသိကာရ'ဖြစ်တော့ 'အဝိဇ္ဇာမျိုးစေ့'လဲ 'ဝိဇ္ဇာ'ဖြစ်သွားလို့ ပြီးသွားရော။ 'တဏှာရေ'လဲ မလောင်းလို့ 'အလောဘ'ဖြစ်သွား။ 'အလောဘ'ဖြစ်လို့ရှိရင် 'အလောဘ'ဆိုတာ မလိုချင်တာ၊ မလိုချင်တာ 'မဂ်'ပဲ။ 'မဂ်'လာသည်နဲ့ တစ်ပြိုင်နက်တည်း ခုနက မကောင်းတဲ့ ခန္ဓာမျိုးစေ့ ခန္ဓာပင်ကြီး ပေါက်ရောက်ပြီးသကာလ စည်းကားနိုင်သေးလား။ ကိုင်း–ဒါဖြင့် **"အဝိဇ္ဇာ၏ အမြစ်"ကို ဖြတ်ကြစို့တော့။ ဒီနေ့–အရေးကြီးတာပေါ့**။ ခင်ဗျားတို့ အရင်တုန်းကတော့ အဝိဇ္ဇာဖြတ်, အဝိဇ္ဇာဖြတ်၊ တဏှာဖြတ်လို့ ပြောနေ။ မဟုတ်ဘူး၊ **ဒီနေ့–ဟောမယ့်တရားက "အဝိဇ္ဇာ၏အမြစ်"ဟာ ဘယ်သူတုန်း (အယောနိသောမနသိကာရ)။** အဲဒါကို ကျုပ်တို့က 'ယောနိသောမနသိကာရ'နဲ့ ဖြတ်လိုက်လို့ ရှိရင် 'အဝိဇ္ဇာ'ဖြတ်ဖို့လဲ မလိုဘူး၊ 'တဏှာ'ဖြတ်ဖို့ကော (မလိုပါ)။ ကိုင်း–ဒါဖြင့် **ဒီဥစ္စာ ထူးထူးဆန်းဆန်း ပါပဲလား ဆိုတာ "အင်္ဂုတ္တိုရ်"က လာတာလို့–မှတ်။** "အင်္ဂုတ္တိုရ်ပါဠိတော်"က လာတာလို့ မှတ်ထားလိုက်တော့ ဩော်...တို့–တစ်သံသရာလုံးဟာဖြင့် နှလုံးသွင်း ဘယ်တော့မှ မမှန်ခဲ့ပါကလား ဆိုတာ သေချာခဲ့တယ်။ သံသရာရှည်တာ ဘယ့်နှယ်ကြောင့် ရှည်ကြပါလိမ့်၊ နှလုံးသွင်းမှားခဲ့လို့ ဆိုလိုက်ပါတော့။ နှလုံးသွင်းမှားတော့ကို မဟုတ်တာ ဆိုတဲ့–'အဝိဇ္ဇာ' လာတာပေါ့။ မဟုတ်တာ သိနေတဲ့–'အဝိဇ္ဇာ' လာတော့ မဟုတ်တာကိုပဲ ရမ်းခင်တဲ့–'တဏှာ'က လာမှာပဲ။ ရမ်းခင်တဲ့–'တဏှာ'က လာလို့ရှိရင်ဖြင့် ရမ်း–ဒုက္ခကြီးက လာတော့မှာပဲ၊ သဘောပါကြ။ **ယနေ့ ဘာလုပ်ရ၊ "ရှင်အနုရာဓ"တော့ဖြင့် ယနေ့–ဟောရတော့မယ်။ သူ–ဘာလိုနေတယ် ဆိုတဲ့–အဓိပ္ပါယ် ယနေ့–ရှင်းပါပြီ။** 'ရှင်အနုရာဓ' သူ–ဖြစ်ပျက်တွေ အားထုတ်ပြီးသကာလ နေပြောသော်လည်း နှလုံးသွင်းက မမှန်သေးတော့ မဂ်, ဖိုလ် မရဘူး။ ဒါဖြင့် သူကို နှလုံးသွင်းမှန် ပြင်ပေးဖို့ အရေးကြီးပြီ။ နှလုံးသွင်းမှန်ကလေး ပြင်လိုက်လို့ရှိရင် 'အဝိဇ္ဇာ'ချုပ်တော့လို့ ဆိုဖို့ လိုသေးလား (မလို)။ 'တဏှာ' ရပ်သိမ်းတော့ လို့ကော (မလို)၊ 'ခန္ဓာ'သွားပေတော့ လို့ကော နှင်စရာ လိုသေးလား (မလို)။ **နှလုံးသွင်းမှန်ဖြစ်ဖို့ အရေးဟာဖြင့် အကြီးဆုံးအရေး ထားကြစို့တော့။** ဒီဥစ္စာ အင်မတန် နားကြီးကြီးနဲ့ ထောင်တော့မှ **သံသရာ့ရေသောက်မြစ် ဖြတ်သာ နှလုံးသွင်းမှန်ဖို့ပါလား။** အရင်တုန်းက မှတ်ထားတာ၊ 'အဝိဇ္ဇာနဲ့တဏှာ'လို့ မှတ်ထားကြတယ်နော်။ အခု–'အဝိဇ္ဇာ,တဏှာ'ထက် အရင်းကျတာ တွေ့ထားပြန်။ ဘာပါလိမ့်၊ 'အယောနိသောမနသိကာရ'ကြောင့် 'အဝိဇ္ဇာ'ဖြစ်တာကိုး။ 'အဝိဇ္ဇာ'ကြောင့် 'တဏှာ'ဖြစ်တယ်၊ 'တဏှာ'ကြောင့် 'ခန္ဓာ'ဖြစ်တယ် ဆိုတော့ ရှင်းလို့။ **အကြောင်း**

**အကျိုး ဆက်ကြည့်စမ်းပါ၊ နှလုံးသွင်း မမှန်ခြင်းကြောင့် 'အဝိဇ္ဇာ'ဖြစ်ရ၊ 'အဝိဇ္ဇာ'ဖြစ်ခြင်းကြောင့် (တဏှာဖြစ်ရပါတယ်)၊ 'တဏှာ'ဖြစ်ခြင်းကြောင့် 'ခန္ဓာပင်' ပေါက်ရတယ် ဆိုတော့ ဒီထက် ပိုရှင်းစရာ မလိုတော့။** "မရဏမ္ပိ ဒုက္ခသစ္စံ"လို့ ဆိုပြီး မသေကြဘူးလား။ သေတာလဲ ဘာသစ္စာတုန်း (ဒုက္ခသစ္စာ)။ မရဏပြီးတော့ "ဇာတိပိ ဒုက္ခသစ္စာ" ချက်ချင်းထမ်းရတာ။ ဒီပခုံးပေါ်က ဒီအထုပ် ချလိုက်တော့ ဟိုဘက်ပခုံးပေါ်မှာ အထုပ်တစ်ခု ပိုရောက်လာတော့ သူ့-ပခုံးနဲ့ ဝန်နဲ့ ပြတ်သေးရဲ့လား (မပြတ်ပါ)။ **တစ်သံသရာလုံး ဘယ်လိုများ နေခဲ့ရ၊ အို-ဝန်ထမ်းသမား အဖြစ်နဲ့ နေခဲ့ရတယ်**။ စုတိခန္ဓာကြီးလဲ ချရပါရော၊ ဘာခန္ဓာ ဆက်ထမ်းရ၊ ပဋိသန္ဓေခန္ဓာကြီးပေါ့၊ ဇာတိပဋိသန္ဓေခန္ဓာကြီး ဆက်မထမ်းရဘူးလား။ ဇာတိပဋိသန္ဓေခန္ဓာကြီး ထမ်းပြီး ဇရာခန္ဓာကြီးကော (ထမ်းရပါတယ်)။ အင်း-ဇရာခန္ဓာကြီး ထမ်းပြီးသကာလ ကဲ-ဇရာ တော်လောက်ပါပြီ ဆိုတော့ ဗျာဓိခန္ဓာ ဆက်ထမ်း၊ အနာရောက်တဲ့-ခန္ဓာကြီးကို ပုဂ္ဂိုလ်အမည်နဲ့ မထမ်းရဘူးလား (ထမ်းရတယ်)။ မရဏခန္ဓာကြီးကို ချလဲချပြီးပါရော၊ ဟိုဘက်ခန္ဓာ ဇာတိခန္ဓာပြန်ထမ်း။ သံသရာခရီးသည် ဝန်ထမ်းသမား လူဆင်းရဲအဖြစ်မှ ဘယ်တော့များ လွတ်ခဲ့ကြ (မလွတ်)။ ဒီတစ်ခါဖြင့် မလွတ်၊ လွတ်အောင် ကြိုးစားဖို့ အချိန်လဲ-ရောက်၊ နည်းပေးမယ့်လူလဲ-ရှိ၊ ကိုယ်ကိုလဲ ဝန်ထမ်းသမား ကျွန်ဘဝကြီးမှ လွတ်ချင်တဲ့ စိတ်ကလေးများ ပေါ်ကြမယ် ဆိုရင်ဖြင့် တော်တော်လေး တော်လာတဲ့ပုဂ္ဂိုလ်တွေပဲလို့ ဆိုရမှာ။ ခင်ဗျားတို့ဟာ ဘယ့်နှယ်ဖြစ်နေတုန်းဆိုတော့ **ကူလီတွေ မနက်တိုင်းကျတော့ သပြေပန်းကလေး တစ်ခါတည်း သူတို့-အိတ်များ ထိုးသလို၊ အင်္ကျီမှာ ထိုးသလို ဒီနေ့ဖြင့် အောင်ပန်းပဲဆို၊ သူ့-အောင်ပန်းက အထုပ်များများ ထမ်းဖို့ကိုး**။ ဒီခန္ဓာကြီးသည်ကားလို့ ဆိုရင်ဖြင့် ဥပမာ..နာမည်ရှိတဲ့ ပုဂ္ဂိုလ်က-နာမည်၊ ခန္ဓာငါးပါးက-ခန္ဓာငါးပါး၊ အဲဒီ-နာမည်ရှိတဲ့ ပုဂ္ဂိုလ်က ဒီခန္ဓာငါးပါး ထမ်းနေတာ။ ဥပမာ-ဦးခင်မောင် ဆိုတာက နာမည်ပညတ်ရှိတာ။ ဦးခင်မောင် ဘာလုပ်နေ၊ သူ-ခန္ဓာငါးပါး သူထမ်းနေတယ်။ ဒီခန္ဓာငါးပါး ထမ်းရတာ မလွယ်လှပါဘူး။ ဒီခန္ဓာငါးပါးဟာ ဘာသစ္စာ (ဒုက္ခသစ္စာ)။ ဩော်...သူ-ဘာထမ်းထားတုန်း မေးပါဦး (ဒုက္ခသစ္စာ)။ နောက်တစ်ခါ ဆုတောင်းတာတွေကလဲ သူ-ဘာထမ်းချင်လို့တုန်း မေးပြန်၊ "ဒုက္ခသစ္စာ" ထမ်းချင်လို့။ ဒီမှာ ခင်ဗျားတို့ **ခန္ဓာကြီးကလဲ ကိုယ်ပိုင်ခန္ဓာလား၊ အနတ္တလား (အနတ္တ)။ ရော-ကိုယ်အထုပ်များ ဟုတ်ကဲ့လား**။ ဩော်...ခင်ဗျားတို့လဲ ကူလီပါပဲ၊ မထူးပါဘူး။ ဒါတောင်မှ အခုထမ်းရတာ မကျေနပ်တာနဲ့ ဆွမ်းလေး၊ ကွမ်းလေးနဲ့ ဆုတောင်းပြီးသကာလ နောက်ဘဝ အကြိမ်ကြိမ် ထမ်းရပါလို၏ ပါသေး။ ဘာဆုတောင်းကြ (ကူလီဆုတောင်းတာ)။ မပြည့်မှာ မစိုးရိမ်ပါနဲ့ ကူလီဆုဟာ အလွယ်ဆုံးပေါ့။ ကူလီဆုဆိုတာ ဘယ်သူက တောင်းတာတုန်းဆိုတော့ ဟောဒီ-'တဏှာ'က တောင်းတာ၊ 'တဏှာ'က ဘယ့်နှယ်ကြောင့် တောင်းတာတုန်းဆို၊ ဟောဒီ-မသိလို့ တောင်းတာ။ မသိတာ ဘာလို့ မသိတုန်း နှလုံးသွင်းက မမှန်ဘူး၊ နှလုံးသွင်းမမှန်လို့ ဒါလောက်တောင်းဖြစ်တာ။ ဒါဖြင့် ဒီကရေ့ ဘာများဖြစ်ချင်ကြသေးတုန်း၊ ဘာမှ မဖြစ်ချင်ဘူး၊ တော်တော်လေးတော့ ပါးလာပြီ၊ စကြဝတေးမန္ဓာတ်၊ ဗြဟ္မာ အစရှိသည်တို့ ဖြစ်ချင်လို့ရှိရင်ဖြင့် လူ့ပြည် ဝန်ထုပ်ကလေး ချပြီးသကာလ ဝန်ထုပ်ကြီး ထမ်းရပါ

လို၏။ မသိတော့ ဩော်...လူပြည်ထက် နတ်ပြည်ချမ်းသာတယ်လို့ ထင်တယ်တဲ့၊ နတ်ပြည်ထက် ဗြဟ္မာချမ်းသာတယ်လို့ ထင်တာဟာ ဒီ–'အယောနိသောမနသိကာရ' ခေါင်းဆောင်နေတယ်ဆိုတာ ပေါ်ပြီ။ နှလုံးသွင်းမှားတော့ မသိဘူး၊ မသိတော့ တောင်းရော၊ တောင်းတော့ ဒီခန္ဓာကြီးကို ရတယ် ဆိုတာ သဘောကျ။ အဲဒီတော့ အစုတောင်မှ ခန္ဓာဒဏ်ရာကြီး၊ ခန္ဓာကြီးထမ်းရတာ ကျက်သရေ မင်္ဂလာ မရှိဘဲနဲ့ နေတာ သိလျက်သားနဲ့ နောက်ခန္ဓာ တောင်းဦးမယ် ဆိုလို့ ရှိရင်ဖြင့် ဒီထက်အရူး တော့ ရှာမတွေ့တော့ဘူး။ သူ့–ထမ်းထားတဲ့ ပုဂ္ဂိုလ်ဟာဖြင့် သူ့–ကိစ္စပဲ လုပ်နေရတာနဲ့ ပြီးသေးရဲ့ လား (မပြီး)။ အဲဒါ–ဘာဒဏ်ချက်သင့်နေတာတုန်းဆိုတော့ ဟောဒီက 'အယောနိသောမနသိကာရ' ၏ ဒဏ်ချက်–သင့်။ နောက်ဘဝက နှလုံးသွင်းမှားခဲ့၊ ဒီဘဝလဲ ခင်ဗျားတို့က ဘုရားရှေ့ သွားမှား ဦးမယ် ဆိုတော့ အတော်ဆိုးတယ်။ ဘုရားကလဲ သူ–ပြောရှာ၊ ခင်ဗျားတို့ ကြပ်ကြပ် သတိထား နားထောင်ပါ။ **ဒါ–လူဘဝ, နတ်ဘဝ, ဗြဟ္မာဘဝကိုတဲ့ ငါ–မျက်စိတစ်မှတ်လောက်တောင် တစ်ခါမှ ပါးစပ်ထဲမှာ ကောင်းတယ်ဟဲ့လို့ မချီးမွမ်းဖူးဘူးတဲ့၊ "အင်္ဂုတ္တိုရ်ပါဠိတော်"မှာ လာတယ်နော်။** လုံးဝ မပြောဖူးဘူး၊ ပြောတာပါပဲ။ အရွဲ့တိုက် တောင်းဦးမယ် ဆိုတော့ သာမည လူတွေ မဟုတ်ဘူး၊ ဒေဝဒတ်မျိုးတွေ ဖြစ်နေတယ်။ အရွဲ့တိုက်တာက 'တဏှာ'ကိုး၊ ဒီ–'တဏှာ' ဘယ့်နှယ်ကြောင့်တုန်း၊ မသိလို့ အရွဲ့တိုက်တာ။ မသိတာ ဘာလို့ မသိတုန်း၊ နှလုံးသွင်းမှားတာနဲ့ မသိတာဘဲ။ ဒါဖြင့် ခင်ဗျားတို့ တစ်သံသရာလုံး နှလုံးသွင်းမှားတဲ့–မြေပေါ်မှာ မသိတဲ့–'အဝိဇ္ဇာ'မျိုး စေ့စိုက်ပြီး 'တဏှာရေ'လောင်းလို့ 'ခန္ဓာပင်ကြီး' ပေါက်လာခဲ့တယ်။ 'ခန္ဓာပင်'ဟာ ဘယ့်နှယ်ကြောင့် ကြီးပွားလာတုန်း ဆိုတော့ 'တဏှာရေ'က တယ်–လောင်းတာကိုး။ လောင်းတာပေါ့၊ အကြိမ်ကြိမ် ဖြစ်ရပါလို၏ ဆိုတော့ ဘယ်လောက်လောင်းတုန်း၊ ဘယ့်နှယ်ကြောင့် ဒါလောက်လောင်းဖြစ်ပါလိမ့် မတုန်းဆိုတော့ အို–မျက်စိမမြင်လို့လေ၊ 'အဝိဇ္ဇာ'ကြောင့်။ ဘယ့်နှယ်ကြောင့် ဒီ–'အဝိဇ္ဇာ'လဲ စုံလုံး ကန်း ဖြစ်နေပါလိမ့်မတုန်း ဆိုတော့ အို–နှလုံးသွင်းက မှားခဲ့ပြီ။ 'အယောနိသောမနသိကာရ'က –အရူး၊ 'အဝိဇ္ဇာ'က–မမြင်တာ၊ 'တဏှာ'က–ရမ်းပြီးသကာလ လိုချင်တာ။ ရမ်းလိုချင်တဲ့အတွက် မဟုတ်တဲ့–ခန္ဓာ ချည်းချည်း ရနေတယ် ဆိုတာ တစ်သံသရာလုံး မဟုတ်လား။ ဘာပြင်မှ အစစ်ရ မယ် ဆိုတာကော ပေါ်ကြ၊ **နှလုံးသွင်းမှားမှုကို နှလုံးသွင်းမှန်မှု ပြင်ကြစို့တော့။** အဲ–နှလုံးသွင်း မှန်အောင် ပြင်လိုက်လို့ရှိရင် အဝိဇ္ဇာချုပ်, တဏှာချုပ်, ခန္ဓာချုပ် ရှင်းပြီလား။ ဒါဖြင့် ဒကာဒကာမ တို့ အရင်းကျကျ တရားတော့ဖြင့် တွေ့ပါပြီ။ ကိုင်း–ဘယ်ဟာ ပြင်ကြမတုန်း၊ နှလုံးသွင်းမှားမှုကို နှလုံးသွင်းမှန်မှု လုပ်ရတော့မယ် ဒကာဒကာမတို့။ ကဲ–နှလုံးသွင်းမှားတာကို နှလုံးသွင်းမှန်မှု ပြင်ရလိမ့်မယ် ဆိုတော့ ဒကာဒကာမတွေ ဒီတစ်လုံးတည်း ပြင်လိုက်တာနဲ့ 'အဝိဇ္ဇာ'လဲ ချုပ်တော့လို့ ဆိုဖို့ မလို၊ 'တဏှာ'လဲ ချုပ်တော့လို့ (ဆိုဖို့ မလိုပါ)၊ 'ခန္ဓာ'လဲ ရုပ်သိမ်းတော့လို့ (ဆိုဖို့ မလိုပါ)။ ဩော်...ဒါဖြင့် ဒါ–အရင်းကျကျ ဒီတစ်လုံးကို ပိုင်ဖို့ပဲ အရေးကြီးတော့တယ် ဆိုတာ ပေါ်ပါပြီ။ ကဲ–ဒါဖြင့် စိတ်ချ, လက်ချပဲ နှလုံးသွင်းမှန်တဲ့–နည်းကို ဟောတော့မယ်နော်။

**နှလုံးသွင်းမှန်အောင် လုပ်ကြဦးစို့ ဆိုတော့** ကိုယ့်သန္တာန် ဖြစ်စဉ်လေး ကိုယ်သိအောင်

လုပ်ကြဦးစို့။ ကိုယ့်သန္တာန် ဖြစ်စဉ်ကို ကိုယ်မသိရင် နှလုံးသွင်းမှားမှာပဲ။ အိမ်မှာ ခင်ဗျားတို့ ဒီကနေ ပြန်ပြီးတွေးတာပေါ့၊ ခင်ဗျားတို့ အတွင်းပစ္စည်းလေး ထားတဲ့နေရာကို၊ ပြန်ပြီးသကာလ တွေးလိုက်တဲ့အခါ ဩော်...ဒီနေရာလေး ထားတာ၊ ဘယ်နှစ်လ ရှိသွားပြီဆိုတော့ ဒီက မနေ့အကြည်နဲ့ ဟိုမှာ အတွင်းပစ္စည်းထားတဲ့ မြင်တော့ မြင်ရတာ မဟုတ်ဘူး၊ ဓမ္မာရုံနဲ့ သွားတိုက်တယ်၊ ဓမ္မာရုံနဲ့ သွားတိုက်တော့ ဩော်...အရေးရှိ အားကိုးရမှာ၊ ဒါလေးတော့ အိုစာ, မင်စာလေးရှိသေးသားပဲ ဆိုတဲ့ ဝမ်းသာလုံးလေးဟာ ဒီမှာပေါ်လာ။ ဝမ်းသာတဲ့ စိတ်ကလေးကပေါ့။ ဒီက–မနေ့အကြည်နဲ့ ဟိုမှာ ကိုယ်–အိုစာ, မင်းစာ ထားတဲ့ပစ္စည်းလေးနဲ့ ဒီကနေ တွေးလိုက်တာပေါ့၊ ဒီကနေပြီးသကာလ မှန်းလိုက်တော့ တွေးစိတ်ကလေး မပေါ်ဘူးလား (ပေါ်ပါတယ်)။ အင်း–ဒါဖြင့် ဓမ္မာရုံ ဒီက–မနေ့အကြည် နှစ်ခုတိုက်မိတာနဲ့ တွေးစိတ်ကလေး ပေါ်တယ်။ တွေးစိတ်ကလေးက သူချည်းပေါ်တာ မဟုတ်ဘူး၊ **ဝေဒနာ,သညာ,သင်္ခါရနှင့်တကွ နာမက္ခန္ဓာလေးပါးပေါ်တာပေါ့**။ ခန္ဓာလေးပါး ဘယ်မှာပေါ်ပါသတုန်း ဆိုတော့ ဝမ်းထဲ–ဟဒယဝတ္ထုပေါ်မှာ သွားပေါ်တယ် ဆိုတာကော သဘောကျ။ ဩော်...ဒါဖြင့် **ဝမ်းထဲမှာ ခန္ဓာငါးပါးပေါ့၊ ပေါင်းလိုက်ရင်။ နာမက္ခန္ဓာက (လေးပါး)၊ ဟဒယဝတ္ထုရူပက္ခန္ဓာက (တစ်ပါး)၊ ပေါင်းလိုက်တော့ (ငါးပါး)**။ ဩော်...ဒီခန္ဓာငါးပါးဟာ အရင်က ပါတာလား၊ ခုမှပဲ တွေးလိုက်တာနဲ့ ပေါ်လာတာ။ ဩော်...ဒီခန္ဓာငါးပါးဟာ အဟောင်းလား, အသစ်လား လို့ မေးကြစမ်း၊ **အသစ်ခန္ဓာငါးပါး ဆိုတာ သေချာပြီလား။ ဒီထဲ ငါလား, သူလား, ပုဂ္ဂိုလ်လား, ယောကျ်ားတွေလား, မိန်းမတွေလား စဉ်းစားစမ်း၊ မပါပါဘူးနော်။ ခန္ဓာငါးပါးဆိုတဲ့–ဓမ္မ ပေါ်တာပဲ**။ တွေးတဲ့အခါကျလို့ ရှိရင်ဖြင့် တွေးလုံးတည်းဟူသော ဝေဒနာ, သညာ, သင်္ခါရနဲ့ ဖြစ်တဲ့ "ဝေဒနာပစ္စယာ တဏှာ" လိုက်တာပေါ့။ တဏှာနဲ့ စိတ်ထဲကလဲ သိပ်ဝမ်းမသာဘူးလား၊ အင်း–ဒီဟာလေးတော့ဖြင့် ဘယ်ကိစ္စ ကြုံကြုံ၊ ကျုပ်–ဒီအထုပ်တော့ မဖျက်ဘူး၊ ဥပါဒါန်က လာသေးတယ်။ ဘာကြောင့်တုန်း ဆိုတော့ ခင်ဗျားတို့က အိုစာ, မင်းစာ ထားတဲ့အထုပ်ကိုး။ ကာယကံနဲ့လဲ ဒီဟာလေး ကာယကံနဲ့လဲ သွားကြည့်၊ သေတ္တာလေး,ဘာလေး ကာယကံနဲ့ သွားဖွင့်လိုက်၊ ဝစီကံနဲ့ ဒါလေးဟာ ရှိသားပဲ။ မနောကံနဲ့လဲ စိတ်ထဲက ဒီဟာလေးရှိနေ ပူစရာမလိုပါဘူး၊ ပူစရာသာမလိုတယ်၊ ခန္ဓာကတော့ သိပ်မဟုတ်တော့ဘူး။ ဖြစ်စဉ်အတိုင်းတော့ ဖြစ်နေတယ် ဆိုတာကော သဘောကျ။ **အခု–ပြောချင်တာကတော့ ဒကာဒကာမတွေလဲ "သံဝေဂ"လဲ ပါအောင်လို့ပါ**။ **စင်စစ်တော့ ပထမ–တွေးလုံးပေါ်တယ်၊ တွေးလုံးပေါ်တာလဲ ပုဂ္ဂိုလ်,သတ္တဝါ ဟုတ်ကဲ့လား၊ ဩော်...ဓမ္မတစ်မျိုး၊ ဒီတွေးလုံး ချုပ်သွားပြီးသကာလ သာယာတာ မပေါ်ဘူးလား၊ "ဝေဒနာပစ္စယာ တဏှာ" ပေါ်တယ်နော်။ သာယာတာလေး ချုပ်သွားပြီးသကာလ "တဏှာပစ္စယာ ဥပါဒါန်" ပေါ်တယ်ဆိုတော့ ဒါ–'ပရမတ္ထဓမ္မ'တွေ ပေါ်နေတာပဲ။ ပထမ–ဒုက္ခရောက်သွားတဲ့တရား၊ ဒုက္ခဖြစ်ပြီး ဒုက္ခချုပ်သွားတယ်။ ဒုတိယ–ဒုက္ခဖြစ်ပြီး ဒုက္ခချုပ်တာ ပေါ်ပြန်တာပဲ။ တတိယ–ဒုက္ခဖြစ်မယ့်တရား မပေါ်လာဘူးလား၊ ဥပါဒါန်လဲ ချုပ်သွားတာပဲ။ သူလဲ 'ဒုက္ခသစ္စာ'မို့ 'ဒုက္ခ'ချုပ်သွားတာပဲ၊ ပြောသွားတာပဲ။ ကာယကံ, ဝစီကံကော မလာဘူးလား (လာတယ်)။ ဒီကံတွေလဲ ကံပြုပြီး ဘာဖြစ်သွားပြန် (ချုပ်သွားတယ်)။ အင်း–**

**"ကမ္မဘဝပစ္စယာ ဇာတိ" လာပြန်လဲ သေသည့်အခါးမဲ့၌ ဇာတိလာပြန်တော့ ဇာတိဖြစ်ပြီးတော့ ဇာတိချုပ်သွားတာပဲ။ ပြီးတော့ ဇရာလာတာပဲ။ ဒါဖြင့် ပုဂ္ဂိုလ်, သတ္တဝါတွေ ဒီထဲ ပါသေးလား (မပါပါ)။ ကြည့်လေ "ဝေဒနာ, တဏှာ, ဥပါဒါန်, ကံ, ဇာတိ, ဇရာ မရဏ" ဟုတ်လား။ ဒါဖြင့် "ပဋိစ္စသမုပ္ပါဒ်တရား"တွေသာ ရှိပါလား။ စုတိစမ္မပြီးတော့ကို ပဋိသန္ဓေစမ္မ လာတာပဲ။ ဒါဖြင့် ဒကာဒကာမတွေသန္တာန် ဘယ်အချိန်ပဲ ဘာဖြစ်ဖြစ် "ပဋိစ္စသမုပ္ပါဒ်စမ္မ"တွေပဲ ဖြစ်တယ်။ နှလုံးသွင်းမှန်ပြီတဲ့။** နှလုံးသွင်း ဘယ်လိုမှန်တုန်း ဆိုတော့ ပထမဖြစ်တာလဲ ခုနက အာရုံနဲ့ ဒီ–ဘဝင်အကြည်နဲ့ တိုက်ပြီး အာရုံဒွါရကြောင့် ဖြစ်တဲ့ ဒါ–မနောစိတ်တစ်မျိုးပဲ၊ ပုဂ္ဂိုလ်, သတ္တဝါ ဟုတ်ကဲ့လား (မဟုတ်ပါ)။ နောက် ဒါချုပ်သွားပြီး လိုချင်တာလေး လာပြန်တော့လဲ၊ ခင်တာလေး လာပြန်တော့လဲ၊ ဒါ–ခင်တာစမ္မတစ်မျိုးပဲ၊ ပုဂ္ဂိုလ်, သတ္တဝါ ဟုတ်ကဲ့လား (မဟုတ်ပါ)။ ခင်တာစမ္မချုပ်သွားပြီး ဥပါဒါန်စမ္မ လာပြန်တော့ကော၊ စမ္မတစ်မျိုးလာတာပဲ။ စမ္မချည်း ဆက်မလာဘူးလား၊ ဒါဖြင့် သေကြပါစို့။ ကံဖြစ်ပြီးသေ၊ သေရာကနေ သေတဲ့စုတိစမ္မ ပေါ်မှာပဲ၊ စုတိစမ္မပြီး ဘာစမ္မလာတုန်း၊ ပဋိသန္ဓေစမ္မ လာမှာပဲ။ ဒါဖြင့် ဒကာဒကာမတို့ သန္တာန်၌ ပုဂ္ဂိုလ်, သတ္တဝါ ပါရဲ့လား၊ မပါဘူးဆိုတာ သေချာပြီလား။ ဘာတွေသာ ခဏ,ခဏ ပေါ်လေ့ရှိပါလိမ့်၊ "ပဋိစ္စသမုပ္ပါဒ်စမ္မ"တွေသာ ပေါ်လေ့ရှိတယ် ဆိုတာ သဘောကျ။ ဘယ်အချိန် ကြည့်လိုက်, ကြည့်လိုက် ဒီစမ္မဖြစ်ပြီး ဒီစမ္မချုပ်တာပဲ တွေ့မှာပဲ။ ကစ်ခုသော စမ္မပေါ် တစ်ခုသော စမ္မချုပ်ပေါ့။ ဒါတွေသာ လှည့်နေတော့မယ် ဆိုတာ မသေချာဘူးလား။

ကိုင်း–ဒါဖြင့် မနေ့က "**အနုရာဓ**"မှာ တိတ္ထိတွေက ဘယ့်နှယ်မေးတုန်း၊ သတ္တဝါသေလို့ ရှိရင် ဖြစ်သေးသလားလို့ မေးတယ်နော်။ ကိုင်း–ဒကာဒကာမတွေ ဒီထဲ သတ္တဝါများ ပါရဲ့လား၊ သတ္တဝါမှ မပါဘဲနဲ့ သေရင်ဖြစ်သေးသလား ဆိုတာကော ဖြေစရာ မလိုဘူးတဲ့၊ သတ္တဝါ ဒီထဲမပါဘူး။ စမ္မချုပ်၍ စမ္မဖြစ်တာပဲ ရှိတယ်၊ သတ္တဝါ ပါရဲ့လား (မပါ)။ သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးတော့၊ သတ္တဝါကို တပည့်တော်တို့ ခန္ဓာကိုယ်ထဲ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမကို မရှိပါဘူး၊ စမ္မဖြစ်၍ စမ္မပျက်နေတာပဲ–ရှိ။ ဆိုတော့ ဩော်...ငါသေ ဘာဖြစ်မှာတုန်းဆိုတာ လာစရာ လိုသေး (မလို)၊ ဒီထဲ ငါလဲပါရဲ့လား (မပါ)။ ငါမရှိလို့ ငါသေစရာကော (မရှိပါ)။ ဘာဖြစ်မှာတုန်းကော လာစရာ လိုသေး (မလို)။ ဘာဖြစ်လို့တုန်း၊ ငါလဲ မရှိဘူး၊ ငါလဲသေစရာ မရှိ၊ ငါလဲဖြစ်တာ ဒီထဲမှာ နဂိုကကို မပါ့ဘူး၊ စုတိပြီး ပဋိသန္ဓေလာတာ ရှိတာပဲ၊ 'နိဗ္ဗာန်'မရသေးရင်နော်။ ပုဂ္ဂိုလ်, သတ္တဝါဖြစ်တာ ပါသေးရဲ့လား (မပါပါ)။ ဒါဖြင့် သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးရင် ဘယ့်နှယ်ဖြေကြ၊ သတ္တဝါ မရှိလို့ သေဆိုတဲ့ဥစ္စာ, ဖြစ်ဆိုတဲ့ဥစ္စာ ဖြေစရာမလိုဘူး။ ဒါဖြင့် သတ္တဝါသေရင် မဖြစ်တော့ဘူးလား မေးရင်ကော (ဖြေစရာ မလိုဘူး)။ ဒကာဒကာမတွေသန္တာန်မှာ တစ်သံသရာလုံး ဖြစ်လာတာလဲ ယောကျ်ား, မိန်းမ ပါသလား, စမ္မတွေပဲဆက်ပြီး တန်းလာတာပဲလား (စမ္မတွေပဲဆက်ပြီး တန်းလာတာ)။ ဒီဘဝမှာလဲ ဘာတွေများ ဖြစ်နေကြပါလိမ့်၊ တစ်ခုသော စမ္မဖြစ်၊ တစ်ခုသော စမ္မကချုပ်၊ အရင်စမ္မကချုပ် နောက်စမ္မကဖြစ်, အရင်စမ္မကချုပ် နောက်စမ္မ

ကဖြစ် ဒါတွေလှည့်နေမှာပဲ။ အဲဒီလို ‘အနုရာဓ’ကို တိတ္ထိက မေးတဲ့အခါကျတော့ သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးတယ်၊ မဖြစ်တော့ဘူးလား၊ ဖြစ်ချည်တစ်လှည့်, မဖြစ်ချည်တစ်လှည့်လား၊ မဖြစ်တော့ဘူး၊တစ်ခါတလေဖြစ်တတ်တယ်ဆိုတဲ့သဘောမျိုးလားလို့ မေးတော့ ‘အနုရာဓ’က မနေ့က ဘုရား–ဒီလိုအယူ မယူဘူးလို့ မဖြေလိုက်ဘူးလား။ သူဉာဏ်နဲ့သူ ဖြေတာလား၊ ဘုရား–ဒီလို အယူမယူဘူး ဆိုတာလေးလောက်သာ သူဖြေနိုင်တယ်နော်။ တိတ္ထိတွေက ဘယ့်နှယ်ပြောသွားတုန်း ‘အနုရာဓ’ဆိုတဲ့ ကိုယ်တော်ဟာ လူမိုက်ကလေးရှိသေးတာပဲ၊ ဘာမှသိသေးတာမဟုတ်ဘဲ၊ တကယ်လို့ သူဝါကြီးနေပေမယ့်လဲ ဆန်ကုန်မြေလေးလို့ ကြီးတာပဲ၊ သူ–အလကား လူထဲကပဲဆို ပြန်သွားကြ။ ပြန်သွားပြီးသည့်နောက် တစ်ခါတည်း သူ–သံသယ ဝင်လာတယ်၊ ‘ဝိစိကိစ္ဆာ’ ဝင်လာတယ်။ ဩော်...သတ္တဝါသေရင် ဖြစ်သေးလား, မဖြစ်တော့ဘူးလား၊ နောက်–ဒီထက်များ ပိုလွန်ပြီးသကာလ ဆက်လက်မေးမယ်ဆို ငါတော့အခက်ချည်းပဲ။ ဩော်...သူကိုယ်တိုင်ပဲ၊ ‘ဝိစိကိစ္ဆာ’လာတယ်။ **သူ့–“ဒိဋ္ဌိ”နဲ့ သူ့–“ဝိစိကိစ္ဆာ” ရှင်းပြလိုက်မယ်နော်။ သတ္တဝါ ရှိလေသလား၊ ဟော–သူလာပေါ်။ သတ္တဝါသေရင် “နိဗ္ဗာန်” သတ္တဝါပဲ သွားသလား၊ ဒါ–သူ့မှာကို သံသယ–ရှိ။** ‘ဝိစိကိစ္ဆာ’ရှိရင် ‘ဒိဋ္ဌိ’ရှိတယ်လို့ မှတ်လိုက်။ ကိုင်း–ဒါဖြင့် ခင်ဗျားတို့မှာ အခု–ရှင်းပေးထားတော့ သတ္တဝါကော ရှိရဲ့လား (မရှိ)။ သတ္တဝါ မရှိဘူးဆိုတာ သိသဖြင့် ‘ဒိဋ္ဌိ’ကလဲ ပြုတ်နေပြီ၊ ‘ဝိစိကိစ္ဆာ’–ပြုတ် ‘ဒိဋ္ဌိ’က ပြုတ်တာပဲ။ ‘အနုရာဓ’မှာ သံသယ ရှိပြီးသကာလ ဘုရားတော့ မေးဦးမှပဲ၊ တိတ္ထိတွေက ဒီထက်ပိုမိုမေးရင် ငါလဲ မဖြေတတ်တော့ဘူး၊ မဖြေတတ်တဲ့ပြင်မှာ ကိုယ်–ရမ်းဖြေလိုက်လို့ရှိရင်လဲ ဘုရား–အလိုကျမှာ မဟုတ်ဘူး၊ ဘုရားစွပ်စွဲတဲ့–အခိပ္ပါယ် ရောက်ဦးမှာ ဆိုတော့ သူကိုယ်တိုင် ‘ဝိစိကိစ္ဆာ’မပြုတ်ဘူး၊ ‘ဒိဋ္ဌိ’ မပြုတ်ဘူး။ သူဟာ စောစောစီးစီးက မှတ်ပါ၊ ဘုရားကျောင်းတော်နဲ့ ဝေသာလီပြည်မှာ ကပ်ပြီးတော့ နေတယ်၊ ဝိပဿနာအလုပ် လုပ်နေတဲ့ပုဂ္ဂိုလ်လဲ အစစ်ပါပဲ၊ ဖြစ်ပျက်တွေလဲ မြင်ပါတယ်၊ မဂ်, ဖိုလ် မရဘူး၊ နိဗ္ဗာန်မရဘူးတဲ့။ ဘာကြောင့် မရတယ်ဆိုတာ ခင်ဗျားတို့အဖြေထွက်ပြီ၊ **“ဝိစိကိစ္ဆာ” မပြုတ်တော့ “ဒိဋ္ဌိ”ကကော (မပြုတ်)။ ဒါဖြင့် “ဒိဋ္ဌိ, ဝိစိကိစ္ဆာ မပြုတ်တဲ့–ပုဂ္ဂိုလ်” အားထုတ်နေလို့ မရတာ။** ဒါဖြင့် အားထုတ်မှုနဲ့ “ဒိဋ္ဌိ, ဝိစိကိစ္ဆာ ဖြုတ်မှု”ကို ဘယ်သူရှေ့ထား၍ ဘယ်သူ နောက်ထားရမယ်ဆိုတာ ဝေဖန်ကြ (ဒိဋ္ဌိ,ဝိစိကိစ္ဆာ ဖြုတ်မှုကို ရှေ့ထားရမယ်)။ သူကို အရှေ့ထားရမယ် ပြီးတော့မှ ဖြစ်ပျက်ရှုမှုကို နောက်ထားရမယ် ဆိုတော့ ဒကာဒကာမတွေ လေးစားစွာနဲ့ မှတ်လိုက်။ ဖြစ်ပျက်အရင် ရှုမလား, “ပဋိစ္စသမုပ္ပါဒ်” နားလည်အောင်အရင် လုပ်မလား (ပဋိစ္စသမုပ္ပါဒ် နားလည်အောင်အရင် လုပ်ရမယ်)။ ဒါ–နားလည်အောင်လုပ်မှ ခုနက ပုဂ္ဂိုလ်, သတ္တဝါ ပျောက်သွားတာ။ အနိစ္စ, ဒုက္ခအရင် လုပ်မလား, “ပဋိစ္စသမုပ္ပါဒ်”ကို ရှင်းအောင် လုပ်မလား (ပဋိစ္စသမုပ္ပါဒ်ကို ရှင်းအောင်အရင် လုပ်ရမယ်)။ ဘယ့်နှယ်ကြောင့် ဒါ–ရှင်းအောင် လုပ်ရပါလိမ့်မတုန်း ဆိုတော့ အို–သူ့မသိရင် “ဒိဋ္ဌိ, ဝိစိကိစ္ဆာ”ပြုတ်ကို မပြုတ်ဘူး၊ ဘယ်လိုပဲ ဖြစ်တာပျက်တာတွေ မြင်နေနေ အပိုပဲ။ **အနိစ္စ, ဒုက္ခ, အနတ္တကို ရှေ့မထားနဲ့ “ဒိဋ္ဌိ, ဝိစိကိစ္ဆာ ဖြုတ်မှု”ကို ရှေ့ထား။ “ဒိဋ္ဌိ, ဝိစိကိစ္ဆာ”ဖြုတ်ချင်လဲ “ပဋိစ္စသမုပ္ပါဒ်” ခန္ဓာကိုယ်ထဲမှာ အခု–ပေါ်**

**လာတာတွေ တန်းတန်း, တန်းတန်းပြီးသကာလ ဩော်...မျက်လုံးပေါက်ကလဲ ဒီလိုချည်းပေါ်တာပါလား၊ နားပေါက်ကလဲ ဒီလိုချည်းပေါ်တာပါလား၊ ပုဂ္ဂိုလ်, သတ္တဝါဆိုပေါ်တာ မဟုတ်ပါဘူး၊ ဓမ္မတွေသာ တစ်ခုဓမ္မချုပ်ပြီး တစ်ခုဓမ္မဖြစ်တာသာ ကေန်ပါလားလို့ မှတ်လိုက်။** အဲဒီတင်မှ ဘုရားဆီ သူ–သွားတာပေ့ါလေ။ နောက်တစ်ခါမေးရင် ခက်ချည့်ရဲ့။ ရှေးကလို ရမ်းပြီးသကာလ အနိစ္စ, ဒုက္ခ, အနတ္တ စိပ်နေတဲ့ ပုဂ္ဂိုလ်များအတွက် ဘယ်လိုစဉ်းစားမတုန်း၊ ဘယ်လိုမှ မစဉ်းစားနဲ့တော့ အပြစ်လဲ မတင်နဲ့တော့နော်။ သူဟာ ဘာမှမဟုတ်ဘူး ပြောရရုံ ရှိတော့တာပဲ။ အလကားနေတာထက်စာလို့ ရှိရင်တော့ **ကျောင်းထဲမှာ စွန့်ဝတ္ထုပြောသလို ပြောရမှာပေ့ါ။ သားကောင်လေး ကြက်ကလေးကို စွန်ကနေပြီး ကုတ်တဲ့အခါ မြက်ပင်လေးပါသွားတော့ ကုသိုလ်ရသလို၊ မလွဲတာရတဲ့ ကုသိုလ်တော့ ဖြစ်ပါတယ်။** တကယ်တိုက်ရိုက် “သမ္မာဒိဋ္ဌိကုသိုလ်” အစစ်ကတော့ (မရပါဘူး)။ **“သမ္မာဒိဋ္ဌိကုသိုလ်” အစစ်ကတော့ “ပဋိစ္စသမုပ္ပါဒ်” နားလည်မှ သာလျှင် “ခန္ဓာ”ကို နားလည်သတဲ့။** ကြည့်...ပထမ–အိမ်မှာ အတွင်းပစ္စည်း တွေးလိုက်တဲ့စိတ်ကလေးဟာ ဝိညာဏက္ခန္ဓာ မပေါ်သေးဘူးလား၊ ဝိညာဏက္ခန္ဓာပေါ်လာတော့၊ ဒါလဲ စိတ်သစ်ပဲလို့ မဆိုနိုင်ဘူးလား။ သူချုပ်သွားတဲ့ အခါကျတော့ ခင်တဲ့တဏှာလေး မပေါ်ဘူးလား၊ သူလဲ အသစ်ပဲ ဆိုတော့ တဏှာအသစ်ပဲ ဆိုတော့ တစ်မျိုးပေ့ါ။ တဏှာဓမ္မပဲ နာမ်ဓမ္မတွေချည်း မပေါ်ဘူးလား၊ အင်း–တော်ကြာ တဏှာချုပ်တော့ ဥပါဒါန် မလာဘူးလား၊ ဒါလဲ ဥပါဒါန်ဓမ္မတစ်မျိုးပဲ၊ ကံဓမ္မကော မလာဘူးလား၊ ဒါလဲ ကံဓမ္မတစ်မျိုးပဲလို့ မဆိုနိုင် (ဆိုနိုင်ပါတယ်)။ ကံကုန်တော့ စုတိကော မလာဘူးလား၊ ပုဂ္ဂိုလ်, သတ္တဝါ လာသေးလား၊ စုတိဓမ္မပဲ လာတယ်။ စုတိပြီး ပဋိသန္ဓေ မလာလား၊ လာပြန်တော့လဲ ပုဂ္ဂိုလ်, သတ္တဝါလား (မဟုတ်ပါ)။ ဘာတွေလာပြန်တုန်း၊ ဓမ္မပဲလာတယ် ဆိုတော့ ဒကာဒကာမတို့သန္တာန်မှာ ခန္ဓာငါးပါးသာ တန်းလာတာပဲ။ ခန္ဓာဓမ္မတွေ မလာဘူးလား (လာတယ်)။ ခန္ဓာဓမ္မတွေလာတော့ ပုဂ္ဂိုလ်, သတ္တဝါ ဒီထဲ ယောကျာ်း, မိန်းမတွေ သတ္တဝါသေလို့ ဘာဖြစ်, ညာဖြစ် လာသေးရဲ့လား (မလာပါ)။ အဲဒီမှာ ခင်ဗျားတို့ကျတော့ အခု–ဆရာဘုန်းကြီးက “ပဋိစ္စသမုပ္ပါဒ်” ရေရေလည်လည် ပြလိုက်တဲ့အတွက် အတော်လေး ရှင်းပါတယ်။ အဲဒီလို ရှင်းပြီးမှ ဝိပဿနာ ရှုတဲ့–အလုပ်ကို ဘုန်းကြီးပြောမယ်။ ပြောလိုက်လို့ ရှိရင် ရှုသာ ရှုတော့၊ “ဒိဋ္ဌိ, ဝိစိကိစ္ဆာ” **ကို ကွာပြီးသား ဖြစ်နေတဲ့အတွက် ချက်ချင်း မဂ်ဆိုက်မယ်။** ။

♠♠♠♠♠♠♠♠

***** "ဟဠ္ဌိပဒေါပမသုတ်။" ( "ပဋိစ္စသမုပ္ပါဒ်"သိမှ "ခန္ဓာ"သိတယ်။ )**

***** "ဒိဋ္ဌိ, ဝိစိကိစ္ဆာ သတ်ပုံ-တရား။"**

## ၁၂ . ၃ . ၆၀

## ၅၆ အနုရာဓရဟန်း ဒိဋ္ဌိ, ဝိစိကိစ္ဆာကွာပြီး ရဟန္တာဖြစ်ပုံ တရားတော်။

( "အနုရာဓသုတ်" အဆုံး။ )

မှတ်ချက်။ ။

(၁)။ "ခန္ဓာငါးပါး" သိချင်ရင် "အကြောင်း-ပဋိစ္စသမုပ္ပါဒ်" အရင်သိအောင် လုပ်ရမယ်။

(**)(၂)။ **ဘုရားက "ဟဠ္ဌိပဒေါပမသုတ်" ဆိုတော့ "ဆင်ခြေရာနဲ့ တူတဲ့-သုတ်။"**

(၃)။ ခန္ဓာသိဖို့ အရေးကို ဘုရားက ယနေ့-စ မှုတည်ပြီးသကာလ "မူလပဏ္ဏာ သပါဠိတော်"မှာ သူ-ဟောပြီးသကာလ လာပြန်တော့ သြော်...ခန္ဓာသိတဲ့ ပုဂ္ဂိုလ်များ ဘယ်အသိမျိုးမှ ခန္ဓာသိ ဖြစ်ပါလိမ့်မလဲ ဆိုတာ အရေးကြီး လာ၊ "အကြောင်းသိမှ ခန္ဓာသိတယ်။"

(၄)။ "ပဋိစ္စသမုပ္ပါဒ်-အကြောင်း"က တည်ထောင်လိုက်လို့ အခု-ပေါ်လာတဲ့ ခန္ဓာအသိမှသာလျှင် သြော်...နိဗ္ဗာန်ရောက်ကြောင်းအသိ ဖြစ်တော့မယ်။

(၅)။ ယခု-အကြောင်းက အခု-တည်ထောင်လိုက်လို့ ယခု-ပေါ်လာတဲ့ခန္ဓာ တစ်ခုခု သိတဲ့အသိမျိုးကိုသာလျှင် သြော်...ဒီအကြောင်းကြောင့်ကို အခု -ပေါ်လာတာ ဟုတ်သားပဲဆိုတဲ့ ကိုယ့်-"ပစ္စက္ခသိ"မှသာလျှင် အသိကို အလိုရှိတယ်။

(၆)။ ယနေ့-ပြောရမယ့် အသိသည် ဘုရားက "ဟဠ္ဌိပဒေါပမသုတ်"မှာ ဘုရား ထောက်ခံတဲ့-သုတ်ပါပဲ၊ ရှင်သာရိပုတ္တရာဟောတဲ့-သုတ်လို့ မှတ်လိုက်။

(၇)။ "အကြောင်း-ပဋိစ္စသမုပ္ပါဒ်"သိလို့ "အကျိုး-ခန္ဓာ"သိတာ။ ဒီ-အသိမှ သူဟာက ခန္ဓာသိတဲ့။

(**)(၈)။ **အကြောင်းနှစ်ခုက-"ပဋိစ္စသမုပ္ပါဒ်၊" အကျိုးတစ်ခုက-"ဝိညာဏက္ခန္ဓာ။"**

(၉)။ **"ပစ္စက္ခ"** ဆိုတာ ကိုယ့်ဉာဏ်နဲ့ ဒီခန္ဓာကို သိတာ။

(၁၀)။ "ပဋိစ္စသမုပ္ပါဒ်"သိမှ ခန္ဓာသိ, ဒုက္ခသစ္စာသိ, ပစ္စက္ခသိ ဖြစ်တော့တယ်။

(၁၁)။ "ပဋိစ္စသမုပ္ပါဒ်-အကြောင်း"ကြောင့် ဖြစ်တဲ့-ခန္ဓာကို ချက်ချင်းသိတဲ့ အသိကမှ သြော်...'ဒိဋ္ဌိ'ခွာ, 'ဝိစိကိစ္ဆာ'ခွာပြီး သိကဲ့-အသိပါပေါ့။

(✻✻)(၁၂)။ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ သတ်ပုံ၊" ဒါမှ ရှင်းတော့။

(၁၃)။ အသိက ၆–မျိုးတောင်ရှိတာ ဘုရားက ကျန်တဲ့ ၅–သိ အကုန်ပယ်ကွ၊ "ပစ္စက္ခသိ"တစ်ခု အမှန်ယူကွ။ ဒီ–ဟောထားတာက "သံယုတ်ပါဠိတော်" မှာ "ကောသမ္ဗိသုတ်"မှာ အထင်အရှား ဖြစ်ပြီးသကာလ နေတော့။

(✻)(၁၄)။ "ပဋိစ္စသမုပ္ပါဒ်" သိမှ "ဒုက္ခသစ္စာ" သိတယ်ကွ၊ ပေါ်သွားပြီ။ "ပဋိစ္စသမုပ္ပါဒ်" မသိသေးရင် "ဒုက္ခသစ္စာ" မသိသေးပါဘူးတဲ့။

**(✻)(၁၅)။ "နိဗ္ဗာန်"ဆိုတာ "ဒုက္ခသစ္စာ" ရှုရင်းမတ်တတ်နဲ့ "နိဗ္ဗာန်"ဟာ "သမုဒယ" ချုပ်သွားတဲ့အချိန် ပေါ်လာတာပဲ။ ကဲ–"နိဗ္ဗာန်"ဟာ ဒီလို–"ဒုက္ခသစ္စာ"တွေကို ပိုင်ပိုင်နိုင်နိုင် သိပြီး ရှုနေတဲ့အလုပ်သည် "နိဗ္ဗာန်ရောက်ကြောင်းအလုပ်။"**

**(✻)(၁၆)။ "အနုရာဓ"တဲ့ တစ်သက်လုံးသာ မင်း–မှတ်တော့ ဆိုပြီး ဘုရားက အဖြေပေးလိုက်။ မင်းတို့ တစ်ကိုယ်လုံးမှာ "နိဗ္ဗာန်" မရမချင်း၊ ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာပဲ ရှိတယ်လို့ မင်း...သေသေချာချာ–မှတ်။ ဒါဖြင့် ဒုက္ခဖြစ်တာက– "ဒုက္ခသစ္စာ၊" ဒုက္ခချုပ်တာက–"နိရောဓသစ္စာ၊" ဒုက္ခဖြစ်ခြင်း၏ အကြောင်းက ("သမုဒယသစ္စာ")၊ ဒုက္ခချုပ်ခြင်း၏ အကြောင်းက–"မဂ္ဂသစ္စာ၊" ဒါပဲ –ရှိ။**

(✻)(၁၇)။ "နိဗ္ဗာန်"ရောက်သွားတဲ့ ပုဂ္ဂိုလ်ကျတော့ ဒုက္ခဖြစ်ပြီးသကာလ နောက်–ဒုက္ခချုပ်သွား၊ ချုပ်သွားပြီး နောက်ဒုက္ခအဖြစ် မလာဘူး၊ ဒုက္ခချုပ်ပြီး ပြီးတော့တာပဲ။

(၁၈)။ ဖြစ်ဒုက္ခ, ပျက်ဒုက္ခ ဓာတ်သိမ်းကြပါစို့။

(၁၉)။ မဂ်လဲ ဝင်လာရော လိုချင်တဲ့စိတ် လုံးဝမှ မရှိဘူး၊ ဒီဥစ္စာကြီးဟာ "ဒုက္ခသစ္စာ" အစစ်ပဲလို့လဲ ဆုံးဖြတ်ချက်လဲ ချပါရော၊ ဖြစ်ဒုက္ခ, ပျက်ဒုက္ခတွေ ရှေ့နားမှာ ဖျတ်ခနဲ–ပျောက်၊ ပျောက်သွားတော့ အဲဒါ ဩော်...ဒါ–ဒုက္ခ မရှိတော့ပါဘူး ဆိုတာ မသိပေဘူးလား။ ဘာဖြစ်လို့ ကြည့်ရင်းမတ်တတ် ပျောက်သွား၊ ကြည့်ရင်းမတ်တတ် ပျောက်သွားတော့ ဒုက္ခ–မရှိတာက ဘာသစ္စာ ဆိုကြမယ် (နိရောဓသစ္စာ)၊ မရှိကြောင်း ကောင်းကောင်း သိတာက (မဂ္ဂသစ္စာ)၊ ဟော–သောတာပန်တည်ပြီ။

(၂၀)။ သောတာပန်ပုဂ္ဂိုလ်မှာ "နိဗ္ဗာန်" နှစ်ချက်ရ။ ခန္ဓာချုပ်တဲ့–နိဗ္ဗာန်၊ ကိလေသာချုပ်တဲ့–နိဗ္ဗာန်။ "နိဗ္ဗာန်"ရတော့ကို ဒီ–ပုဂ္ဂိုလ် အပါယ်လေးပါးတံခါး

–ပိတ်။ ဘာဖြစ်လို့ ပိတ်တုန်း ဆိုတော့ "ကိလေသာနိရောဓော"ကြောင့် ပိတ်သွား။

# ခန္ဓာငါးပါးဆိုတာ ဒကာဒကာမတွေ၏ ခန္ဓာကိုယ်ထဲမှာ ဘယ်လိုရေတွက်, ရေတွက် ငါပါးပဲ ရှိတယ်ဆိုတာ မှတ်ထားတာပေါ့နော်။ အဲဒီ–ခန္ဓာငါးပါးကို သိချင်လို့ရှိရင် ဘယ်လိုမှ သိနိုင်သလဲဆိုတာ ဘုရားက ခန္ဓာငါးပါးကို သိချင်လို့ရှိရင်ကွာတဲ့ **"ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ။"** ပဋိစ္စသမုပ္ပါဒံ–သူ့အကြောင်းကို သိမှသာလျှင် အကျိုးဖြစ်တဲ့ ခန္ဓာ သိတယ်ကွ။ အကြောင်းကို မသိလို့ ရှိရင် အကျိုးဖြစ်တဲ့ခန္ဓာ မသိဘူး ဆိုတော့ကို ခန္ဓာငါးပါး သိချင်လို့ ရှိရင်ဖြင့် 'အကြောင်း–ပဋိစ္စသမုပ္ပါဒ်' အရင်သိအောင် လုပ်ဟေ့၊ ဒါမှ အကျိုးဖြစ်တဲ့ခန္ဓာငါးပါး သိမယ်။ အကြောင်းကို မသိလို့ ရှိရင်ဖြင့် အကျိုးခန္ဓာကို မသိဘူး။ ဒါ–စာစကား ဖြစ်နေတော့ မြန်မာစကားနဲ့ ရှင်းရှင်းပြောကြပါစို့လို့ဆိုတော့ ဥပမာမယ် ဒကာဒကာမတွေသန္တာန် ခန္ဓာငါးပါးရှိ၊ ရှိပေမယ့် သူသည် ရှိတာနေတာပဲတဲ့ မသိသေးဘူး၊ ဘာဖြစ်လို့ မသိပါလိမ့်မတုန်းလို့ မေးတဲ့အခါကျတော့မှ အကြောင်းကို မသိလို့ ခန္ဓာငါးပါးတည်းဟူသော အကျိုး မသိတာဘဲ။ **"ခန္ဓာငါးပါး" သိချင်ရင် "အကြောင်း–ပဋိစ္စသမုပ္ပါဒ်" အရင်သိအောင် လုပ်ရမယ်။** ဒီဥစ္စာ ထူထူလည်လည် ကြားရတာပဲ မှတ်တာပေါ့။ **ဘုရားက "ဟတ္ထိပဒေါပမသုတ်" ဆိုတော့ "ဆင်ခြေရာနဲ့ တူတဲ့–သုတ်"**ဆိုပြီး ဟောတဲ့နေရာကျတော့ ခန္ဓာသိချင်လို့ ရှိရင်ဖြင့် **"ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊"** ယော–အကြင်ပုဂ္ဂိုလ်သည်၊ ပဋိစ္စသမုပ္ပါဒံ–ဖြစ်ကြောင်းကို၊ "ပဋိစ္စသမုပ္ပါဒ်"ဆိုတာ ဖြစ်ကြောင်းနော်။ ယော–အကြင်ပုဂ္ဂိုလ်သည်၊ ပဋိစ္စသမုပ္ပါဒံ–ပဋိစ္စသမုပ္ပါဒ်ကို၊ ပဿတိ–မြင်၏၊ သော–ထိုပုဂ္ဂိုလ်သည်၊ ဓမ္မံ–ခန္ဓာကို၊ ပဿတိ–မြင်တာပဲကွ။ "ပဋိစ္စသမုပ္ပါဒ်–အကြောင်း"ကို မမြင်လို့ ရှိရင်ဖြင့် ခန္ဓာ–မမြင်သေးပါ။ ဒါ–ရှင်သာရိပုတ္တာရာဟောတဲ့ "ဟတ္ထိပဒေါပမသုတ်"ဆိုတာ ဒကာဒကာမတို့ အခု–တရားနာနေကြတာ ခန္ဓာငါးပါးဆိုတာ ပြောသံကြား–ခန္ဓာငါးပါး။ အဲဒါက သူများပြောသံကြားနဲ့ ဒါကြီးက မနေ့ကလဲ–ဒါ၊ ယနေ့လဲ–ဒါကြီး ပြောနေတာ။ ဒီ–ရှိနေတာကြီး ပြောနေတာပေါ့။ စင်စစ်ကတော့ မဟုတ်သေးဘူးတဲ့၊ **"ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ။"** ယော–အကြင်ပုဂ္ဂိုလ်သည်၊ ပဋိစ္စသမုပ္ပါဒံ–ဖြစ်ကြောင်းပဋိစ္စသမုပ္ပါဒ်ကို၊ ပဿတိ–မြင်၏၊ သိ၏၊ သော–ထိုပုဂ္ဂိုလ်သည်၊ ဓမ္မံ–ခန္ဓာကို၊ ပဿတိ–မြင်၏။ သူ့–ဖြစ်ကြောင်းသိမှ သြော်...အခု–ပေါ်လာတဲ့ခန္ဓာ ပါလားလို့ သိတယ်။ အကြောင်းသိမှ ခန္ဓာသိတယ် ဆိုကြစို့။ ခန္ဓာသိတဲ့ ပုဂ္ဂိုလ်ဟာ အကြောင်းသိလို့ သိတာပဲလို့လဲ ပြောင်းပြန် ပြန်မှတ်လိုက်တာပေါ့။ ယနေ့–တို့သည်ကားလို့ဆိုလို့ ရှိရင်ဖြင့် **ခန္ဓာသိဖို့ အရေးကို ဘုရားက ယနေ့–စ မူတည်ပြီးသကာလ "မူလပဏ္ဏာသပါဠိတော်"မှာ သူ–ဟောပြီးသကာလ လာပြန်တော့ သြော်...ခန္ဓာသိတဲ့ ပုဂ္ဂိုလ်များ ဘယ်အသိ**

**မျိုးမှ ခန္ဓာသိ ဖြစ်ပါလိမ့်မလဲ ဆိုတာ အရေးကြီးလာ၊ "အကြောင်းသိမှ ခန္ဓာသိတယ်။"** ခန္ဓာသိတဲ့ ပုဂ္ဂိုလ်ဖြင့် အကြောင်းသိပြီလို့ မှတ်လိုက်တာပေါ့။ ဒါဖြင့် ဒကာဒကာမတို့ လေးလေး စားစား တရားကို နာပါ။ နေ့တိုင်း ရှိနေတဲ့ခန္ဓာကြီး ခင်ဗျားတို့ "သန္တတိ" မပြတ်တဲ့ ခန္ဓာကြီးကို ဆိုလိုရင်း မဟုတ်ဘူး။ အခုပေါ်လာတဲ့ ခန္ဓာကို သိမှသာလျှင် ခန္ဓာသိ အစစ်ဖြစ်ပါတယ်၊ ဒီပြင်ဟာ စာသိ, ပြောသံကြားသိ ဖြစ်ပါလိမ့်မယ်။ ဒီအသိကတော့ အသိထဲမှာ နိဗ္ဗာန်ရောက်တဲ့ အသိထဲ သွင်းလို့ ရပ့် (မရ)။ စာသိဆိုတာ ပိဋကတ်–သိ၊ အဲဒါ–နိဗ္ဗာန် မရောက်နိုင်ဘူးတဲ့။ တစ်ဆင့်ကြား သူပြော, လူပြောနဲ့ ကြားလို့ သိတာလဲ နိဗ္ဗာန်ရောက်တဲ့ ခန္ဓာသိ မဟုတ်ဘူးတဲ့။ **"ပဋိစ္စသမုပ္ပါဒ်–အကြောင်း"က တည်ထောင်လိုက်လို့ အခု–ပေါ်လာတဲ့ ခန္ဓာအသိမှသာလျှင် ဩော်...နိဗ္ဗာန် ရောက်ကြောင်းအသိဖြစ်တော့မယ်။** စာသိကိုလဲ ဘုရားက မလိုချင်ဘူး၊ တစ်ဆင့်ကြားသိကိုလဲ (မလိုချင်ဘူး)။ ကိုယ့်ဟာကိုယ် ကြံဖန်တွေးသိကိုလဲ မလိုချင်ဘူးတဲ့။ **ယခု–အကြောင်းက အခု –တည်ထောင်လိုက်လို့ ယခု–ပေါ်လာတဲ့ခန္ဓာ တစ်ခုခု သိတဲ့အသိမျိုးကိုသာလျှင် ဩော်...ဒီအကြောင်းကြောင့်ကို အခု–ပေါ်လာတာ ဟုတ်သားပဲဆိုတဲ့ ကိုယ့်–"ပစ္စက္ခသိ"မှ သာလျှင် အသိကို အလိုရှိတယ်။** ဘယ်အသိ အလိုရှိပါလိမ့်၊ 'ပစ္စက္ခသိ'ကို အလိုရှိတယ်လို့ သေသေချာချာ မှတ်ပါ။ ကိုယ့်ဉာဏ်နဲ့ကို ဒါ–အကြောင်းက ဖြစ်စေလို့ ဟော...အခု–ပေါ်လာတဲ့ အကျိုးတရားဟာ ဟောဒါ–ခန္ဓာပဲလို့ ဒီလို သိစေချင်တာ။ စာသိ မလိုချင်, တစ်ဆင့်ကြားသိ မလို ချင်ဘူးတဲ့။ ဘာလိုချင်ပါလိမ့်၊ 'ပစ္စက္ခသိ' ဆိုတော့မှ ဩော်...ဒါ–ခန္ဓာပဲဆိုပြီး သိတယ်။ အဲဒါမှ 'ဒုက္ခသစ္စာ'သိ ဖြစ်မှာကိုး။ လေးလေးစားစား မှတ်ကြစမ်းပါလို့ဆိုတာ သတိပေးလိုက်တယ်။ နဂိုသိ ထားတာက ကျတော့ ဟော–အခုရှိနေတာ ခန္ဓာငါးပါးပဲ။ ဒီလိုပြောပြီးသကာလ နေကျတော့ ဒီဥစ္စာ က ဘာတုန်း ဆိုတော့ တရားဟောတဲ့ ဘုန်းကြီးကသော်လည်းကောင်း, စာအုပ်ကြည့်၍သော်လည်း ကောင်း သူပြောလာတာကိုး။ ဟောဒီ–အကြောင်းကြောင့် ဟော...အခု–ပေါ်လာတဲ့ ခန္ဓာကျတော့ သူ–သိသေးရဲ့လား (မသိ)။ ဒါဖြင့် သူသည်ကားလို့ ဆိုရင် စာသိ, တစ်ဆင့်ကြားသိ ဖြစ်နေတယ်။ ဒီ–အသိမျိုးကတော့ဖြင့် 'ဒုက္ခသစ္စာ'သိ မဟုတ်သေးပါ။ 'ပစ္စက္ခသိ'ရောက်ပြီလား။ **ယနေ့–ပြော ရမယ့် အသိသည် ဘုရားက "ဟတ္ထိပဒေါပမသုတ်"မှာ ဘုရားထောက်ခံတဲ့–သုတ်ပါပဲ၊ ရှင်သာရိပုတ္တာရာဟောတဲ့–သုတ်လို့ မှတ်လိုက်။ အကြင်ပုဂ္ဂိုလ်သည် "ပဋိစ္စသမုပ္ပါဒ်"ကို သိ၏၊ ထိုပုဂ္ဂိုလ်သည် ခန္ဓာကိုသိတယ်။ ထိုပုဂ္ဂိုလ်သည် ခန္ဓာကိုသိ၏၊ အကြင်ပုဂ္ဂိုလ်သည် "ပဋိစ္စသမုပ္ပါဒ်" သိလို့ သိတာပဲ။** အခု–တရားဟောပြီး၊ ယခု–ပြလို့ ရှိရင် ရိပ်မိလိမ့်မယ်တဲ့၊ အခု–ဘုန်းကြီးအသံ ဒကာဒကာမတွေ နားထဲက ကြားကြတယ်။ ကြားတော့ နားထဲမှာ ကြားတဲ့–ဝိညာဏက္ခန္ဓာ ဆိုတဲ့ နားသိစိတ်ကလေး ဝိညာဏက္ခန္ဓာ ပေါ်, မပေါ် (ပေါ်တယ်)။ ဩော်...ဒီဥစ္စာ နဂိုက အိမ်ကပါလာတဲ့ ဝိညာဏ်စိတ်–ကြားစိတ်ကလေးဟာလား၊ ယခုမှ ဒီအသံနဲ့ မိမိနားအကြည်ရုပ်နဲ့ ပေါင်းမိလို့ ကြား စိတ်ပေါ်တာလားဆိုတာ အကဲခတ်ကြည့်စမ်း၊ အခု–အသံနဲ့ ခင်ဗျားတို့၏ ကြားတတ်တဲ့ရုပ်ကလေး

နဲ့ တိုက်ဆိုင်မိလို့ ကြားတဲ့–ဝိညာဏက္ခန္ဓာလေး မပေါ်ဘူးလား၊ ဝိညာဏက္ခန္ဓာလေး ပေါ်သွားပြီ။ ဒီဥစ္စာ "ပဋိစ္စသမုပ္ပါဒ်" သိတာနဲ့ သူတို့သိတယ်။ ဒီခန္ဓာလေးဟာက သူများပြောသံကြားလား, ကိုယ်နားထဲမှာကို ဟော...အခု–ပေါ်လာတယ်လို့ သိတာလား၊ အခု–ပေါ်လာတယ်လို့ အခု–သိရ။ ဘုန်းကြီးက နေပြီးသကာလ ဒီ–အသံနဲ့ ဗုဒ္ဓေါဆိုတဲ့အသံ ရွတ်လိုက်တယ်။ ဒကာဒကာမတွေ ကြား ကြရဲ့လား (ကြားပါတယ်)။ အဲဒီ–ကြားသိစိတ်ကလေး မပေါ်ဘူးလား (ပေါ်ပါတယ်)။ ဒီစိတ်ဟာ ခန္ဓာထဲ သွင်းလိုက်မယ်ဆိုလို့ ရှိရင် သူ–နာမည် ဆိုင်းဘုတ်ဆွဲကြစို့ဆို 'ဝိညာဏက္ခန္ဓာ'လို့ ခေါ်ကြ မှာပေါ့။ 'ဝိညာဏက္ခန္ဓာ'ဆိုတာ သိလုံးလေးပေါ့၊ အသံသိလုံးလေး ကြားလုံးလေး ပေါ်တာ။ ဒါ– ဝိညာဏက္ခန္ဓာလေး ပေါ်တယ်ဆိုတော့ သိပြီနော်။ ဒါ–အရင်အသိမျိုးလားလို့ မေးရင် ဘယ့်နှယ်ဖြေ၊ မဟုတ်ပါဘူး၊ သြော်...အသံတည်းဟူသော အကြောင်းက တိုက်ဆိုင်လိုက်လို့ နားတည်းဟူသော အကြည်ဓာတ်နဲ့လဲ သွားပြီး ဒီအသံနဲ့ တိုးလို့ အင်း–ကြားတဲ့စိတ်ကလေး ကြားထဲ ဖျတ်ခနဲ ပေါ် လာတာပါလားလို့ မသိဘူးလား။ အဲတော့ **"အကြောင်း–ပဋိစ္စသမုပ္ပါဒ်"သိလို့ "အကျိုး– ခန္ဓာ"သိတာ။ ဒီ–အသိမှ သူဟာက ခန္ဓာသိတဲ့**။ ဒီက အသံတည်းဟူသော 'ပဋိစ္စသမုပ္ပါဒ်– အကြောင်း'ကော မရှိဘူးလား၊ အို–ဒကာဒကာမတွေ နားအကြည်ရုပ်ဆိုတဲ့ အကြောင်းကော မရှိဘူး လား၊ အဲဒီ–အကြောင်းနှစ်ခုကြောင့် ကြားစိတ်ကလေး မပေါ်ဘူးလား (ပေါ်ပါတယ်)။ အဲတော့ **အကြောင်းနှစ်ခုက–"ပဋိစ္စသမုပ္ပါဒ်၊" အကျိုးတစ်ခုက–"ဝိညာဏက္ခန္ဓာ။"** အကြင်ပုဂ္ဂိုလ်သည် 'ပဋိစ္စသမုပ္ပါဒ်'သိ၏၊ ထိုပုဂ္ဂိုလ် ခန္ဓာသိတယ်ကွ။ **တရား–မများသေးပါဘူး၊ "ပဋိစ္စသမုပ္ပါဒ်"သိမှ "ခန္ဓာ"သိတယ် ဆိုတာလေး ရှင်းပြောနေတုန်း ရှိပါသေးတယ်**။ ကိုင်း–ဘုန်းကြီးတည်းဟူသော အသံ နဲ့ ဒကာဒကာမတွေ တည်းဟူသော နားရုပ်နဲ့ တိုက်မိတဲ့ အခါကျတော့ ကြားစိတ်–ဝိညာဏက္ခန္ဓာ ပေါ်, မပေါ် (ပေါ်ပါတယ်)။ ဝိညာဏက္ခန္ဓာပေါ်နေတယ် ဆိုတော့ သြော်...ဝိညာဏက္ခန္ဓာဆိုတာ ဒါဆိုတာကိုး။ ဒီ–**ဝိညာဏက္ခန္ဓာနဲ့ တွဲနေတဲ့–ဝေဒနာလေး ဆိုတော့ ဥပေက္ခာဝေဒနာ၊ ဝေဒနာက္ခန္ဓာ လေးကော မပါဘူးလား (ပါတယ်)။ အင်း–ဒါလဲ ကြားကာမျှမတ်တတ်ဖြစ်တဲ့–ဝေဒနာက္ခန္ဓာလေးလဲ ပေါ်တယ်ဆိုတော့ ဝေဒနာက္ခန္ဓာလဲ သိလိုက်ပြန်တာပဲ။ အသံလို့မှတ်တဲ့–သညာလေးလဲ အဲဒီ –နားထဲ မပေါ်ဘူးလား (ပေါ်ပါတယ်)။ ဒါဖြင့် သညာက္ခန္ဓာလဲ သိလိုက်ပြန်တယ်။ ကြားဖို့ရာ စေ့ဆော်တဲ့–စေတနာလေး သိလိုက်ပြန်တော့လဲ သင်္ခါရက္ခန္ဓာသိလိုက်တာ။ ဒါဖြင့် "အကြောင်း– ပဋိစ္စသမုပ္ပါဒ်" သိတော့မှ အကျိုးခန္ဓာတွေ သိရတယ်။ ဒီအသိမှသာလျှင် သြော်..."ပစ္စက္ခသိ" ပါလား။ "ပစ္စက္ခ"ဆိုတာ ကိုယ့်ဉာဏ်နဲ့ ဒီခန္ဓာကို သိတာ။** အရင်ရှိတာကို သိနေတာ မဟုတ် ပါဘူး၊ အခု–ခန္ဓာကြီးဟာ သြော်...ခန္ဓာ, ခန္ဓာဆိုတာ အခုပေါ်တဲ့–ခန္ဓာ အခုသိတာနော်။ အရင်ဟာ သိနေတာက အတုံးအခဲသိကိုး။ အတုံးအခဲဆိုတော့ ပညတ်ကြီး မနေဘူးလား။ "ပဋိစ္စသမုပ္ပါဒ်"သိမှ ခန္ဓာသိတယ် ဆိုတာဖြင့် ကျေနပ်လောက်အောင်ပဲ တစ်သက်လုံး မှတ်ပြီး သိရမှာ။ ဘယ်အသိမှ သစ္စာသိပါလိမ့်မလဲလို့ သေသေချာချာ မေးတော့မှ 'ပဋိစ္စသမုပ္ပါဒ်'တည်းဟူသော အကြောင်းကြောင့် ပေါ်လာတဲ့ ခန္ဓာသိမှ "ဒုက္ခသစ္စာ"သိတာ၊ [တစ်နည်း] ခန္ဓာကိုသိတာ။ ခန္ဓာနဲ့ ဒုက္ခသစ္စာတော့

အတူတူပေါ့။ **"ပဋိစ္စသမုပ္ပါဒ်"သိမှ ခန္ဓာသိ, ဒုက္ခသစ္စာသိ, ပစ္စက္ခသိ ဖြစ်တော့တယ်။** အလိုလိုပေါ်တာလို့ ဟုတ်သေးရဲ့လား၊ အကြောင်းကြောင့် ပေါ်လာတဲ့ ခန္ဓာငါးပါးပဲလို့ သိလိုက်သဖြင့် အလိုလို ဆိုတဲ့–'အဟေတုကဒိဋ္ဌိ'တွေလဲ စင်သွားတယ်။ ငါမဟုတ်, သူမဟုတ်ပါဘူး၊ ဒီဥစ္စာ ခန္ဓာ ပေါ်တာ သက်သက်ပါပဲ ဆိုတဲ့–'သက္ကာယဒိဋ္ဌိ'လဲ ပြုတ်ထွက်သွားတယ်။ ဒီ–'ပစ္စက္ခသိ' ရောက်မှ ခုနက 'ဒိဋ္ဌိ'တွေ စင်ပြီးသကာလ သိတဲ့အသိ ရောက်တာကိုး။ 'ဝိစိကိစ္ဆာ' စင်ပြီးသကာလ သိတဲ့ အသိ ရောက်တာ။ **"ပဋိစ္စသမုပ္ပါဒ်–အကြောင်း"ကြောင့် ဖြစ်တဲ့–ခန္ဓာကို ချက်ချင်းသိတဲ့ အသိ ကမှ သြော်...'ဒိဋ္ဌိ'ခွာ, 'ဝိစိကိစ္ဆာ'ခွာပြီး သိတဲ့–အသိပါလား။** ဒီ–အကြောင်း မပါဘဲနဲ့ သိနေတဲ့ အသိကတော့ဖြင့် အလိုလိုဖြစ် ထင်ပါရဲ့ ဆိုတဲ့–'ဒိဋ္ဌိ'လဲ လာမှာပဲ။ ဘယ့်နှယ်လို့ ဖြစ်တာပါလိမ့်မတုန်း ဆိုတဲ့–'ဝိစိကိစ္ဆာ'ကော လာမှာပဲ။ တစ်နည်းအားဖြင့်လဲ ငါကြားတာပဲ ဆိုတဲ့–'ဒိဋ္ဌိ'ကလဲ ဝင်ချင်ဝင်လိမ့်။ အဲဒါကြောင့် 'ပဋိစ္စသမုပ္ပါဒ်' မသိဘဲနဲ့ ခန္ဓာကိုသိပါတယ် ဆိုတဲ့ပုဂ္ဂိုလ် အသိဟာဖြင့် စာသိရင်လဲ ဖြစ်ပါလိမ့်မယ်၊ တစ်ဆင့်ကြားသိရင်လဲ ဖြစ်ပါလိမ့်မယ်လို့ ဆိုတာ ဘုရားက ပြောထိုက်, မပြောထိုက် (ပြောထိုက်တယ်)။ ဒါဖြင့် အဲဒီ–အသိကို ဘုရားက မင်းတို့ သစ္စာသိ, ခန္ဓာသိလို့ သူက–တိုက်ရိုက် ယူပြီလားလို့ မေးတော့ တိုက်ရိုက်မယူဘူး–သူက။ ဘာကြောင့်တုန်း ဒိဋ္ဌိလဲ မကွာ, ဝိစိကိစ္ဆာလဲ မကွာ၊ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ မကွာတဲ့–အသိ" ဖြစ်မနေဘူးလား။ အကြောင်းနဲ့အကျိုး ဆက်ပြီးသိရတဲ့ အသိကတော့ ဘာတွေခွာသိပါလိမ့်၊ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကွာပြီးသား–အသိ။" ကြားတဲ့ စိတ်ကလေး နားထဲမှာ ပေါ်တယ်ဆိုလို့ ရှိရင်ဖြင့် 'ခန္ဓာ–ဒုက္ခသစ္စာ'တွေ မပေါ်သေးဘူးလား (ပေါ်ပါတယ်)။ အေး–ဒါကြောင့် ဒါက–အသိမှန်၊ 'ပစ္စက္ခအသိ'မှန်ကို ရောက်ပေါ့။ 'မိစ္ဆာဒိဋ္ဌိ'ကော ရှေသေးလား, အဝိဇ္ဇာကော ရှေသေး (မရှေ)။ 'ဝိစိကိစ္ဆာ'ရှိနေရင် 'အဝိဇ္ဇာ'ကိုး။ အင်း–'ဒိဋ္ဌိ'ကကော ရှေသေး (မရှေ)။ မရှေတော့ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကင်းတဲ့–အသိ" ဖြစ်ပြီးသကာလ နေတော့တယ်ဆိုတာ သဘောပါ။ ဒီလို ခန္ဓာသိရတဲ့ အသိကဖြင့် သောတာပန်အစစ်များသိတဲ့ အသိမျိုးနဲ့ မထူးတော့ဘူး။ "ဒိဋ္ဌိ,ဝိစိကိစ္ဆာကွာတဲ့–အသိ"နော်။ ဒီဥစ္စာ ဆရာသမားက အဖိုးတန်တယ်လို့ဆိုလို့ရှိရင် သြော်...တို့လဲ အန္ဓပုထုဇဉ်အဖြစ်မှ လွတ်ပြီး ကလျာဏပုထုဇဉ်အသိသို့ ရောက်လို့ ဆရာဘုန်းကြီး ဒီလောက်ဝမ်း မြောက်,ဝမ်းသာ ရှိတာကိုး ဆိုတာ ပေါ်လာတယ်။ အခု–ဘုန်းကြီးအသံများ ကြားကြရဲ့လား၊ ကြား တော့ နားထဲမှာ ဘယ်ခန္ဓာက ကြားတာပါလိမ့်၊ အဲ–ဝိညာဏက္ခန္ဓာက ကြားတယ်ဆိုတော့ သူတစ် ပါးတည်း ဖြစ်ကောင်းတာလဲ မဟုတ်တော့ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာကလဲ ကြား တယ် ဆိုလိုက်ရင်ကော မဟုတ်ဘူးလား။ အဲတော့ ခန္ဓာတွေက ကြားတာပေါ့။ ပုဂ္ဂိုလ်, သတ္တဝါက ကြားတာလား, ဘယ်သူက ကြားတာပါလိမ့်၊ အင်း–ဒါဖြင့် ခန္ဓာကကြားတာ ဖြစ်နေတော့ ပုဂ္ဂိုလ်, သတ္တဝါ ဆိုတဲ့–'ဒိဋ္ဌိ'ကလဲ လွတ်သွား၊ အင်း–ကြားချင်လို့ ဒီ–ကြားတဲ့သဘောလေး ပေါ်တာလား, အကြောင်းကြောင့် ပေါ်လာတာ၊ အင်း–အကြောင်းကြောင့် ပေါ်လာတာ ဆိုတော့ 'ဝိစိကိစ္ဆာ'လွတ် သွား၊ ဘယ့်နှယ်ကြောင့် ဆိုတဲ့–'ဝိစိကိစ္ဆာ' လာသေးလား (မလာပါ)။ အဲ–ကြားတာကလဲ ခန္ဓာက ကြားတယ်ဆိုတော့ 'ဒိဋ္ဌိ'လွတ်တယ်။ ဒီ–ကြားတဲ့ သဘောလေးတွေဟာလဲ အလိုလို ပေါ်လာတာ

လားဆိုတော့ ဘယ့်နှယ်ဆိုကြ၊ 'အကြောင်း–ပဋိစ္စသမုပ္ပါဒ်'ကြောင့် ဆိုထိုက်ပြီလား။ 'အကြောင်း–ပဋိစ္စသမုပ္ပါဒ်'ကြောင့် တပည့်တော်တို့သန္တာန် ကြားတဲ့ခန္ဓာ ပေါ်ပါတယ်လို့ သိသွားတဲ့အတွက်လဲ ဘာစင်သွားပြန် (ဝိစိကိစ္ဆာ စင်သွားပါတယ်)။ ခန္ဓာထဲမှာ အသိထူးလို့ သေပျော်ပြီ ဆိုတာကော ယုံပြီလား။ ဒါကြောင့် "ဟဠိဒ္ဒဝသနသုတ်"မှာ ဘုရားက ဟောတာ၊ **အကြင်ပုဂ္ဂိုလ်သည် "ပဋိစ္စသမုပ္ပါဒ်"ကိုသိ၏၊ ထိုပုဂ္ဂိုလ်သည် 'ခန္ဓာ–ဒုက္ခသစ္စာ' သိတယ်ကွ။** 'ခန္ဓာ–ဒုက္ခသစ္စာ' သိတဲ့–ပုဂ္ဂိုလ်မှ 'ပဋိစ္စသမုပ္ပါဒ်' သိနိုင်တာတဲ့။ 'ခန္ဓာ–ဒုက္ခသစ္စာ'မှ မသိသေးလို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ 'ပဋိစ္စသမုပ္ပါဒ်'လဲ သူ–မသိသေးပါဘူးကွတဲ့။ ဒီ–အသိသည်ကားလို့ ဆိုရင်ဖြင့် "ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကွာတဲ့–အသိ" မဟုတ်သေးဘူးလို့ ဘုရားက ပြောတာပဲ။ "ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ"ဆိုတာ သာမညလို့ မှတ်မနေနဲ့၊ သူ–မပြုတ်သရွေ့ ကာလပတ်လုံး ဝမ်းထဲမှာ သံသယရှိနေမယ်၊ ငါလို့ထင်နေမယ် ဆိုရင်တော့ဖြင့် အပါယ်တော့ သွားဖို့ရာ တရားနှစ်ခုဟာ သူတို့နှစ်ခုရှိရင် ဘာပဲလုပ်နေနေ ကုသိုလ်က–ကုသိုလ်တခြားအကျိုးပေးမှာပဲ၊ သူတို့ကတော့ဖြင့် အပါယ်မျိုးစေ့ရှိနေတယ်လို့သာ ဆုံးဖြတ်ချက်–ချ။ လောကီဥပမာ–ပြောကြပါစို့ ဆိုလို့ရှိရင်ဖြင့် ဒကာဒကာမတွေသန္တာန်မှာ အနာဟာ ပျောက်တော့ပျောက်သွားတယ်၊ ငုပ်သွားတယ် ဆိုတဲ့–အနာမျိုးကျတော့ စိတ်ချရပါ့ (မချရ)။ ဘာဖြစ်လို့တုန်း၊ တစ်နေ့နေ့တော့ ဘာဖြစ်မယ်ထင်၊ ပြန်ပေါ် သေမယ် မဟုတ်လား။ ဒီမှာလဲ ဒါန, သီလတွေ, သမထတွေကြောင့် ဗြဟ္မာပြည်တွေ, နတ်ပြည်တွေတော့ ကုသိုလ်ဒါနတွေက ရောက်အောင်ပို့မှာပဲ၊ သို့သော် သူကငုပ်ပါသွားတယ်။ ငုပ်ပါသွားတော့ သူက–ထောင်ထလာတဲ့ တစ်နေ့ကျတော့ ဘယ်လိုဆုံးဖြတ်ချက်ချမတုန်း၊ အပါယ်လေးပါး ပြန်ရောက်ရမယ်။ ဒါဖြင့် ငုပ်နာပျောက်ပြီး တက်ရလို့ ရှိရင်ဖြင့် ဆင်းကွက် မရှိဘူး။ ကိုင်း–ခင်ဗျားတို့ နားထဲမှာ ဘုန်းကြီးပြောတဲ့ အသံကြောင့် ကြားတဲ့–ခန္ဓာများ ပေါ်ကြရဲ့ (ပေါ်တယ်)။ ငါကြား သူကြားလား, ဒီခန္ဓာက ကြားတာလား (ခန္ဓာက ကြားတာ)။ အလိုလိုပေါ်တဲ့တရားလား၊ ကြားတဲ့တရားလေးဟာ (မဟုတ်ပါ)။ 'ပဋိစ္စသမုပ္ပါဒ်–အကြောင်း'ကြောင့် ဒီကကျုပ်တို့ အသံတည်းဟူသော 'ပဋိစ္စသမုပ္ပါဒ်၊' ခင်ဗျားတို့ နားရုပ်တည်းဟူသော 'ပဋိစ္စသမုပ္ပါဒ်' မရှိဘူးလား၊ အဲဒီ–နှစ်ကြောင်းပေါင်းလို့ ခုနက ကြားခန္ဓာတွေ ပေါ်တာ။ အကြောင်းကြောင့် ပေါ်လာတဲ့–ခန္ဓာ သိသဖြင့် 'ဝိစိကိစ္ဆာ'သေတယ်။ ကြားတာက ငါက, သူက ကြားတာမဟုတ်၊ ခန္ဓာကကြားတာ ဆိုသဖြင့်လဲ 'ဒိဋ္ဌိ'သေတယ်။ **"ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သတ်ပုံ၊ " ဒါမှ ရှင်းတော့။** ရှင်သာရိပုတ္တရာ "ဟဠိဒ္ဒဝသနသုတ်"မှာ သေသေချာချာ ခန္ဓာသိတဲ့ပုဂ္ဂိုလ်ဟာ 'ပဋိစ္စသမုပ္ပါဒ်'သိလို့ ခန္ဓာသိတာဟေ့တဲ့။ နဂိုက သိနေတဲ့ အသိကဖြင့် အဲဒါ–တကယ် 'ပစ္စက္ခသိ' မရောက်သေးတာ သေချာတယ်ကွလို့ ဆိုပြီး သေသေချာချာ ရှင်းတာ။ အဲ–မျက်လုံးထဲလဲ ခန္ဓာပေါ်ဦးမှာပဲ။ မြင်စိတ်ကလေး မပေါ်ဘူးလား၊ သူလဲ ခုနက နားထဲလိုပဲ နာမက္ခန္ဓာတွေ အကုန်–ပေါ်တာပဲ။ ဘယ်သူက မြင်တာတုန်းဆိုလို့ရှိရင်ဖြင့် ခန္ဓာကမြင်တာ၊ ဒီခန္ဓာအလိုလိုဖြစ်တာလား, ပဋိစ္စသမုပ္ပါဒ်–အကြောင်းကြောင့်လား (ပဋိစ္စသမုပ္ပါဒ်–အကြောင်းကြောင့်ပါ)။ ဒါဖြင့် ခန္ဓာကမြင်တာကို သိလိုက်သဖြင့် 'ဒိဋ္ဌိ'ပြုတ်တယ်၊ 'ပဋိစ္စသမုပ္ပါဒ်–အကြောင်း'ကြောင့် ဖြစ်တဲ့ခန္ဓာလို့ သိလိုက်သဖြင့် (ဝိစိကိစ္ဆာပြုတ်)။ သြော်

..."ဒိဋ္ဌ, ဝိစိကိစ္ဆာ ပြုတ်တဲ့–အမြင်" ဆိုတော့ သူအမြင်ဟာ သောတာပန်အစစ် အမြင်နဲ့ မထူးဘူး။ ဒါကြောင့် လေးလေးစားစား–နာပါ, လေးလေးစားစား–မှတ်ပါ ဆိုတာ ပြောရတယ်။ ခင်ဗျားတို့မှာ ငရဲမျိုးစေ့ရှိနေတာ ကော်ထုတ်ပစ်လိုက်တာ။ ဥပမာ–ဆူးလေးတစ်ခု ခြေထောက်မှာ ဆူးနေတယ်၊ ဆူး–မထွက်သရွေ့ အနာသော်လည်းကောင်း၊ အောင့်သက်သက်သော်လည်းကောင်း၊ သွားမှု, လာမှုကို အနှောင့်အယှက်သော်လည်းကောင်း ဖြစ်, မဖြစ် (ဖြစ်ပါတယ်)။ ဒီ–ဆူးလေးကို နာရီဝက် နှုတ်ရ, နှုတ်ရ၊ တစ်နာရီပဲ နှုတ်ရ, နှုတ်ရ ဆူးထွက်မှ အေးမှာပဲ။ ရှေးသိထားတာတွေကို လဲ ပယ်ရသေးတယ်။ ရှေးသိထားတာက စာသိကိုး၊ တစ်ဆင့်ကြားသိကိုး၊ ကိုယ့်ဟာကိုယ် ဒိဋ္ဌိဉာဏ်နဲ့ အသိကိုး။ **အသိက ၆–မျိုးတောင်ရှိတာ ဘုရားက ကျန်တဲ့ ၅–သိ အကုန်ပယ်ကွ၊ "ပစ္စက္ခသိ"တစ်ခု အမှန်ယူကွ။ ဒီ–ဟောထားတာက "သံယုတ်ပါဠိတော်"မှာ "ကောသမ္ဗိသုတ်" မှာ အထင်အရှား ဖြစ်ပြီးသကာလ နေတော့** ဩော်...တို့သိထားတဲ့ အသိဟာက လိုပါသေးလား ဆိုတာ ပေါ်လာတယ်။ နားထဲမှာ ကြားတာဟာ ဘယ်သူက ကြားပါလိမ့်၊ ခန္ဓာက ကြားတယ်လို့ ဘယ်အခါ ကြားကြား ဒီတိုင်းနှလုံးသွင်းလိုက်။ ခန္ဓာက–ကြားတယ်, ခန္ဓာက–ကြားတယ်၊ နာမက္ခန္ဓာက–ကြားတယ်။ နာမက္ခန္ဓာတည်းဟူသော ကြားတဲ့သဘောသည် ခုနက ဒီ–အသံတည်းဟူသော–ရုပ်၊ နားအကြည်တည်း ဟူသော–ရုပ်၊ ရုပ်အကြောင်းနှစ်ခု မရှိဘဲနဲ့ ကြားနာမ် ပေါ်နိုင်ပါ့ မလား၊ ပေါ်နိုင်စရာအကြောင်း မြင်သေးရဲ့လား (မမြင်ပါ)။ အဲဒီလို အကြောင်းနှင့်တကွ သိရပြန်တော့လဲ 'ဝိစိကိစ္ဆာ'က စင်တယ်။ ခန္ဓာကကြားတယ်လို့ သိရပြန်တော့လဲ (ဒိဋ္ဌိ စင်တယ်)။ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ စင်တဲ့–အသိ"ကို သိနေတော့ သောတာပန်သိတဲ့ အသိနဲ့ အတူတူ ဖြစ်သွား။ ဘယ်နေရာမှာ ဘယ်ခန္ဓာ ပေါ်ပေါ်၊ ဒီတိုင်းမှတ်ထား။ ကိုယ်ပေါ်မှာ ယားတဲ့စိတ်ကလေး ပေါ်တယ်။ ဘယ်သူက ယားတာတုန်း၊ ခန္ဓာက ယားတယ်၊ ယားချင်လို့ ယားတာလား, ပဋိစ္စသမုပ္ပါဒ်ကြောင့်လား (ပဋိစ္စသမုပ္ပါဒ်ကြောင့်ပါ)။ ဟော–"ဒိဋ္ဌိ, ဝိစိကိစ္ဆာ" ကွာကွာပြီး–သိ။ ခန္ဓာကိုယ်ထဲမှာ အခု–လေပြည်လေညင်းလေးက တိုက်နေတယ် ဒကာဒကာမတို့၊ ခံသာတဲ့စိတ်ကလေး မပေါ်ဘူးလား (ပေါ်ပါတယ်)။ အဲဒီ–ခံသာတဲ့စိတ်ကလေးဟာ ခံသာတာဟာ ပုဂ္ဂိုလ်, သတ္တဝါ၊ ကျုပ်ခံသာတာ သူခံသာတာလား, ခန္ဓာက ခံသာတာလား (ခန္ဓာက ခံသာတာပါ)။ ဒီ–ခံသာတာကလဲ ဘယ်ကလာတာပါလိမ့်၊ 'ပဋိစ္စသမုပ္ပါဒ်–အကြောင်း'ကြောင့် ဖြစ်ပေါ်လာတယ် ဆိုတော့ ဒီ–ခံသာတဲ့စိတ်ကလေးဟာလေ၊ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ"ကင်းပြီး ခင်ဗျားတို့က သိနေတယ်။ ဒါဖြင့် "ဒိဋ္ဌိ, ဝိစိကိစ္ဆာ"ကင်းတဲ့အခါကျတော့ 'သမ္မာဒိဋ္ဌိ–အသိ။' 'သမ္မာဒိဋ္ဌိ'ဆိုတော့ 'သမ္မာ'က–မှန်ကန်တာ၊ 'ဒိဋ္ဌိ'က–မြင်တာ၊ အမှန်သိ ဆိုတော့ 'ပစ္စက္ခသိ'–ရောက်။ ဩော်...တို့အသိသည်ကားလို့ ဆိုရင်ဖြင့် "ဒိဋ္ဌိ, ဝိစိကိစ္ဆာ"ကွာပြီးသကာလ သူများပြောနဲ့လဲ သိရတဲ့အသိ မဟုတ်၊ တစ်ဆင့်ကြားလဲ မဟုတ်၊ ကြုံလုံးနဲ့သိရတာလဲ မဟုတ်ဘူး၊ အကြောင်းအကျိုးဆက်ပြီး အမှန်အကန်သိရတဲ့ 'ပစ္စက္ခသိ' ရောက်ပါပေါ့လား ဆိုတဲ့အဓိပ္ပါယ် ရှင်းသွား။ ဒီခန္ဓာတွေပဲ ခန္ဓာထဲမှာ ဆက်ဆက်ပြီး နားမှာ ခန္ဓာပေါ်လိုက်၊ နားမှာ ကြားတဲ့ခန္ဓာ မပေါ်ဘူးလား (ပေါ်ပါတယ်)။ အင်း–ဝမ်းထဲကျတော့ ကြားလို့ ကောင်းတယ် ဆိုတော့ ဝမ်းထဲမှာ တဏှာဆိုတဲ့

ဝိညာဏက္ခန္ဓာကော ခန္ဓာတွေ မပေါ်ဘူးလား (ပေါ်ပါတယ်)။ ဥပါဒါန်ခန္ဓာတွေကော ဝမ်းထဲမပေါ် ဘူးလား (ပေါ်ပါတယ်)။ ကံခန္ဓာတွေကော၊ ကံခန္ဓာဆိုတာ သင်္ခါရက္ခန္ဓာတွေပေါ့၊ မပေါ်ဘူးလား (ပေါ်ပါတယ်)။ ကြားတာလဲ ခန္ဓာ၊ နှစ်သက်တာလဲ (ခန္ဓာ)၊ စွဲလမ်းတာလဲ (ခန္ဓာ)၊ အားထုတ်တာလဲ (ခန္ဓာ)။ ဩော်...ဒီခန္ဓာတွေသာ တန်းပြီးသကာလ နေတာပဲ။ ခန္ဓာတွေ ဟူသရွေ့ဟာ ဘာသစ္စာ (ဒုက္ခသစ္စာ)။ တစ်နေ့လုံး ဘာတွေများ လှည့်နေကြပါလိမ့်၊ "ဒုက္ခသစ္စာ"ချည်း လှည့်နေတယ်ဆိုတာ လေးလေးစားစား မှတ်လိုက်စမ်းပါ။ ဒါကြောင့် အဲဒီကျတော့မှ ခင်ဗျားရထားတဲ့ **"ခမ္မစကြာ"**မှာ မင်းတို့-ခန္ဓာဟူသရွေ့ "ဒုက္ခသစ္စာ"ချည်းပါပဲကွာ ဆိုတဲ့ဥစ္စာက ခင်ဗျားတို့က ဒီအပုံအထည်ကြီးကို ထင်နေတာ၊ ဦးခင်မောင်တို့ ခန္ဓာကိုယ်ဆို အလေးချိန် ၄၅-၅၀၊ ဒါကြီး ခန္ဓာထင်နေတာ။ စင်စစ် မဟုတ်ပါဘူးတဲ့။ ဒီ-အခု တစ်ခန္ဓာဖြစ်ပြီး နောက်တစ်ခန္ဓာ၊ တစ်ခန္ဓာချုပ်၊ နောက်တစ်ခန္ဓာဖြစ်၊ ဖြစ်တဲ့ခန္ဓာချုပ်၊ နောက်တစ်ခန္ဓာဖြစ်၊ ဒီခန္ဓာတွေ လှည့်ဖြစ်နေတာကို အကျဉ်းပြောရမှာဖြင့် ဒီခန္ဓာတွေ လှည့်ဖြစ်နေတာ။ "ဒုက္ခသစ္စာ"တွေကွ ဆိုတာ ခုနက ၃၅-၄၀ကြီးရှိသာ ပြောနေတာ မဟုတ်ဘူး။ ဒါဖြင့် ဒကာဒကာမတွေ တစ်နေ့လုံး ဘယ်ခန္ဓာတွေ ဆက်လှည့်နေပါလိမ့်၊ "ဒုက္ခသစ္စာ"ချည်းလှည့် နေတယ်။ အင်း-ကြားတာလဲ "ဒုက္ခသစ္စာ၊" လိုချင်တာလဲ (ဒုက္ခသစ္စာ)၊ စွဲလမ်းတာလဲ (ဒုက္ခသစ္စာ)၊ အားထုတ်တာလဲ (ဒုက္ခသစ္စာ)၊ နောက်တစ်ခါ စားချင်ပြန်တာလဲ (ဒုက္ခသစ္စာ)၊ စားလို့ကောင်းတာ လဲ (ဒုက္ခသစ္စာ)၊ စားလို့စွဲလမ်းတာလဲ (ဒုက္ခသစ္စာ)၊ နောက်တစ်ခါ စားဖို့အားထုတ်တာလဲ (ဒုက္ခ သစ္စာ)။ ကဲ-ဒါဖြင့် ဘာတွေလှည့်နေတုန်း (ဒုက္ခသစ္စာတွေ လှည့်နေပါတယ်)။ **"ပဋိစ္စသမုပ္ပါဒ်" သိမှ "ဒုက္ခသစ္စာ" သိတယ်ကွ၊ ပေါ်သွားပြီ။ "ပဋိစ္စသမုပ္ပါဒ်" မသိသေးရင် "ဒုက္ခသစ္စာ" မသိသေးပါဘူးတဲ့။** "ပဋိစ္စသမုပ္ပါဒ်" သူဟာနဲ့သူ တစ်ခုချုပ် တစ်ခုဖြစ်, တစ်ခုချုပ် တစ်ခုဖြစ်၊ ခန္ဓာကြီး 'ပစ္စက္ခသိ'တော့မှ "ဒုက္ခသစ္စာ"သိတယ်ဆိုတော့ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ"ကင်းပြီးသကာလ သိတဲ့ အသိ ဖြစ်လေသောကြောင့် ဩော်...ဒီအသိဟာဖြင့် 'နိဗ္ဗာန်'နီးဖို့၊ နီးတဲ့အသိပဲ ဆိုတာ အဖိုးတန် သွားပြီ။ နိဗ္ဗာန်ရောက်အောင် ကျေးဇူးပြုမယ့်အသိ။ "ဒုက္ခသစ္စာ"ကို "ဒုက္ခသစ္စာ"လို့ သိတာဟာ "မဂ္ဂသစ္စာ။" အရိုက-"ဒုက္ခသစ္စာ၊" အသိက-"မဂ္ဂသစ္စာ။" အရိုက ဘာတုန်း (ဒုက္ခသစ္စာ)၊ ခင်ဗျားတို့ ဘုန်းကြီးက ဟောလိုက်လို့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲ ပေါ်တာလေးတွေ သိလိုက်တော့ (မဂ္ဂသစ္စာ)၊ သေချာပြီလား။ အင်မတန်မှ ဒီဥစ္စာ **"သုညတတရား"** ဆိုတဲ့ဥစ္စာ မှန်လိုက်တာ "ဒုက္ခသစ္စာ"မှတစ်ပါး ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ အကုန်-ဆိတ်သုဉ်းနေတယ်။ "ဒုက္ခ သစ္စာ" သက်သက်ချည်းသာ သိတော့တာပဲ။ ဒီလို သိတော့မှ ဩော်...'ပဋိစ္စသမုပ္ပါဒ် တည်းဟူသော အကြောင်း'ကြောင့် ပေါ်လာတဲ့ခန္ဓာတွေဟာ ဘာသစ္စာတွေပါလိမ့်၊ "ဒုက္ခသစ္စာ"တွေနော်။ သူခင် တွယ်တာ ဘာသစ္စာဆိုကြ (သမုဒယသစ္စာ)။ သူခင်တွယ်တဲ့-တဏှာ သတ်တဲ့ဥစ္စာကို ဘာသစ္စာခေါ် ကြ (မဂ္ဂသစ္စာ)။ သူခင်တွယ်တာ သတ်ချင်လို့ ရှိရင်ဖြင့် သူ-ဝိပဿနာရှုလို့ သူ-"ဒုက္ခသစ္စာ"မှန်းသိ တဲ့-ဉာဏ်သာ လာမယ်ဆိုလို့ရှိရင်ဖြင့် "သမုဒယသစ္စာ"သေမှာပဲ။ အဲဒီအလုပ်ကိုသာလျှင် အများကြီး လုပ်ရမယ်ဆိုတာ မှတ်ပါ။ ဒါဖြင့် "ဒုက္ခသစ္စာ"သိတဲ့အလုပ်ကို အများကြီး လုပ်ရမယ်လို့ "ဟဋ္ဌိပဒေါ

ပမသုတ်"မှာ သေချာ–ဟောပါတယ်။ ဒါကြောင့် 'ဒုက္ခသစ္စာ'ပေါ်တိုင်း, ပေါ်တိုင်း နားထဲလဲ 'ဒုက္ခသစ္စာ'ပေါ်ပြီ၊ ဝမ်းထဲက လိုချင်တဲ့–ဒုက္ခသစ္စာ ပေါ်ပြန်ပြီ၊ စွဲလမ်းတဲ့–ဒုက္ခသစ္စာ ပေါ်ပြန်ပြီ၊ ပျက်ပြန်ပြီ၊ အားထုတ်တဲ့–သဘောလေး ပေါ်လာရင်ကော 'ဒုက္ခသစ္စာ'ပေါ်ပြန်ပြီ၊ ပျက်ပြန်ပြီ၊ ဒီလိုချည်း ရှုနေပါလား။ ဒီလိုချည်း ရှုနေတော့ ရှုတာက–"မဂ္ဂသစ္စာ၊" သေတာက–"သမုဒယ" ချုပ်တာဆို၊ သမုဒယ–ချုပ်၊ "နိဗ္ဗာန်"ဆုတောင်း နေရသေးလား။ ရှုနေတော့ "သမုဒယသစ္စာ"–ချုပ် မနေဘူးလား၊ သမုဒယချုပ်ရင် ဘာခေါ်ကြမတုန်း၊ "နိဗ္ဗာန်"ပဲ ဆိုတာ။ **"နိဗ္ဗာန်" ဆိုတာ "ဒုက္ခသစ္စာ" ရှုရင်းမတတ်နဲ့ "နိဗ္ဗာန်"ဟာ "သမုဒယ" ချုပ်သွားတဲ့အချိန် ပေါ်လာတာပဲ။ ကဲ–"နိဗ္ဗာန်"ဟာ ဒီလို–"ဒုက္ခသစ္စာ"တွေကို ပိုင်ပိုင်နိုင်နိုင် သိပြီး ရှုနေတဲ့အလုပ်သည် "နိဗ္ဗာန်ရောက်ကြောင်း အလုပ်။"** ဒါဖြင့် ဒီထဲ ပုဂ္ဂိုလ်, သတ္တဝါ သံသယ–ရှိသေးလား (မရှိပါ)။ ပုဂ္ဂိုလ်, သတ္တဝါများ ရှိသေးလား၊ တစ်နေ့လုံး ခန္ဓာကြီးလှည့်ပတ်ပြီး ပေါ်နေတာတွေဟာ "ဒုက္ခသစ္စာ"မှတစ်ပါး ဘာရှိသေး (မရှိပါ)။ ပုဂ္ဂိုလ်, သတ္တဝါ ရှိသေးလား (မရှိပါ)။ သံသယကော ရှိသေးလား (မရှိပါ)။ "ဒုက္ခသစ္စာ"မှ ဟုတ်ကဲ့လားလို့ကော သံသယ–ရှိသေးလား၊ မရှိလို့ရှိရင်ဖြင့်တဲ့ ဒီဓမ္မတွေဟာ အကယ်၍ 'နိဗ္ဗာန်'မရသေးလဲ ဒီ–"ဒုက္ခသစ္စာ"လှည့်မှာပဲ။ "ဒုက္ခသစ္စာ"တွေ တစ်ခုချုပ် တစ်ခုဖြစ်နဲ့ လာသင့်, မလာသင့်၊ 'နိဗ္ဗာန်'မရသေးရင် (လာမှာပါ)။ ကဲ–ဒါဖြင့် ပုဂ္ဂိုလ်, သတ္တဝါ ပါသေးလား (မပါပါ)။

ကိုင်း–ဒါဖြင့် **"အနုရာဓ"** ဆက်ကြစို့တော့နော်။ 'အနုရာဓ'က သတ္တဝါသေရင် ဖြစ်သေးသလားလို့ တိတ္ထိမေးတာကိုလဲ သူစိတ်ထဲ သူ–သဘောကျကျ ဖြေတာ ဟုတ်ကဲ့လား (မဟုတ်ပါ)။ သတ္တဝါသေရင် မဖြစ်တော့ဘူးလားလို့ မေးတဲ့အခါလဲ သူဖြေတော့ အဖြေတော့မှန်ပါရဲ့၊မှန်ပင်မှန်ငြားသော်လည်း သူ့–'ပစ္စက္ခသိ'နဲ့ဖြေတာ ဟုတ်ကဲ့လား (မဟုတ်ပါ)။ သူကို "ဒိဋ္ဌိ, ဝိစိကိစ္ဆာ"မကုန်ဘူးနော်။ သတ္တဝါသေရင် ဖြစ်ချည်တစ်လှည့်, မဖြစ်ချည်တစ်လှည့်လားလို့ မေးတော့လဲ ဒီဟာတွေ ဘုရား–မဖြေပါဘူးလို့ သူပြောတာကော သူဉာဏ်ထဲရှင်းပြီး ပြောတာလား, မရှင်းဘဲနဲ့ပြော၊ မရှင်းရင် သူ–'ဝိစိကိစ္ဆာ'ရှိ။ သတ္တဝါသေရင် လုံးဝ မဖြစ်ဘူး၊ ဖြစ်သည်လဲ တစ်ခါတလေ ရှိသေးတယ်လို့ ဒီအယူကော ယူသေးသလား–သူ၊ မယူတော့ ဘုရားလဲ ဒီလိုအယူ မယူပါဘူးလို့ သူ–မဖြေဘူးလား၊ ဖြေပေမယ့် သူ့ဉာဏ်ထဲမှာ ရှင်းရဲ့လား၊ မရှင်းတော့ သူ့ဘာရှိတုန်း (ဝိစိကိစ္ဆာရှိပါတယ်)။ 'ဝိစိကိစ္ဆာ'ရှိခဲ့သော် 'ဒိဋ္ဌိ'ပြုတ်ကဲ့လား (မပြုတ်ပါ)။ ဒါဖြင့် 'ဒိဋ္ဌိ'ရော, 'ဝိစိကိစ္ဆာ'ရော 'အနုရာဓ'မှာ ရှိတယ်။ ဟောဒါ သူက–သတ္တဝါတွေ ယူထားလို့ ခက်နေတာ။ ဒါ–သတ္တဝါတွေ ဟုတ်ကြရဲ့လား၊ ဘာသစ္စာတွေတုန်း (ဒုက္ခသစ္စာ)။ သေပြန်တော့ကော "စုတိ–ဒုက္ခသစ္စာ၊" ပဋိသန္ဓေ နေပြန်တော့ကော (ပဋိသန္ဓေ–ဒုက္ခသစ္စာ)၊ ပဝတ္တိနေပြန်တော့ကော "ပဝတ္တိ–ဒုက္ခသစ္စာ"ပဲ။ ဒီတိုင်းမနေဘူးလား။ ကဲ–ဒါဖြင့် "ဒုက္ခသစ္စာ" စက်ကြီးသာ လှည့်တယ်၊ သတ္တဝါသေ ဖြစ်သေးလားလို့ ဘာ–သတ္တဝါက နဂိုက မပါဘူးဘဲနဲ့ ဖြစ်သေးလား မေးဖို့ လိုသေးလား (မလို)။ သတ္တဝါသေရင် မဖြစ်တော့ဘူးလားကော (မလိုပါ)။ သတ္တဝါသေရင် ဖြစ်ချည်တစ်လှည့်, မဖြစ်ချည်တစ်လှည့်လား (မလိုပါ)။ သတ္တဝါသေရင် လုံးဝမဖြစ်ဘူး, တစ်ခါတလေ ဖြစ်သေးတယ်လို့ ဆိုရမှာလား (မဆိုရ)။ အဲဒီလို ရှင်းထား

တော့ ဒကာဒကာမတွေမှာဖြင့် "ဒိဋ္ဌိ, ဝိစိကိစ္ဆာ"ပြုတ်တဲ့ ရှင်းပြီးသားဖြစ်နေ ဉာဏ်ထဲမှာ, ဉာဏ်ထဲမှာ၊ 'ပဋိစ္စသမုပ္ပါဒ်'သိပြီး 'ခန္ဓာ–ဒုက္ခသစ္စာ' သိကြတာကိုး။ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သူ–သွားမေးတယ်။ တပည့်တော် တိတ္ထိတွေက လာမေးတယ်ဘုရား၊ ၄–ချက်လာမေးတယ်။ တပည့်တော်ကတော့ဖြင့် ၄–ချက်စလုံးပဲ ဘုရားကတော့ဖြင့် ဒီအယူ အယူဘူးလို့ပဲ ဖြေလိုက်တယ်။ သို့သော်လည်း သူတို့ပြန်သွားတဲ့အခါမှာ ကိုယ်မှာ ပူပန်မှုတစ်ခု ပေါ်လာတယ်။ ဒီဟာတွေ နောက်ထပ်လာမေးရင် သူ–ဘယ်လိုလုပ်ပြီး ဘုရားအကြိုက်ကျအောင် ဖြေရပါ့မတုန်း၊ ဆိုတော့ သူဟာသူ ရှင်းရဲ့လား၊ သူဟာသူ မရှင်းတာ ဘာခေါ်ကြမယ် (ဝိစိကိစ္ဆာ)။ ဘုရားက တွေးမိ၊ 'အနုရာဓ' သူ ကိုယ်တိုင်ကိုပဲ 'ဝိစိကိစ္ဆာ'မပြုတ်၊ 'ဒိဋ္ဌိ'ကလဲ–ကျန်၊ ဒါကြောင့် တိတ္ထိတွေက နောက်တစ်ဖန် လာမေးရင်ဖြင့် သူတော့ဖြင့် ဘုရားအကြိုက် ဖြေဖို့ရာ အတော်ခက်နေပြီ ဆိုတော့ သူ့အကြိုက်ကို မပါဘူး။ ဒါဖြင့် သူ–'ပစ္စက္ခသိ' ရောက်, မရောက် (မရောက်ပါ)။ ဘုရားက သူကိုပဲ သောတာပန်တည်အောင် ဟောဦးမှပါပဲ။ ဘုရားက ခန္ဓာငါးပါး 'ပဋိစ္စသမုပ္ပါဒ်' ခုနကပြောတဲ့ ခန္ဓာငါးပါးဟာ ဘယ်နှစ်ပါးဖြစ်ဖြစ် ဘယ်သူကြောင့်ဖြစ်၊ **"ပဋိစ္စသမုပ္ပါဒ်–အကြောင်း"**ကြောင့် ဖြစ်တယ်။ ခင်ဗျားတို့သန္တာန်မှာ ကြားစိတ်ကလေး နားထဲမှာ ခုနက ကြားစိတ်ကလေး 'ပဋိစ္စသမုပ္ပါဒ်'ကြောင့် ပေါ်ဘူးလား (ပေါ်ပါတယ်)။ ခုနက ကြားတဲ့စိတ်ကလေးဟာ အခု–နောက်ကြားတဲ့စိတ် ပေါ်တော့ ရှိသေးရဲ့လား (မရှိပါ)။ အရင်–ကြားတဲ့စိတ်ကလေးဟာ **အနိစ္စလား, နိစ္စလား မေးရင်** ဘယ့်နှယ်ပြော (အနိစ္စ)။ အဲဒီ–အနိစ္စရောက်သွားတဲ့ အရင်–ကြားတဲ့စိတ်ကလေးဟာ **ဒုက္ခလို့ ဆိုမလား, သုခလို့ ဆိုမလား**၊ ဒုက္ခလို့ ဆိုရမယ်နော်။ အဲဒီ–ချုပ်သွားတဲ့ကြားစိတ်ကလေးကို **ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာလို့ လိုက်ပြီးစွဲနိုင်ပါ့**၊ ဘယ်စွဲနိုင်လိမ့်မလဲ၊ **ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ ဆိုလို့ရှိရင် "ပဋိစ္စသမုပ္ပါဒ်"က ခံနိုင်ပါ့မလား (မခံနိုင်ပါ)။ "ပဋိစ္စသမုပ္ပါဒ်"က သူလုပ်ထားတာ မဟုတ်လား**။ အဲတော့ ဒီလို ၃–ချက် ဟောလိုက်ပါတယ်တဲ့။ ဒါ–'အနုရာဓ' ဟောတဲ့တရားနော်။ 'အနုရာဓ' "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" မပြုတ်လို့ ဘုရားဟောနေတာ။ ကိုင်း–ဒါဖြင့် ဒကာဒကာမတို့ ကြားတဲ့စိတ်ကလေးဟာ ကြားတိုင်း, ကြားတိုင်း မပေါ်ပေဘူးလာ (ပေါ်ပါတယ်)။ 'ပဋိစ္စသမုပ္ပါဒ်'ကြောင့် ပေါ်တာနော်။ 'ပဋိစ္စသမုပ္ပါဒ်' ကြောင့် ကြားတဲ့ခန္ဓာလေး မပေါ်ဘူးလား။ အဲဒီ–ဝိညာဏက္ခန္ဓာ၊ ကြားတဲ့ဝိညာဏက္ခန္ဓာလေးဟာ အခု–ရှိသေးရဲ့၊ မရှိတော့ ဘယ့်နှယ်ကြောင့် သူ မရှိပါလိမ့်၊ ဒါဖြင့် အနိစ္စဖြစ်သွားပြီ။ အဲဒီ–အနိစ္စဖြစ်သွားတဲ့ ကြားစိတ်ကလေး ဒုက္ခဆိုမလား, သုခဆိုမလား (ဒုက္ခပါ)။ ဒါဖြင့် ဒုက္ခလဲရောက်သွားတဲ့ ကြားစိတ်ကလေးကို ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာလို့ ဆိုနိုင်ရဲ့လား (မဆိုနိုင်ပါ)။ 'အနုရာဓ'က ဒီတိုင်း ဖြေလိုက်ရော။ ဒါဖြင့် 'အနုရာဓ' မင်းသည် ခန္ဓာငါးပါးစလုံး သူတော့ မေးတာပေါ့။ မေးပြီး ဒီတိုင်းပဲ အဖြေထွက်လာတော့ ဘုရားကလဲ ဟောရင်း သူကလဲ ခန္ဓာကို ဉာဏ်နဲ့ နှလုံးသွင်းရင်း ဟောတော့ကိုး၊ အဖြစ်အပျက်တွေ ခုနက အနိစ္စဆိုတဲ့ ဖြစ်ပျက်တွေ–မြင်, ဖြစ်ပျက်တွေ မုန်းပေါ့၊ ဖြစ်ပျက်အဆုံး ဖြစ်တော့ သောတာပန်တည်သွားပြီ။ ဘုရားက ဆက်မေးတယ်။ ဟေ့...'အနုရာဓ' **ရုပ်တရားကို ပုဂ္ဂိုလ်, သတ္တဝါ ဆိုနိုင်ပါ့မလားလို့ မေးလိုက်တယ်။ မဆိုနိုင်ပါဘူးဘုရား ဖြေတာပဲ။ ဝိညာဏ်တရား၌ပဲ သတ္တဝါ, ပုဂ္ဂိုလ်လို့ကော ဆိုနိုင်လို့ ရရဲ့ (မရပါ)။ ဒါဖြင့် ပုဂ္ဂိုလ်, သတ္တဝါ**

**ဆိုတာသည် ဝိညာဏ်မှတစ်ပါးကိုကော ပုဂ္ဂိုလ်, သတ္တဝါ ဆိုစရာ ရှိရဲ့လား (မရှိပါ)။ ခန္ဓာငါးပါးမှ တစ်ပါးကိုလဲ (ပုဂ္ဂိုလ်, သတ္တဝါ) ဆိုစရာ ရှိရဲ့လား (မရှိပါ)။** ဒါ-'အနုရာဓ' မေးလိုက်တော့ ဆိုစရာ မရှိပါဘူး၊ ပုဂ္ဂိုလ်, သတ္တဝါတွေ ပျောက်မနေဘူးလား၊ ဒါဖြင့် အခု-နားထဲပေါ်တဲ့ ခန္ဓာငါးပါးမှ တစ်ပါး တခြားသောတရားကိုလဲ ပုဂ္ဂိုလ်, သတ္တဝါလို့ ဆိုမလားလို့ မေးပြန်တာပဲ၊ မဆိုနိုင်ဘူး။ ဒါဖြင့်ကွာ ခန္ဓာငါးပါးအပေါင်းကို ပုဂ္ဂိုလ်, သတ္တဝါ ဆိုမလားလို့ မေးပြန်တယ် (မဆိုနိုင်)။ ဒါဖြင့် ခန္ဓာငါးပါးမှ တခြားသောတရားကိုကော မင်း-ပုဂ္ဂိုလ်, သတ္တဝါ ဆိုမလား မေးပြန်တယ် (မဆိုနိုင်ဘူး)။ ပုဂ္ဂိုလ်, သတ္တဝါ မရှိလို့ သေရင်ဖြစ်သေးသလားဆိုတာ ရှင်းမသွားသေးဘူးလား။ မဖြစ်တော့ဘူး ဆိုတာကော (ရှင်းတယ်)။ ပုဂ္ဂိုလ်, သတ္တဝါကို နဂိုကမှ မပါတာချည်း မဟုတ်လား။ ဟော့-'အနုရာဓ' ငါ-သေသေချာချာ ဟောမယ်ကွာတဲ့ မင်းသည်ကားလို့ ဆိုလို့ ရှိရင် ခန္ဓာငါးပါးကိုလဲ ပုဂ္ဂိုလ်, သတ္တဝါ ဆိုစရာ မဟုတ်ဘူး၊ ခန္ဓာငါးပါးမှ တစ်ပါးလဲ ပုဂ္ဂိုလ်, သတ္တဝါ ရှိရဲ့လား၊ မရှိတော့ကို မင်းသည်ကား သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးရင် ဘယ့်နှယ်ဖြေမတုန်းလို့ ဆိုလို့ရှိရင်ဖြင့် ဘယ်လိုမှ ဖြေစရာ မရှိပါဘူး၊ သတ္တဝါ မရှိလို့။ သတ္တဝါသေရင် မဖြစ်တော့ဘူးလား မေးရင်ကော (ဖြေစရာ မလိုဘူး)။ ဘယ့်နှယ်ကြောင့် မလိုတာတုန်း၊ နဂိုက မရှိလို့။ နဂိုကမှ ခန္ဓာရှိတာကိုး။ ပုဂ္ဂိုလ်, သတ္တဝါသေရင် ဖြစ်ချည်တစ်လှည့်, မဖြစ်ချည်တစ်လှည့်လား ဖြေစရာ မလိုပါဘူး။ ပုဂ္ဂိုလ်, သတ္တဝါမှ နဂိုက ပါကြရဲ့ (မပါ)။ သတ္တဝါသေလို့ ရှိရင် မဖြစ်တော့ဘူး၊ တစ်ခါတလေလဲ ဖြစ်သေးတယ် ဆိုတဲ့သဘောမျိုးကော ယူနိုင်ရဲ့လား (မယူနိုင်)။ ဘာဖြစ်လို့တုန်း၊ ပုဂ္ဂိုလ်, သတ္တဝါ မရှိလို့ ဆိုတော့ ဩော်...ဒါဖြင့် ဘာရှိပါလိမ့်မတုန်းလို့ မေးဖို့တစ်ခါ ပေါ်မလာဘူးလား။ ကြားတဲ့ခန္ဓာလေးဖြစ်တော့ ခန္ဓာလေးက ဘာသစ္စာ (ဒုက္ခသစ္စာ)။ ကြားပြီး နှစ်သက်တာလေး-ချုပ်၊ နှစ်သက်တာချုပ်ပြီး စွဲလမ်းတာလေး ပေါ်လာပြန်တော့လဲ၊ ဒုက္ခပေါ်တာပဲ။ စွဲလမ်းတာလေး ချုပ်သွားတော့ကော ခန္ဓာ-ဒုက္ခချုပ်တယ်လေ။ "ခန္ဓာ-ဒုက္ခသစ္စာ" မဟုတ်လား။ ဒါဖြင့် ဒုက္ခသစ္စာဖြစ်ပြီး ဒုက္ခသစ္စာချုပ်တာပဲ။ ကဲ-**"အနုရာဓ"တဲ့ တစ်သက်လုံးသာ မင်း-မှတ်တော့ ဆိုပြီး ဘုရားက အဖြေပေးလိုက်။ မင်းတို့ တစ်ကိုယ်လုံးမှာ "နိဗ္ဗာန်" မရမချင်း၊ ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာပဲ ရှိတယ်လို့ မင်း...သေသေချာချာ-မှတ်။ ဒါဖြင့် ဒုက္ခဖြစ်တာက-"ဒုက္ခသစ္စာ၊" ဒုက္ခချုပ်တာက-"နိရောဓသစ္စာ၊" ဒုက္ခဖြစ်ခြင်း၏ အကြောင်းက ("သမုဒယသစ္စာ")၊ ဒုက္ခချုပ်ခြင်း၏ အကြောင်းက-"မဂ္ဂသစ္စာ၊" ဒါပဲ-ရှိ။** ခင်ဗျားတို့ ခန္ဓာကြီး ဖြစ်ပေါ်လာရင် ဘာသစ္စာတုန်း (ဒုက္ခသစ္စာ)။ ဟာ-ဒါတွေများ မဖြစ်တော့ဘူး ဆိုရင် ဘယ့်နှယ်ဆိုကြ (နိရောဓသစ္စာ)။ ဒီခန္ဓာကြီးဟာ "ဒုက္ခသစ္စာ"ဖြစ်လာတာ ဘယ်သူ့ကြောင့်ပါလိမ့်၊ "သမုဒယ"ကြောင့် ဆိုတော့ 'ပဋိစ္စသမုပ္ပါဒ်'ကြောင့်ပေါ့။ အင်း-ဒီခန္ဓာကြီး ချုပ်သွားတာလဲ ဘယ့်နှယ်ကြောင့်ပါလိမ့်၊ "မဂ္ဂသစ္စာ" အားထုတ်လိုက်လို့ ချုပ်သွားတာ။ ဒါဖြင့် ဒကာဒကာမတို့ သန္တာန်မှာ အခု-ဆက်သွယ်ပြီး ပြောလိုက်တော့ တစ်ကိုယ်လုံးမှာ 'နိဗ္ဗာန်' မရသေးသရွေ့ ကာလပတ်လုံး ဒုက္ခဖြစ်နေမှာပဲ၊ ဒုက္ခဖြစ်ပြီး ဒုက္ခချုပ်နေမှာပဲ ရှိမှာပဲ။ **"နိဗ္ဗာန်"ရောက်သွားတဲ့ ပုဂ္ဂိုလ်ကျတော့ ဒုက္ခဖြစ်ပြီးသကာလ**

**နောက်–ဒုက္ခချုပ်သွား၊ ချုပ်သွားပြီး နောက်ဒုက္ခအဖြစ် မလာဘူး၊ ဒုက္ခချုပ်ပြီး ပြီးတော့တာပဲ။** ဒါဖြင့် ခန္ဓာကိုယ် တစ်သံသရာလုံး ကျုပ်တို့, ခင်ဗျားတို့မှာ ဘယ်လိုများ နေခဲ့ရတယ် ဆိုတာ ကိုယ်အဖြစ်ကို ကိုယ်ပေါ်ရောပေါ့။ ဘယ်လိုများ နေခဲ့ကြ၊ ဒုက္ခဖြစ်တယ်, ဒုက္ခချုပ်တယ်၊ နောက်တစ်ခါ ဘာဖြစ်နေပြန်တယ် (ဒုက္ခဖြစ်တယ်, ဒုက္ခချုပ်တယ်)။ သို့သော် ဒုက္ခက အဖြစ်ကချည်း လိုက်နေတော့ အဲဒီ–ဖြစ်တာပဲ ချုပ်တယ်၊ လုံး၀ချုပ်သွားတာကို တစ်ခါမှ မလာခဲ့ဘူး။ ကျုပ်တို့ သံသရာထဲမှာ ဖြစ်ဒုက္ခ, ပျက်ဒုက္ခ လည်နေတယ် ဆိုကြစို့။ ဖြစ်ရတဲ့ဒုက္ခရယ်, ပျက်ဆုံးရတဲ့ဒုက္ခရယ်၊ ဒါပဲ တစ်သံသရာလုံးလည်နေတယ်။ အခုလဲ ဒကာဒကာမတွေ ဘယ်လိုများ ခန္ဓာကြီး လည်နေပါလိမ့်မတုန်း စဉ်းစားစမ်း၊ ဖြစ်တဲ့ဒုက္ခ ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ ဖြစ်တဲ့ဒုက္ခ တွေ့လိုက်၊ ပျက်တဲ့ဒုက္ခကို တွေ့လိုက်။ နောက်တစ်ခါ ကြည့်ပြန်ရင်ကော (ဖြစ်တဲ့ဒုက္ခ တွေ့လိုက်၊ ပျက်တဲ့ဒုက္ခကို တွေ့လိုက်)။ ဒါပဲလှည့်တွေ့နေတော့ သြော်...ဘာတွေများပါလိမ့်မတုန်းလို့ စဉ်းစားလိုက်တဲ့အခါ ဒုက္ခစက်ရဟတ်ကြီး မပြတ်လည်နေတာပဲ။ ဘာများလည်နေပါလိမ့်၊ **ဒုက္ခစက်ရဟတ်မပြတ်လည်နေတယ်လို့ ဉာဏ်ထဲမှာ မြင်ရမယ်**။ အဲတော့ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်မှာ ဖြစ်တာလဲမြင်မှာပဲ၊ ပျက်တာလဲ–မြင်။ ဖြစ်တာမြင်လဲ သြော်...ဖြစ်တာလဲ "ဒုက္ခသစ္စာ"ပဲ၊ ဖြစ်တာလဲ ခန္ဓာဖြစ်လာတာကိုး။ **ခန္ဓာက "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ"**ဆိုတော့၊ ဖြစ်တာလဲ "ဒုက္ခသစ္စာ၊" ဖြစ်တာလေး ပျောက်သွားပြန်တော့ကော ပျက်တဲ့–"ဒုက္ခသစ္စာ"ပဲ။ နောက်တစ်ခါ ဖြစ်ပြန်တော့ကော (ဖြစ်တဲ့–ဒုက္ခသစ္စာ)၊ နောက်တစ်ခါ ပျက်သွားပြန်တော့ (ပျက်တဲ့–ဒုက္ခသစ္စာ)။ ဒါဖြင့် ဖြစ်ဒုက္ခ, ပျက်ဒုက္ခပေါ့။ ကျုပ်တို့ အခု–ဘယ်လို နေကြရတုန်း (ဖြစ်ဒုက္ခ, ပျက်ဒုက္ခ နေကြရပါတယ်)။ နောက်က ဘယ်လိုနေခဲ့ရတုန်း (ဖြစ်ဒုက္ခ, ပျက်ဒုက္ခ နေခဲ့ရပါတယ်)။ အင်း–ဖြစ်ဒုက္ခ, ပျက်ဒုက္ခမှ ဇာတ်သိမ်းအောင် မလုပ်နိုင်ကြရင် ရှေ့–ဘာများဖြစ်ဦးမှာတုန်း (ဖြစ်ဒုက္ခ, ပျက်ဒုက္ခ ဖြစ်ဦးမှာပါ)။ ဘယ်မတုန်း ပုဂ္ဂိုလ်, သတ္တဝါ ပါသေးလား (မပါ)။ ဒီလို–"သစ္စာဉာဏ်" ဆိုက်သွားတော့မှ သြော်...တို့သည်ကားလို့ ဆိုလို့ ရှိရင်ဖြင့် တစ်သံသရာလုံးရော, အခုရော ဖြစ်ဒုက္ခ, ပျက်ဒုက္ခနဲ့ပဲ အဖော်လုပ်နေရတယ်၊ ဘယ်တော့မှ ကောင်းကွက် ဆိုတာ မပါပါဘူး။

ဒါဖြင့် **ဖြစ်ဒုက္ခ, ပျက်ဒုက္ခ ဇာတ်သိမ်းကြပါစို့၊** ခင်ဗျားတို့က ဉာဏ်ထဲမှာ ဘုန်းကြီးပြောတဲ့အတိုင်း ထင်လာလို့ ရှိရင်ဖြင့် ဒါ–ဇာတ်သိမ်းမှာပဲ။ ခင်ဗျားတို့က ခန္ဓာကိုယ်ကြည့်ပါ။ စိတ်ဖြင့် စိတ်တစ်လုံးတည်း–ကြည့်၊ ဝိညာဏက္ခန္ဓာတစ်လုံးတည်း–ကြည့်၊ ဝေဒနာဖြင့် ဝေဒနာက္ခန္ဓာတစ်လုံးတည်း–ကြည့်၊ ကြည့်ချင်တာ ကြည့်ပါ။ ဖြစ်ဒုက္ခ, ပျက်ဒုက္ခကို မမြင်မြင်အောင် ကြည့်ပါ။ ဖြစ်တာလေး မြင်လို့ "ဒုက္ခသစ္စာ"ပဲ၊ ပျက်တာလေး မြင်ပြန် (ဒုက္ခသစ္စာ)၊ ဖြစ်တာလေး မြင်ပြန် (ဒုက္ခသစ္စာ)၊ ပျက်တာလေး မြင်ပြန် (ဒုက္ခသစ္စာ)။ အဲ–"ဒုက္ခသစ္စာ"ချည်း မြင်ပြီးသကာလ နေတော့ ဒါ–**"ယထာဘူတဉာဏ်"**ရပြီ။ "ယထာဘူတဉာဏ်"ရတာပေါ့။ "သစ္စာနုလောမိကဉာဏ်ကြီး"ပဲဥစ္စာ။ သစ္စာနဲ့လျော်တဲ့ဉာဏ်ကြီး ရထားကာပဲ သေချာပြီလား။ ဆက်ရှုပါဦး၊ ဒီ–ဒုက္ခချည်း ဖြစ်ဒုက္ခ, ပျက်ဒုက္ခချည်း မြင်နေရတော့ မုန်းလာမှာပေါ့၊ မမုန်းပေဘူးလား (မုန်းပါတယ်)။ ဉာဏ်တက်လာပြီ ဒကာဒကာမ

တို့။ ကြည့်ရတာတော့ ဒါပဲနော်။ သို့သော် ကြည့်ပါများလို ဘာဖြစ်လာ (မုန်းလာတယ်)။ ကိုယ်က မုန်းချင်လို့ မုန်းတာလား၊ ကြည့်ပါများလို့ မုန်းတာ။ မုန်းပေမယ့်လဲ ဆရာဘုန်းကြီးက ဆက်ကြည့်၊ ဆက်ကြည့်၊ ဆက်ကြည့် ခင်ဗျားတို့ မုန်းတာက ကိလေသာကုန်အောင် မမုန်းသေးဘူး။ မုန်းယောင်ပဲရှိသေးတယ်။ ကိလေသာကုန်အောင်မုန်းရင် ဆုံးရမှာကိုး။ ဆက်ရှုပါဦး၊ ဆက်ရှုပါဦးဆိုပြီး ဆရာဘုန်းကြီးက သတိပေးလိုက်ပါတယ်။ သတိပေးလိုက်တော့ ဩော်...ဖြစ်တာလဲ–ဒုက္ခပဲ၊ ပျက်တာလဲ–ဒုက္ခ၊ ဒုက္ခမှတစ်ပါး ကြားဝင်စရာ သုခကို မရှိပါလား ဆိုတော့မှ ဒုက္ခပိုင်းခြားလာ၊ ဒုက္ခပိုင်ပိုင်နိုင်နိုင် သိလာ။ ဒုက္ခပိုင်ပိုင်နိုင်နိုင် သိလာတော့ ဩော်...ဖြစ်တဲ့ဒုက္ခရယ်၊ ပျက်တဲ့ဒုက္ခရယ် ကြားထဲလဲ အခြားမရှိဘူး၊ သုခကြား ဝင်သေးလား (မဝင်ပါ)။ ဒါဖြင့် ဒုက္ခသက်သက် သုခမရောမယှက် ဆိုတော့ ဒုက္ခကို ပိုင်ပိုင်နိုင်နိုင် သိပြီ။ ဒုက္ခ ပိုင်ပိုင်နိုင်နိုင် သိတဲ့ ဖျတ်ဆို–မဂ်ဉာဏ်ဝင်လာတာ။ မဂ္ဂင်ရှစ်ပါး ဝင်လာပြီပေါ့။ ဟိုက–"ဒုက္ခသစ္စာ"ကို "မဂ္ဂသစ္စာ"နဲ့ ပိုင်ပိုင်နိုင်နိုင် သိလိုက်တော့ မဂ္ဂင်ရှစ်ပါး ဝင်မလာဘူးလား။ ဝင်လာသည်နဲ့ တစ်ပြိုင်နက်တည်း ခုနက ပိုင်ပိုင်နိုင်နိုင် သိတဲ့ဒုက္ခတွေ ဖျတ်ခနဲ ဆိုရင် **ဓာတ်ရှင်များ ဓာတ်သိမ်းလိုက်သလို ဘာမှ မရှိတော့ဘူး၊ ချုပ်သွား။** ချုပ်သွားတဲ့အခါကျလို့ ရှိရင်ဖြင့် မဂ္ဂင်က ဘာမြင်နေတုန်း၊ **ဒုက္ခချုပ်တာ မြင်နေတာ။ ဟ–ဒုက္ခမရှိဘူး, ဒုက္ခမရှိဘူးလို့ သူ–မသိပေဘူးလား။** နဂိုကတော့ ဖြစ်ဒုက္ခ, ပျက်ဒုက္ခတွေ သူတွေ့နေတာကိုး။ အဲဒါတွေ မုန်းနေတာကိုး၊ အခု–သေချာ စဉ်းစားပြီးသကာလ **မဂ်လဲ ဝင်လာရော လိုချင်တဲ့စိတ် လုံးဝမှ မရှိဘူး၊ ဒီဥစ္စာကြီးဟာ "ဒုက္ခသစ္စာ" အစစ်ပဲလို့လဲ ဆုံးဖြတ်ချက်လဲ ချပါရော၊ ဖြစ်ဒုက္ခ, ပျက်ဒုက္ခတွေ ရှေ့နားမှာ ဖျတ်ခနဲ–ပျောက်၊ ပျောက်သွားတော့ အဲဒါ ဩော်...ဒါ–ဒုက္ခ မရှိတော့ပါဘူး ဆိုတာ မသိပေဘူးလား။ ဘာဖြစ်လို့ ကြည့်ရင်းမတ်တတ်ပျောက်သွား၊ ကြည့်ရင်းမတ်တတ် ပျောက်သွားတော့၊ ဒုက္ခ–မရှိတာက ဘာသစ္စာ ဆိုကြမယ် (နိရောဓသစ္စာ)၊ မရှိကြောင်း ကောင်းကောင်းသိတာက (မဂ္ဂသစ္စာ)၊ ဟော–သောတာပန်တည်ပြီ။** မဂ်ပြီးဖိုလ်လာတာပဲ 'အကာလိကော၊' ဒါ–ဘုန်းကြီးဟောစရာ မလိုပါဘူး။ အဲဒီလိုတည့်သွားတော့ကို ဒုက္ခချုပ်အောင် ကြည့်ရလိမ့်မယ်။ အဲဒီကဲ့သို့ ကြည့်တော့ ဒုက္ခလဲ ချုပ်သွားရော၊ "ဒုက္ခနိရောဓော နိဗ္ဗာန်" မလာဘူးလား၊ ဒုက္ခနိရောဓော နဲ့ နိဗ္ဗာန် ဆိုသဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာနိရောဓောလဲ နိဗ္ဗာန်ပဲ၊ သောတာပန်၏ နိဗ္ဗာန်ပေါ့၊ ရဟန္တာ၏ နိဗ္ဗာန်တော့ မဟုတ်သေးဘူး။ "ဒိဋ္ဌိ ဝိစိကိစ္ဆာနိရောဓော နိဗ္ဗာန်"ဆိုတော့ "တဏှာနိရောဓော နိဗ္ဗာန်" ပဲ ဒါက။ ဒါဖြင့် နိဗ္ဗာန်ဘယ်နှစ်ချက် ရသတုန်း၊ နှစ်ချက်ရတယ်။ ဒုက္ခနိရောဓော (နိဗ္ဗာန်)၊ ဒိဋ္ဌိ ဝိစိကိစ္ဆာနိရောဓော (နိဗ္ဗာန်)။ အဲတော့ **သောတာပန်ပုဂ္ဂိုလ်မှာ "နိဗ္ဗာန်" နှစ်ချက်ရ။ ခန္ဓာချုပ်တဲ့–နိဗ္ဗာန်၊ ကိလေသာချုပ်တဲ့–နိဗ္ဗာန်။ "နိဗ္ဗာန်"ရတော့ကို ဒီ–ပုဂ္ဂိုလ် အပါယ်လေးပါး တံခါး–ပိတ်။ ဘာဖြစ်လို့ ပိတ်တုန်း ဆိုတော့ "ကိလေသာနိရောဓော"ကြောင့် ပိတ်သွား။** "ကိလေသာနိရောဓော" ဆိုသဖြင့် အပါယ်ကျစေတဲ့ လောဘ, ဒေါသ, မောဟတွေလဲ ကိလေသာနိရောဓောဖြစ်သွား။ အပါယ်မျိုးစေ့ ဖြစ်တဲ့–ဒိဋ္ဌိ, ဝိစိကိစ္ဆာလဲ နိရောဓ–ဖြစ်။ အပါယ်ကို ကျစေတတ်တဲ့ ခုနက လောဘ, ဒေါသ, မောဟတွေကော နိရောဓ မဖြစ်သေးဘူးလား (ဖြစ်သွားပါတယ်)။

အဝိဇ္ဇာတွေကော (ဖြစ်တယ်)။ သူမှာ အဝိဇ္ဇာတော့ ရှိတော့ ရှိတယ်၊ ရှိပေမယ့် အပါယ်ကျတတ်တဲ့- အဝိဇ္ဇာ မရှိပါဘူး။ အပါယ်ကျတတ်တဲ့-လောဘ (မရှိပါဘူး)။ အပါယ်ကျတတ်တဲ့-ဒေါသ၊ မရှိပါ ဘူး ဆိုတော့ ဩော်...ဒါဖြင့် "ပထမနိဗ္ဗာန်" သူ-ပိုင်သွားပြီ။ ဒါဖြင့် ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာ ခင်ဗျားတို့မြင်အောင်ကြည့်ဖို့ ခင်ဗျားတို့အရေး၊ နိဗ္ဗာန်ဟာ အလိုလိုပေါ်လာ။ ဒုက္ခဖြစ်တာ, ဒုက္ခပျက် တာကိုသာ ခင်ဗျားတို့က ဒုက္ခဖြစ်တာနဲ့ ဒုက္ခပျက်တာမှတစ်ပါး ဘာမှမရှိဘူး ဆိုတာကို မြင်တိုင်း, မြင်တိုင်း ဆုံးဖြတ်ချက် ချပြီးသကာလ ခင်ဗျားတို့ကြည့်နေဖို့ အရေးဟာ ခင်ဗျားတို့အရေး။ တကယ် ခင်ဗျားတို့ ဉာဏ်ထဲမှာ တကယ်ပိုင်လာရင် ဖျတ်ဆို ဒုက္ခဖြစ်တာရော, ဒုက္ခပျက်တာရော ချုပ်သွား မှာပဲ။ ချုပ်သွားရင် အဖြစ်ဒုက္ခ, အပျက်ဒုက္ခ ချုပ်သွားတော့ကို "ခန္ဓာနိရောဓော နိဗ္ဗာနံ၊ ဒိဋ္ဌိနိရော ဓော ဝိစိကိစ္ဆာနိရောဓော နိဗ္ဗာနံ။" ဖြစ်သွားတော့ကို ဒါ-သောတာပန်တည်တယ်လို့ ခေါ်ရတယ်။

'အနုရာဓ'ကို ဒီလိုတည်အောင် ဟောပြီးတော့မှ 'အနုရာဓ' မေးလိုက်တယ်၊ ဟော့-ပုဂ္ဂိုလ်, သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးတော့ ဖြေစရာ မရှိဘူး။ ပုဂ္ဂိုလ်, သတ္တဝါသေရင် မဖြစ်တော့ ဘူးလား မေးပြန်တော့ (ဖြေစရာ မရှိပါ)။ ပုဂ္ဂိုလ်, သတ္တဝါသေရင် ဖြစ်ချည်တစ်လှည့်, မဖြစ်ချည် တစ်လှည့်လား (ဖြေစရာ မရှိပါ)။ ပုဂ္ဂိုလ်, သတ္တဝါသေရင် လုံး၀မဖြစ်ဘူး, တစ်ခါတလေ ဖြစ်သေး တယ် ဆိုတဲ့-အဓိပ္ပါယ်လား (ဖြေစရာ မရှိပါ)။ အဲ...မင်း-ဒီလို အခု-သိသွားတဲ့ အခါကျတော့ မင်း-ဘာရင်လေးစရာ ရှိသေးတုန်း ဆိုတော့မှ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ စင်သွားပြီးတဲ့-အဖြေ"ကို သူရ တော့မှပဲတဲ့ ခုနက ရင်အေးသွားတော့တယ်။ သူပါ-သောတာပန် တည်သွားတယ်။ ။

## ဤတွင် ၁၉၆၀ခုနှစ် မန္တလေးမြို့ဟော "အနုရာဓသုတ်" ပြီး၏။

♠♠♠♠♠♠♠♠

( မန္တလေးမြို့ဟော )

# ၉ . ၂ . ၆၁

# ၅၆၊ အနုရာဓရဟန်း ဥပမာပြ၊ ဒိဋ္ဌိပြုတ်ရေး အမှတ် (၁) တရားတော်။

( "အနုရာသုတ်၊" "ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။" )

မှတ်ချက်။ ။

(✱)(၁)။ **ဒီနေ့က "ဒိဋ္ဌိပြုတ်ခန်း"ကို သေသေချာချာ ဟောမှာ ဖြစ်နေတော့ ဒီဟာကို စ-မပြောရင် ဖြစ်ကို မဖြစ်ဘူးနော်။ ဒီဘဝ ဘယ်က စတုန်း၊ ဝိညာဏ်က စတော့ ဒါတွေဟာ အားလုံးအကုန် ဘာတဲ့တုန်းလို့ မေးတဲ့အခါကျတော့ နောက်ဆုံးပိတ်-ပါဠိ (ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ)။ ဘာတဲ့တုန်း ဒါဖြင့်၊ "ဒုက္ခအစုကြီး" ဖြစ်လာတာကွ၊ ဒီ-တစ်တန်းလုံးဟာ "ဒုက္ခအစုကြီး" ဖြစ်လာတာလို့ အဖြေထုတ်လိုက်ပါတယ်။**

(၂)။ "ဒုက္ခသစ္စာ"ဆိုတာ တို့-မွေးကထည်းက သေသည့်တိုင်အောင် ဆိုတာကိုး မှတ်ထားလိုက်။

(✱)(၃)။ **"အနုရာဓ"ကို ဟောချင်လို့ "ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။"**

(၄)။ "ဒိဋ္ဌိပြုတ်"ပြီးမှ ရှုမှသာလျှင် မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရနိုင်တယ်လို့ မှတ်လိုက်ပါ။

(၅)။ "ဒိဋ္ဌိပြုတ်မှု" ရှေ့ထားပြီးသကာလမှ ဖြစ်ပျက်နောက်မှ ရှုပါ။ ဒါ-အလုပ်သမားမှာ ၁-နံပါတ် အကောင်းဆုံး မှာခြင်းပဲ, သတိပေးခြင်းပဲလို့ မှတ်လိုက်စမ်းပါ။

(၆)။ ယနေ့ည ဒကာဒကာမတွေ ကယ်တင်တဲ့-အဓိပ္ပါယ်က သြော်...ဒါတွေဟာ ပဋိသန္ဓေနေထည်းက စလိုက်တဲ့-ရုပ်တွေ, နာမ်တွေ တောက်လျှောက် ပေါ်ပြီးသကာလ လာလိုက်တာတွေ နည်းသလား၊ ဒါတွေ ဘုရားက ဘာလို့ ဆိုလိုက်ပါလိမ့်၊ "ဒုက္ခအစု"တွေ ပေါ်တာကွ။

(✱)(၇)။ **ရှေးဦးစွာ "ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး" သိထားတော့မှ သြော်...ငါတို့သန္တာန်မှာ ယောကျာ်း, မိန်းမ မပါ၊ "ဒုက္ခသစ္စာ"သာ ထပ်ပြန် တလဲလဲ ပေါ်နေ၏ ဆိုတာ သေသေချာချာ မှတ်ပါ။**

(၈)။ ယနေ့-တရားမှာ ဘာရှေ့ထား၍ ဘာနောက်ထားရမှာလိမ့်မလဲ ဆိုတာ

တစ်ပွဲလုံး ဆုံးဖြတ်ချက် ချစမ်း ဘာတုန်း၊ ဒိဋ္ဌိဖြုတ်တာကို (ရှေ့ထား ရမယ်)။ ဝိပဿနာကို (နောက်ထားရမယ်)။

(၉)။ ဒိဋ္ဌိဖြုတ်ချင်ရင် "ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်"ကို ရှေ့ထားပါ။

(၁၀)။ "ဝိပဿနာ" မရှုမီ ဘာလုပ်ရမယ် (ဒိဋ္ဌိဖြုတ်ရမယ်)။ "ဒိဋ္ဌိ" မဖြုတ်ခင် ကိုယ့်ခန္ဓာဖြစ်စဉ်ကို သိရမယ်။ ဒါ–နောက်ကနေ ပြန်ပြောပြန်တယ်။

(၁၁)။ "ပဋိစ္စသမုပ္ပါဒ်"သိမှ "ဒိဋ္ဌိပြုတ်တယ်။" "ဒိဋ္ဌိပြုတ်"မှ "ဝိပဿနာ"ရှုလို့ ရတယ်။ ဒိဋ္ဌိပြုတ်ပြီး ဝိပဿနာရှုမှ "မဂ်ဉာဏ်" ပေါ်နိုင်တယ်။

(၁၂)။ ဒါ–ဒီနေ့ဟာ တော်တော် အရေးကြီးတဲ့–နေ့။

**(*)(၁၃)။ "ဝိပဿနာ" မရှုမီ ဘာလုပ်ရမတုန်း (ဒိဋ္ဌိဖြုတ်ရမယ်)။ "ဒိဋ္ဌိဖြုတ်"အောင် ဘာနားလည်ရမတုန်း၊ "ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်" နားလည်ရမယ် ဆိုတာ ပေါ်လာကြ။ ဒါ–"အစဉ်ကိုက်" ပြောနေတယ်။**

**(*)(၁၄)။ ဒီနေ့ လေးလေးစားစား မှတ်စမ်းပါဦး။ ကောင်းအောင်ဟောတဲ့–တရား မဟုတ်ဘူး၊ "မဂ်ဆိုက်, ဖိုလ်ဆိုက်အောင် ဟောနေတဲ့–တရား၊" "လမ်းစဉ် မှန်အောင် ဟောနေတဲ့–တရား"လို့ ဆုံးဖြတ်ချက် ချကြပါနော်။**

(၁၅)။ ဒါက "လောဘ–သမုဒယ"ကို ဆိုသည် မဟုတ်၊ ဖြစ်ကြောင်း, ဖြစ်ကျိုး ကို ဆိုသည်လို့–မှတ်။

**(*)(၁၆)။ "ဒုက္ခက္ခန္ဓဿ သမုဒယော၊" "သမုဒယ" မပါဘူးလား။ ဒုက္ခဖြစ်ကြောင်း နဲ့ ဒုက္ခဖြစ်ကျိုးပဲ ရှိတယ်လို့ မင်းတို့ ဘာမှ မပါဘူးတဲ့။**

**(*)(၁၇)။ ယနေ့ အတော်–နေရာ ကျသွားပြီ။ အသိနဲ့ ဒိဋ္ဌိပြုတ်ပြီ။**

**(**)(၁၈)။ "ဒိဋ္ဌိဖြုတ်" သက်သက် ဟောနေတာ။**

**(*)(၁၉)။ ကိုယ့်သန္တာန် ဒုက္ခဖြစ်ကြောင်းနဲ့ ဒုက္ခဖြစ်ကျိုးသာ ရှိတယ် ဆိုတာကို ဖြင့် သေသေချာချာ တစ်သက်လုံး မှတ်ပါတော့ ဒါ–ဒိဋ္ဌိကွာနေ။ အဲဒီ– ကွာပြီးမှ ဝိပဿနာ–ရှုရ။**

**(*)(၂၀)။ "ဝိပဿနာ" မရှုမီ ဘာလုပ်ရမတုန်း (ဒိဋ္ဌိကွာရမယ်)။ ဒိဋ္ဌိကွာအောင် ဘာကိုနားလည်ရ၊ "ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်"ကို နားလည်ရ။ "ခန္ဓာ့ပဋိစ္စ သမုပ္ပါဒ်"ထဲ ဘာသာလျှင် ရှိတုန်း၊ "သမုဒယ"နဲ့ "ဒုက္ခ"ပဲ–ရှိ။**

(၂၁)။ "မဂ္ဂသစ္စာ"နဲ့ "နိရောဓသစ္စာ"ဟောမယ် ဆိုတော့။

(၂၂)။ မလိုချင်တဲ့–ဉာဏ်နဲ့မှ "နိဗ္ဗာန်"ကို ရမယ်။

(*)(၂၃)။ "မဂ္ဂ"လုပ်မှ "နိရောဓ"ရမယ်။ "သမုဒယ"လုပ်ရင် ("ဒုက္ခ"ရမယ်)။
(**)(၂၄)။ **ယနေ့-"သစ္စာလေးပါး" မသိဘူးလား။**
(*)(၂၅)။ "ဒိဋ္ဌိပြုတ်"ချင်လို့ရှိရင် "ပဋိစ္စသမုပ္ပါဒ် ဖြစ်တာနဲ့ ချုပ်တာသိမှ ပြုတ်မယ်။" "ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်၏ ဖြစ်မှု, ချုပ်မှု-သိရင် ဒိဋ္ဌိပြုတ်၏။"
(*)(၂၆)။ ဖြစ်တာဟူသရွေ့-"ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊" ပျက်တာဟူသရွေ့-"ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ၊" မလာလား။
(**)(၂၇)။ **"ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်း" သိတော့ကို "ဒုက္ခ"နဲ့ "သမုဒယ" သိတယ်။ "ပဋိစ္စသမုပ္ပါဒ် ချုပ်ကြောင်း" သိတော့ကို "မဂ္ဂ"နဲ့ "နိရောဓ"-သိ။ "သစ္စာလေးပါး" သိတာပဲ မကြဘူးလား။**

**#** ခန္ဓာကိုယ်ကြီး ဖြစ်စဉ်ကို ရှေးဦးစွာ ပြရမယ်လို့ မှတ်ထားကြပါ။ ခန္ဓာကိုယ် ယခုဘဝ ဘယ်က စသတုန်းလို့ မေးဖို့ လိုလာတယ်နော်။ **"သင်္ခါရပစ္စယာ ဝိညာဏံ"**က မှတ်ထားလိုက်တာပေါ့။ ဩော်...ဝိညာဏ်ဆိုတော့ အမိဝမ်းခေါင်းထဲမှာဖြစ်စေ, ပြင်ဘက်မှာဖြစ်စေ၊ စိတ်က စဖြစ်သကိုး ဆိုတာတော့ ပေါ်လာကျတော့မှာပေါ့နော်။ **"သင်္ခါရပစ္စယာ ဝိညာဏံ"**ဆိုတာ ဘယ်သူဆိုပါလိမ့်၊ စိတ်ကိုဆိုတာ။ 'ဝိညာဏ်'ဆိုတာ စိတ်ကိုဆိုတယ်လို့ သေချာမှတ်ထားပါ။ **"ပဋိစ္စသမုပ္ပါဒ်ပါဠိတော်"** ဘုရား-မပွင့်လဲ ရှိတဲ့-ပါဠိတော်။ ဘုရား-ပွင့်လဲ ရှိတဲ့-ပါဠိတော် ဖြစ်နေတော့ ဒကာဒကာမတွေက တို့ဘယ်က စပါလိမ့်မတုန်း မေးတော့ **"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"**ဆိုတော့ စိတ်ဝိညာဏ်က စတယ်လို့မှတ်ပါနော်။ ဒါက-အစကိုးလို့ဆိုတာ မှတ်ထားလိုက်တော့ ဒီကနေပြီး "ပဋိစ္စသမုပ္ပါဒ်" အဆုံးရတဲ့ ပုဂ္ဂိုလ်တွေကျတော့ ရှင်းပါလိမ့်မယ်နော်၊ **"ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊"**ဆိုတော့ "ဒုက္ခအစုကြီး" ဖြစ်တယ်ဟေ့လို့ ဒီကနေပြီး စကားမပြောဘူးလား။ ဒါဖြင့် ဒီကစပြီး ဒီမှာလျှောက်ဖြစ်တာတွေဟာ အကုန်ဒုက္ခချည်းပဲလို့ ဘုရားက နိဂုံးချုပ် ဟောလိုက်ပါတယ်။ ဝိညာဏ်ကစပြီး နာမ်ရုပ်တွေ ဟာတွေဟာ ဘာသစ္စာတွေတဲ့တုန်းလို့ မေးနေမှာ စိုးဒါနဲ့ ဘုရားက "ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊" ရှင်းကြပြီလား။ 'ဒုက္ခ'က-'ဒုက္ခ၊' 'အန္ဓ'က-'အစု၊' 'သမုဒယော ဟောတိ'ဆိုတာ ဒါတွေဟာ ဟောဒီက စဖြစ်ခဲ့တာတွေ ကြားထဲ ဘာပဲဖြစ်ဖြစ်ကွာတဲ့ ဒုက္ခတွေဖြစ်ခဲ့တယ်လို့ မှတ်လိုက်စမ်းပါလို့ ဘုရားက အဆုံးပြလိုက်ပါတယ်။ **ဒီနေ့က "ဒိဋ္ဌိပြုတ်ခန်း"ကို သေသေချာချာ ဟောမှာ ဖြစ်နေတော့ ဒီဟာကို စ-မပြောရင် ဖြစ်ကို မဖြစ်ဘူးနော်။ ဒီဘဝ ဘယ်က စတုန်း၊ ဝိညာဏ်က စတော့ ဒါတွေဟာ အားလုံး အကုန် ဘာတဲ့တုန်းလို့ မေးတဲ့အခါကျတော့ နောက်ဆုံးပိတ်-ပါဠိ (ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ)။ ဘာတဲ့တုန်း ဒါဖြင့်၊ "ဒုက္ခအစုကြီး" ဖြစ်လာတာကွ၊ ဒီ-တစ်တန်းလုံးဟာ**

**"ဒုက္ခအစုကြီး" ဖြစ်လာတာလို့ အဖြေထုတ်လိုက်ပါတယ်။** အဲတော့ ကိုယ်ဘယ်က စတယ်၊ ကိုယ်အစသည်ကားလို့ ဆိုရင် ကြားထဲမှာ ဘာဖြစ်ခဲ့တယ် ဆိုတဲ့ဥစ္စာ သိဖို့ရာကျတော့ ဘုရားက **"သင်္ခါရပစ္စယာ ဝိညာဏံ"**က စတယ်ဟော့ ဒီဘဝမှာ။ **"ဝိညာဏပစ္စယာ ဘာတဲ့ ကဲ-နာမရူပံ"**ဆိုတော့ နာမ်တွေ, ရုပ်တွေဖြစ်တယ်ဆိုတာ ထားလိုက်ပါတော့။ နိဂုံးချုပ်က ဘာတဲ့ မင်းတို့ ဒီက ဘာပဲဖြစ်ဖြစ် လာ ဖြစ်တာဟူသရွေ့ 'ဒုက္ခအစုကြီး'ပဲ မှတ်လိုက်။ ကျုပ်တို့ ပဋိသန္ဓေနေထည်းက ခန္ဓာကိုယ်ထဲမှာ နာမ်ရုပ်ပေါ်ပေါ်၊ သဠာယတန ဆိုတဲ့-'စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ'ပေါ်ပေါ်၊ ဖဿပေါ်ပေါ်၊ ဝေဒနာပေါ်ပေါ်၊ 'တဏှာ,ဥပါဒါန်,ကံ' ပေါ်ချင်တာပေါ်၊ ဘာအစုကြီး ပေါ်လာတာတဲ့ 'ဒုက္ခအစုကြီး' ပေါ်လာတာလို့ ရှင်းထားလိုက်တော့မှ ဩော်...တို့သည်ကားလို့ ဆိုရင် **တို့သန္တာန်ဖြစ်သရွေ့ "ဒုက္ခ သစ္စာ"ချည်းလို့ မှတ်လိုက်။** ကိုယ့်သန္တာန် စိတ်ပေါ်လဲ ဘာပေါ်တာပါလိမ့် (ဒုက္ခသစ္စာ)။ နာမ်ရုပ် ပေါ်လဲ (ဒုက္ခသစ္စာ)။ ဝေဒနာပေါ်လဲ (ဒုက္ခသစ္စာ)။ တဏှာပေါ်လဲ (ဒုက္ခသစ္စာ)။ အကုန်-"ဒုက္ခ သစ္စာ"ပဲ၊ ဖြစ်ပျက်နေတော့ "ဒုက္ခသစ္စာ"ပဲ ဆိုရမှာပဲ။ ဥပါဒါန်ပေါ်တော့ကော (ဒုက္ခသစ္စာ)။ ဥပါဒါန် ပြီး ကံပေါ်တော့ကော (ဒုက္ခသစ္စာ)။ ကဲ-ဒီဘဝ ပေါ်ချင်တာပေါ်၊ ဒကာဒကာမတွေသန္တာန်မှာ တစ်ခု ပြီး တစ်ခုတော့ ဆက်ပေါ်မှာပဲတဲ့၊ ပေါ်တာဟူသရွေ့ ဘုရားက ဒကာဒကာမတွေ အမှတ်လွဲနေမှာ စိုးသောကြောင့် **မင်းသန္တာန် ပေါ်သရွေ့ "ဒုက္ခက္ခန္ဓဿ"**ဟော့။ "ဒုက္ခက္ခန္ဓဿ"ဆိုတာ မြန်မာလို ပြန် လိုက်တော့ (**ဒုက္ခအစုကြီး**)။ ဒီ-စိတ်ပေါ်လာတယ်ဆိုတော့ သူနဲ့ ရှင်ဖော်ရှင်ဖက်နဲ့ ပေါ်ရသောကြောင့် 'ဒုက္ခအစု။'နာမ်ပေါ်လာတယ်ဆိုတာ နာမ်တစ်ခုတည်း ဘယ်တော့မှ မပေါ်ဘူး၊ သူနဲ့ရှင်ဖော်ရှင်ဖက် တရားတွေနှင့်တကွ ပေါ်သောကြောင့် ဘာပေါ်တယ် ဆိုကြမယ် (ဒုက္ခအစု)။ ရုပ်ပေါ်တယ်ဆိုတော့ လဲ ရုပ်တစ်ခုတည်း ပေါ်တာမှ မဟုတ်ဘဲ၊ ပထဝီ, အာပေါ, တေဇော, ဝါယောတွေ ပေါင်းပေါ်တာ မဟုတ်လား။ ဘာပေါ်တာပါလိမ့်၊ ဒါဖြင့် (ဒုက္ခအစု)။ စက္ခုပေါ်လာပါတယ်၊ 'စက္ခုဒသက' ပေါ်လာ တယ် ဆိုတော့လဲ စက္ခုနှင့်တကွ ၁၀-ခုတောင် ပေါ်လာတာ ဖြစ်သောကြောင့် ဘာအစုတဲ့ (ဒုက္ခ အစု)။ အေး-ဒါဖြင့် သဠာယတနတွေ ပေါ်ချင်တာပေါ်၊ ဘာအစု ပေါ်တာပါလိမ့် (ဒုက္ခအစု)။ ဒါဖြင့် **"သဠာယတနပစ္စယာ ဖဿော"**လို့ ပေါ်လာတော့ ပြောတော့တာ ဖဿလို့ဆိုတာ ဖဿနဲ့ အတူတ ကွ ဖြစ်ဖော်ဖြစ်ဖက်နဲ့ ပေါ်သောကြောင့် ဘာပေါ်လာတာ (ဒုက္ခအစု)၊ **ဖြစ်ပြီးပျက်တဲ့-'ဒုက္ခအစု'ပဲ ပေါ်တယ်။ "ဖဿပစ္စယာ ဝေဒနာ"**လို့ ပေါ်ပြန်တော့လဲ ဘာပေါ်တယ်ဆိုကြ (ဒုက္ခအစု)။ တဏှာ ရယ်လို့ ပေါ်လာပြန်တော့လဲ ဘာဆိုကြမတုန်း၊ 'ဒုက္ခအစု'ပဲ၊ ဖြစ်ပြီးပျက်တဲ့-'ဒုက္ခအစု'ပဲ။ တဏှာ သည် သူနဲ့ ရှင်ဖော်ရှင်ဖက် တရားတွေနှင့်တကွ တွဲပေါ်တယ်။ တဏှာ, ဥပါဒါန် ပေါ်ပြန်တော့လဲ ဘာအစုပေါ်ပြန် (ဒုက္ခအစု)။ တစ်ခါ ကံတွေ ပေါ်လာပြန်တော့လဲ ဘာအစုပေါ်လာ (ဒုက္ခအစု)။ အဲဒါတွေကို ဒကာဒကာမတွေက ငါ, **သူတစ်ပါး, ယောကျ်ား, မိန်းမတွေ ထင်မှာစိုးတဲ့အတွက် ဟောဒီက စ၍ ဒီအဆုံးဟာကွာ ငါဘုရား-သေသေချာချာ မှာခဲ့ပါမယ်၊ မင်းတို့ ဘာမှ အတွေးလွဲပြီး သကာလ အယူအဆ မမှားပါနဲ့တော့ "ဒုက္ခက္ခန္ဓဿ"**ဟော့။ စပေါ်ထည်းက အဆုံးအထိ ဘာတဲ့တုန်း၊ 'ဒုက္ခက္ခန္ဓဿ' ဆိုတဲ့-ပါဠိဟာ ကျေနပ်ပါပြီလား။ ဒကာဒကာမတွေသန္တာန်မှာ တစ်နေ့လုံး မြင်လိုက် တယ်ဆိုတော့ မြင်စိတ်ပေါ်တာပဲ၊ ဘာပေါ်ပါလိမ့်၊ မြင်စိတ်ပေါ်တာလဲ ဒုက္ခပေါ်တာ။ မြင်ပြီး လို

ချင်ပြန်တယ်လို့ ပေါ်လာပြန်တယ် (ဒုက္ခပေါ်တာ)။ လိုချင်ပြီး စွဲလမ်းပြန်တယ် ဆိုပြန်တော့ စွဲလမ်းတဲ့–ဒုက္ခ ပေါ်လာတာပဲ၊ စွဲလမ်းတဲ့ ဥပါဒါန်–ဒုက္ခပေါ့။ စွဲလမ်းလို့ အားထုတ်ပြန်တော့ကော၊ အားထုတ်တဲ့ စေတနာ–ဒုက္ခ မပေါ်ဘူးလား (ပေါ်တယ်)။ ဒါဖြင့် တစ်သံသရာလုံး ပဋိသန္ဓေနေထည်းက စလိုက်တာ သေသည့်အဆုံးကျအောင် ဒကာဒကာမတွေ ခန္ဓာကြီးတန်းနေတာ ဘာတွေများ တန်းနေပါလိမ့်မလဲလို့ မေးရင် ဘယ့်နှယ်ပြောကြ၊ ဒုက္ခတွေတန်းနေတယ် ဆိုတော့ ဩော်... **"ဒုက္ခသစ္စာ" ဆိုတာ တို့–မွေးကထည်းက သေသည့်တိုင်အောင် ဆိုတာကိုး မှတ်ထားလိုက်။** ကြားထဲပေါ်တဲ့ စိတ်တွေလဲ ဘာတွေဆိုကြ (ဒုက္ခ)။ ဒီ–ဥစ္စာ "ဒိဋ္ဌိဖြုတ်"ချင်လို့ ဒီလောက်–ချီနေတာနော်။ **"အနုရာဓ"ကို ဟောချင်လို့ "ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်"**မှာ လာတဲ့ 'အနုရာဓ'မှာ ဒကာဒကာမတွေ ဒီ–စကားလေးနည်းနည်းမှတ်လိုက်စမ်း။ အနိစ္စ,ဒုက္ခ,အနတ္တ,ဖြစ်ပျက်တွေ မြင်ပါရဲ့သားနဲ့ နိဗ္ဗာန်မရဘူး။ 'အနုရာဓ'ဆိုတဲ့ ရဟန်းလေးဟာ ဖြစ်ပျက်တွေ အနိစ္စ, ဒုက္ခ, အနတ္တတွေ မြင်ပါရဲ့သားနဲ့ ဘာဖြစ် (နိဗ္ဗာန် မရ)။ ဘယ့်နှယ်ကြောင့် နိဗ္ဗာန် မရပါလိမ့်မတုန်း၊ ဖြစ်ပျက်တွေ မြင်ပါရဲ့သားနဲ့ နိဗ္ဗာန် မမြင်ပါလိမ့်, မရောက်ပါလိမ့်, မရပါလိမ့်မလဲလို့ မေးတော့ ဒီဟာတွေကို **"ဒုက္ခသစ္စာ"လို့ သူက မသိဘဲနဲ့နေတော့ 'ဒိဋ္ဌိ'မပြုတ်တာနဲ့ မရဘဲ ဖြစ်နေတယ်။ "ဒိဋ္ဌိဖြုတ်မှု"သည်ကားလို့ ဆိုရင်ဖြင့် ဒီ–ဒုက္ခ တန်းနေတာကြီး ပေါ်သရွေ့ ဒုက္ခတွေသိမှ ဩော်...ငါ, သူတစ်ပါး, ယောကျ်ား မဟုတ်ပါလား၊ "ဒုက္ခသစ္စာ"သာ ဟုတ်ပါလား။ "ဖြစ်ပျက်–ဒုက္ခသစ္စာ"သာ ဟုတ်ပါလား ဆိုပြီး "ဒိဋ္ဌိပြုတ်" ပြီးမှ ရှုမှသာလျှင် မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရနိုင်တယ်လို့ မှတ်လိုက်ပါ။** ဒိဋ္ဌိ မပြုတ်ဘဲနဲ့ ဖြစ်ပျက်တွေ မြင်ငြားသော်လည်း (မဂ်ဉာဏ်,ဖိုလ်ဉာဏ် မရနိုင်ပါ)။ ဒိဋ္ဌိပြုတ်ပြီးမှ ဖြစ်ပျက်တွေ မြင်ရင် (မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရတယ်)။ ဒါ– **ယနေ့ည စသင်ပြီ။** ဒါ–ဝတ္ထုသက်သေသာဓကနှင့်တကွ ထုတ်ပြီးသကာလ ဘုရားကိုယ်တိုင် တော်ကိုယ်ပဲ ဒီ–ငါလူက ဒိဋ္ဌိ မပြုတ်ဘဲနဲ့ ရှိနေလို့ ဒိဋ္ဌိပြုတ်အောင် ဟောဦးမှပဲ ဆိုမှ ခရီးပေါက်သွားတာတွေ ဧကန်ဖြစ်နေတယ်။ ဒါဖြင့် ဒကာဒကာမတို့ ဖြစ်ပျက်ရှုမှုနဲ့, ဒိဋ္ဌိဖြုတ်မှုနဲ့ ဘယ်သူရှေ့ထားကြမယ်၊ **"ဒိဋ္ဌိဖြုတ်မှု" ရှေ့ထားပြီးသကာလမှ ဖြစ်ပျက်နောက်မှ ရှုပါ။ ဒါ–အလုပ်သမားမှာ ၁–နံပါတ် အကောင်းဆုံး မှာခြင်းပဲ, သတိပေးခြင်းပဲလို့ မှတ်လိုက်စမ်းပါ။** ရှေးဦးစွာ ဘာလုပ်ရ၊ ဒိဋ္ဌိဖြုတ်ပြီးမှ ဘာရှုရ၊ ဖြစ်ပျက်ရှုရ။ 'ဒိဋ္ဌိ'ဉာဏ်ထဲက ပြုတ်ပြီးတော့မှ ဘာလုပ်ရမယ် (ဖြစ်ပျက်ရှုရမယ်)။ ဒါကြောင့် ဆရာဘုန်းကြီးက **ယနေ့ည ဒကာဒကာမတွေ ကယ်တင်တဲ့–အဓိပ္ပါယ်က ဩော်...ဒါတွေဟာ ပဋိသန္ဓေနေထည်းက စလိုက်တဲ့–ရုပ်တွေ, နာမ်တွေ တောက်လျှောက် ပေါ်ပြီးသကာလ လာလိုက်တာတွေ နည်းသလား၊ ဒါတွေ ဘုရားက ဘာလို့ ဆိုလိုက်ပါလိမ့်၊ "ဒုက္ခအစု"တွေ ပေါ်တာကွ။** ဘာတွေပေါ်တယ်လို့ ဟောပါလိမ့်၊ "ဒုက္ခအစု"တွေ ပေါ်တယ်လို့ ဟောသောကြောင့် ဩော်...ဒီထဲ ယောကျ်ားလဲမပါဘူး၊ မိန်းမလဲမပါဘူး၊ ငါလဲမပါဘူး၊ သူလဲမပါဘူး၊ ဘာတွေပါနေပါ၊ "ဒုက္ခအစု" ပဲ ပါတယ်ဆိုတော့ ဒကာဒကာမတွေ ခန္ဓာကိုယ်ထဲ ပေါ်ချင်တာပေါ်၊ ငါ, သူတစ်ပါး, ယောကျ်ား,

မိန်းမ မပေါ်လာ၊ ဘာတွေတာ ပေါ်ပါလိမ့်၊ “ဒုက္ခအစု”တွေသာ ပေါ်တယ်လို့ သိနေတော့မှ ဒါတွေ **ရှေးဦးစွာ “ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး” သိထားတော့မှ ဪ...ငါတို့သန္တာန်မှာ ယောကျ်ား, မိန်းမ မပါ၊ “ဒုက္ခသစ္စာ”သာ ထပ်ပြန် တလဲလဲ ပေါ်နေ၏ ဆိုတာ သေသေချာချာ မှတ်ပါ။** မျက်လုံးပေါက်က “ပဋိစ္စသမုပ္ပါဒ်”လာတော့လဲ ဘာတဲ့တုန်း (ဒုက္ခအစု)၊ နားပေါက်က “ပဋိစ္စသမုပ္ပါဒ်”လာပြန်ကော (ဒုက္ခအစု)၊ နှာခေါင်းပေါက်က “ပဋိစ္စသမုပ္ပါဒ်”လာပြန်ကော (ဒုက္ခအစု)၊ လျှာပေါက်က လာပြန်ကော (ဒုက္ခအစု)၊ ကိုယ်ပေါက်က လာ (ဒုက္ခအစု)၊ မနောပေါက်က လာ (ဒုက္ခအစု)၊ ဘယ်ပေါက်က လာလာ၊ ခင်ဗျားတို့သန္တာန် ဘာတွေ ပေါ်လေ့ရှိ (ဒုက္ခအစု)။ ငါတို့သန္တာန် စချင်တာကစ, ပေါ်ချင်တာကပေါ်၊ ပေါ်သရွေ့ “ဒုက္ခအစု”ပဲ ဆိုသဖြင့် ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ ပါသေးရဲ့ (မပါပါ)။ ဒီလို မပါတာ သိပြီးတော့မှ နောက်မှ ဘုန်းကြီးက ဖြစ်ပျက်အရှုခိုင်းမယ်။ ကဲ–ခင်ဗျားတို့ စားနေတော့ စားစိတ်ကလေး ပေါ်တော့ကော (ဒုက္ခအစု)၊ အိပ်နေလဲ အိပ်စိတ်ကလေး ပေါ်ပြန် (ဒုက္ခအစု)၊ ယားနေပြန်တော့ ယားစိတ်ကလေး ပေါ်တော့ (ဒုက္ခအစု)၊ နာပြန်တော့ နာစိတ်ကလေး ပေါ်တယ် (ဒုက္ခအစု)၊ ဝမ်းသာတဲ့စိတ်ကလေး ပေါ်တော့ (ဒုက္ခအစု)၊ ပေါ်သရွေ့ ဘာတဲ့တုန်း (ဒုက္ခအစု)၊ ဒီလို သိထားတော့မှ ဒိဋ္ဌိက ပြုတ်ပြီး၊ **“ဒုက္ခသစ္စာ”သာ ရှိတယ်ဟော့ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ မရှိဆိုတာ သေချာပြီလား။** အဲဒါ–သေချာတော့မှ ဖြစ်သရွေ့ ဘာသစ္စာ (ဒုက္ခသစ္စာ)၊ ဘယ်သူကပြော၊ ဘုရားက ပြောတယ်။ ဒါက–ဘုရားက ပြောတဲ့ အခါကျတော့ “ဒုက္ခသစ္စာ”လို့ ပြောထားလိုက်သဖြင့် မိမိတို့သန္တာန် ဖြစ်သရွေ့ဟာ ဒုက္ခတွေသာ ပေါ်တယ်ဆိုတာ သိသဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ ကြားမထိုးပါနဲ့တော့နော်။ ဒီက ကြည့်လေ၊ စတာ ဘာသစ္စာနဲ့စ (ဒုက္ခသစ္စာ)၊ အလယ် ဘာသစ္စာတွေ ပေါ်တုန်း (ဒုက္ခသစ္စာ)၊ အဲဒါတွေအကုန် မရှင်းမလင်းဘဲ နေမှာစိုးတဲ့အတွက် ဘုရားက နိဂုံးချုပ်ပြီး ဟောလိုက်တယ်၊ **“ဧဝ မေ တဿ”**တဲ့။ ဒီကစပြီး အကုန်ဖြစ်လာတယ်၊ မင်းတို့ တောက်လျှောက် ဒီဘဝအကုန် ဖြစ်လာတာ၊ **“ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။”** ဒုက္ခအစစ်တွေ ဖြစ်နေတာပဲကွ။ ပုဂ္ဂိုလ်, သတ္တဝါ ပါသေးလား (မပါ)။ ဒါက– **“ဒုက္ခသစ္စာ”**ဖြစ်ပုံကို ပြလိုက်သဖြင့် ဘာကွာသွား၊ **“ဒိဋ္ဌိ”ကွာ၊** ဒီထဲ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ (မပါပါ)။ ဒီ–နာမ်ရုပ်ထဲ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ မပါ၊ ဘာရှိပါလိမ့်၊ ဒုက္ခဖြစ်တာ ရှိတာပဲ။ ဒီဘက်က ပေါ်ချင်တာပေါ်၊ ပေါ်တာ ဟူသရွေ့ ဘာသစ္စာ (ဒုက္ခသစ္စာ)။ အင်း–ဘယ်သူကများ ပြောပါလိမ့်မတုန်း မေးတဲ့ ဘုရားက ဘယ်လိုပြောတုန်း၊ **“ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ”**ဆိုတော့ ဒီလိုမှ အကွက်ကျကျစိအောင် မပြောရင်၊ ရတာလျှောက်ရွတ်နေမှာ၊ ကိုယ့်သန္တာန်ဖြစ်တာ ဒုက္ခချည်းပဲလို့ ဘယ်သူမှသိမှာ မဟုတ်ဘူး။ အခုတော့ဖြင့် မျက်လုံးလေးဖွင့်လိုက်၊ ဖွင့်စိတ်ကလေး ပေါ်ရင် ဘာတုန်း (ဒုက္ခသစ္စာ)၊ နားလေးကြား၊ ကြားစိတ်ကလေး ပေါ်လာရင် (ဒုက္ခသစ္စာ)၊ ကိုယ့်သန္တာန် ပေါ်ချင်တာပေါ်၊ ဘာတွေတုန်း (ဒုက္ခသစ္စာ)၊ အဲ–မင်းတို့သန္တာန် ပေါ်သရွေ့ “ဒုက္ခသစ္စာ”ကွာလို့ ပြောလိုက်တော့ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ ပါသေးရဲ့ (မပါပါ)။ ပဋိသန္ဓေနေထည်းက စလိုက်တာ သေသည့်

တိုင်အောင် ဘာသစ္စာချည်း တန်းထွက် (ဒုက္ခသစ္စာ)။ အထူးဂရုစိုက်ပြီးတော့ မှတ်ပါ။ ဒီဟာကိုမသိဘဲနဲ့ ဩော်...စိတ်ကလေးပေါ်လာ–ဖြစ်ပျက်၊ ဝေဒနာလေးပေါ်လာ–ဖြစ်ပျက်၊ သညာလေးပေါ်လာ–ဖြစ်ပျက်ဆိုတော့ ဆရာဘုန်းကြီးက အရှုခိုင်းလို့ ရှုတာ, ဘုရားက အရှုခိုင်းလို့ ရှုတာ၊ မှန်ပါတယ် ရှုရမှာ၊ သို့သော် ရှေ့နောက် လွဲနေတယ်။ ရှေ့က–ဘာထားရမှာ 'ဒိဋ္ဌိဖြုတ်'ပြီးတော့မှ နောက်က–ဝိပဿနာလိုက်ရ၊ ဒိဋ္ဌိကို အရင်ဖြုတ်၊ ဝိပဿနာရှုသာ နောက်ထားပါ။ အဲဒီလို အစဉ်တည့်သွားလို့ ရှိရင်ဖြင့် မဂ်ဉာဏ်,ဖိုလ်ဉာဏ် အလွယ်တကူနဲ့ ရပါတယ်ဆိုတာ ဆုံးဖြတ်ချက် ချပါတော့။ ဒါဖြင့် **ယနေ့–တရားမှာ ဘာရှေ့ထား၍ ဘာနောက်ထားရမှာလိမ့်မလဲ ဆိုတာ တစ်ပွဲလုံး ဆုံးဖြတ်ချက် ချစမ်း ဘာတုန်း၊ ဒိဋ္ဌိဖြုတ်တာကို (ရှေ့ထားရမယ်)။ ဝိပဿနာကို (နောက်ထားရမယ်)။** ဒိဋ္ဌိဖြုတ်ချင်တော့ ကိုယ့်ခန္ဓာကြီး တန်းကြည့်ရ၊ ကိုယ့်ခန္ဓာ ပေါ်တဲ့ဓမ္မတွေ တန်းပြီးသကာလ ကြည့်ကြနော်။ ပေါ်လာတာဟူသရွေ့ ကိုယ့်ခန္ဓာကြီးဟာ တစ်ခုပြီးတစ်ခုတော့ ပေါ်နေမှာပဲ ဆိုတာ မသေချာလား။ ပေါ်လာတာ ဟူသရွေ့ ဘာသစ္စာ (ဒုက္ခသစ္စာ)၊ အင်း–ဘယ်မှာလဲ ယောကျ်ားပေါ်လာတာ, မိန်းမပေါ်လာတာ ဟုတ်သေးရဲ့လား (မဟုတ်ပါ)။ ဒီထည်းက သူတို့–ဖြစ်တာလေး ဒကာဒကာမတွေက ပေါ်လာတာလေး သိတာနဲ့ပဲ ဒိဋ္ဌိက ပြုတ်နေပြီ၊ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ ပေါ်တဲ့အထဲ ပါသေးလား (မပါပါ)။ ဘုရားကလဲ ဘာဆိုလိုက်တုန်း၊ **"ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။" ဒုက္ခက္ခန္ဓဿ–ဒုက္ခအစု၏၊ သမုဒယော–ဖြစ်ခြင်းသည်၊ ဟောတိ–ဖြစ်၏။ 'ဒုက္ခအစုကြီး' မင်းတို့ ဖြစ်လာတာကွ။** အဲဒါကြောင့် 'ဒုက္ခအစုကြီး' ကိုယ့်ခန္ဓာကို ပဋိသန္ဓေနေထည်းက စပြီးသကာလ ယခုလို ပဝတ္တိအချိန်ကျအောင် ဘာပဲပေါ်ပေါ်၊ ဘာတွေပေါ်တယ် ဆိုကြမယ်၊ "ဒုက္ခသစ္စာ"ပဲ ပေါ်တယ်ဆိုတာ သေချာပြီလား။ ယောကျ်ားလေး မွေးဖွားလာသလားလို့ မေးရင် ဘယ့်နှယ်ဖြေကြ၊ "ဒုက္ခသစ္စာ"ပေါ်လာတာပဲ၊ ရုပ်နာမ်ကလေးပေါ်လာတာပဲ။ ဘာသစ္စာတုန်း (ဒုက္ခသစ္စာ)၊ မိန်းမလေး ထွန်းကားလာသလား မေးရင် ဘယ့်နှယ်ပြောကြ (ဒုက္ခသစ္စာ)၊ စားချင်တဲ့စိတ်ကလေး ပေါ်လာတယ် ဆိုတာကော (ဒုက္ခသစ္စာ)၊ အိပ်ချင်တဲ့စိတ်ကလေး ပေါ်လာတယ် (ဒုက္ခသစ္စာ)၊ သွားချင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ 'ဒုက္ခသစ္စာ' တစ်တန်းလုံး **"ဒုက္ခသစ္စာ"** ပေါ်တာ။ ဒီလိုသိထားတော့မှ ဒကာဒကာမတွေ ဘာပြုတ်သွားပါ (ဒိဋ္ဌိပြုတ်သွားပါတယ်)။ ဒါဖြင့် ဆရာဘုန်းကြီးက ဒိဋ္ဌိဖြုတ်–ရှေ့ထား၊ ဝိပဿနာ–နောက်ထားပါ၊ သတိ–ပေးလိုက်တယ်။ ဒါဖြင့် ဒိဋ္ဌိဖြုတ်တာကို ရှေ့ထားရမယ် ဆိုတော့လဲ ဒီခန္ဓာကြီး၏ ပေါ်လာတဲ့ဖြစ်စဉ်မသိလို့ရှိရင်လဲ ဒိဋ္ဌိက ပြုတ်ပါ့ (မပြုတ်)။ ဒါကြောင့် ဒိဋ္ဌိဖြုတ်ချင်ရင် **"ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်"ကို ရှေ့ထားပါ။ ဒါဖြင့် "ဝိပဿနာ" မရှုမီ ဘာလုပ်ရမယ် (ဒိဋ္ဌိဖြုတ်ရမယ်)။ "ဒိဋ္ဌိ" မဖြုတ်ခင် ကိုယ့်ခန္ဓာဖြစ်စဉ်ကို သိရမယ်။ ဒါ–နောက်ကနေ ပြန်ပြောပြန်တယ် ကျေနပ်ကဲ့လား။** ကောင်းပြီ ဒါဖြင့် ဝိပဿနာ မရှုခင် ဘာလုပ်ကြမယ် (ဒိဋ္ဌိဖြုတ်ရမယ်)။ ဒိဋ္ဌိ မဖြုတ်ခင် သိမှ ဘယ်ဟာကို ရှေ့ထားရမယ်၊ "ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ကြီး"ကို ပေါ်တိုင်း, ပေါ်တိုင်း သတိထားရ။ အဲဒါဟာ **"ပဋိစ္စသမုပ္ပါဒ်"သိမှ "ဒိဋ္ဌိပြုတ်တယ်။" "ဒိဋ္ဌိပြုတ်"မှ "ဝိပဿနာ"ရှုလို့ ရတယ်။ ဒိဋ္ဌိပြုတ်ပြီး**

**ဝိပဿနာရှုမှ "မဂ်ဉာဏ်" ပေါ်နိုင်တယ်။** ဒီတိုင်းရှုလို့ မပေါ်နိုင်ဘူးလို့ မှတ်လိုက်စမ်းပါ။ **ဒါ–ဒီနေ့ဟာ တော်တော် အရေးကြီးတဲ့–နေ့။** ရောက်လာ ဖြစ်ပျက်–ဝိပဿနာရှု ဆိုတာသည် လိုသေးတယ်ဆိုတာမှတ်ပါ။ ဘာကြောင့်တုန်းလို့ မေးတဲ့အခါကျတော့၊ ဒိဋ္ဌိမပြုတ်ဘဲနဲ့ အရှုခိုင်းလို့။ ဒိဋ္ဌိပြုတ်ချင်တော့လဲ ဘာကိုသိမှ ဒိဋ္ဌိပြုတ်သတုန်း၊ **"ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကြီး" သိမှပြုတ်ပါ**

ဒါဖြင့် ကိုယ့်ခန္ဓာထဲမှာရှိတဲ့တရားတွေမှ ပေါ်တာမသိလို့ ရှိရင်ဖြင့် ဒိဋ္ဌိက၊ အင်း–ဒါ ပေါ်လာသရွေ့ ငါစွဲ စွဲမယ်ဆိုတာ မသေချာဘူးလား။ ငါစွဲ စွဲတိုင်း၊ စွဲတိုင်းလဲ ဝိပဿနာရှုနေတော့ ဖြစ်ပျက်တွေတော့ တွေ့ရဲ့ ငါတော့ပြုတ်ကဲ့လား၊ မပြုတ်တော့ ဝိပဿနာရှုငြားသော်လည်း ဒိဋ္ဌိမပြုတ်ရင် မဂ်ဉာဏ်၊ဖိုလ်ဉာဏ် မရနိုင်။ ဒါဖြင့် ပြန်မေးတယ်၊ **"ဝိပဿနာ" မရှုမီ ဘာလုပ်ရမတုန်း (ဒိဋ္ဌိဖြုတ်ရမယ်)။ "ဒိဋ္ဌိဖြုတ်"အောင် ဘာနားလည်ရမတုန်း၊ "ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်" နားလည်ရမယ်ဆိုတာ ပေါ်လာကြ။ ဒါ–"အစဉ်ကိုက်" ပြောနေတယ်။** ဒီ–အစဉ်ကို လွတ်လို့ 'အနုရာဓ'မှာ မဂ်ဉာဏ်ကို မရဘူး။ ဘုရားကျောင်းနဲ့ကပ်ပြီး လုပ်တဲ့–'အနုရာဓ' ကိုယ်တော်လေးကို မရနိုင်လို့၊ ဘုရားက ပြင်ပေးရ၊ ဒိဋ္ဌိအရင် ဖြုတ်ပေးရ။ ဒါဖြင့် ဒါက ခန္ဓာထဲမှာ တစ်ခုသောဓမ္မ ပေါ်လာလို့ ရှိရင် ဆက်–တန်းတန်း၊ တန်းတန်း မသွားဘူးလား။ အဲဒါ ဘာသစ္စာတွေ ပေါ်လာ၊ **"ဒုက္ခသစ္စာ"တွေချည်း ပေါ်လာတယ်လို့** ပေါ်တိုင်း၊ ပေါ်တိုင်း သိနေတော့ ဒိဋ္ဌိက ဘယ်ခိုမယ်။ ဒိဋ္ဌိ ခိုနိုင်စရာမရှိတဲ့အချိန်ကျတော့မှ ဝိပဿနာရှုလိုက်တဲ့အခါကျတော့ ဒိဋ္ဌိပြုတ်ပြီးရှုတဲ့အတွက် မကြာခင် 'မဂ်ဉာဏ်'ရ။ ရှေ့ကိုတစ်ဆင့် တက်ကြဦးစို့။ **ဒါက–"ဒုက္ခ"ဖြစ်တာတော့ သိသွားပြီ။ ဝိညာဏ်ဖြစ်တာလဲ ဘာသစ္စာဖြစ်တုန်း (ဒုက္ခသစ္စာ)၊ နာမ်ရုပ်တွေဖြစ်တာ (ဒုက္ခသစ္စာ)၊ သဠာယတနတွေဖြစ်တာ (ဒုက္ခသစ္စာ)၊ ဖဿတွေဖြစ်တာ (ဒုက္ခသစ္စာ)၊ ဝေဒနာတွေပေါ်လာ (ဒုက္ခသစ္စာ)၊ တဏှာတွေပေါ်လာတာ၊ "ဒုက္ခသစ္စာ"တွေပေါ်တာချည်းပဲ ပုဂ္ဂိုလ်၊ သတ္တဝါပေါ်တာ ပါသေးရဲ့လား (မပါ)။ အင်း–ပုဂ္ဂိုလ်၊ သတ္တဝါပေါ်လာရင် ဒီ–ဒိဋ္ဌိ ဝင်လာလိမ့်မယ်နော်။ ပေါ်တဲ့ထဲမှာ ပုဂ္ဂိုလ်၊ သတ္တဝါ ပါသေးရဲ့ (မပါပါ)။ တစ်ခါ–ကြည့်ပါဦး။ ဥပါဒါန်ပေါ်ပြန်တော့ (ဒုက္ခသစ္စာ)၊ ကံပေါ်ပြန်တော့ (ဒုက္ခသစ္စာ)၊ ဒုက္ခ, ဒေါမနဿတွေ ပေါ်ပြန်တော့ (ဒုက္ခသစ္စာ)။** ဒါဖြင့် ဒကာဒကာမတွေသန္တာန် ပေါ်ချင်တာပေါ် ဘာတွေများပေါ်ပါလိမ့်၊ "ဒုက္ခသစ္စာ"သာ ပေါ်တယ်ဆိုတော့ ရှိတာကလဲ နာမ်ရုပ်၊ နာမ်ရုပ်ကလဲ "ဒုက္ခသစ္စာ။" နာမ်ရုပ်ကြောင့် ဖြစ်တဲ့–ဖဿတွေ, သဠာယတနတွေဟာကော (ဒုက္ခသစ္စာ)။ ကဲ–ဒါဖြင့် တစ်သံသရာလုံး ဘာတွေ တန်းလာခဲ့ကြတုန်း၊ "ဒုက္ခသစ္စာ"တွေ တန်းလာခဲ့ကြတာပဲ ဆိုတာ သေချာပြီလား။ **ဒီနေ့ လေးလေးစားစား မှတ်စမ်းပါဦး။ ကောင်းအောင် ဟောတဲ့–တရား မဟုတ်ဘူး၊ "မဂ်ဆိုက်, ဖိုလ်ဆိုက်အောင် ဟောနေတဲ့–တရား၊" "လမ်းစဉ်မှန်အောင် ဟောနေတဲ့–တရား"လို့ ဆုံးဖြတ်ချက် ချကြပါနော်။**

**ပေါ်လာလို့ရှိရင်ဖြင့် "သမုဒယ" အကြောင်းကင်း၍ ဒုက္ခကော ပေါ်နိုင်ပါ့မလား။ မပေါ်နိုင်တော့ ဝိညာဏ်ကြောင့် ဘာဖြစ်တုန်း၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ် ထားပါတော့၊ ဝိညာဏ ပစ္စယာ (နာမရူပံ)။ ကဲ...ဝိညာဏ်က-"သမုဒယသစ္စာ၊" နာမ်ရုပ်က (ဒုက္ခသစ္စာ)၊ နာမ်ရုပ်ကြောင့် သဠာယတနပေါ်တယ် ဆိုတော့၊ နာမ်ရုပ်ကြောင့် ဆိုသောကြောင့် သူက-"သမုဒယသစ္စာ၊" သဠာယတနက (ဒုက္ခသစ္စာ)။ ဒါဖြင့် ဒါ-"ဒုက္ခသစ္စာ"တွေ ဟူသရွေ့ "သမုဒယ"ကြောင့် ဖြစ်တာချည်းလို့ မှတ်လိုက်။** တစ်သံသရာလုံး ငါ-ဘာဖြစ်ခဲ့ပါလိမ့်မတုန်း၊ ဘာဖြစ်နေပါလိမ့်မလဲ ဆိုတဲ့-"ဝိစိကိစ္ဆာ" ရှိသေးရဲ့လား (မရှိပါ)။ ငါ-ဘာဖြစ်နေပါလိမ့်၊ **အို-"ဒုက္ခ"ကြောင့် "သမုဒယ၊" "သမုဒယ"ကြောင့် "ဒုက္ခ"ဖြစ်နေတယ်၊ ဒါပဲ-မှတ်လိုက်တော့။** ဟော-ဝိညာဏ်တည်း ဟူသော "သမုဒယ"ကြောင့် နာမ်ရုပ်တည်းဟူသော ဘာတုန်း (ဒုက္ခ)၊ နာမ်ရုပ်တည်း ဟူသော "သမုဒယ"ကြောင့် သဠာယ တန တည်းဟူသော (ဒုက္ခ)။ ကဲ-ဒကာဒကာမတို့ တစ်သံသရာလုံး ဘာနဲ့ဘာ ဖြစ်လာခဲ့ကြတုန်း၊ **"သမုဒယ"နဲ့ "ဒုက္ခ"ဖြစ်တယ် ဆိုသဖြင့် ပုဂ္ဂိုလ်, သတ္တဝါ နဂိုထည်းက မပါဘူး။** အဲဒီလို မပါတာသိ ရတော့မှ သြော်...တို့သန္တာန်မှာ တစ်သံသရာလုံး "ဒုက္ခ, သမုဒယ"သာ ဖြစ်ခဲ့တယ် ဆိုတာ ပေါ် လာ။ **"သမုဒယ"က-"ဒုက္ခဖြစ်ကြောင်း၊" "ဒုက္ခ"က-"ဒုက္ခဖြစ်ကျိုး" သေချာကြ။** တပည့်တော်တို့ လူတွေ, နတ်တွေ, ဗြဟ္မာတွေများ ဖြစ်ခဲ့လေရော့လားဘုရား လို့ဆိုတာ "သမုတိသစ္စာ"နယ်ကနေ မေး ရင်တော့ ဖြေရမှာပဲ၊ တကယ်-အရှိနဲ့ ပြောရလို့ရှိရင်ဖြင့် လူလဲ မတွေ့ပါဘူး၊ နတ်လဲ မတွေ့ပါဘူး၊ **"သမုဒယနဲ့ဒုက္ခ"**လှည့်နေတာပဲ။ သေသေချာချာမှတ်ပါ ဒကာဒကာမတို့၊ တစ်သံသရာလုံးမှာ စွဲလာ တဲ့ ဒိဋ္ဌိဖြုတ်နေတာ။ ဒိဋ္ဌိရှိလျက်နဲ့ ဝိပဿနာရှု ဘယ်တော့ မဂ်ဉာဏ်,ဖိုလ်ဉာဏ် မရ။ တစ်သံသရာ လုံး ဘယ်သန္တာန်စခုနဲ့ နေခဲ့ကြတုန်း (သမုဒယနဲ့ဒုက္ခ)။ ဒီဘဝကျတော့ ဘာတွေများ နေပါလိမ့်၊ သမုဒယနဲ့ဒုက္ခနဲ့ပဲ နေရပါတယ်။ ရှေ့အကြောင်းက-'သမုဒယ၊' နောက်အကျိုးက-'ဒုက္ခ။' တစ်ခါ- သူက-ရှေ့အကြောင်း ဖြစ်ပြန်တော့ ဒါက-နောက်အကျိုး မဖြစ်ဘူးလား။ ရှေ့အကြောင်းက ဘာပါ လိမ့် (သမုဒယ)၊ နောက်အကျိုးက (ဒုက္ခ)။ **တစ်ခါ သူတစ်ခါ သဠာယတနကြောင့် ဖဿဖြစ်တယ် ဆိုတော့ ကြောင့်ပါသောကြောင့် သဠာယတနက ရှေ့အကြောင်းဖြစ်ပြန်တယ်။ ဖဿက နောက်အ ကျိုး ဖြစ်ပြန်တယ်ဆိုတော့ "သမုဒယ"နဲ့"ဒုက္ခ"ပဲ မလာဘူးလား။ ဒါက "လောဘ-သမုဒယ"ကို ဆိုသည် မဟုတ်၊ ဖြစ်ကြောင်း, ဖြစ်ကျိုးကို ဆိုသည်လို့-မှတ်။** ...ယဲ့နှ...

...က္ခန္ဓသာ"ရဲ ဒုက္ခအစုပဲ့ယ်, 'သမုဒယ'ရဲ ...ပဖြစ်...ာင်ကွ။ **"ဒုက္ခက္ခန္ဓသာ သမုဒ ယော၊" "သမုဒယ" မပါဘူးလား။ ဒုက္ခဖြစ်ကြောင်းနဲ့ ဒုက္ခဖြစ်ကျိုးပဲ ရှိတယ်လို့ မင်းတို့ ဘာမှ မပါဘူးတဲ့။** ...ငဲဗျားတို့ ခန္ဓာကိုယ်ထဲ ဘာတွေပါလိမ့် (...ဖြစ်ကြောင်းနဲ့ ဒုက္ခဖြစ်ကျိုး ...းတွေ, သ...းတွေများ ပါနေသေးလား (မပါပါ)။ ယောကျ်ားလေး မွေးလာတယ်၊ ကျုပ်တို့ဖြင့် လာရှိလိုက်တာလို့ ဆိုကြမလား ဘာတွေပေါ်လာ၊ ဒုက္ခဖြစ်ကြောင်းနဲ့ ဒုက္ခဖြစ်ကျိုးပဲ၊ ဒီခန္ဓာ မှာ တန်းကြည့်လိုက်လို့ ရှိရင် သဘောကျ။ မိန်းကလေးရယ်လို့ "သမုတိသစ္စာ" နယ်ကနေပြီး ပဲ့ပြောသော်လည်း တကယ်-အရှိကတော့ ဘာတွေပေါ်လာပါလိမ့်၊ ဒုက္ခဖြစ်ကြောင်းနဲ့ ဒုက္ခဖြစ်

ကျိုးပဲ။ ဒကာဒကာမတွေက ထမင်းစားနေရင်း မတ်တတ်နဲ့ စိတ်တွေအမျိုးမျိုး သွားတာတွေလဲ ဘာတွေပါလိမ့် (ဒုက္ခဖြစ်ကြောင်းနဲ့ ဒုက္ခဖြစ်ကျိုး)။ သားနဲ့သမီးနဲ့ ဆွေနဲ့မျိုးနဲ့ မတည့်တဲ့–စိတ်တွေ ပေါ်လာပြန်တော့လဲ ဘာတွေ၊ ဒုက္ခဖြစ်ကြောင်းနဲ့ ဒုက္ခဖြစ်ကျိုးတွေသာ ပေါ်နေတော့ ပုဂ္ဂိုလ်၊ သတ္တဝါ ပေါ်တဲ့အချိန် ပါသေးလား (မပါ)။ ဒါဖြင့် ဒိဋ္ဌိပြုတ်ပြီလား။ အသိနဲ့ပြုတ်ပြီလား။ အသိနဲ့ ပြုတ်ပြီးတော့မှ ရှုပါ။ အသိနဲ့ ပြုတ်ပြီးသကာလမှ အရှုနဲ့ ပြုတ်ရမှာကိုး။ ဖြစ်ပျက်တွေမြင်လျက်နဲ့ 'အနုရာဓ' နိဗ္ဗာန်မရဘူး။ ဒါ–ဘုရားလက်ထက်က ကိုယ်တော်တွေနော်။ ဒါက–'သမုဒယ'နဲ့ 'ဒုက္ခ'ပဲ ဒကာဒကာမတွေသန္တာန် နားလည်သေးတယ်နော်။ ရှေ့ဖြစ်တာက ဘာပါလိမ့် (သမုဒယ)၊ နောက် အကျိုး ပေါ်လာတာ (ဒုက္ခ)၊ နောက်–အကျိုးက တစ်ခါ အကြောင်း ပြန်ဖြစ်ပြန်တော့ "သမုဒယ၊" သူ့ကြောင့် ရှေ့တရား ပေါ်ပြန်တော့ (ဒုက္ခ)၊ သူကတစ်ခါ အကြောင်း ပြန်ဖြစ်ပြန်တော့ (သမုဒယ)၊ သူ့ကြောင့်ဖြစ်ပေါ်တဲ့ အကျိုးက (ဒုက္ခ)၊ ဒီလိုလှည့်သွားပါတဲ့ ဒကာဒကာမတွေ တစ်သံသရာလုံး ယခုဘဝ တစ်သက်လုံး ဘာတွေသာခန္ဓာထဲ ပေါ်နေပါလိမ့် (သမုဒယနဲ့ဒုက္ခ)။ ယောကျ်ားတွေ၊ မိန်းမတွေ၊ ပုဂ္ဂိုလ်တွေ၊ သတ္တဝါတွေ၊ သားတွေ၊ မြေးတွေ၊ ခင်စရာ၊ မင်စရာ၊ ကြင်စရာတွေ ပေါ်သေးရဲ့။ ဘာတွေများ ပေါ်နေ။ "သမုဒယ"နဲ့ "ဒုက္ခ"တွေချည်း ပေါ်နေတယ်ဆိုတာ သေချာပြီလား။ ဘုရားက ဘယ်လိုဟောတုန်း၊ "ဒုက္ခက္ခန္ဓဿ"ရယ်ကွ၊ "သမုဒယ"ရယ် ဒါပဲ ပေါ်တယ်။ ဒုက္ခအစုရယ်၊ ဒုက္ခဖြစ်ကြောင်းရယ် ဒါပဲ ပေါ်တယ်။ ဒုက္ခက္ခန္ဓဿ (သမုဒယော ဟောတိ)။ 'ဒုက္ခက္ခန္ဓဿ' က–ဒုက္ခအစု၊ 'သမုဒယော'က–ဖြစ်ကြောင်း၊ ဒုက္ခဖြစ်ကြောင်းနဲ့ ဒုက္ခဖြစ်ကျိုးပဲ ပေါ်နေတယ်ကွ။ **ယနေ့ အတော်–နေရာ ကျသွားပြီ။ အသိနဲ့ ဒိဋ္ဌိပြုတ်ပြီ။ ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ မြင်တယ်၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ် မရှိဘူးလား။ ဘာသစ္စာတွေ–ပေါ်၊ မြင်တာက–အကြောင်း၊ လိုချင်တာက (အကျိုး)။ ဖြစ်ကြောင်းနဲ့ ဖြစ်ကျိုး မလာဘူးလား၊ "သမုဒယ"နဲ့"ဒုက္ခ"ပဲ မလာဘူးလား။ တဏှာကြောင့် ဥပါဒါန် မဖြစ်ဘူးလား၊ 'တဏှာ'က–"သမုဒယသစ္စာ၊" 'ဥပါဒါန်'က (ဒုက္ခသစ္စာ)။ ဥပါဒါန်ကြောင့် ကံ–မဖြစ်ဘူးလား၊ ဒီ–ကံက ဘာသစ္စာ (ဒုက္ခသစ္စာ)။ "ကမ္မဘဝပစ္စယာ ဇာတိ" ဆိုတော့ 'ကံ'က–"သမုဒယသစ္စာ၊" 'ဇာတိ'က–"ဒုက္ခသစ္စာ" လာဦးမှာပဲ။ မင်းတို့သန္တာန်မှာတဲ့ ဖြစ်ကြောင်းရယ်တဲ့ ဒုက္ခအစုရယ် ဒါပဲ ရှိတယ်။ ဒုက္ခဖြစ်ကြောင်းနဲ့၊ ဒုက္ခဖြစ်ကျိုးပဲ ရှိတယ်၊ ဒါပဲ ရှိတယ် ဆိုတော့ ပုဂ္ဂိုလ်၊ သတ္တဝါ ပါသေးရဲ့ (မပါပါ)။** ဒါ–ဝိပဿနာဉာဏ် ပါပြီလားလို့ မေးတော့ မပါသေးဘူး၊ **"ဒိဋ္ဌိပြုတ်" သက်သက် ဟောနေတာ။ ဘုရားကလဲ ဒါတွေဟာကွာ "ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"လို့ သေချာ–ရွတ်ရာ။ "ဒုက္ခက္ခန္ဓဿ"ကို မြန်မာလိုပြန်တော့–ဒုက္ခအစု၊ "သမုဒယော"က–ဖြစ်ကြောင်း ဆိုတော့ မင်းတို့သန္တာန်မှာတဲ့ "သမုဒယသစ္စာ" ဆိုတဲ့–ဖြစ်ကြောင်းရယ်၊ ဒုက္ခအစု ဆိုတဲ့–အကျိုးရယ် ဒါပဲ ရှိပါတယ်ကွ။ ဒီပြင် ဘာမှ မရှိပါဘူးတဲ့။** အဲဒီတော့ ဒီလိုယူပါတဲ့ မြင်တဲ့စိတ်ကလေးက စပေါ်လို့ရှိရင် မြင်တာသည် ပေါ်ပေါ်ချင်းတော့ "ဒုက္ခသစ္စာ"နော်။ မြင်–လိုချင် ဆိုတော့ သူက–မြင်ခြင်းကြောင့် လိုချင်ဆိုတော့ သူက–"သမုဒယ"မဖြစ်သေးဘူးလား။ မြင်တာက–"သမုဒယ။" လိုချင်တာက (ဒုက္ခ)။ ကဲ–

လိုချင်တာလေးက တစ်ခါ ဆက်ပြီး ကျေးဇူးပြုပြန်တော့ လိုချင်တာလေးက (သမုဒယ)၊ ဉပါဒါန်က (ဒုက္ခ)၊ ဒီလို ဆက်မသွားဘူးလား။ ဒါ–ဘုရားက ဘယ့်နှယ်ဟော (ဒုက္ခက္ခန္ဓသ သမုဒယော ဟောတိ)။ ခင်ဗျားတို့သန္တာန်မှာ ယခုဘဝ ပဋိသန္ဓေက–စ၊ ယခုလို အချိန်မှာလဲ–စ၊ စချင်ရာစ ဆက်ချင်ရာဆက် ဘာသစ္စာနဲ့ ဘာသစ္စာပေါ်သတုန်း (သမုဒယသစ္စာနဲ့ဒုက္ခသစ္စာ)။ ပုဂ္ဂိုလ်, သတ္တဝါတွေများ ပေါ်သေးလား (မပေါ်)။ ယောကျ်ား, မိန်းမတွေများ (မပေါ်)။ ဒါဟာ ဘယ်နည်းနဲ့ မဆိုတစ်ယောက်, တစ်ယောက် မေးမြန်းပြီးသကာလ **ကိုယ့်သန္တာန် ဒုက္ခဖြစ်ကြောင်းနဲ့ ဒုက္ခဖြစ်ကျိုးသာ ရှိတယ် ဆိုတာကိုဖြင့် သေသေချာချာ တစ်သက်လုံး မှတ်ပါတော့ ဒါ–ဒိဋ္ဌိကွာနေ။ အဲဒီ–ကွာပြီးမှ ဝိပဿနာ–ရှုရ။** ဒါဖြင့် ဒီဉစ္စာကို ဒီစကား နိဂုံးချုပ်ပါတော့မယ်တဲ့၊ **"ဝိပဿနာ" မရှုမီ ဘာလုပ်ရမတုန်း (ဒိဋ္ဌိကွာရမယ်)။ ဒိဋ္ဌိကွာအောင် ဘာကိုနားလည်ရ၊ "ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ်"ကို နားလည်ရ။ "ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်"ထဲ ဘာသာလျှင် ရှိတုန်း၊ "သမုဒယ" နဲ့ "ဒုက္ခ"ပဲ–ရှိ။** အဲတော့ ခန္ဓာထဲမှာ ဖြစ်တာတွေဖြင့် ဒီတိုင်းပဲ ဆိုတာ သေချာပြီလား။ ဒီက–သစ္စာ ဘယ်နှစ်ပါး ပြီးသွား (နှစ်ပါးပြီးသွားပါပြီ)။

နှစ်ပါးပြီးသွားတော့ နှစ်ပါးကျန်သေး။ ဘာနှစ်ပါးတုန်းဆိုတော့ 'မဂ္ဂ'နဲ့ 'နိရောဓ'ကျန်နေ။ 'မဂ္ဂ'နဲ့ 'နိရောဓ' ဆိုတာကတော့ ဆရာသမားကူမှပဲရတော့မယ်။ "မဂ္ဂသစ္စာ"နဲ့ "နိရောဓသစ္စာ၊" "မဂ္ဂ **သစ္စာ"ဆိုတာ–နိဗ္ဗာန်ရောက်ကြောင်း၊ "နိရောဓသစ္စာ"ဆိုတာ–ရောက်ရာဌာန "နိဗ္ဗာန်။"** ခင်ဗျားတို့သန္တာန် ပေါ်နေတာကတော့ဖြင့် ဘာပေါ်နေတုန်း (သမုဒယနဲ့ဒုက္ခ)။ ဘယ်တော့ "မဂ္ဂသစ္စာ"လဲ မပေါ်၊ ရောက်ရာဌာန 'နိဗ္ဗာန်'လဲ မပေါ်လာ။ တပည့်တော်တို့ ဘယ်တော့များ ကံကောင်း အကြောင်းသင့် နိဗ္ဗာန်ရပ့်မတုန်း၊ အိုး–ကိုယ့်သန္တာန် ပေါ်ကို မပေါ်လာဘူးလို့ မှတ်ထား။ ကိုင်း–ဒါဖြင့် အခုလို ဘုရားသာသနာနဲ့ ကြုံတုန်း, ပြောပေးမယ့်ဆရာနဲ့ ကြုံတုန်း, ခင်ဗျားတို့ထောင်နိုင်တဲ့ နားလေးက ရှိတုန်းမှာဖြင့် ပေါ်ပါလိမ့်၊ ဒါ–ပေါ်တော့မယ်။ နောက်–သစ္စာနှစ်ပါးက ဘာပေါ်ရမှာပါလိမ့်၊ "မဂ္ဂ"နဲ့ "နိရောဓ" ဆိုကြစို့။ "မဂ္ဂ"က–အကြောင်းကိုး၊ "နိရောဓ"က–အကျိုး။ **ခင်ဗျားတို့သန္တာန် ကံကောင်း အကြောင်းသင့်လို့ ပေါ်ရမှာလား, အသိနဲ့မှ ပေါ်ရမှာလား 'မဂ္ဂ'နဲ့ 'နိရောဓ'က (အသိနဲ့မှပေါ်ရမှာပါ)။** ကံကောင်းလို့ တပည့်တော် မဂ်ရသေးတယ်လို့ သွားများအောက်မေ့ မနေလိုက်နဲ့။ ကံကောင်းလို့ "နိရောဓ" ရောက်သွားလိမ့်မယ်ကော၊ မအောက်မေ့ပါနဲ့တဲ့။ ဒါ–ကံတရား မဟုတ်ပါဘူး၊ ဉာဏ်နဲ့ သွားရမယ့်ဉစ္စာဆိုတာ ရိပ်မိပြီလား။ နိဗ္ဗာန်သည် ကံအကျိုးပေးလား, ဉာဏ်အကျိုးပေးလား၊ **ဉာဏ်တည်းဟူသော "မဂ္ဂသစ္စာ" ကြိုးစားမှ "နိဗ္ဗာန်" ဆိုတဲ့–တည်ရာဌာနကြီးကို ကိုယ့်ကိုယ်တိုင် ရောက်ရမယ် ဆိုတာ မသေချာဘူးလား။** ဒါဖြင့် နိဗ္ဗာန်ကို အခု–"မဂ္ဂသစ္စာ" မပေါ်ဘဲနဲ့ ရောက်ပ့်မလား (မရောက်)။ ကိုင်း–ဒါဖြင့် 'မဂ္ဂသစ္စာ'ပေါ်မှသာလျှင် ရောက်မယ်ဆိုတာ 'နိရောဓသစ္စာ'ကိုလဲ ဉာဏ်နဲ့ သိထားရမယ်နော်။ ဒကာဒကာမတို့ အခု–နောက်ဟောမယ့်သစ္စာ ဘယ်နှစ်ပါးပါလိမ့် (နှစ်ပါး)။ ဘာသစ္စာ, ဘာသစ္စာ၊ **"မဂ္ဂသစ္စာ"နဲ့ "နိရောဓသစ္စာ"ဟောမယ်ဆိုတော့** ဒကာဒကာမတို့ ဒါလေးဟာ ဝိညာဏ်လို့ ခုနက ပြောခဲ့တယ် မဟုတ်လား။ ဝိညာဏ်ချုပ်သွားလို့ ရှိရင်ဖြင့် ဒီ–ဝိညာဏ်လေးဟာ

ဘယ်တော့ အစပျောက် ချုပ်သွားမယ်၊ တစ်နည်းအားဖြင့်လဲ ခဏပဲချုပ်မယ် ဆိုဦးတော့ ဝိညာဏ် ချုပ်တာ ဘာသစ္စာ "နိရောဓသစ္စာ၊" ဝိညာဏ်ကို ချုပ်သွား၊ "နိရောဓ"ပေါ့။ **ဝိညာဏ်ချုပ်တာ (နိရောဓသစ္စာ)၊ ဝိညာဏ်ချုပ်တော့ ဒီ–နာမ်ရုပ်ကကော (ချုပ်ပါတယ်)။ ဒါဘာသစ္စာ၊ "နိရောဓ သစ္စာ။" သဠာယတနချုပ်တာကော (နိရောဓသစ္စာ)၊ ဖဿချုပ်တာကော (နိရောဓသစ္စာ)၊ ဝေဒနာချုပ်တာ (နိရောဓသစ္စာ)၊ တဏှာချုပ်တာ (နိရောဓသစ္စာ)၊ အင်း–ဥပါဒါန်ချုပ်တာ (နိ ရောဓသစ္စာ)၊ ကံချုပ်တာ (နိရောဓသစ္စာ)၊ ဇာတိ, ဇရာ, မရဏချုပ်တာ (နိရောဓသစ္စာ)။ အဲ တော့ ဒီကနေ နိဂုံးချုပ်လိုက်၊ "ဧဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။" ဒုက္ခက္ခန္ဓဿ–ဒုက္ခအစု၊ နိရောဓော ဟောတိ–ဆိုတာ မင်းတို့ နောက်ကဟာတွေ အကုန်ချုပ်သွားတာ ဟော့–"နိရောဓသစ္စာ"ပဲ။ ဒါ–တော်တော် အရေးကြီးပါတယ်။** ဝိညာဏ်ဟာလဲ နဂိုက ဘာသစ္စာတုန်း (ဒုက္ခသစ္စာ)။ အဲဒါလေး မရှိတော့ဘူးဆိုရင် ဘာဆိုမယ် (နိရောဓသစ္စာ)။ အဲ–ဒီဟာနဲ့ နိဂုံးချုပ်ကြည့် လိုက် ဘာတဲ့တုန်း၊ မင်းတို့ ဟောဒီဘက်က–'ဒုက္ခအစုကြီး'ဟာ ချုပ်သွားပြီကွ။ ဒီဘက်က–ချုပ်တာ ဟူသရွေ့ကို ဘာသစ္စာတဲ့တုန်း (နိရောဓသစ္စာ)။ အို–ဘယ်သူက ဟောပါလိမ့် (ဘုရားကဟော)။ ရွတ်ကြည့်စမ်း ဘယ့်နယ်တဲ့ (ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ)။ **'ဒုက္ခက္ခန္ဓဿ'က–ဘာတုန်း (ဒုက္ခအစု)။ 'နိရောဓော'က–ချုပ်တယ်။ 'ဟောတိ'က–ဟုတ်ပါတယ် ပြောတာ။ ဒုက္ခချုပ်တာ ဟုတ် ပါတယ်ကွတဲ့။** ဒါဖြင့် ဒီဘက်တစ်တန်းလုံး ချုပ်သွားတာသည် ဘာတွေချုပ်သွား။ အဲ–ဒုက္ခတွေ ချုပ်သွားတော့ အဲဒါ–ဘာသစ္စာလို့ ခေါ်ကြမယ် (နိရောဓသစ္စာ)။ ဒီဥစ္စာ ချုပ်သွားတာ "နိရောဓ သစ္စာ" ဆိုတာလဲ ဘုရားက ဟော, မဟောလဲ အကဲခတ်ကြည့်ပါဦး။ ဘာတဲ့တုန်း (ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ)။ 'ဒုက္ခက္ခန္ဓဿ'က ဘာတဲ့–ဒုက္ခအစု၊ 'နိရောဓော ဟောတိ'က–ချုပ်သွားတာ ဟုတ်ပြီကွတဲ့။ 'ဒုက္ခအစုကြီး'ချုပ်သွားတာ ဟုတ်ပါတယ်ကွ။ **'ဒုက္ခအစုကြီး'ချုပ်သွားတာ ဘာခေါ် ကြမလဲ၊ "နိဗ္ဗာန်။"** ဒီ–'နိဗ္ဗာန်'သည်ကားလို့ဆိုရင် ချုပ်ချင်လို့ ချုပ်တာလား, ကျုပ်တို့က ဒီဟာတွေ **"ဒုက္ခသစ္စာ"လို့ အမှန်သိလို့ ချုပ်တာလား (အမှန်သိလို့ ချုပ်တာပါ)။ အမှန်သိတာက (မဂ္ဂသစ္စာ)၊ ချုပ်သွားတာက (နိရောဓသစ္စာ)၊ ပေါ်လာပြီ၊ "နိဗ္ဗာန်"ပေါ်လာပြီ။ "မဂ္ဂသစ္စာ"လဲ ပေါ်လာ။** ပေါ် လာတဲ့တရားလေး ချုပ်သွားတာက အလိုလို ချုပ်သွားတာလား, မဂ်နဲ့ မလိုချင်လို့ ချုပ်သွားတာ လား (မဂ်နဲ့ မလိုချင်လို့ ချုပ်သွားတာပါ)။ ဒါဖြင့် မလိုချင်တာက ဘာသစ္စာ (မဂ္ဂသစ္စာ)၊ မလိုချင်လို့ ချုပ်သွားတာက (နိရောဓသစ္စာ)။ ဒါဖြင့် မဂ်လာမှ ချုပ်မှာပါလား၊ သူဟာသူ ချုပ်တာက တခြား၊ **မဂ်နဲ့ မလိုချင်နဲ့ ချုပ်တာမှ "နိဗ္ဗာန်"ပါလား။** ဒါဖြင့် ချုပ်တာက ဘာသစ္စာ (နိရောဓသစ္စာ)၊ မလို ချင်တာက (မဂ္ဂသစ္စာ)။ ဒါဖြင့် **ရှုမှချုပ်မယ်, ရှုမှချုပ်မယ်။** လုပ်မှရမယ် ဆိုတာကော ပေါ်ပြီလား။ မလိုချင်အောင် ကြည့်တာက ဘာသစ္စာ (မဂ္ဂသစ္စာ)။ မလိုချင်တော့ ချုပ်မသွားဘူးလား (ချုပ်ပါ တယ်)။ ချုပ်သွားတာက ဘာသစ္စာ (နိရောဓသစ္စာ)။ ဒါဖြင့် **မလိုချင်တဲ့–ဉာဏ်နဲ့မှ "နိဗ္ဗာန်"ကို ရမယ်။** လိုချင်တဲ့–တဏှာ ရှိနေရင် ဘယ်တော့မှ မရဘူး။ ဒါဖြင့် မလိုချင်တာ ဘာသစ္စာ (မဂ္ဂသစ္စာ)၊ မလိုချင်လို့ ချုပ်သွားတာက (နိရောဓသစ္စာ)။ ဒါဖြင့် ပါဠိလေး–ရွတ် (ဒုက္ခက္ခန္ဓဿ နိရောဓော

ဟောတိ)။ ဒုက္ခက္ခန္ဓဿ–ဒုက္ခအစု၏၊ နိရောဓော–ချုပ်ကြောင်းသည်၊ ဟောတိ–ဖြစ်၏။ **သူက–ချုပ်ကြောင်း သဘောကျ။** သူက–ချုပ်ကျိုး ကျေနပ်ပြီလား။ "ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။" ဒုက္ခက္ခန္ဓဿ–ဒုက္ခအစု၏၊ နိရောဓော–ချုပ်ကြောင်းသည် ဆိုတော့ "မဂ္ဂသစ္စာ" ရှင်းပြီလား။ ချုပ်ကြောင်းက ဘယ်သူပါလိမ့် (မဂ္ဂသစ္စာ)၊ ချုပ်ကျိုးက (နိရောဓသစ္စာ)။ "မဂ္ဂသစ္စာ"လုပ်မှ "နိရောဓသစ္စာ"ရမယ်ကွာ။ နို့မို့လို့ ရှိရင် မရနိုင်ဘူး ဆိုတာကော ဘယ်ပါဠိတော်က ပြောတုန်း။ "ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။" ဒုက္ခက္ခန္ဓဿ–ဒုက္ခအစု၏၊ နိရောဓော–ချုပ်ကြောင်းသည်၊ ဟောတိ–ဖြစ်၏။ သူက–"မဂ္ဂသစ္စာ၊" ချုပ်ကြောင်းက ဘာသစ္စာ (မဂ္ဂသစ္စာ)၊ ချုပ်ကျိုးက (နိရောဓသစ္စာ)။ ဒါဖြင့် ချုပ်တာ သိပြန်တော့ 'နိဗ္ဗာန်'သိပြန်တော့လဲ "နိဗ္ဗာန်"နဲ့ "မဂ္ဂသစ္စာ"ကလဲ တွဲလျက်၊ "ဒုက္ခ"နဲ့ သမုဒယ"ကကော (တွဲလျက်ပါ)။ ဒါဖြင့် "မဂ္ဂ"လုပ်မှ "နိရောဓ"ရမယ်။ "သမုဒယ"လုပ်ရင် ("ဒုက္ခ"ရမယ်)။

**တစ်ခါက် ပြန်ပြောဦးမယ်။** စိတ်ကလေးတစ်ခု ပေါ်လာတယ်၊ ချုပ်သွားတာ ဘာသစ္စာ (နိရောဓသစ္စာ)။ ကဲ–နာမ်ရုပ်ကလေး ပေါ်လာတယ်ဆိုတော့ နာမ်ရုပ်ကလေးလဲ ဖြစ်ပေါ်ပြီး ချုပ်မသွားဘူးလား။ ဒါ–ဘာဆို (နိရောဓသစ္စာ)။ ဒီ–ပါဠိတော်က ဘယ့်နှယ်ဆိုတုန်း (ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ)။ မင်းတို့လာတဲ့ ဒုက္ခတွေဟာ ချုပ်ကုန်ပြီကွ၊ ချုပ်တာတွေပဲ အဲဒါ–"နိရောဓသစ္စာ"တွေပဲ။ ဒုက္ခမျိုးစုံ ချုပ်တာ ဘာသစ္စာ (နိရောဓသစ္စာ)။ "နိရောဓသစ္စာ" သိသဖြင့် သြော်... ချုပ်ချင်လို့ ချုပ်တာ မဟုတ်ဘူး၊ "မဂ္ဂသစ္စာ"နဲ့ရှုလို့ မလိုချင်လို့ ချုပ်တာ။ မလိုချင်တာ ဘာသစ္စာ (မဂ္ဂသစ္စာ)။ ချုပ်တာကြီး ပေါ်လာတာက (နိရောဓသစ္စာ)။ ဒါဖြင့် မဂ်ရမှ နိဗ္ဗာန်ရမယ်။ ခင်ဗျားတို့ တစ်ကိုယ်လုံးမှာ ရှိတဲ့–ဒုက္ခချုပ်မှ 'နိဗ္ဗာန်'ရမယ်။ ဒါဖြင့် ဉာဏ်ထဲမှာ ချုပ်ရင် ပြီးတာပါ၊ ဒီခန္ဓာကြီးတော့ ပျောက်မသွားဘူး။ **ရှုတုန်းမှာပဲ ခန္ဓာဒုက္ခတွေတော့ မမြင်ရတော့ဘူး။ မမြင်ရလို့ ရှိရင် "နိဗ္ဗာန်" ပေါ်လာမှာပဲ၊** ရှင်းပြီလား။ ဘေးကနေ ကြည့်တော့ ဒီခန္ဓာကြီး ရှိလျက်ပဲ၊ ကိုယ့်ဟာကိုယ် ရှုတော့ ကိုယ့်ခန္ဓာကိုယ်–မလိုချင်လို့ ဒုက္ခတွေ ဘယ့်နှယ်ဖြစ်သွား၊ ချုပ်သွားတဲ့အခါကျတော့ ဒုက္ခချုပ်တာ 'နိဗ္ဗာန်'ပဲ မဟုတ်လား။ အဲဒီ–'နိဗ္ဗာန်'ကို ကိုယ်က–ဒုက္ခချုပ်တဲ့ဆီကို ဉာဏ်က ရောက်နေတယ်တဲ့၊ ခန္ဓာ၏ဖြစ်စဉ် ဒုက္ခဖြစ်စဉ်ကြီး တွေ့သေးရဲ့။ အဲ–ဒုက္ခဖြစ်စဉ် မတွေ့သာသည် ဘယ်သူတုန်းဆိုလို့ ရှိရင်ဖြင့် မဂ်သည် 'နိဗ္ဗာန်'ကိုမြင်တာ။ ခန္ဓာကြီး ရှိလျက်နဲ့ကို မမြင်တော့ဘူး။ ဒုက္ခတွေချုပ်သွား ဉာဏ်ထဲမှာ ချုပ်သွား။ မျက်လုံး မှိတ်ရှု၊ ခန္ဓာကြီးက ပျောက်ထွက်သွားလိမ့်။ ခန္ဓာပျောက်တာလား၊ ဒုက္ခပျောက်တာ၊ အဲ–ဒုက္ခပျောက်တဲ့ဆီကို သြော်...ကိုယ့်ခန္ဓာ မရှိတော့ဘူး၊ ကိုယ့်ခန္ဓာ "ဒုက္ခသစ္စာကြီး" မရှိတော့ဘူးလို့ မသိဘူးလား။ အဲ...သိတာက–"မဂ္ဂသစ္စာ၊" ခန္ဓာဒုက္ခကြီး ချုပ်သွားတာက (နိရောဓသစ္စာ)။

ဒါဖြင့် ဒကာဒကာမတို့ **ယနေ့–"သစ္စာလေးပါး" မသိဘူးလား။** "သစ္စာ"ကို သိတာက သိချင်လို့ သိရတာ မဟုတ်ဘူး၊ ခန္ဓာတွေ ချုပ်သွားရင် ဒုက္ခချုပ်တာ။ ခန္ဓာတွေ တန်းပေါ်နေရင် ဒုက္ခပေါ်တာ။ **ခင်ဗျားတို့သန္တာန်မှာ ဒုက္ခဖြစ်တာနဲ့ ဒုက္ခချုပ်တာပဲ–ရှိ၊ ယောကျ်ား, မိန်းမ လုံး၀**

**မပါဘူး။** ပေါ်လာရင် ဘာတွေပေါ်လာတုန်း (ဒုက္ခပေါ်တာ)။ လောဘပေါ်ပေါ်၊ ဒေါသပေါ်ပေါ်၊ စားချင်တာပေါ်ပေါ်၊ အိပ်တာပေါ်ပေါ်၊ သွားချင်တာပေါ်ပေါ် ဘာတွေပေါ်တာ၊ ဒါ-ဒုက္ခပေါ်တာ။ အဲဒါလေးတွေ ချုပ်သွားပြန်တော့လဲ ဘာတွေချုပ်သွားတာ (ဒုက္ခချုပ်တာပါ)။ ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ ယောက်ျားမပါ၊ မိန်းမမပါဘူး၊ **ဒုက္ခဖြစ်တာနဲ့ ဒုက္ခချုပ်တာပဲ ရှိတယ်။** ဒိဋ္ဌိပြုတ်ပြီ လား။ ဒါ-ဒိဋ္ဌိပြုတ်အောင် ဟောနေတာ။ ဒါဖြင့် **"ဒိဋ္ဌိပြုတ်"ချင်လို့ ရှိရင် "ပဋိစ္စသမုပ္ပါဒ် ဖြစ်တာနဲ့ ချုပ်တာသိမှ ပြုတ်မယ်။" "ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်၏ ဖြစ်မှု၊ ချုပ်မှုသိရင် ဒိဋ္ဌိပြုတ် ၏။"** ဒိဋ္ဌိပြုတ်ချင်ရင် ဘာလုပ်ရမယ်၊ **"ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်"ဆိုတာ ခန္ဓာတန်းနေတာကြီးပေါ့။ အဲဒါကို ဖြစ်မှု၊ ချုပ်မှု သိလို့ရှိရင် ဘာပြုတ်ပါလိမ့် (ဒိဋ္ဌိပြုတ်တယ်)။** ဒါဖြင့် အဲဒီ-ဒိဋ္ဌိပြုတ်ပြီးတော့မှ ဝိပဿနာရှုပါ။ ဒါဖြင့် ဝိပဿနာ ဘယ်အချိန်မှ ရှုရမှာပါလိမ့် (ဒိဋ္ဌိပြုတ်ပြီးမှ ရှုရမှာပါ)။ ဒိဋ္ဌိဖြုတ် ချင်တော့ "ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်" ဘာသိရမှာတုန်း၊ ဖြစ်တာနဲ့ ချုပ်တာသိမှ ဒိဋ္ဌိကပြုတ်မှာ။ အဲဒီ- ဒိဋ္ဌိပြုတ်ပြီးမှ ဖြစ်ပျက်ရှုပါလို့ ဆိုတာကို လေးနက်စွာ သတိပေးလိုက်ပါတယ်။ 'အနုရာဓ'က ဒိဋ္ဌိ မပြုတ်ဘဲ ဝိပဿနာရှုပြီးသကာလ နေတော့၊ တရားလမ်းစဉ် လွဲနေတယ်။ ရှေ့နောက်လွဲ၊ ဘယ်လို ရှေ့နောက်လွဲပါလိမ့်။ ဒိဋ္ဌိ မပြုတ်ဘဲ ဝိပဿနာရှုနေတော့ ၁-အလုပ် လုပ်ရမှာ ၂-သွား အလုပ် လုပ်မိတော့ ကိုယ်ကျိုးနည်း။ "ဒိဋ္ဌိဖြုတ်"ရမှာသည် ၁-နံပါတ်၊ "ဝိပဿနာ"ရှုရမှာက (၂-နံပါတ်)။ ၎င်း-ဒိဋ္ဌိပြုတ်စေချင်လို့ရှိရင် "ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်"၏ ဖြစ်မှုနဲ့ ပျက်မှုမှာ "ဒုက္ခသစ္စာ"ချည်း သိထားရ မယ်။ "ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်"၏ ဖြစ်မှု၊ ပျက်မှုကို "ဒုက္ခသစ္စာ"လို့ သိထားမှသာလျှင် ဒိဋ္ဌိက ကပ်နိုင် သေးရဲ့လား (မကပ်နိုင်ပါ)။ ဖြစ်တာလဲ-ဒုက္ခ၊ ပျက်တာ-ဒုက္ခ၊ ကြည့်လေ ဘုန်းကြီးက ပြော တာလားတဲ့ ဖြစ်တာဟူသရွေ့-**"ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊"** ပျက်တာဟူ သရွေ့-**"ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ၊"** မလာလား။ ဒါဖြင့် ဖြစ်တာလဲ ဘာသစ္စာ လို့ ပြော (ဒုက္ခသစ္စာ)။ ပျက်တာကော (ဒုက္ခသစ္စာ)။ ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ ပေါ်တာ၊ ပျက် တာ ဟူသရွေ့ ရုပ်နာမ်-ဟူသရွေ့သည် ပေါ်ပျက်ပဲ ရှိတယ်၊ အဲဒါတွေ ဘာသစ္စာတဲ့တုန်း (ဒုက္ခ သစ္စာ)။ အဲဒီ-"ဒုက္ခသစ္စာ"ချည်း သိတော့မှ ဩော်...ဖြစ်တာလဲ-ဒုက္ခ၊ ပျက်တာလဲ-ဒုက္ခလို့ သိတော့ မှ ပုဂ္ဂိုလ်၊ သတ္တဝါနဂိုက မပါ ပါလား။ ထိုကဲ့သို့ သိတဲ့အခါကျတော့ ဒိဋ္ဌိပြုတ်ပြီ။ "ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်း" သိလို့ရှိရင်လဲ ဒိဋ္ဌိပြုတ်တယ်။ "ပဋိစ္စသမုပ္ပါဒ် ချုပ်ကြောင်း"သိရင်ကော (ဒိဋ္ဌိပြုတ် တယ်)။ **"ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်း" သိတော့ကို "ဒုက္ခ"နဲ့ "သမုဒယ" သိတယ်။ "ပဋိစ္စ သမုပ္ပါဒ် ချုပ်ကြောင်း" သိတော့ကို "မဂ္ဂ"နဲ့ "နိရောဓ"-သိ။ "သစ္စာလေးပါး" သိတာပဲ မကြဘူးလား။** အဲတော့ "သစ္စာလေးပါး" သိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်-ဒိဋ္ဌိ၊ ဝိစိ ရှိသေးရဲ့လား (မရှိပါ)။ "ပဋိစ္စသမုပ္ပါဒ်"ဆိုတာ တခြားလား၊ ခင်ဗျားတို့ ခန္ဓာဖြစ်စဉ်လား (ခန္ဓာဖြစ်စဉ်ပါ)။ အဲဒီ-ခန္ဓာဖြစ် စဉ်ကို ဖြစ်တာ သိနေရင် "ဒုက္ခသစ္စာ" မသိသေးဘူးလား။ ခန္ဓာ့အထဲမှာ ဒါလေးတွေ ချုပ်သွားပြီ၊ ချုပ်သွားပြီ သိနေရင်ပဲ၊ ဘာသစ္စာသိ၊ "နိရောဓသစ္စာ"သိတယ်။ ဖြစ်တာသိရင် "ဒုက္ခသစ္စာ"သိပါ၊ ပျက်တာသိရင် (နိရောဓသစ္စာ သိပါတယ်)။ အဲဒီ-နှစ်ခုကို သိသဖြင့် **ဖြစ်တာသည် "ဒုက္ခသစ္စာ"**

**သိဖြစ်သဖြင့် အကြောင်းပျက်လို့ သူကျိုးပျက်တာပဲလို့၊ အကြောင်းလှမ်းပြီး သိလိုက်တော့ အေး မသွားဘူးလား။ ချုပ်တာသိတော့ "နိရောဓသစ္စာ" မသိဘူးလား။ ချုပ်ချင်လို့ ချုပ်တာလား၊ မဂ်က မလိုချင်လို့ ချုပ်တာလား (မလိုချင်လို့ ချုပ်တာ)။ ဒါဖြင့် "မဂ္ဂသစ္စာ"လဲ သိသွားတော့ ခင်ဗျားတို့ "သစ္စာလေးပါး" သိသွားပါတယ်။**

အဲတော့ ဒီ–'အနုရာဓ'မှာ "သစ္စာလေးပါး"သိမှ ကိစ္စပြီးမှာကို သေချာ–သိလို့ တိတ္ထိတွေက လာမေးတော့ သူ–ဒိဋ္ဌိ မပြုတ်ဘဲနဲ့ နေတဲ့အတွက် ဘုရားဆီ ဒိဋ္ဌိပြုတ်နည်း၊ နိဿရည်းကို သူ– သွားမေးရ သေးတယ်။ မေးပြီးတော့မှ ဘုရားက–ငါ့လူကိုယ်က ဒိဋ္ဌိ မပြုတ်ဘဲနဲ့ ဝိပဿနာ ရှုနေလို့ ငါ့လူကိုယ်က ချာနေတာကိုး ဆိုပြီး "ဒိဋ္ဌိဖြုတ်ပေးရ ရှာသေးတယ်။" "ဒိဋ္ဌိဖြုတ်ပေးတော့မှ ကိစ္စ ပြီးတယ်" ဆိုတဲ့ အကျယ်တဝင့်တော့ နက်ဖြန်မှ ဟောကြစို့။ ။

♠♠♠♠♠♠♠♠♠

( မန္တလေးမြို့ဟော )

# ၁၀ . ၂ . ၆၁

# ရှင်အနုရာဓရဟန်း ဥပမာပြ၊ ဒိဋ္ဌိပြုတ်ရေး အမှတ် ( ၂ ) တရားတော်။

( "အနုရာဓသုတ်" အဆက်။ )

မှတ်ချက်။ ။

(၁)။ "အပါယ်သွားမယ့်-ဒိဋ္ဌိ"ကို ဖြတ်တောက်ပေးနေတာလို့ ယနေ့-မှတ်စမ်းပါနော်။

(၂)။ အသိဉာဏ်လိုက်တာဟာ "မဂ်"ရတာပဲလို့ မှတ်လိုက်စမ်းပါ။

(၃)။ "နိဗ္ဗာန်"က-"အသင်္ခတတရား၊" "နိဗ္ဗာန်ရောက်ကြောင်းတရား"က-"ဝိပဿနာ"လို့ "သံယုတ်ပါဠိတော်"မှာ "သဠာယတနသံယုတ်"မှာ သေချာ-ဟောထားသည်။

(၄)။ **"ဝိပဿနာ"ဆိုတော့ ရှုရမှာ။ ရှုရမှာက ဘာကိုရှုရမှာတုန်းလို့ မေးတဲ့အခါကျတော့ "စိတ္တာနုပဿနာ-ရှု"လို့ ရှေးဦးစွာ ပြောလိုက်တယ်နော်။**

(၅)။ "ဝိပဿနာအလုပ်"သည်ကားလို့ ဆိုလို့ရှိရင် "နိဗ္ဗာန်ရောက်ကြောင်းပဲ" ဆိုတာ သေချာကြ။

(၆)။ "ဝိပဿနာရှုနည်း။"

(၇)။ ကိုယ့်စိတ်-ကိုယ်ရှု။

(၈)။ **"ဝိပဿနာရှုမယ်" ကြလို့ရှိရင် ကိုယ့်စိတ်အစဉ်ကြီး ဖြစ်တာကို ကိုယ့်ဟာကိုယ် သိပြီးသကာလ၊ ဒါတွေ "ဒုက္ခသစ္စာ"တွေ တန်းနေတာပဲ ဆိုတာ ရှေးဦးစွာ သိနှင့်ထားရမယ် ဆိုတာ ပေါ်ကြ။**

(*)(၉)။ **"ဒိဋ္ဌိ-ခွာပေးနေတာ။"**

(၁၀)။ တို့သန္တာန် ပေါ်လေသမျှ "ဒုက္ခသစ္စာ"ချည်းပဲ။

(*)(၁၁)။ **"ရှင်အနုရာဓ။"**

(**)(၁၂)။ **ယနေ့တော့ "အာရုံတိုက်ဆိုင်တဲ့ ပဋိစ္စသမုပ္ပါဒ် ၆-မျိုး"ကို ပြလိုက်နော်။**

(*)(၁၃)။ **"ဒိဋ္ဌိ အကြီးအကျယ်-ဖြုတ်၊" ဒီ-တစ်လုံးပြုတ်ရင် စူဠသောတာပန် ဖြစ်ပါ။**

(*)(၁၄)။ **"ဒိဋ္ဌိတစ်လုံး ပြုတ်တယ်" ဆိုလို့ ရှိရင်ဖြင့် အကုသိုလ်ရေသောက်မြစ်-တစ်ခု ပြုတ်တာပဲလို့ မှတ်စမ်းပါ။**

(**)(၁၅)။ **"ပဋိစ္စသမုပ္ပါဒ်"ဟာ "ဒုက္ခသစ္စာ" နားလည်ထား။ "ဒုက္ခသစ္စာ" ဖြစ်တာရယ်, "ဒုက္ခသစ္စာ" ချုပ်တာရယ်၊ ဒါ–နားလည်ထားတော့ သတ္တဝါက မပါခဲ့ဘူး။**

(*)(၁၆)။ **"ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်ကြီး၊ ထေရ်ရဂဝ်။"**

(*)(၁၇)။ **( "အနုရာဓကို တိတ္ထိတွေက–မေး။" )**

(၁)။ သတ္တဝါသေရင် ဖြစ်သေးသလား မေးတယ်၊

(၂)။ သတ္တဝါသေရင် မဖြစ်တော့ဘူးလားလို့ မေးလိုက်တယ်၊

(၃)။ သတ္တဝါသေရင် ဖြစ်ချည်တစ်လှည့်, မဖြစ်ချည်တစ်လှည့်လားလို့ မေးလိုက်တယ်၊

(၄)။ သတ္တဝါသေရင် မဖြစ်သည်မဟုတ်, ဖြစ်သယောင်ယောင် ရှိသေးသလား မေးလိုက်ပြန်တော့၊

- ဘုရားကတော့ ဒီ–ပုစ္ဆာမျိုး မဖြေဘူးလို့ သူက–ဒါပဲ ပြောလိုက်။

**#** ခန္ဓာကိုယ်ထဲမှာ ဘာပဲ စပေါ်ပေါ်၊ "ဒုက္ခသစ္စာ" စပေါ်တယ်လို့သာ မှတ်ပါလို့ဆိုတာ စောစောစီးစီး သတိပေးပါတယ်။ ဝိပဿနာ မရှုဘဲနေလို့ ရှိရင်ဖြင့် တထစ်ချသာ မှတ်ပါတော့ "ဒုက္ခသစ္စာ"ပေါ်တယ်။ ပေါ်တာကို ဝိပဿနာရှုလိုက်လို့ ရှိရင်ဖြင့် "ဒုက္ခသစ္စာ"မိတာပဲလို့ မှတ်ကြရမယ်။ ပေါ်လာတဲ့တရား ဝိပဿနာရှုလိုက်တော့ ပေါ်လာတဲ့တရားက–"ဒုက္ခသစ္စာ၊" ရှုတာက–"မဂ္ဂသစ္စာ"သွားဖြစ်ပါတယ်။ ခန္ဓာကိုယ်ထဲ ပေါ်တိုင်း မရှုမိလို့ရှိရင် "ဒုက္ခသစ္စာ"တွေဆက်သွားတယ်လို့ မှတ်ရမယ်။ ဒီဘဝမှာ ဝိညာဏ်က စလို့၊ ဝိညာဏ် ဘာသစ္စာတဲ့တုန်း (ဒုက္ခသစ္စာ)။ ဝိညာဏ်ပြီး နာမ်ရုပ်ပေါ်လာပြန်တော့ ဘာသစ္စာ (ဒုက္ခသစ္စာ)။ နာမ်ရုပ်ပေါ်လာပြီး "စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန" ဆိုတဲ့–အာယတနတွေ ပေါ်လာတော့ကော (ဒုက္ခသစ္စာ)။ ဒါဖြင့် ပေါ်ချင်တာပေါ်၊ ဝိပဿနာသာ မရှုနဲ့ ဘာသစ္စာတွေ တန်းသွား (ဒုက္ခသစ္စာ)။ အဲတော့ "ဒုက္ခသစ္စာ"တွေ တန်းသွားတယ်ဆိုတာ သိတော့မှ ပုဂ္ဂိုလ်, သတ္တဝါ နဂိုက မပါ ပါကလား။ သြော်...ဒါ–ဆရာဘုန်းကြီး ဘာဟောနေတာပါလိမ့်မတုန်းဆိုတော့ **"အပါယ်သွားမယ့်–ဒိဋ္ဌိ"ကို ဖြတ်တောက်ပေးနေတာလို့ ယနေ့–မှတ်စမ်းပါနော်။** ပေါ်လာတဲ့တရားတွေသည် ဘာသစ္စာတွေသာ ပေါ်လာကြ၊ "ဒုက္ခသစ္စာ"တွေ ပေါ်လာတယ်။ ချုပ်သွားတဲ့တရားကလဲ ပေါ်ပြီး ပျက်သွားတယ်, ချုပ်သွားတယ်၊ သူကလဲ ဘာတွေများ ချုပ်သွားပါ၊ "ဒုက္ခသစ္စာ"ပဲ ချုပ်သွားတော့ သြော်...ခန္ဓာကိုယ်ထဲမှာဖြင့် ပေါ်လာလဲ "ဒုက္ခသစ္စာ၊" ချုပ်တာလဲ "ဒုက္ခသစ္စာ၊" ဒါပဲ ရှိပါလား။ ဘယ်ချိန် ဘာပေါ်ပေါ်၊ ပေါ်တာ–"ဒုက္ခသစ္စာ၊" ပျက်တာ–"ဒုက္ခသစ္စာ"လို့ ဒကာဒကာမတွေက အသိဉာဏ်လေး နောက်က လိုက်သွားကြမယ်ဆိုလို့ ရှိရင်ဖြင့်တဲ့ ဒါဟာ မဂ်ဟာ **အသိဉာဏ်လိုက်တာဟာ "မဂ်"ရတာပဲလို့ မှတ်လိုက်**

**စမ်းပါ**။ သြော်…တို့–ဘဝများစွာ သံသရာကြီးက မဂ်ဉာဏ်,ဖိုလ်ဉာဏ် မရခဲ့တာ ဘာကြောင့်ပါလိမ့် မတုန်းလို့ မေးတော့ ပေါ်တဲ့–'ဒုက္ခသစ္စာ' နောက်က အသိဉာဏ် ဆိုတဲ့–'မဂ္ဂသစ္စာ'မလိုက်မှု အပြစ် သင့်ခဲ့တာပဲလို့ ဆိုရင် လွဲပါ့မလား။ အဲဒါကြောင့် ယခု–သာသနာတွင်းမှာ ဆရာတွေ အမျိုးမျိုး, အဖုံဖုံ ဟောကြ, ပြောကြ နေတဲ့အချိန်မှာမှ ဒကာဒကာမတွေက ကိုယ့်ကိုယ်ကို မသနားလို့ 'မဂ္ဂသစ္စာ' မလိုက်တော့ပါဘူး ဆိုလို့ ရှိရင်ဖြင့် **"ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"**ဆိုပြီး ဒုက္ခတွေချည်းလာ နေဦးမှာပဲ။ ကိုင်း–ဒါဖြင့် လိုက်လိုက်မယ်ဆိုတဲ့ အခါကျလို့ရင်လဲ **"ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ၊ "**ဒုက္ခတွေ ချုပ်သွားမှာပဲ။ မလိုက်ရင် ဘာသစ္စာ (ဒုက္ခသစ္စာ)။ လိုက်လိုက်လို့ ရှိရင် 'ဒုက္ခသစ္စာ' ပြတ်သွားလိမ့်မယ် ဆိုတာ မသေချာဘူးလား။ အဲဒါကြောင့် အမြဲတမ်း လိုက်ပေးပါ ဆိုတဲ့ဥစ္စာကို သတိပေးပါတယ်နော်။ **"သံယုတ်ပါဠိတော်ကြီး"**မှာ လာထားတာက ဘယ်လိုလာထားသတုန်းလို့ မေးတဲ့အခါကျတော့ "အသင်္ခတတရား"ဆိုတာ "နိဗ္ဗာန်"နော်။ ဒါဖြင့် ဘုရားက ဘယ်တရားသည် "အသင်္ခတတရား"တုန်း ဆိုတော့ "နိဗ္ဗာန်"လို့ ဟောလိုက်။ ဘယ်တရားသည် "အသင်္ခတ" ဖြစ်တဲ့ 'နိဗ္ဗာန်ရောက်ကြောင်း'တုန်းလို့ ဟောလိုက်ပြန်တော့လဲ 'ဝိပဿနာ'လို့ ဟောလိုက်ပြန်တယ်။ အဲဒါကြောင့် ခင်ဗျားတို့ 'နိဗ္ဗာန်' တည်းဟူသောတရား မရောက်ခဲ့တာသည် 'ဝိပဿနာ'ကို ဘဝများစွာ သံသရာက မပါခဲ့တဲ့ အပြစ်ဟာ သေချာလွန်းလို့ ဒုက္ခပင်လယ် ဝေတဲ့ အခု–ခန္ဓာကြီး "ဒုက္ခသစ္စာကြီး" ထမ်းပိုးလည်နေရတယ် ဆိုရင် လွဲပါ့မလား။ မနေ့က ပြခဲ့တာက "ဝိညာဏ်က စပြီး နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဆိုပြီး ဒုက္ခစဉ်ကြီး ဖြစ်ပုံကို မပြောခဲ့ဘူးလား။ နောက်ထပ် တစ်ခါ "ဝိညာဏ်ချုပ်တာသည် ဒုက္ခချုပ်တာ၊ နာမ်ရုပ်ချုပ်တာသည် (ဒုက္ခချုပ်တာ)၊ သဠာယတနချုပ်တာသည် (ဒုက္ခချုပ်တာ)။ အဲ–ဒုက္ခချုပ်တာတွေ ပြောတော့ နောက်ဆုံးပိတ် နိဂုံးချုပ်လိုက်တော့ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ၊" ဒါ–ဒုက္ခချုပ်သာ နိဗ္ဗာန်ပဲ ဆိုတာကော သဘောကျ။ ဒါဖြင့် **"ပဋိစ္စသမုပ္ပါဒ်"ဖြစ်ရင် "ဒုက္ခသစ္စာ၊" "ပဋိစ္စသမုပ္ပါဒ်"ချုပ်ရင် (နိရောဓသစ္စာ)**။ ဒါဖြင့် ဒီ–'ပဋိစ္စသမုပ္ပါဒ်'ချုပ်မှ 'နိဗ္ဗာန်'ရမှာပါလား ဆိုတာကော သေချာကြပြီလား။ အဲတော့ 'ပဋိစ္စသမုပ္ပါဒ်'မှ မသိတဲ့ပုဂ္ဂိုလ် ချုပ်ရာ, ချုပ်ကြောင်း အကျင့် နောက်ကလိုက်နိုင်ပါ့။ 'ဝိပဿနာ' နောက်ကလိုက်နိုင်ပါ့။ အဲဒီ–မလိုက်နိုင်မှာ စိုးရိပ်တဲ့အတွက် ဘုရားက "အသင်္ခတတရား"ဆိုတာ "နိဗ္ဗာန်"ကွာ "သံယုတ်ပါဠိတော်"မှာ၊ "အသင်္ခတတရား" ရောက်ရာရောက်ကြောင်း အကျင့်ဆိုတော့ ဘာတဲ့–'ဝိပဿနာ။' **"နိဗ္ဗာန်"က–"အသင်္ခတတရား၊" "နိဗ္ဗာန်ရောက်ကြောင်းတရား"က–"ဝိပဿနာ"လို့ "သံယုတ်ပါဠိတော်"မှာ "သဠာယတနသံယုတ်"မှာ သေချာ–ဟောထားသည်** ဖြစ်လေသောကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ 'ဝိပဿနာဖြင့် မလုပ် မဖြစ်ဘူးပေါ့။ **"ဝိပဿနာ" ဆိုတော့ ရှုရမှာ။ ရှုရမှာက ဘာကိုရှုရမှာတုန်းလို့ မေးတဲ့အခါကျတော့ "စိတ္တာနုပဿနာ–ရှု"လို့ ရှေးဦးစွာ ပြောလိုက်တယ်နော်။ "စိတ္တာနုပဿနာ"ဆိုတာ** တခြားမဟုတ်ပါဘူး။ ဒီကနေပြီးကြည့်လိုက်တော့ ကောင်းကင်ကြည့်လိုက်လဲ မီးတွေက ထွန်းထားတော့ မီးတွေမြင်တဲ့စိတ် မပေါ်ဘူးလား။ ဒါလေးဟာ မီးတွေမြင်တဲ့စိတ် ပေါ်လာတယ်၊ ဒါ–ပစ္စုပ္ပန် "ယခုပေါ်တဲ့–ပဋိစ္စသမုပ္ပါဒ်"

အစလို့ မှတ်လိုက်စမ်းပါ။ **"စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။"** ဆိုတဲ့အတိုင်း စက္ခုဝိညာဏ်–စိတ်ကလေး ပေါ်တော့၊ ဒါ–ဒီစိတ်ကလေး ပေါ်တာပဲ။ **"တိဏ္ဏံ သင်္ဂတိ ဖဿော"** ဆိုတော့ ဖဿကနောက်က မလိုက်ပေဘူးလား။ **"ဖဿပစ္စယာ (ဝေဒနာ)၊ ဝေဒနာပစ္စယာ (တဏှာ)၊ တဏှာပစ္စယာ (ဥပါဒါန်)၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ"** ဆိုတော့ **ဒါ–ဒီဘဝ မြင်လိုက်တယ် ဆိုလို့ရှိရင်ဖြင့် မြင်တယ်၊ မြင်ပြီးသကာလ တွေ့တယ်၊ တွေ့ပြီး ခံစားတယ်၊ ခံစားတယ်ဆို သာယာတယ်, စွဲလမ်းတယ်, အားထုတ်တယ် မလာပေဘူးလား။ ဩော်…ဒါက အရင်က မွေးကထည်းက ပါတဲ့–ပဋိစ္စသမုပ္ပါဒ်လား, အခုကြည့်လိုက်မှ ပေါ်တဲ့–ပဋိစ္စသမုပ္ပါဒ်လား အကဲခတ်စမ်း (အခုကြည့်လိုက်မှ ပေါ်တဲ့–ပဋိစ္စသမုပ္ပါဒ်ပါ)။ ဒီ–"ပဋိစ္စသမုပ္ပါဒ်"က၊ အခု–ဝိပဿနာရှုတဲ့ နေရာမှာ အရေးကြီးပါတယ် ဆိုတာ မှတ်လိုက်တာပေါ့။** မီးလေးကြည့်လိုက်တော့ မြင်တဲ့စိတ် မလာဘူးလား (လာတယ်)။ မြင်ပြီး တွေ့တာလေးကော (လာတယ်)၊ အေး–ဖဿ။ ပြီးတော့မှ ခံစားတဲ့ဝေဒနာကော (လာတယ်)။ မီးထွန်းထားသာ လှလိုက်တာလို့ ခံစားတဲ့ဝေဒနာ ပေါ်တယ်။ လှတာလေး သဘောကျတယ် ဆိုတဲ့–တဏှာကော (လာတယ်)။ ဒီဟာမျိုး ကျုပ်–ရချင် ဆိုတဲ့–ဥပါဒါန်မျိုးကော၊ လာချင်လာတတ်တယ်။ ရချင်လို့ရှိရင်ဖြင့် ကျုပ်သည် ရောင်းရ, ဝယ်ရ, သွားရ, အားထုတ်ရ ဆိုတဲ့–ကာယကံ, ဝစီကံတွေကော မလာပေဘူးလား (လာတယ်)။ ဩော်…ဒါဖြင့် ၁, ၂, ၃, ၄, ၅, ၆၊ ဒကာဒကာမတို့ အိမ်ကပါလာတာလား, ယခု–မီးကြည့်လိုက်မှ ပေါ်လာတာ။ ဒါတွေ ဘာသစ္စာတွေ တန်းသွားပါလိမ့်။ "ဒုက္ခသစ္စာ"တွေ တန်းသွားတော့ကို၊ ဘယ့်နှယ်ကြောင့် "ဒုက္ခသစ္စာ"တွေ တန်းသွားပါလိမ့် မတုန်းလို့ မေးဖို့ မလိုဘူးလား။ အဲ–"ဒုက္ခသစ္စာ"တွေ မတန်းချင်ပါဘူး၊ ဒါတွေဟာ "ဒုက္ခသစ္စာ"တွေချည်းပဲ၊ ကံပြီးတော့ ဘဝဆိုလဲ ပဋိသန္ဓေနေမှု၊ ဇာတိ, ဇရာ, မရဏတွေ မလာပေဘူးလား။ အဲဒီတော့ ဒါတွေအလာ မခံရအောင် ဘာလုပ်ရမလဲလို့ မေးတဲ့အခါကျတော့မှ **'စက္ခုဝိညာဏံ အနိစ္စံ'** ဆိုတဲ့–မြင်စိတ်ကို ဝိပဿနာ–ရှုပေး၊ **"ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်"ကို ဝိပဿနာ–ရှုပါနော်။** ရှုလိုက်တော့ စိတ်ကလေးက–ဖြစ်ပျက် မနေဘူးလား၊ ရှုတာက–'မဂ်' လာမဖြစ်လာဘူးလား။ အဲ–ဝိပဿနာမဂ် လာဖြစ်တယ်ဆိုရင် ကျေနပ်ပါပြီ၊ ဒီဘက် စိတ်ဆက် တန်းနိုင်သေးရဲ့လား။ မတန်းနိုင်လို့ရှိရင်ဖြင့် ကံတို့ ဇာတိ,ဇရာ,မရဏတို့ကော ဒီမဂ်က ဖြတ်တယ်ဆိုတာ မသေချာဘူးလား။ ကောင်းပြီ ဒါဖြင့် သူက–ဖြစ်ပျက်၊ နောက်ကရှုတာက (မဂ်)။ ဖြစ်ပျက်ဆိုတာ ဘာသစ္စာ၊ "ဒုက္ခသစ္စာ"တဲ့ ရှုတာက ဘာပါလိမ့်၊ "မဂ္ဂသစ္စာ၊" "လောကီမဂ္ဂသစ္စာ" ဖြစ်နေတော့ ဩော်…နိဗ္ဗာန်သည် "အသင်္ခတတရား" ဘယ်သူမှ မပြုပြင်ဘဲနဲ့ ရှိတဲ့တရား၊ 'နိဗ္ဗာန်ရောက်ကြောင်းတရား' ဘယ်သူတုန်းဆိုတော့ "သံယုတ်ပါဠိတော်"က 'ဝိပဿနာ'လို့ ဟောထားပြန်တယ်။ ဒါဖြင့် 'ဝိပဿနာ'လိုက်လိုက်တော့ 'နိဗ္ဗာန်ရောက်ကြောင်း' ဟုတ်, မဟုတ် စဉ်းစားကြည့်တော့ **ဖဿချုပ်, ဝေဒနာချုပ်, တဏှာချုပ်, ဥပါဒါန်ချုပ်, ကံချုပ်၊ ဒီဘက်က–အနာဂတ်ဘဝ ဆိုတဲ့–ဇာတိ, ဇရာ, မရဏတွေ ဘယ့်နှယ်နေကြ (ချုပ်ပါတယ်)။ ဇာတိ,ဇရာ,မရဏတို့၏ ချုပ်ရာ, သိမ်းရာ, ငြိမ်းရာ ဘာခေါ်ကြ (နိဗ္ဗာန်)။** ဩော်…ဒါ–ဘယ်သူကြောင့် ဒါတွေချုပ်ငြိမ်း ရပ်သိမ်းသွားပါလိမ့်မတုန်း ဆိုတော့ ဟောဒီ–'ဝိပဿနာ'ကြောင့်။ ဒီ–'ဝိပဿနာ'သာ မပါမယ်ဆို ချုပ်ငြိမ်းရပ်သိမ်းတာ ဖြစ်နိုင်ပါ့။ ဒါကြောင့် **"ဝိပဿနာအလုပ်"**

**သည်ကားလို့ ဆိုလို့ရှိရင် "နိဗ္ဗာန်ရောက်ကြောင်းပဲ" ဆိုတာ သေချာကြ။ ဒါ..."ဝိပဿနာ ရှုနည်း။" ပစ္စုပ္ပန်မှာ ယခု-ပစ္စုပ္ပန် မြင်တယ်ဆိုလို့ ရှိရင်ဖြင့် သြော်..မြင်စိတ်ကို တို့-ရှုရတော့မယ်။ ကြားတယ်ဆိုရင်ကော (ကြားစိတ်ကို ရှုရမယ်)။ နံတယ်ဆိုရင် (နံစိတ်ကို ရှုရမယ်)။ စားတယ်ဆိုရင် (စားစိတ်ကို ရှုရမယ်)။ ယားတယ်, ယံတယ်, နာတယ်ဆိုရင်ကော (ယားစိတ်, ယံစိတ်, နာစိတ်ကို ရှုရမယ်)။ ကောင်းတဲ့စိတ်ကလေး ပေါ်ရင်ကော (ကောင်းတဲ့စိတ်ကို ရှုရမယ်)။ တစ်ခါ ဝမ်းသာတဲ့စိတ်ကလေး ပေါ်လာတယ် (ဝမ်းသာတဲ့စိတ်ကို ရှုရမယ်)။ ဝမ်းနည်းတဲ့စိတ်ကလေး ပေါ်လာတယ် (ဝမ်းနည်းတဲ့စိတ်ကို ရှုရမယ်)။ သံသယရှိတဲ့စိတ်ကလေး ပေါ်လာတယ် (သံသယရှိတဲ့စိတ်ကို ရှုရမယ်)။ အိပ်ချင်တဲ့စိတ်ကလေး ပေါ်လာတယ် (အိပ်ချင်တဲ့စိတ်ကို ရှုရမယ်)။ ပျံ့လွင့်တဲ့စိတ်ကလေး ပေါ်တယ် (ပျံ့လွင့်တဲ့စိတ်ကို ရှုရမယ်)။ အဲ...အကုန်-ရှုပေးပါတဲ့။ တပည့်တော်တို့ ဘယ်ဟာရှုရမှာတုန်း မေးတော့ ကိုယ့်စိတ်-ကိုယ်ရှု။** ကိုယ့်စိတ်-ကိုယ်ရှုရမယ်ဆိုတာ သဘောကျ။ သူများစိတ် အကဲခတ်ရတာ မှားသည်ရှိ, မှန်သည်ရှိ၊ ကိုယ့်စိတ်ကို အကဲခတ်လိုက်တဲ့ အခါကျတော့ မှန်တယ်ဆိုတာ သေချာပြီလား။ ကဲ-ကိုယ့်စိတ်ကို အကဲခတ်လိုက်တဲ့ အခါကျတော့ ဟောဒီ-အကဲခတ်တာက မဂ်ဖြစ်ပြီးသကာလ သွားတော့ ရှေ့က-ကြားစိတ်ကလေးက အကဲခတ်တဲ့စိတ် လာတော့ သူ-မချုပ်သေးဘူးလား, ချုပ်။ မရှိဘဲနဲ့ ချုပ်တာလား, ပေါ်ပြီးမှ ချုပ်တာလား (ပေါ်ပြီးမှ ချုပ်တာပါ)။ ပေါ်တာ-"ဒုက္ခသစ္စာ၊" ချုပ်တာလဲ "ဒုက္ခသစ္စာ"လို့ ဆိုသောကြောင့် "ဒုက္ခက္ခန္ဓသ"လို့ မဆိုဘူးလား။ အဲတော့ "ဒုက္ခ"ကို "မဂ္ဂ"က မြင်တာလို့ မှတ်လိုက်ပါ။ ဒါက ယခု-ချက်ချင်း ပေါ်တဲ့-'ပဋိစ္စသမုပ္ပါဒ်'ကို ပြတယ်နော်။ နားဘက်က ကြားရင်လဲ ချက်ချင်း ပေါ်တဲ့-'ပဋိစ္စသမုပ္ပါဒ်' မလာပေဘူးလား (လာပါတယ်)။ နှာခေါင်းဘက်က ပေါ်လို့ ရှိရင် နှာခေါင်းစိတ်ပေါ်လို့ ရှိရင်လဲ ချက်ချင်း ဒီကျမှ ပေါ်တဲ့-'ပဋိစ္စသမုပ္ပါဒ်' မရှိပေဘူးလား။ အဲဒါ-ကိုယ့်ဉာဏ်နဲ့ကိုယ် ဖြတ်ကြပါ ဆိုတာကော သဘောကျ။ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ဖြတ်တော့ကို ရှုစရာတွေဟူသရွေ့ ဘာသစ္စာတွေတွေ့ (ဒုက္ခသစ္စာ)။ ပုဂ္ဂိုလ်, သတ္တဝါတွေများ တွေ့သေးလား။ မတွေ့တော့ဘူးဆိုတာ သေချာပြီလား။ ဒီကနေပြီး မြင်တဲ့စိတ် မရှုမိဘူး၊ ဝေဒနာတွေ့တယ်၊ ဝေဒနာကျမှ တပည့်တော်ရှုမိတယ် ဆိုရင်လဲ ဝေဒနာရှုလိုက်တာပေါ့။ အာ-တဏှာကျမှ တပည့်တော်သည်ရှုနိုင်တယ် ဆိုရင်ကော တဏှာကျမှရှု။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဘယ်စိတ်ပေါ်ပေါ် ရှုတတ်ပြီလား။ ဒကာဒကာမတို့သန္တာန်မှာတဲ့ ယခုလို အိမ်မှာနေရင်း, တရားနာရင်း, လမ်းသွားရင်းဆိုတော့ **"မြင်စိတ်-ပဋိစ္စသမုပ္ပါဒ်"လာလဲ ဖြစ်ပျက်ရှုရမှာ။ "ကြားစိတ်-ပဋိစ္စသမုပ္ပါဒ်"တန်းရင်ကော (ဖြစ်ပျက်ရှုမှာပဲ)။ "နံစိတ်-ပဋိစ္စသမုပ္ပါဒ်"တန်းရင်ကော (ဖြစ်ပျက်ရှုရမှာပဲ)။ "စားစိတ်-ပဋိစ္စသမုပ္ပါဒ်"တန်းလာရင်ကော (ဖြစ်ပျက်ရှုရမှာပဲ)။ "ယားစိတ်, ယံစိတ်-ပဋိစ္စသမုပ္ပါဒ်"တန်းလာရင်ကော (ဖြစ်ပျက်ရှုရမှာပဲ)။ အကုန်တော့ ရှုရမှာပဲ ဆိုတော့ မရှုလို့ရှိရင် ဘာဖြစ်မလဲလို့ မေးလို့ရှိရင်ဖြင့်တဲ့၊ ယားစိတ်ကလေး မရှုလို့ရှိရင် ယားစိတ်နဲ့ ငါနဲ့ ရောတော့မယ်။ ငါယားလိုက်တာ မလာပေဘူးလား (လာပါတယ်)။** ယားစိတ်နဲ့ ဘယ်သူနဲ့ ရောသွား (ငါနဲ့ ရောသွားပါတယ်)။ ဒါဖြင့် **"ဝိညာဏံ အတ္တတော သမနုပဿတိ။"** ဝိညာဏံ-ယားစိတ်ကလေးကို၊ အတ္တတော-ငါဟူ၍၊ သမနုပဿတိ-ရှု၏ ဆိုတော့ "သက္ကာယဒိဋ္ဌိ"သွားဖြစ်။

**"ဝိညာဏံ အတ္တတော သမနုပဿတိ"**ဆိုသဖြင့် ဝိညာဏံ–ယားစိတ်ကလေးကို၊ အတ္တတော–ငါ ယားတယ်ဟူ၍၊ သမနုပဿတိ–သူ..ရှုနေပြန်တယ်ဆိုတော့ စိတ်ပေါ်မှာ 'ဒိဋ္ဌိ' မစွဲဘူးလား။ တစ်ခါ နားထဲ နာတဲ့စိတ်ကလေး ဒကာဒကာမတွေက နာတာသည်ကားလို့ ဆိုရင် "ဒုက္ခသစ္စာ"လို့ မသိလို့ ရှိရင်ဖြင့် နာတဲ့စိတ်ကိုလဲ **"ဝိညာဏံ အတ္တတော သမနုပဿတိ"** သွားဖြစ်မှာပဲ။ "သက္ကာယဒိဋ္ဌိ" ဝင်ဝင် မလာပေဘူးလား။ ဒါကြောင့် ဘယ်စိတ်ပေါ်ပေါ် ဘာရှုရမလဲ (ဖြစ်ပျက်ရှုရ)။ ဖြစ်ပျက်က ဘာသစ္စာ (ဒုက္ခသစ္စာ)၊ ရှုတာက (မဂ္ဂသစ္စာ)။ ဒါကြောင့် **"ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"**လို့ ပြောခဲ့ပါတယ်။ ခင်ဗျားတို့ တွေ့ချင်တာတွေ "ဒုက္ခသစ္စာ"တွေ့မှာပဲလို့ မမှာဘူးလား။ ခင်ဗျားတို့ သန္တာန် ပေါ်တဲ့စိတ် ဟူသရွေ့ ဘာသစ္စာတွေ (ဒုက္ခသစ္စာ)။ ဘုရားက ဘယ့်နယ်ဟော **"ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။"** မင်းတို့သန္တာန် ဖြစ်တာတွေ ဒုက္ခတွေ ဖြစ်နေတာပဲကွ၊ ပေါ်တဲ့စိတ်တွေဟာ ဒုက္ခဖြစ်ပေါ်လာတာပဲ ဆိုတာ မသေချာသေးဘူးလား။ ရှုလိုက်တဲ့အခါကျတော့ ဖျတ်ဆို နာရီစင် ကြားစိတ်ကလေး ပေါ်လာတာကိုလဲ နောက်က–မဂ်ကနေပြီး ရှုလိုက်တဲ့အခါကျတော့ ရှိသေးရဲ့လား၊ မရှိတော့ ဒုက္ခချုပ် မသွားဘူးလား (ချုပ်သွားတယ်)။ အဲဒါကျတော့ ဘုရားက **"ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ၊"** ဒါ–ဒုက္ခချုပ်တာလို့ မင်း–မှတ်လိုက်တာပေါ့ ဆိုတော့ ဩော်... **တို့သန္တာန် ဒုက္ခဖြစ်တာနဲ့ ဒုက္ခချုပ်သာတာ ရှိပါလား။** ဒါဖြင့် အခု–ကြားတဲ့စိတ်ထဲလဲ တစ်တန်းလုံး ပုဂ္ဂိုလ်၊ သတ္တဝါ မပါဘူး။ နံ့တဲ့စိတ် တစ်တန်းလုံးမှာကော (ပုဂ္ဂိုလ်၊ သတ္တဝါ မပါတော့ပါဘူး)၊ ယားတဲ့၊ ယံတဲ့စိတ် တစ်တန်းလုံးမှာကော ပုဂ္ဂိုလ်၊ သတ္တဝါ ပါကို မပါဘူးဆိုတာ သေချာပြီလား။ ကိုင်း– ဒါဖြင့် ခင်ဗျားတို့သန္တာန် ပေါ်ချင်ရာပေါ်၊ ပုဂ္ဂိုလ်၊ သတ္တဝါ မပေါ်ပါဘူး။ ဘာသစ္စာတွေ ပေါ်ပေါ်နေ၊ "ဒုက္ခသစ္စာ"တွေပဲ ပေါ်နေတယ်ဆိုတာ သဘောကျ။ ကိုင်း–ဒါဖြင့် ခင်ဗျားတို့ ဒီထဲမှာ ပေါ်ချင်တဲ့ စိတ်ပေါ် ဒိဋ္ဌိကွာပြီလားလို့ မေးလိုက်တယ်။ ပေါ်ချင်တဲ့စိတ်ပေါ်၊ ပေါ်တဲ့စိတ်တွေ ဟူသရွေ့သည် ဘာသစ္စာတွေတုန်း၊ "ဒုက္ခသစ္စာ"မှန်း သိထားတော့၊ ဒီထဲ–ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ရောသေး (မရောတော့ပါ)။ ဒါ–ဘာကွာသွားတာ (ဒိဋ္ဌိကွာသွားတာ)။ ကိုင်း– ဒါဖြင့် **"ဝိပဿနာရှုမယ်" ကြံလို့ရှိရင် ကိုယ့်စိတ်အစဉ်ကြီး ဖြစ်တာကို ကိုယ့်ဟာကိုယ် သိပြီးသကာလ၊ ဒါတွေ "ဒုက္ခသစ္စာ"တွေ တန်းနေတာပဲ ဆိုတာ ရှေးဦးစွာ သိနှင့်ထားရမယ် ဆိုတာ ပေါ်ကြ။** ရှင်းပြီနော်။ ဒါဖြင့် ဘယ်တရားပေါ်ပေါ်၊ ဒကာဒကာမတွေသန္တာန်မှာ မရှုဘဲနဲ့ ပေါ်နေတဲ့တရား၊ အာရုံနဲ့တိုက်ဆိုင်လို့ ပေါ်တဲ့တရား ဘာသစ္စာတွေလဲ (ဒုက္ခသစ္စာ)။ သူနဲ့ဆက်ပြီး ပေါ်တဲ့တရားတွေကော "ဒုက္ခသစ္စာ"တွေချည်း ပေါ်နေတော့ စဉ်းစားစမ်းဟော့၊ ပုဂ္ဂိုလ်၊ သတ္တဝါ ပါသေးလား (မပါ)။ ဒါကြောင့် စောစောစီးစီး ဘာလုပ်ပေးနေသတုန်း ဆိုတော့ **"ဒိဋ္ဌိ–ခွာပေးနေတာ။"** 'ဒိဋ္ဌိ' မခွာဘဲနဲ့ ဝိပဿနာရှုခဲ့သော် 'ဒိဋ္ဌိ'တည်းဟူသော တရားက အမြဲတမ်း တားနေသော ကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရနိုင်ဘူး။ 'ဒိဋ္ဌိ'က ဘာတားပါလိမ့်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန် မြင်မှုတွေ မတားဘူးလား။ ဒါကြောင့် "ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်" မသိတဲ့ပုဂ္ဂိုလ်များ 'ဒိဋ္ဌိ'ကွာဖို့ အတော် ခဲယဉ်းပါတယ်။ **"မျက်လုံးပေါက်က ပဋိစ္စသမုပ္ပါဒ်"လာလဲ ဒုက္ခတွေတန်းတာပဲ။ "နားပေါက်က**

**ပဋိစ္စသမုပ္ပါဒ်" စလာပြန်ရင်ကော (ဒုက္ခတွေတန်းတာပဲ)။ နှာခေါင်းပေါက်က စလိုက်ပြန်ရင်ကော (ဒုက္ခတွေတန်းတာပဲ)။ လျှာပေါက်က စလိုက်ရင်ကော (ဒုက္ခတွေတန်းတာပဲ)။ ကိုယ်ပေါက်က စလိုက်ရင်ကော (ဒုက္ခတွေတန်းတာပဲ)။ မနောပေါက်ကနေ စလိုက်လို့ တန်းသွားပြန်ပြီ စိတ်တွေ ဘာတွေတုန်း (ဒုက္ခတွေတန်းတာပဲ)။** အဲတော့ အစ–ပဋိသန္ဓေနေတုန်းကလဲ "ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ"တုန်းကလဲ ဒုက္ခပဲပါခဲ့တယ်။ ယခုဘဝမှ အသစ် မြင်လို့ပေါ်၊ ကြားလို့ပေါ်တဲ့–ပဋိစ္စသမုပ္ပါဒ်တွေလဲ ဘာတွေသာ ပေါ်လာ (ဒုက္ခပဲ ပေါ်လာပါတယ်)။ သြော်...ဒါဖြင့် **တို့သန္တာန် ပေါ်လေသမျှ "ဒုက္ခသစ္စာ"ချည်းပဲ။** တို့သန္တာန် ပေါ်လေသမျှ "ဒုက္ခသစ္စာ"ချည်းပဲ ဆိုတာ သိတော့ ပုဂ္ဂိုလ်, သတ္တဝါ ပြုတ်သေးဘူးလား, ပြုတ်ပြီလား (ပြုတ်ပါပြီ)။ အဲ–အပြောတော့ ဘယ်ပြုတ်မတုန်း၊ ဉာဏ်ထဲမှာ ပြုတ်ရင် ပြီးရော။ အပြောကိစ္စ မရှိပါဘူး၊ အထင်ပြုတ်ရင် ပြီးတာပဲ။

ဒိဋ္ဌိ မပြုတ်ဘဲနဲ့ **"ရှင်အနုရာဓ"**က ဝိပဿနာ ရှုနေတဲ့အတွက် သူ–ကန့်လန့် ဖြစ်နေတယ် ဆိုတဲ့ဥစ္စာဟာ ဒီနေ့–ဝတ္ထုထုတ်တော့မယ်နော်။ ဝေသာလီပြည်မှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး အထွတ်ရှိတဲ့ကျောင်းမှာပဲ သီတင်းသုံးပြီးသကာလ နေပါတယ်။ 'အနုရာဓ'ဆိုတဲ့ ရဟန်းလေးဟာ ဘုရားကျောင်းတော်နဲ့ မနီးမဝေးမှာ သက်ကယ်မိုးကျောင်းလေးနဲ့ သူ–တစ်ပါးတည်း နေလိုက်ပါတယ်။ တိတ္ထိတွေက လာကြ။ လာကျတော့ ဘုရားဆီ မသွားဘူး၊ ဒီကိုယ်တော်ဆီပဲ သွားကြ။ ဒီကိုယ်တော်ဆီ သွားပြီးသကာလ အာလာပသလ္လာပ ဆိုတဲ့–စကားတွေ ခရီးရောက်မဆိုက် စကားတွေပြော ဆိုပြီး၊ ရှင်အနုရာဓ ကျုပ်တို့ မေးပါရစေ၊ မြတ်စွာဘုရားသခင် ကိုယ်တော်ကြီးဟာ ယောကျ်ားမြတ်လို့လဲ ဆိုပါတယ်၊ ယောကျ်ားမွန်လို့လဲ ဆိုပါတယ်၊ ယောကျ်ားချွန်လို့လဲ ဆိုကြပါတယ်။ 'အနုရာဓ' ကို တိတ္ထိတွေက မေးပြီလို့ မှတ်ထားလိုက်စမ်း။ ဘယ့်နှယ်မေးလိုက်သတုန်းလို့ ဆိုတော့ သတ္တဝါ သေလို့ရှိရင် ဖြစ်သေးသလားလို့ မေးလိုက်တယ်။ ကဲ–ခင်ဗျားတို့ ဒီထဲ သတ္တဝါများ ပါရဲ့။ မပါဘူး နော်။ မနေ့က "ပဋိစ္စသမုပ္ပါဒ်"မှာကော မပါဘူး။ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ ရှိတယ်နော်။ "ယခု –ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်"တွေ၊ "မျက်လုံးပေါက်က ပဋိစ္စသမုပ္ပါဒ်"တွေ တန်းလာတဲ့ထဲလဲ သတ္တဝါ ပါရဲ့လား (မပါ)။ သတ္တဝါ မပါဘဲနဲ့ သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးတဲ့ဥစ္စာကို ဖြေဖို့ သင့်, မသင့် ဒကာဒကာမတွေက ချိန်စမ်း (ဖြေဖို့ မသင့်ပါ)။ "ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ"ထဲမှာလဲ သတ္တဝါ ပါရဲ့လား။ မပါပါဘူး။ ဒီနေ့လဲ မြင်တယ်, လိုချင်တယ်, စွဲလမ်းတယ်, အားထုတ်တယ် ဆိုတဲ့ထဲမှာကော (မပါပါ)။ ကြားတဲ့ထဲမှာကော (မပါပါ)။ စိတ်တွေက ကြားတာပဲ ဆိုတာ သိနေတော့ ခင်ဗျားတို့ကတော့ဖြင့် ရှင်းနေတယ်။ ဒုက္ခတွေတန်းနေတာ ဘယ် –သတ္တဝါ ပါရမှာတုန်း ဆိုတာ တစ်ပွဲလုံးကပဲ အဖြေထွက်နိုင်ပါတယ်။ ၁–နံပါတ်က ဘယ်လိုမေး လိုက်သတုန်းဆိုတော့ ရှင်အနုရာဓ သင်တို့၏ဆရာဖြစ်တဲ့ ဘုရားသည် ယောကျ်ားမြတ်, ယောကျ်ား မွန်, ယောကျ်ားချွန် ဖြစ်ပါတယ်။ အဲတော့ သတ္တဝါသေရင် ဖြစ်သေးသလား ဆိုတဲ့အမေးဟာ ဘယ် လိုများ ဖြေလေ့ရှိပါလိမ့်မလဲလို့ မေးလိုက်တယ်နော်။ ကဲ–ဒကာဒကာမတွေ ဒီထဲ သတ္တဝါ–သေ၊ သေပါတယ်တဲ့ သေတာလဲ စုတိစိတ်ပဲ မနေဘူးလား။ စုတိပြီး ပဋိသန္ဓေ မလာဘူးလား (လာပါ

တယ်)။ ကဲ...ဒါ-စုတိ ဆိုတာလဲ "ဒုက္ခသစ္စာ၊" ပဋိသန္ဓေကကော (ဒုက္ခသစ္စာ)။ သတ္တဝါ ပါသေး (မပါပါ)။ ဩော်...နဂိုကထည်း ဒီက-တန်း မြင်တယ်, တွေ့တယ်, ခံစားတယ်, လိုချင်တယ်, စွဲလမ်းတယ်, အားထုတ်တယ်, အားထုတ်တယ် ဆိုတာ ကမ္မဘဝ၊ "ကမ္မဘဝပစ္စယာ ဇာတိ။" ဇာတိပြီးတော့ ဇရာ, မရဏ မလာပေဘူးလား။ ဇရာ, မရဏလာတော့ ဒီထဲသတ္တဝါ ပါသေးလား၊ 'ဇာတိ' ဆိုတာသည် သတ္တဝါလားတဲ့ ဒုက္ခသစ္စာလား (ဒုက္ခသစ္စာ)။ 'ဇာတိ' ဆိုတာ ရုပ်နာမ်ပါပဲ။ ဒါ-ဘာသစ္စာ (ဒုက္ခသစ္စာ)။ 'ဇရာ'ဆိုတာလဲ ဘာသစ္စာ၊ "ဒုက္ခသစ္စာ"ပဲ။ 'မရဏ'ဆိုတာလဲ (ဒုက္ခသစ္စာ)။ ဒါဖြင့် အစကထည်းကလဲ ဘာသစ္စာက-စ (ဒုက္ခသစ္စာ)၊ အလယ် ဘာတွေနဲ့နေရ (ဒုက္ခသစ္စာနဲ့နေရ)။ တစ်ခါ ကံကနေပြီး ကျေးဇူးပြုလိုက်တဲ့ ဇာတိကျတော့လဲ ဘာသစ္စာ (ဒုက္ခသစ္စာ)။ ဇရာ,မရဏတွေ (ဒုက္ခသစ္စာ)။ အဲတော့ ဒီကြားထဲမှာ ဇာတိပြီးတော့ကို သေတယ်။ သေပြီးသကာလ ကံကုန်တဲ့အခါ သေတယ် ဆိုတော့ ဒီ-အဖြူလေး စုတိထားလိုက်တာပေါ့နော်။ ကံကုန်တော့ စုတိ မလာဘူးလား (လာပါတယ်)။ စုတိပြီး ပဋိသန္ဓေ မလာဘူးလား (လာပါတယ်)။ ပဋိသန္ဓေ နေပြီးသကာလ အို, သေ မလာဘူးလား (လာပါတယ်)။ အင်း-ဒီထဲ ဒကာဒကာမတွေက စဉ်းစားတာပေါ့၊ ဘယ်-ပုဂ္ဂိုလ်, သတ္တဝါများ ပါသေး (မပါပါ)။ အဲတော့ **တိတ္ထိတွေက မေးတယ် ၁-နံပါတ်မေးခွန်း။ 'အနုရာဓ'တဲ့ အရှင်ဘုရား၏ဆရာဖြစ်တဲ့ပုဂ္ဂိုလ် ယောကျ်ားမြတ်လဲ ဖြစ်ပါတယ်၊ ယောကျ်ားမွန်, ယောကျ်ားချွန်လဲဖြစ်ပါတယ်။ အဲဒီ-ပုဂ္ဂိုလ်ဟာ သတ္တဝါသေလို့ရှိရင် ဖြစ်သေးသလား ဆိုတဲ့-အမေး မေးခဲ့လို့ ရှိရင်ဖြင့် ဘယ်လိုများ ဖြေဖူးပါသတုန်း၊ 'အနုရာဓ' မကြားဖူးဘူးလား ဆိုတော့ ရှင်အနုရာဓက မဖြေသေးပါဘူး။** ဒကာဒကာမတွေပဲ စဉ်းစားပါတော့ ဒီထဲ သတ္တဝါ ပါရဲ့လား (မပါပါ)။ ဒီ-ကံပြီးတော့ကို စုတိ မလာဘူးလား (လာပါတယ်)။ စုတိပြီး ဘာလာတုန်း၊ ပဋိသန္ဓေလာတော့ ကံကလဲ "ဒုက္ခသစ္စာ၊" စုတိကလဲ "ဒုက္ခသစ္စာ၊" ပဋိသန္ဓေက (ဒုက္ခသစ္စာ)။ ဒီဘက် ဇာတိ, ဇရာ, မရဏကတော့ "ဒုက္ခသစ္စာ"ပဲဆိုတာ သေချာပြီလား။ ကဲ-သတ္တဝါ ပါရဲ့လား (မပါ)။ သူတို့က သတ္တဝါနဲ့ မေးနေတော့ ဒိဋ္ဌိနဲ့ မေးတာ။ ဒါဖြင့် သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးလို့ရှိရင်ဖြင့် ဒကာဒကာမတွေပဲ ဖြေကြည့်ပါတော့တဲ့ သတ္တဝါ မရှိလို့ ဖြစ်,မဖြစ် ပြောစရာမလို။ ကိုင်း-ဒါဖြင့် ပထမမေးခွန်းဟာ သတ္တဝါသေရင် ဖြစ်သေးသလားလို့ ဘုရားကများ ဘယ်လိုများ ပြောဖူးပါတုန်း ရှင်အနုရာဓလို့ မေးတဲ့အခါကျတော့ ရှင်အနုရာဓက မဖြေဘူး။ ဒကာဒကာမတွေကော သတ္တဝါသေရင် ဖြစ်သေးသလားလို့မေးရင် ဖြေနိုင်ကြပ်၊။ **ဘာကြောင့်တုန်း။ နဂိုကလဲ သတ္တဝါမရှိဘူး၊ နောက်လဲ ဖြစ်တာလဲ သတ္တဝါ မဟုတ်ဘူး၊ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာတွေပဲ တွေ့မှာ။** ဒါဖြင့် သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးတဲ့အမေးကို ခင်ဗျားတို့ အဖြေ ဘယ်လိုထွက်ကြမတုန်း။ ဖြေစရာ မရှိဘူး။ သတ္တဝါနဂိုက မရှိလို့ ဖြစ်သေးသလား ဆိုတဲ့အဖြေကို ဖြေနိုင်ပ့ါမလား၊ ဖြေစရာကော လိုသေးလား၊ နဂိုက မရှိလို့ ဘာမှဖြေစရာကို လိုသေးရဲ့လား (မလိုတော့ဘူး)။ မြင်စိတ်လဲ "ဒုက္ခသစ္စာ၊" တွေ့တဲ့-ဖဿကော (ဒုက္ခသစ္စာ)၊ ဝေဒနာကော (ဒုက္ခသစ္စာ)၊ တဏှာကော (ဒုက္ခသစ္စာ)။ အင်း-သူက ဖြစ်ပျက်တွေပဲ "ဒုက္ခသစ္စာ"တွေပဲနော်။ ဥပါဒါန်တွေကော (ဒုက္ခသစ္စာ)။ ကံတွေကော (ဒုက္ခသစ္စာ)။ ကံကုန်လို့ သေတဲ့-စုတိဟာကော (ဒုက္ခသစ္စာ)။ စုတိပြီး ပဋိသန္ဓေလာတာလေးကကော (ဒုက္ခ

သစ္စာ)။ ဒါဖြင့် ဒီထဲ နဂိုကလဲ သတ္တဝါ မပါဘူး၊ ဒီဘက်လဲ သတ္တဝါ ဖြစ်သေးလား (မဖြစ်ပါ)။ ဒါဖြင့် သတ္တဝါသေရင် ဆိုတာ ဒါတွေ သူတို့က သတ္တဝါယူတာ။ သတ္တဝါသေရင် ဖြစ်သေးသလား 'အနုရာဓ'လို့ မေးတော့ 'အနုရာဓ'က ဖြေရဲ့လား (မဖြေပါ)။ ဒီ–ဒကာဒကာမတွေကကော သတ္တဝါ သေရင် ဖြစ်သေးသလားလို့ မေးရင် ဘယ့်နှယ်ဖြေကြ၊ ဖြေစရာ မရှိဘူး။ ဖြေချင်လို့ရှိရင်လဲ ဒီတရား တစ်ပွဲလုံး ဖြေကြပါတော့နော်၊ သတ္တဝါနဂိုက မရှိလို့ သတ္တဝါသေတာလဲ မရှိပါဘူး။ ဒါ–ခင်ဗျားတို့ ဘာရင်းထားလို့ ပါလိမ့်မတုန်းဆိုတော့ ကိုယ့်သန္တာန်ဖြစ်တဲ့ "ပဋိစ္စသမုပ္ပါဒ်ကြီး"က ဘာသစ္စာ တွေလို့ သိထားကြ။ "ဒုက္ခသစ္စာ"တွေလို့ သိထားတဲ့အတွက်၊ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ သတ္တဝါသေရင် ဖြစ်သေးသလား ဆိုတဲ့–အမေးသည်ကားလို့ဆိုလို့ရှိရင် သတ္တဝါ မရှိလို့ သေတာလဲ မရှိဘူး။ ဖြစ်စရာကော (မရှိဘူး)။ ဘာတွေသာ ရှိနေပါလိမ့်၊ **ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ ရှိတယ်လို့** သေချာပြီလား။ သတ္တဝါသေရင် ဖြစ်သေးသလားဆိုတော့ ဘယ့်နှယ်လုပ်ဖြေကြမတုန်း၊ ဖြေစရာ မရှိဘူး။ ဘုရားလဲ ဘယ်တော့မှ မဖြေဘူး၊ ဒီအဖြေမျိုးကိုး။ ဒီဘက်ကဟာတွေ သတ္တဝါတွေလားတဲ့ ဒုက္ခတွေလား (ဒုက္ခတွေပါ)။ ဒီဘက်ဆက်သွားတာတွေလဲ သတ္တဝါတွေလား, ဒုက္ခတွေလား (ဒုက္ခ တွေပါ)။ ကဲ–ဒါဖြင့် သတ္တဝါသေရင် ဖြစ်သေးသလားလို့ ဆိုတော့ ဒါ–အသေပဲ ထားပါတော့၊ သေတာလဲ **"မရဏမို့ ဒုက္ခသစ္စာ"** ပါပဲနော်။ သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးတဲ့အခါကျ တော့ ဘယ်လိုဖြေကြမယ်၊ ဖြေစရာမရှိဘူး။ ဘယ့်နှယ်ကြောင့်ပါလိမ့်၊ သတ္တဝါနဂိုက မရှိလို့ သေစ ရာမရှိ၊ သေစရာမရှိလို့ ဖြစ်စရာမရှိ။ ဒါကြောင့် ဒီဟာတွေ သတ္တဝါလို့ ဘာမှ မယူဘဲနဲ့ ဩော်...ဒါ တွေ ဒုက္ခတွေပဲ၊ ဒါလဲ–ဒုက္ခ, ဒါလဲ–ဒုက္ခ, ဒါလဲ–ဒုက္ခ, ဒုက္ခချည်းပဲ ရှိတယ်။ ဒုက္ခတွေ ဆက်သွား တာသာ ရှိတယ် ဆိုတာကော သေချာကြ။ ဒါ–တခြားကတရား ယူဟောတာလားတဲ့ ခင်ဗျားတို့ခန္ဓာ ဖြစ်စဉ်ကို တန်းပြတာလား။ **ခန္ဓာဖြစ်စဉ် တန်းပြလိုက်ထည်းက၊ ခန္ဓာဖြစ်စဉ် တန်းမှတစ်ပါး ပုဂ္ဂိုလ် သတ္တဝါကော ရှိသေးရဲ့လား (မရှိပါ)။** ဒါကြောင့် သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးရင် ဘယ့်နှယ်ပြောကြမယ် (ဖြေစရာမရှိဘူး)။ **ဖြေစရာ မရှိဘူး ဆိုတဲ့တရားတစ်လုံးက 'ဒိဋ္ဌိ'ကွာတာနော်။** ဒီဘက်ကော သတ္တဝါ ပါရဲ့ (မပါပါ)။ အင်း–ဒီဘက် သေတာကော သတ္တဝါဟုတ်ကဲ့။ ဘယ်ဟုတ် မလဲ သတ္တဝါ၊ စုတိစိတ်ကလေး ပေါ်တာ။ ဒီဘက် ပဋိသန္ဓေစိတ်ကလေးကလဲ ဘာသစ္စာပါလိမ့် (ဒုက္ခသစ္စာပါ)။ ပဋိသန္ဓေစိတ် ပေါ်တာ့ ရှိတာ၊ ပဋိသန္ဓေစိတ် ဘာသစ္စာ (ဒုက္ခသစ္စာပါ)။ ဒါဖြင့် ဒုက္ခတစ်တန်းလုံး တန်းနေတဲ့ဥစ္စာ သတ္တဝါမှ မပါဘဲနဲ့ သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေး ရင် ဘယ့်နှယ်ပြောကြ၊ ဖြေစရာ မရှိဘူး။ ဘယ့်နှယ်ကြောင့် ဖြေစရာ မရှိပါလိမ့်၊ နဂိုကိုက သတ္တဝါ မရှိလို့ သေစရာလဲ မရှိလို့ နေစရာလဲ မရှိပါဘူး။ ဒါ–'ဒိဋ္ဌိခွာ'နေတာနော်။ ဒိဋ္ဌိခွာပြီးလို့ ဝိပဿနာ ရှုလို့ ရှိရင် မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရနိုင်ပါတယ်။ ဒိဋ္ဌိ မကွာဘဲနဲ့ ရှုနေလို့ ရှိရင်ဖြင့် မရနိုင်ပါဘူး။ ဒါ–သေသေချာချာ မှတ်ပါ။ **မနေ့ကတော့ "ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်" "စပြီးဖြစ်တဲ့–ပဋိစ္စသမုပ္ပါဒ်" စသင်တယ်။ ယနေ့တော့ "အာရုံတိုက်ဆိုင်တဲ့ ပဋိစ္စသမုပ္ပါဒ် ၆–မျိုး"ကို ပြလိုက်နော်။ ဒုတိယ–တိတ္ထိတွေက မေးပြန်၊ ဒါဖြင့် ရှင်အနုရာဓ အရှင်ဘုရား၏ ဆရာကလဲ ယောကျ်ားမြတ်, ယောကျ်ားမွန်, ယောကျ်ားချွန် ဖြစ်ပါတယ်။ အဲတော့ သတ္တဝါသေရင် မဖြစ်တော့ဘူးလို့များ**

**ယူပါသလားလို့ မေးပြန်တယ်။ အဲတော့ ရှင်အနုရာဓက မဖြေဘဲနေလိုက်တယ်။** ဒကာဒကာမတွေက ကော ဘယ်လိုနေမယ်၊ နဂိုက သတ္တဝါ ရှိရဲ့ (မရှိပါ)။ နဂိုကလဲ "ဒုက္ခသစ္စာ၊" သေတာလဲ (ဒုက္ခ သစ္စာ)။ ဒီဘက် ဆက်ပြီးသွားပြန်တာကော (ဒုက္ခသစ္စာ)။ အဲတော့ သတ္တဝါသေလို့ ရှိရင် မဖြစ် တော့ဘူးလားလို့ ဆိုတော့ သတ္တဝါကမှ သေစရာ မရှိတော့၊ မဖြစ်တော့ဘူးလား ဆိုတဲ့-စကားဟာ လဲ ဖြေလို့ ကောင်းပါသေးရဲ့လား (မကောင်း)။ သတ္တဝါသေလို့ ရှိရင်ဖြင့် မဖြစ်ဘူးလားလို့ တိတ္ထိ တွေက မေးတော့ ဒကာဒကာမတွေပဲ ကဲ-ဉာဏ်ဝင်ကြစမ်းပါ၊ ဘယ့်နှယ်လုပ်ကြမတုန်း၊ ဖြေစရာ မရှိဘူး။ ဘယ့်နှယ်ကြောင့် ဖြေစရာမရှိပါလိမ့်မတုန်း မေးတော့ ဘယ့်နှယ်ဖြေကြ၊ နဂိုကလဲ သတ္တဝါ မရှိလို့ သေစရာလဲမရှိဘူး။ နောက်ထပ် မဖြစ်ဘူးလို့လဲ ပြောစရာ လိုသေးလား။ ဒါဖြင့် သတ္တဝါသေ လို့ ရှိရင်ဖြင့် ရှင်အနုရာဓ မဖြစ်တော့ဘူးလားလို့ မေးတဲ့ အမေးမှာ 'အနုရာဓ'က ဖြေသေးရဲ့လား၊ မဖြေပါဘူး။ ဘာဖြစ်လို့တုန်း ဆိုတော့ သတ္တဝါ ဆိုတဲ့-'ဒိဋ္ဌိ'က ခင်ဗျားတို့မှာ ဒီထဲ သတ္တဝါကို ပါ ရဲ့လား (မပါ)။ သတ္တဝါသေကော ရှိရဲ့။ သတ္တဝါသေလဲ မရှိဘူး၊ စုတိစိတ် ပေါ်တာပဲ-ရှိ။ မဖြစ်ဘူး ဆိုရမှာလဲ နဂိုကမှ သတ္တဝါ မရှိတဲ့ဥစ္စာကို မဖြစ်တော့ဘူးလားလို့ မေးတဲ့ဥစ္စာလဲ မရှိတဲ့ဥစ္စာ မေး နေတဲ့အခိပ္ပါယ် မရောက်ဘူးလား။ ကဲ-ဒါဖြင့် သတ္တဝါသေရင် မဖြစ်တော့ဘူးလားလို့ တစ်ယောက် သောပုဂ္ဂိုလ်က မေးမယ်ဆိုရင် ဘယ့်နှယ်ဖြေကြ၊ ဖြေစရာမရှိဘူး။ ဘယ့်နှယ်ကြောင့် ဖြေစရာမရှိ ပါလိမ့်၊ သတ္တဝါနဂိုက မရှိလို့ သေစရာ မရှိ။ သေစရာ မရှိလို့ မဖြစ်စရာလဲ မရှိပါဘူး ဆိုတာလဲ ဉာဏ်ထဲမှာ ရှင်းပြီလား။ ဒါ-သေသေသိမ်သိမ် မအောက်မေ့ပါနဲ့၊ **"ဒိဋ္ဌိ အကြီးအကျယ်-ဖြုတ်၊" ဒီ-တစ်လုံးပြုတ်ရင် စူဠသောတာပန် ဖြစ်ပါ။** ဒါက-အလုပ်နဲ့ပြုတ်တာ မဟုတ်ဘူး၊ အသိနဲ့ ပြုတ်တာ။ ဘာနဲ့ဖြုတ်နေတာ၊ အသိဉာဏ်နဲ့ ခန္ဓာထဲမှာ ဖြုတ်နေတာ။ ဖြစ်ပျက်ရှုပြီးဖြုတ်တာ မ ဟုတ်သေးပါဘူး။ အခု-အသိဉာဏ်နဲ့ ဖြုတ်နေတာ၊ ပြုတ်ပြီးမှ ဖြစ်ပျက်ရှုတော့ကို ပိုမိုပြီးသကာလ ပြုတ်တယ်။ ပြုတ်သွားလို့ ရှိရင်ဖြင့်တဲ့ မဂ်ဉာဏ်,ဖိုလ်ဉာဏ် အလွယ်တကူနဲ့ ရတယ်လို့ မှတ်ပါ။ **"ဒိဋ္ဌိတစ်လုံး ပြုတ်တယ်" ဆိုလို့ ရှိရင်ဖြင့် အကုသိုလ်ရေသောက်မြစ်-တစ်ခု ပြုတ်တာပဲ လို့ မှတ်စမ်းပါ။** ဘုရားကလဲ "ဒိဋ္ဌိ" တို့ကွာတဲ့ ရင်ဝလှံစူး၊ ဦးခေါင်းမီးလောင်သာ ဖြည်းဖြည်းမှ ငြိမ်းချင်ငြိမ်း၊ နုတ်ချင်နုတ်ပါကွ၊ "ဒိဋ္ဌိ"အရင် ဖြုတ်ပါကွ ဆိုတာ အကုသိုလ်ရေသောက်မြစ် ကြီး လွန်းလို့ ပြောနေတာ။ **တတိယပုစ္ဆာကို တိတ္ထိက ဆက်မေးတယ် 'အနုရာဓ'ကို။ ဒါဖြင့် ဘုရား တဲ့ ရှင်အနုရာဓ အရှင်ဘုရား၏ဆရာသည် ယောကျ်ားမြတ်, ယောကျ်ားမွန်, ယောကျ်ားချွန်လဲ ဖြစ်ပါတယ်၊ သူ-ဘယ်လိုများ ဟောဖူး, ပြောဖူးပါလိမ့်မတုန်း၊ သတ္တဝါသေရင် ဖြစ်ချည်တစ် လှည့်, မဖြစ်ချည်တစ်လှည့်လို့ ဟောလေ့ရှိပါသလားလို့ မေးလိုက်တဲ့အခါကျတော့ 'အနုရာဓ'က ဖြေသလား, မဖြေဘူးလား (မဖြေပါဘူး)။** ဒီ-ဒကာဒကာမတွေကကော (မဖြေပါဘူး)။ ဘာကြောင့် တုန်း၊ နဂိုက သတ္တဝါ မပါဘူး။ သေတာလဲ သတ္တဝါဟုတ်ကဲ့လား၊ နေတာကော နေတာလဲ သတ္တဝါ မဟုတ်၊ သေတာကော (သတ္တဝါ မဟုတ်ပါ)။ နောက်ဆက်ပေါ်တာတွေကော (သတ္တဝါ မဟုတ်ပါ)။ အဲတော့ သတ္တဝါသေလို့ ရှိရင်ဖြင့် ဖြစ်ချည်တစ်လှည့်, မဖြစ်ချည်တစ်လှည့်လားလို့ မေးလိုက်တော့

ဘယ်လိုအဖြေထွက်မယ် (ဖြေစရာ မရှိပါ)။ ဘယ့်နှယ်ကြောင့် ဖြေစရာ မရှိပါလိမ့်။ နဂိုက သတ္တဝါ မရှိဘူး။ အဲတော့ သတ္တဝါနဲ့ စလာတာ ဟူသရွေ့ ခင်ဗျားတို့ဟာ အကုန်ပယ်ထုတ်ရမှာပဲ။ သတ္တဝါကို ပါကို ပါရဲ့လား (မပါပါ)။ ဒါဖြင့် သတ္တဝါမှ မရှိတာ။ သတ္တဝါသေရင် ဆိုတော့ သေစရာကော (မရှိဘူး)။ ဖြစ်ချည်တစ်လှည့်၊ မဖြစ်ချည်တစ်လှည့်လားလို့ကော ဖြေစရာ လိုသေးလား (မလိုပါ)။ ပုစ္ဆာဘယ်နှစ်ခု အောင်မြင်မှု ရသွားတုန်း (သုံးခု)။ **အဲဒါ–ဘယ့်နှယ်ကြောင့် တရားပွဲ ယနေ့–ရပါလိမ့်မတုန်း၊ ဒိဋ္ဌိပြုတ်ကြပါလိမ့်မလဲလို့ မေးတော့မှ နဂိုက "ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်" ရှင်းထားလို့။** နဂိုက ရှင်းထားတဲ့အတွက် ဒီဉစ္စာ ဒီလောက် ဉာဏ်ထဲမှာ ရဲရဲတင်းတင်း ထွက်လာတာ၊ ဒိဋ္ဌိကွာတဲ့အသံ ထွက်လာပါတယ်။ အဲဒါ–ဘာနားလည်ထားလို့ပါလိမ့်။ **"ပဋိစ္စသမုပ္ပါဒ်"ဟာ "ဒုက္ခသစ္စာ" နားလည်ထား။ "ဒုက္ခသစ္စာ" ဖြစ်တာရယ်၊ "ဒုက္ခသစ္စာ" ချုပ်တာရယ်၊ ဒါ–နားလည်ထားတော့ သတ္တဝါက မပါခဲ့ဘူး။** သတ္တဝါကို မပါခဲ့တဲ့အတွက် အလွန် နေရာကျနေတဲ့ အဖြေပဲဆိုတာ သေသေချာချာ ရှင်းပြီး ဖြေတဲ့အဖြေလို့ဆိုရင် လွဲပါ့မလား။ အဲဒါ–ဒီနေ့ တရားထူး၊ တရားမြတ်တွေ အမျိုးမျိုး၊ အဖုံဖုံ ဘုရားဟောတော်မူတာနဲ့ ဒီ–"**ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်ကြီး၊ ထေရ်ရဝဂ်**"မှာ သေချာ လာပြီးသကာလ နေပြန်တော့ သြော်...ဒီဉစ္စာ ဒိဋ္ဌိပြုတ်တဲ့ ပုဂ္ဂိုလ်မှာဖြင့် ဖြေစရာ မရှိပါလား ဆိုတာ ရှင်းသွား။ **၄–ခုမြောက်ပုစ္ဆာကို တစ်ခါမေးပြန်တယ်။ ရှင်အနုရာဓတဲ့ တိတ္ထိတွေက အရှင်ဘုရား၏ဆရာဟာ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်၊ ပုဂ္ဂိုလ်ချွန် ဖြစ်ပါတယ်။ သတ္တဝါသေလို့ရှိရင် မဖြစ်သည်မဟုတ်၊ ဖြစ်များဖြစ်သေးတယ်လို့များ ဒီလိုများ ဟောလေ့၊ ပြောလေ့ ရှိပါသလား။** ကြည့်စမ်း–ဒကာဒကာမတို့ မေးပုံ။ ဒီတရားပွဲက ဘယ့်နှယ်ဖြေ (ဖြေစရာ မရှိပါဘူး)။ ဘယ့်နှယ်ကြောင့် ဖြေစရာ မရှိပါ။ နဂိုကိုက သတ္တဝါ မပါတဲ့အတွက် ယောကျ်ား မပါ၊ မိန်းမ မပါ၊ "ပဋိစ္စသမုပ္ပါဒ်"အတန်းကြီး၊ ဒုက္ခတန်းကြီး၊ ချုပ်ပြန်လဲ ဒုက္ခချုပ်တာပဲ။ ခင်ဗျားတို့ ပြောဆိုတာတော့ ပြောကြ၊ ပြောကြပါ။ နဂို မရှိတာတော့ သိထားပါ။ ပြောတာ ယောကျ်ားတွေပဲ၊ မိန်းမတွေပဲ ပြောတာ၊ ပြောတာပေါ့တဲ့၊ ကိုယ့်သန္တာန် ဖြစ်စဉ်မှာတော့ဖြင့် ဒကာဒကာမတွေ ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာပဲ–ရှိ။ ဒါလေးဖြစ်တယ်ဆို ဒုက္ခဖြစ်တယ်၊ ဒါလေး ချုပ်သွားပြန်တော့ (ဒုက္ခချုပ်တာ)။ ဒီက–"သစ္စာနုလောမိကဉာဏ်"တွေ ရပြီးသကာလ ထားတော့ သတ္တဝါနဲ့ မေးတာ ဟူသရွေ့ ဖြေစရာ မရှိဘူး ဆိုတဲ့–အဓိပ္ပါယ်ကဖြင့် ဒိဋ္ဌိပြုတ်တဲ့ ပုဂ္ဂိုလ်တွေ၏ အဖြေလို့ မှတ်လိုက်စမ်းပါ။ ဒါ–အသိနဲ့ပြုတ်တာနော်။ အလုပ်နဲ့ပြုတ်တာ မဟုတ်သေးဘူး။ **ပုစ္ဆာလေးချက်ကလေး ပြန်ပြီး နိဂုံးချုပ်ကြဦးစို့နော်။ ၁–နံပါတ်က သတ္တဝါသေရင် ဖြစ်သေးသလား မေးတယ်။ ဖြေစရာ မလိုဘူး၊ သတ္တဝါ မရှိလို့။ သတ္တဝါသေရင် မဖြစ်တော့ဘူးလားလို့ မေးလိုက်တယ် (ဖြေစရာ မလိုဘူး)။ သတ္တဝါသေရင် ဖြစ်ချည်တစ်လှည့်၊ မဖြစ်ချည်တစ်လှည့်လားလို့ မေးလိုက်တယ် (ဖြေစရာ မလိုဘူး)။ သတ္တဝါသေရင် မဖြစ်သည်မဟုတ်၊ ဖြစ်သယောင်ယောင် ရှိသေးသလား မေးလိုက်ပြန်တော့ (ဖြေစရာ မလိုဘူး)။** ဒါနဲ့ ဒီလို မေးလိုက်တော့ အရှင်ဘုရား တပည့်တော်တို့ ပုစ္ဆာလေးချက်ရှိပြီ မေးတာ အရှင်ဘုရား ဘာမှ မပြောဘူး၊ အဲဒါ–တပည့်တော်တို့ အရှင်ဘုရား ကြားဖူးတဲ့အတိုင်းပဲ အဖြေထုတ်စမ်း

ပါဦး ဆိုတော့ **ဘုရားကတော့ ဒီ–ပုစ္ဆာမျိုး မဖြေဘူးလို့ သူက–ဒါပဲ ပြောလိုက်။** ဘာကြောင့်တုန်း၊ နဂိုကမှ သတ္တဝါမှ မရှိဘဲ၊ ဘုရားလဲ ဖြေစရာကော (မရှိ)။ ဒိဋ္ဌိပြုတ်နေတဲ့ ဘုရားက ဒီ–လေးချက် ဖြေစရာ လိုသေးရဲ့လား (မလို)။ ရှင်အနုရာဓ အဖြေထွက်တာနဲ့ ဘုရားကတော့ ဒီလို မဟောပါဘူး သတ္တဝါနဲ့ မဟောပါဘူးလို့ ပြောလိုက်တော့ တိတ္ထိတွေက မကျေမချမ်း ဖြစ်နေတယ်လို့ မှတ်ရမယ်။ မကျေမချမ်း ဖြစ်နေတော့ ပြောစရာကလဲ စကားက ကုန်နေတဲ့အခါကျတော့ သူတို့တိတ္ထိချင်း တိုင်ပင်ကြ။ ဒီ–'အနုရာဓ' ဆိုတဲ့ကိုယ်တော်ဟာကွာ လူငယ်, လူမိုက်ကလေးရင်လဲ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် မဖြေနိုင်တာ၊ ကလေးပေါ့လေ။ တကယ်လို့ ဝါကြီးလို့ရှိရင်လဲ ဘာမှအသုံးမကျ သေးတဲ့ မတရားသဖြင့် ကြီးနေတဲ့ သက်ကြီးမို့ မဖြေနိုင်တာ ထင်ပါရဲ့ကွာ ဆိုပြီး ထသွားကြ။ အပြစ်တင်ပြီး ထသွား။ ငယ်တဲ့ပုဂ္ဂိုလ်လေး ဖြစ်ခဲ့လို့ရှိရင် လူမိုက်ကလေးမို့၊ ဘာမှ မသိသေးလို့ မဖြေနိုင်တာပဲ။ ကြီးပြန်လို့ ရှိလို့ ရှိရင်လဲ ဆန်ပေါလို့ ကြီးနေတဲ့ အသွားမျိုး၊ ဘာမှ အသုံးမကျဘဲနဲ့ ကြီးနေတဲ့ အကြီးမျိုး၊ ကြီးဖျင်းတွေမို့ မဖြေတာဘဲကွ ဆိုပြီး တိတ္ထိတွေက သူတို့ဟာသူတို့ ပြောဆိုပြီးသကာလ အပြစ်တင်ပြီး သွားကြ။ ဒါနဲ့ သူကလဲ ဘုရားတော့ဖြင့် ဒီလို မဟောဘူးလို့တာ ဖြေနိုင်တယ်၊ သူ့ဉာဏ်ထဲက မရှင်းဘူး။ ဒါလေး သေချာမှတ်ပါ။ ဒီ–'အနုရာဓ'ကိုက ဒိဋ္ဌိ မပြုတ်ဘူး။ မပြုတ်တော့ သူ့စိတ်ထဲမှာ သံသယဝင်လာတယ်။ ဩော်...တိတ္ထိတွေကတော့ မေးသွားကြပြီတဲ့ သတ္တဝါသေရင် ဖြစ်သေးလား၊ သတ္တဝါသေရင် မဖြစ်တော့ဘူးလား၊ သတ္တဝါသေရင် ဖြစ်ချည်တစ်လှည့်, မဖြစ်ချည်တစ်လှည့်လား၊ သတ္တဝါသေလို့ ရှိရင် မဖြစ်သည်မဟုတ်, ဖြစ်ယောင်ယောင် ဖြစ်သည် ဆိုတဲ့ အဓိပ္ပါယ်မျိုးလားလို့ မေးလိုက်တဲ့ဥစ္စာတော့ဖြင့် ငါ–ဘုရားတော့ဖြင့် ဒီလိုမဟောပါဘူးလို့ ဖြေတော့ ဖြေလိုက်တာပဲ ဆိုတော့ သူ့အဖြေလား, ဘုရား မဟောတဲ့ အဖြေလား (ဘုရား မဟောတဲ့ အဖြေပါ)။ ဒါဖြင့် သူ–အသိ မပါသေးဘူး။ ဒီထက်များ တိတ္ထိတွေက ပိုမေးရင်တော့ ငါခက်ပြီ။ ဒါနဲ့ တိတ္ထိတွေလဲ သွားတော့ သူ့စိတ်ထဲ ဒီထက်ပိုမေးရင်တော့ ခက်တော့မှာပဲ ဆိုပြီးသကာလ ဘုရားဆီ သွားဦးမှပဲ။ ဘုရားဆီ သွားဦးမှပဲတဲ့ ဒီထက်ပိုမေးရင် နောက်–ခက်လိမ့်မယ်။ သူကိုယ်တိုင် ဒိဋ္ဌိ မကွာတာ သေချာပြီလား။ သူ့ဉာဏ်ထဲမှာတော့ သတ္တဝါရှိတယ် ဆိုတဲ့–ဒိဋ္ဌိ ကျန်နေတယ်။ သတ္တဝါရှိတယ် သေရင် ဘယ်များ ဖြစ်ပါလိမ့်မတုန်း ဆိုတဲ့–ဝိစိကိစ္ဆာကော (ရှိပါတယ်)။ ဒါဖြင့် သတ္တဝါရှိတယ်လို့ ထင်တဲ့–'ဝိစိကိစ္ဆာ၊' သတ္တဝါရှိတယ်လို့ ထင်တဲ့–'ဒိဋ္ဌိ၊' သေရင် ဘာများဖြစ်ပါလိမ့်မတုန်း ဆိုတဲ့–'ဝိစိကိစ္ဆာ၊' သူ့မှာ–**"ဒိဋ္ဌိ, ဝိစိကိစ္ဆာ" မပြုတ်ဘဲဖြစ်။** 'ဒိဋ္ဌိ, ဝိစိကိစ္ဆာ' မပြုတ်တာနဲ့ ဘုရားဆီ သွားပါတယ်။ ဘုရားဆီ 'အနုရာဓ'က ကြွသွားပြီးသကာလ သူသည် မေးတာပေါ့၊ အရှင်ဘုရားတဲ့ အရှင်ဘုရားကျောင်း ဒီဘက်နား တပည့်တော် သက်ကယ်ကျောင်းလေးနဲ့ နေတဲ့အခါ တိတ္ထိတွေ ဝင်လာပြီးသကာလ သတ္တဝါသေလို့ ရှိရင် ဖြစ်သေးသလား၊ အရှင်ဘုရား၏ ဆရာဟာတဲ့ ယောကျ်ားမြတ်, ယောကျ်ားမွန်, ယောကျ်ားချွန် ဖြစ်ပါတယ်။ အဲဒီ–ပုဂ္ဂိုလ်ဟာ ဘယ်လိုများ ဟောလေ့, ပြောလေ့, ဟောဖူးလေ့ ရှိပါလိမ့်မလဲ၊ အရှင်ဘုရားတို့ကတော့ မှတ်မိပါလိမ့်မယ်၊ သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးပြန်တယ်ဘုရား ၁–နံပါတ်။ သတ္တဝါသေရင် မဖြစ်တော့ဘူးလားလို့ ဆိုတာ မေးလိုက်။ **သတ္တဝါသေရင် ဖြစ်သေးတယ်ဆိုရင် "သဿတဒိဋ္ဌိ။"** သတ္တဝါမှ မရှိဘဲနဲ့ သတ္တဝါသေရင် ဖြစ်

တယ်ဆိုရင် "သဿတဒိဋ္ဌိ"မဖြစ်ပေ။ **သတ္တဝါသေရင် မဖြစ်တော့ဘူးလို့ယူလိုက်လို့ရှိရင် ဘာဒိဋ္ဌိတုန်း (ဥစ္ဆေဒဒိဋ္ဌိ)။ သတ္တဝါသေရင် ဖြစ်ချည်တစ်လှည့်, မဖြစ်ချည်တစ်လှည့်လား ဆိုတော့ "တစ်စိတ်တစ်ဒေသဒိဋ္ဌိ"ဖြစ်ပါတယ်။ "ဧကစ္စသဿတဒိဋ္ဌိ"ဖြစ်ပါတယ်။** တစ်စိတ်က–ဒိဋ္ဌိ၊ တစ်စိတ်က–မှန်သလိုလိုပဲ သူဟာကနော်။ တစ်ပိုင်းတစ်စဒိဋ္ဌိပေါ့လေ။ "ဧကစ္စသဿတဒိဋ္ဌိ"တဲ့။ **သတ္တဝါသေရင် မဖြစ်သည်မဟုတ်, ဖြစ်သယောင်ယောင်ပဲ ဆိုတာတော့ "အမရာဝိက္ခေပဒိဋ္ဌိ"**တဲ့၊ ဒိဋ္ဌိလေးမျိုးနဲ့ မေးတာ။ အဲ–ဒိဋ္ဌိလေးမျိုးနဲ့ မေးထားတော့ ဖြေစရာရှိပါ့မလား (မရှိ)။ ရှေ့ကို–တိတ္ထိတွေက ဒီထက်ဉာဏ်ကျယ်ပြီး မေးလို့ ရှိရင်ဖြင့် တပည့်တော် ဘာမှဖြေစရာ အကွက်အလက် မမြင်တော့ဘူးတဲ့။ အခုတော့ တပည့်တော် ဖြေလိုက်တာကတော့ ဘုရားတော့ ဒီလို မဟောဘူး။ ဒီထက် တက်ပြီး မေးလို့ရှိရင်ဖြင့် တပည့်တော်သည်ကားလို့ ဆိုရင် အခက်ကြုံပါတော့မယ်။ ဆိုတော့ သူကိုယ်တိုင် သတ္တဝါဟူသော အယူဟာ ယူနေသေး။ သတ္တဝါသေရင် ဖြစ်မလား, မဖြစ်လား ဆိုတဲ့–ဝိစိကိစ္ဆာကော (ယူပါတယ်)။ ဒါဖြင့် သူကိုယ်တိုင် "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" ဘယ့်နှယ်နေတုန်း (ရှိပါတယ်)။ အဲဒီတင်မှ သူကို **"ဒိဋ္ဌိ, ဝိစိကိစ္ဆာ"** ဘုရားက ဖြုတ်ပေးရလိမ့်ဦးမယ်။ ။

♠♠♠♠♠♠♠♠

*** "ယခုပေါ်တဲ့-ပဋိစ္စသမုပ္ပါဒ်။"
*** "ဒိဋ္ဌိ, ဝိစိကိစ္ဆာ ပြုတ်တဲ့-တရား။" ( မန္တလေးမြို့ဟော )

# ၁၁ . ၂ . ၆၁

# ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် ခန္ဓာအစဉ်သိ ဒိဋ္ဌိပြုတ်ရေး တရားတော်။

( "အနုရာဓသုတ်" အဆက်။ )

မှတ်ချက်။ ။

(**)(၁)။ **မိမိတို့၏ "ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်"ကို သိမှုကို ရှေ့ထားမှ "သက္ကာယဒိဋ္ဌိ"အသိနဲ့ ပြုတ်တယ်လို့ မှတ်ရမယ်နော်။**

(**)(၂)။ "ယခုပေါ်တဲ့-ပဋိစ္စသမုပ္ပါဒ်"။

(*)(၃)။ "အနုရာဓ။"

(၄)။ ခန္ဓာကိုယ်ထဲမှာ ဘယ်အခါ ကြည့်ကြည့် ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာမှတစ်ပါး ဘာမှ မရှိပါဘူး၊ ဉာဏ်မျက်လုံးသာ တပ်ကြည့်ကြပါနော်။

(*)(၅)။ **ပုဂ္ဂိုလ်, သတ္တဝါကို မပါဘူးဆိုတာ ဝိပဿနာ-မလုပ်ခင် ရှေးဦးစွာ ဒါကို ဆုံးဖြတ်ချက် ချထားရမယ်။**

(၆)။ ဘုရားက "တိပရိဝဋ္ဋဒေသနာ" ဟောရရှာတယ်။ "တိပရိဋ္ဋဒေသနာ" ဆိုတာက "အနိစ္စ, ဒုက္ခ, အနတ္တ" ပါပဲနော်။

(**)(၇)။ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ ပြုတ်တဲ့-တရား" ဟောရဦးမယ်။

(*)(၈)။ "သမ္မောအဋ္ဌကထာဆရာ"က ပြပြီးသကာလ ထားတာကတော့ စိတ်ပေါ်မှာ "ဒိဋ္ဌိ" အများဆုံး ဆိုခြင်းကြောင့် "စိတ္တာနုပဿနာ-ရှု"ရင် ပိုကောင်းတယ်။ "ဒိဋ္ဌိ"ပြုတ်တော့ သောတာပန်-တည်လွယ်တယ်။

(၉)။ သားကိစ္စ, သမီးကိစ္စ, ဆွေကိစ္စ, မျိုးကိစ္စထက် "ဒိဋ္ဌိ"ပြုတ်မှု, "ဝိစိကိစ္ဆာ" ပြုတ်မှု အရေးကို ခင်ဗျားတို့ ကြီးဖြစ်အောင် ကြီးပါဆိုတာ အခု-တရား အရည်လည်လာလို့ ပြောတယ်။

(*)(၁၀)။ ဒုက္ခချုပ်ရာ မြင်မှ ငရဲမျိုးစေ့ဟာ လုံးလုံး-ရှင်းမယ်။

(*)(၁၁)။ "ခန္ဓဝဂ္ဂသံယုတ်၊ ထေရ်ရဝဂ်။"

■ 'အနုရာဓ'မှာ ကိုက သတ္တဝါရှိလေရော့လား၊ သတ္တဝါသေရင် နိဗ္ဗာန်ပဲ သွားလေရော့လား။ ၁-နံပါတ်က "ဝိစိကိစ္ဆာ-သံ၊" ၂-နံပါတ်က "ဒိဋ္ဌိ-သံ၊" သူ့-ဝမ်းထဲ မရှင်းတဲ့-အခိပ္ပါယ် ထွက်မလာဘူးလား။

■ ခန္ဓာငါးပါးစလုံးကို ဖြစ်ပျက်တွေ ဘုရားက ဟောလိုက်တော့ (အနုရာဓ) သူ-သဘောကျသွားပြီ၊ ဩော်...ပုဂ္ဂိုလ်, သတ္တဝါ နဂိုက မပါဘူး။ "အနိစ္စ, ဒုက္ခ, အနတ္တ"သာ ရှိတယ်။ သူ-သဘောကျသွား။

■ ဟေး-"အနုရာဓ"

(၁)။ ဝေဒနာကို သတ္တဝါ ဆိုမလား၊ (မဆိုပါ)။

(၂)။ ဝေဒနာမှတစ်ပါးကိုကော သတ္တဝါ ဆိုမလား၊ (မဆိုပါ)။

(၃)။ ခန္ဓာငါးပါးအပေါင်း သတ္တဝါ ဆိုမလား၊ (မဆိုပါ)။

(၄)။ ခန္ဓာငါးပါးမှ တစ်ပါးသောတရားကို သတ္တဝါ ဆိုမလား၊ (မဆိုပါ)။

■ သတ္တဝါကို ပါကြရဲ့လား (မပါပါ)။ အဲဒါ-ဒီနေ့ ရှင်းနေအောင် ဟောပါတယ်။ နက်ဖြန် **"သစ္စာ"** ဆိုက်အောင် ဟောပါလိမ့်မယ်။

**# မိမိတို့၏ "ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်"ကို သိမှုကို ရှေ့ထားမှ "သက္ကာယ ဒိဋ္ဌိ" အသိနဲ့ ပြုတ်တယ်လို့ မှတ်ရမယ်နော်။** မိမိတို့၏ "ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်" ဆိုတာ စာသံပါနေ၊ မိမိတို့၏ "ခန္ဓာဖြစ်စဉ်ကြီး"တန်းနေတာ သိရမယ်။ အဲဒီ-တန်းနေတာ သိတော့မှ ဒိဋ္ဌိက မကပ်နိုင်တော့ဘူးတဲ့။ ဩော်..."ခန္ဓာ့ဖြစ်စဉ်"က ဒီတိုင်း-တန်းနေတော့ ဒီထဲ-ခန္ဓာတွေသာ တန်းနေတာပါလား၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမတွေ မပါပါလား ဆိုတာ ကိုယ့်ဖြစ်စဉ် ကိုယ်သိထားတော့မှ ကိုယ့်ဉာဏ်နဲ့ ကိုယ်ဝေဖန်ပြီး ကိုယ်သိထားတော့မှ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမဟာ "သမုတိသစ္စာ"နယ်က ရှိငြားသော်လည်း ဝိပဿနာ ရှုတဲ့နေရာ "ပရမတ္ထသစ္စာ"တွေ့အောင်ရှာတဲ့ အတွက်တဲ့ ဒိဋ္ဌိပြုတ်ပြီးသကာလ သွားပါတယ်။ ဒီ-ဒိဋ္ဌိပြုတ်သွားပြီးသကာလ သွားတော့မှ ဝိပဿနာရှုလိုက်တဲ့ အခါကျလို့ ရှိရင်ဖြင့် လိုရာခရီး အပြီးအတိုင် ရောက်တယ်လို့ ဒကာဒကာမတွေ မှတ်ထားရမယ်နော်။ ဒကာဒကာမတို့ "ယခုပေါ်လာတဲ့-ပဋိစ္စသမုပ္ပါဒ်"ဟာလဲ "ယခု-ခန္ဓာဖြစ်စဉ်"ပဲ ဆိုတာလဲ မှတ်ထားရမယ်နော်။ ကဲ-ဒါဖြင့် စဉ်းစားကြစို့။ **"ယခုပေါ်တဲ့-ပဋိစ္စသမုပ္ပါဒ်"**ကို အစက ပြလိုက်တဲ့ အခါကျတော့ ဒကာဒကာမတို့ အာရုံတစ်ခုကို မြင်တယ် ဆိုတော့ **"စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"** ဆိုတဲ့ မြင်စိတ်ကလေး မပေါ်ဘူးလား (ပေါ်ပါတယ်)။ **"တိဏ္ဏံ သင်္ဂတိ ဖဿော"** ဆိုတော့ ဖဿဆိုတဲ့-နာမ်လေးကော မပေါ်ဘူးလား (ပေါ်ပါတယ်)။ ဒါဖြင့် မြင်တာလဲ မြင်စိတ်၊ တွေ့တာလဲ ဖဿဆိုတော့ ပုဂ္ဂိုလ်, သတ္တဝါ ပါသေး (မပါပါ)။ **"ဖဿပစ္စယာ ဝေဒနာ"**တဲ့၊ ကောင်း, မကောင်း ခံစားတော့ ဝေဒနာ-မဟုတ်လား (ဟုတ်ပါတယ်)။ ဒီ-ဝေဒနာထဲမှာကော ပုဂ္ဂိုလ်, သတ္တဝါ ပါရဲ့လား (မပါပါ)။ **"ဝေဒနာပစ္စယာ ဥပမာ တဏှာ"** လာမှာဖြင့် တဏှာလာတယ်ဆိုတော့ တဏှာဆိုတာလဲ "သင်္ခါရက္ခန္ဓာ"လို့ ပြောထားတယ်။ ဒါလဲ ပုဂ္ဂိုလ်, သတ္တဝါ ပါရဲ့လား (မပါပါ)။ **"တဏှာပစ္စယာ ဥပါဒါနံ"** ဆိုတော့ကော

(မပါပါ)။ တဏှာ၏ကြီးကျယ် ထွားကျိုင်းလာမှု ဥပါဒါန်လို့ ခေါ်တာပဲ။ တဏှာပဲဆိုတော့ ကာမုပါဒါန်လို့ ဆိုရမှာပဲ။ ဒီထဲကော ပုဂ္ဂိုလ်, သတ္တဝါ (မပါပါ)။ **"ဥပါဒါနပစ္စယာ ကမ္မဘဝေါ"** ဆိုတော့ **"စေတနံ ဘိက္ခဝေ ကမ္မံဝဒါမိ"**လို့ ဘုရားက ဟောတော့ ကံထဲမှာကော ပုဂ္ဂိုလ်, သတ္တဝါ ပါရဲ့လား (မပါပါ)။ ဒါဖြင့် ယခု–မြင်တဲ့ အချိန်တောင်မှ ပုဂ္ဂိုလ်, သတ္တဝါတွေ မပါတော့ နောက်ဘဝ ကျလာတဲ့အခါ **"ကမ္မဘဝပစ္စယာ ဇာတိ"**လို့ လာပြန်တော့ ဇာတိကလဲ ရုပ်နာမ်နှစ်ခု တွဲနေတာထားပါတော့ "ပဥ္စဝေါကာရဘုံ"မှာ၊ ပုဂ္ဂိုလ်, သတ္တဝါ ပါရဲ့လား (မပါပါ)။ ဇာတိထဲ မပါလို့ ဇရာထဲ ပါရမှာလဲ ဒီ–ရုပ်နာမ်တွေ အိုလာတာ ဆိုတော့ ဇရာထဲမှာကော ပုဂ္ဂိုလ်, သတ္တဝါ ပါရဲ့လား (မပါပါ)။ တစ်ခါ မရဏ ဆိုတဲ့–စုတိစိတ်၊ နာမ်ရုပ်တို့၏ ချုပ်မှုထဲမှာကော ပါပါရဲ့လား (မပါပါ)။ ဒါဖြင့် ပစ္စုပ္ပန်ဘဝမှာပဲ ယခု–မျက်လုံးလေး ဖွင့်လိုက်လို့ "ပဋိစ္စသမုပ္ပါဒ်" အတိုင်းပဲ ပြထားတော့ ဘယ်နေရာမှာ ယောက်ျား, မိန်းမ ပါသတုန်းလို့ မေးလို့ရှိရင်ဖြင့် ၁–ထဲမှာကော ပါရဲ့လား (မပါပါ)၊ ၂–ထဲမှာ (မပါပါ)၊ ၃–ထဲမှာ (မပါပါ)၊ ၄–ထဲမှာ (မပါပါ)၊ ၅–ထဲမှာ (မပါပါ)၊ ၆–ထဲမှာ (မပါပါ)။ ဒါဖြင့် ဒီဘဝလဲ မပါဘူး။ နောက်ဘဝ ဆိုတဲ့–ဇာတိ, ဇရာ, မရဏထဲမှာကော (မပါ)။ ဒါ–"ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်"တဲ့။ မြင်တဲ့အခါ ပေါ်လာတဲ့–စိတ်အစဉ်။ ကြားတဲ့အခါ ပေါ်လာတဲ့–စိတ်အစဉ်လဲ ဒီတိုင်းပဲ မသွားပေဘူးလား (သွားတယ်)။ ဒီထဲမှာကော ပုဂ္ဂိုလ်, သတ္တဝါက ပါသေး (မပါ)။ ဒါဖြင့် အားလုံး–"ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်"သိတော့ စက္ခုပေါက်ကလဲ မပါ၊ နားပေါက်ကလဲ (မပါ)၊ နှာခေါင်းပေါက်က (မပါ)၊ လျှာပေါက်က (မပါ)၊ ကိုယ်ပေါက်ကလဲ (မပါ)၊ မနောပေါက်ကကော မပါတော့ ရုပ်နာမ်တွေပဲ တန်းသွားတယ် ဆိုတာ သဘောကျ။ ဩော်...ယခုအခါ ဖြစ်စဉ်ထဲမှာလဲ ဘယ်ဒွါရက စဖြစ်ဖြစ်၊ ပုဂ္ဂိုလ်, သတ္တဝါ မပါ။ ပုဂ္ဂိုလ်, သတ္တဝါ မပါဘူး ဆိုတာ သေချာ ရှင်းပြီးသကာလ ထားတော့ သတ္တဝါဟာ အပြောသာရှိတယ်၊ တကယ်ရှိ ဟုတ်ပါရဲ့လား။ တကယ်တော့ဖြင့် မရှိဘူးဆိုတာလေး မှတ်ထားတော့ကို ဒီဟာတွေ ဘာသစ္စာတွေတုန်း မေးပြန်တော့လဲ၊ အင်း–စက္ခုဝိညာဏ်လဲ လောကီစိတ်ထဲက "ဒုက္ခသစ္စာ"ပဲ၊ ဖဿဟာလဲ ဘာပါလိမ့် (ဒုက္ခသစ္စာ)၊ ဝေဒနာ (ဒုက္ခသစ္စာ)၊ အကုန်–"ဒုက္ခသစ္စာ"ချည်းပဲ ဆိုတော့ **"ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊"** ဒုက္ခအစုကြီး ဖြစ်တယ်ကွလို့ ပြောတော့ ရှင်းနေ။ ဩော်...ဒါဖြင့် ဖြစ်တာလဲ–ဒုက္ခ၊ ပျက်သွားပြန်တော့ (ဒုက္ခ)၊ မိမိ–ခန္ဓာကိုယ်ထဲမှာ ပေါ်သရွေ့ ဖြစ်တာလဲ ဘာဆိုကြ (ဒုက္ခပါ)။ အင်း–ပျက်တာလဲ ဘာဆိုကြ (ဒုက္ခ)။ အင်း–**ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာ ရှိတယ်၊ ပုဂ္ဂိုလ်, သတ္တဝါကဖြင့် မပါဘူး ဆိုတာ သေချာပြီလား။** အေး–ဒါဖြင့် ဒိဋ္ဌိကွာသွားတော့ ဝိပဿနာရှုလို့ ဖြစ်ပါပြီတဲ့။ ကိုင်း–ဒါဖြင့် ပဋိသန္ဓေနေသည်ကစ၍ သေသည့်တိုင်အောင်လဲ ဘာသစ္စာကြီး တန်းသွားပါလိမ့် (ဒုက္ခသစ္စာကြီး တန်းသွားပါတယ်)။ ယခုလို–"ပဝတ္တိ" အခါမှာလဲ အာရုံ, ဒွါရတိုက်ဆိုင်လို့ ပေါ်တဲ့–ဓမ္မတွေမှာလဲ မျက်လုံးပေါက်က–ဓမ္မတွေ တန်းသွားပြန်တော့လဲ ဘာသစ္စာတွေတုန်း (ဒုက္ခသစ္စာ)။ ကဲ–မနောပေါက်ကနေ စိတ်တွေ တန်းပြီးသကာလ "ဝီထိ"နဲ့ သွားသွား, "ပဋိစ္စသမုပ္ပါဒ်"နဲ့ သွားသွား သွားချင်တာနဲ့သွား၊ ဘာတွေ တန်းသွား (ဒုက္ခသစ္စာတွေသာ တန်းသွားပါတယ်)။ တစ်ခုချုပ်ပြီး တစ်ခုဖြစ်တော့ "ဒုက္ခသစ္စာ"တွေပဲ တန်းသွားတယ် ဆိုတာ သဘောကျ။ ဘုရားကလဲ **"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ**

**ဒုက္ခ**"လို့ ဆိုသောကြောင့် အဲဒါလဲ သေသေချာချာ အမှန်ပြောထားသောကြောင့် ဒီခန္ဓာကြီးမှာ ဘာပဲပေါ်လာ, ပေါ်လာ "ဒုက္ခသစ္စာ"တွေပဲ။ ယုတ်စွအဆုံး "လောဘ"လေးတောင်မှ "သမုဒယသစ္စာ" သာ ဆိုရတယ်။ ဖြစ်ပြီးပျက်တော့ "ဒုက္ခသစ္စာ" ဖြစ်သွားသေးတယ်နော်။

အဲဒီတော့ မနေ့က ဝတ္ထုက ပြန်ပြီးသကာလ သတိထားပါတဲ့။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဝေသာလီပြည်မှာ သီတင်းသုံးပြီးသကာလ နေတယ်နော်။ "**အနုရာဓ**"ဆိုတဲ့ ကိုယ်တော်လေးက ဘုရား၏ကျောင်းတော်နဲ့ မနီးမဝေးမှာ မြက်မိုးတဲ့ကျောင်းကလေးမှာ သီတင်းသုံးပြီးသကာလ နေပါတယ်။ အဲဒီ–'အနုရာဓ'က သီတင်းသုံးပြီးသကာလ နေတော့ တိတ္ထိတွေက ဘုရားကျောင်းတော်ထဲ ဝင်လာပြီး ဘုရားဆီ မသွားဘဲနဲ့ 'အနုရာဓရဟန်း'ဆီ သွားကြ။ သွားကြတော့ သူတို့က 'အနုရာဓ'နဲ့ ချေချေငံငံ စကားတွေ ပြောဆိုပြီးသကာလ နေရင်းမတ်တတ်နဲ့ ရှင်အနုရာဓ သင်တို့၏ဆရာဖြစ်တဲ့ ဘုရားကတော့ဖြင့် မြတ်တဲ့ပုဂ္ဂိုလ်, ချွန်တဲ့ပုဂ္ဂိုလ်, မွန်တဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ အဲတော့ ဒီ–အဓိပ္ပါယ်မျိုး ဘယ်လိုများပြောလေ့, ဟောလေ့ရှိပါလိမ့်မလဲဆိုတာ ကျုပ်တို့ မေးပါရစေ။ အဲဒီ–ယောကျ်ားမြတ်, ယောကျ်ားမွန်, ယောကျ်ားချွန်ဖြစ်တဲ့ ကိုယ်တော်ကြီးသည် သတ္တဝါသေရင် ဖြစ်သေးသလား ဆိုတဲ့အဖြေမျိုးကိုလဲ ဘယ်လိုများ ပြောလေ့, ဆိုလေ့ ရှိတယ်ဆိုတာ ကျုပ်တို့ သိချင်လို့ ရှင်အနုရာဓပဲ မေးပါရစေ။ အရှင်ဘုရားကတော့ ဘုရားနဲ့ နီးစပ်တဲ့ပုဂ္ဂိုလ်လဲ ဖြစ်ပါတယ်၊ ဆိုပြီးသကာလ 'အနုရာဓ'ကို တိတ္ထိတွေက မေးတယ်လို့ မှတ်တာပေါ့နော်။

ကဲ–ဒါဖြင့် ဒကာဒကာမတွေ ရှေ့ပိုင်းက ရှင်းထားသာ မမေ့စေနဲ့နော်။ ပဋိသန္ဓေနေ ထည်းက စုတိတိုင်အောင်လဲ ရုပ်နာမ်တွေသာ တန်းသွားတယ်။ "ဒုက္ခသစ္စာ၊" ရုပ်နာမ်တွေသာ တန်းပြီးသွားတယ် ဆိုတာကော ရိပ်မိပြီလား။ ယခုလို ရောင်းဝယ်ဖောက်ကားပြီး "ပဝတ္တိ"အခါမှာလဲ ဘာတွေများ တန်းသွားနေတုန်း (ရုပ်နာမ်တွေ တန်းသွားနေပါတယ်)။ ပုဂ္ဂိုလ်, သတ္တဝါ ပါပါရဲ့လား၊ မပါပါဘူး ဆိုတာလဲ သေချာပါပြီတဲ့။

ရှင်အနုရာဓ သင်တို့ဆရာ မြတ်တဲ့ပုဂ္ဂိုလ်, မွန်တဲ့ပုဂ္ဂိုလ်, ချွန်တဲ့ပုဂ္ဂိုလ်လဲ ဖြစ်ပါတယ်။ အခု–တပည့်တော်တို့ မေးချင်တဲ့ အမေးလေး ဘယ်လိုများ ပြောလေ့, ဆိုလေ့, ဟောလေ့ ရှိပါလိမ့်မလဲ ဆိုပြီး ၁–နံပါတ် မေးခွန်းက သတ္တဝါသေလို့ရှိရင် နောက်–ဖြစ်သေးသလားလို့ မေးလိုက်တယ်နော်။ သတ္တဝါသေရင် နောက်–ဖြစ်သေးသလား ဆိုတော့ သတ္တဝါသေရင် သတ္တဝါဖြစ်သေးသလား မေးတဲ့အဓိပ္ပါယ် မရောက်ဘူးလား။ အဲတော့ ရှင်အနုရာဓက ဒီတိုင်းပဲ နားထောင်နေတယ်။ မဖြေသေးဘူး။ ဒါက–ဘာမေးတာတုန်း ဆိုလို့ ရှိရင်ဖြင့် ဒကာဒကာမတို့ "**သဿတဒိဋ္ဌိ**" ကို မေးလိုက်တာလို့ မှတ်လိုက်စမ်းပါ။ နဂိုကလဲ ဒီဘက် သတ္တဝါ ပါရဲ့လား (မပါပါ)။ ဒီဘက်မှာကော သတ္တဝါ ပါရဲ့ (မပါပါ)။ ဒီ–စုတိစိတ် ပြီးတော့ ဇာတိ, ဇရာ, မရဏ လာတော့လဲ "ဒုက္ခသစ္စာ" လာတာပဲ။ ဒီဘက်ကဟာတွေ ကြည့်လိုက်ပြန်တော့လဲ ၁, ၂, ၃, ၄, ၅, ၆ စုတိ မရောက်ခင် ကြည့်လိုက်ပြန်တော့လဲ ဘာသစ္စာတဲ့ (ဒုက္ခသစ္စာ)။ သတ္တဝါကို ပါရဲ့လား (မပါ)။ အဲဒီတော့ ဒကာဒကာမတွေက သိပြီးသကာလ အခု–သေချာ ခန္ဓာစဉ်ကြီး တန်းပြီး "ပဋိစ္စသမုပ္ပါဒ်"နဲ့ ပြလိုက်တော့ သတ္တဝါ သေရင် ဖြစ်သေးသလားလို့ မေးတဲ့ အခါကျတော့ ရှင်အနုရာဓကလဲ မဖြေဘူးနော်။ ဘုရားသွား

မေးလဲ ဒီအဖြေ ဖြေမယ့်အဖြေလို့ မဟုတ်ပါဘူးဆိုတာ မှတ်ထားတာပေါ့။ ဒကာဒကာမတို့ သတ္တဝါ သေရင် ဖြစ်သေးသလားလို့ မေးရင် ဘယ့်နှယ်ဖြေကြ၊ မဖြေတော့။ ဘာဖြစ်လို့ ခင်ဗျားတို့ မဖြေကြသတုန်း၊ ဒီ–ပစ္စုပ္ပန်ဘဝမှာလဲ "ဒုက္ခသစ္စာ"တွေပဲ တန်းနေတယ်။ အနာဂတ်ဘဝ ဆက်ပြန်တော့ကော ဘာတွေတန်း၊ "ဒုက္ခသစ္စာ"ပဲ တန်းနေတော့ နဂိုက မပါလို့ ဒီအမေးထဲမှာ အဖြေထွက်စရာကို အကြောင်း–ရှိရဲ့လား (မရှိပါ)။ ဒါဖြင့် ဘုန်းကြီးကပဲ ဒီဒကာဒကာမတွေ မေးပါတယ်တဲ့၊ ဒကာဒကာမတို့ "ယခုမြင်တဲ့–ပဋိစ္စသမုပ္ပါဒ်" တန်းပြလိုက်ပါတယ်။ ဘဝ ဆက်လဲ ပြလိုက်ပါတယ်တဲ့၊ အနာဂတ်ဘဝနဲ့လဲ ဆက်ပြီး ပြလိုက်ပါတယ်။ သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးရင် ဘယ့်နှယ်ဖြေကြ၊ ဖြေစရာမရှိဘူး။ ဘာဖြစ်လို့ ဖြေစရာမရှိပါလိမ့်၊ ပစ္စုပ္ပန်ဘဝလဲ သတ္တဝါ မပါဘူး၊ အနာဂတ်ဘဝမှာ (မပါပါ)။ သတ္တဝါပါမှ မပါပဲဘဲ။ အဲတော့ ရှင်အနုရာဓက မဖြေဘဲ နေလိုက်တယ်။ ဒါဖြင့် ၁–နံပါတ်အမေး ဖြေစရာ မရှိလို့ မဖြေဘူးလို့ မှတ်လိုက်တာပေါ့။ ဖြေစရာ ရှိကော ရှိရဲ့လား (မရှိပါ)။ နဂိုကလဲ သတ္တဝါ ပါရဲ့လား (မပါပါ)။ နောက်ကော သတ္တဝါဖြစ်စရာ ရှိရဲ့လား (မရှိပါ)။ ဩော်...ဒါတွေဟာ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ ဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်)။ ကဲ–တစ်ခါ **သူက ဒုတိယမေးခွန်း မေးပြန်တယ်လို့ မှတ်တာပေါ့နော်။ သတ္တဝါသေရင် မဖြစ်တော့ဘူးလားလို့ မေးလိုက်တဲ့ အခါလဲ မဖြေပဲဘဲ နေပါတယ်။** ဒီဘက်လဲ သတ္တဝါ ပါရဲ့လား (မပါပါ)။ ဒီ–အနာဂတ်မှာကော (မပါပါ)။ ဒါဖြင့် သတ္တဝါသေလို့ ရှိရင်ဖြင့်တဲ့ မဖြစ်တော့ဘူးလို့ ယူလိုက်ပြန်လို့ ရှိရင်လဲ ဒါ–**"ဥစ္ဆေဒဒိဋ္ဌိ"**နဲ့ မေးတဲ့ အမေးလို့ မှတ်ထားပါ။ ပထမအမေးက "သဿတ"နဲ့ မေးလိုက်တယ်နော်။ ဒုတိယအမေးက "ဥစ္ဆေဒဒိဋ္ဌိ"နဲ့ မေးလိုက်တယ် ဆိုတာ ကျေနပ်ပြီလား။ ဒါနဲ့ ဒီအမေးလဲ မဖြေပြန်တာနဲ့ **တတိယမေးခွန်း ဆက်ပြီးသကာလ မေးပြန်တယ်နော်။ သတ္တဝါသေလို့ရှိရင်ဖြင့် ဖြစ်ချည်တစ်လှည့်, မဖြစ်ချည်တစ်လှည့်လားလို့ မေးပြန်တယ်။** ဒကာဒကာမတို့ ဘယ့်နှယ်ဖြေကြ။ ဖြေစရာ မရှိဘူး။ ဘာဖြစ်လို့တုန်း၊ နဂိုကကိုက သတ္တဝါ မရှိဘူးတဲ့၊ ဒီဘက်မှာလဲ နာမ်ရုပ်တန်း ရှိတာပဲ၊ ဒီဘက်မှာလဲ နာမ်ရုပ်တန်း ရှိတာပဲ၊ နာမ်ရုပ် ဟူသရွေ့ဟာလဲ "ဒုက္ခသစ္စာ၊" ဟုတ်ဖူးလား။ သတ္တဝါ ပါကြရဲ့ (မပါပါ)။ ဒါဖြင့် **၃–ပုစ္ဆာလဲ ဖြေစရာ မရှိဘူးပေါ့နော်။ ကဲ...၄–ပုစ္ဆာကျအောင် သူမေးတယ် တိတ္ထိတွေက၊ ရှင်အနုရာဓတဲ့ ဒါဖြင့် သတ္တဝါသေလို့ ရှိရင် မဖြစ်သည်မဟုတ်, ဖြစ်တဲ့သဘောလေးများ ရှိသေးသလားလို့ မေးလိုက်တော့ကော ဘယ့်နှယ်တုန်း (ဖြေစရာ မရှိပါ)**။ အေး–ဖြေစရာမရှိတာက ဘာလို့ ဖြေစရာမရှိတုန်းဆိုတော့ ဒီ–ပစ္စုပ္ပန်ဘဝမှာလဲ သတ္တဝါက မပါဘူး၊ ဒီ–အနာဂတ်မှာကော မပါဘူးတဲ့။ နိဗ္ဗာန် မရသေးလို့ အနာဂတ် လာပြန်တော့လဲ ဇာတိ,ဇရာ,မရဏတွေသာ လာသောကြောင့် ဒကာဒကာမတို့သိတဲ့အတိုင်းတဲ့၊ သတ္တဝါ မပါပါဘူး။ **"ဇာတိပိ ဒုက္ခသစ္စံ၊ ဇရာပိ ဒုက္ခသစ္စံ၊ ဗျာဓိပိ ဒုက္ခသစ္စံ၊ မရဏမ္ပိ ဒုက္ခသစ္စံ။"** ဆိုတဲ့အတိုင်း "ဒုက္ခသစ္စာ"ပဲ လာတယ်။ ဒီဘက်က လာခဲ့တာတွေကလဲ ဘာသစ္စာ (ဒုက္ခသစ္စာ)။ ဒီဘက် သံသရာဆက်သွားတာလဲ ဘာသစ္စာ (ဒုက္ခသစ္စာ)။ ဩော်...ရုပ်နာမ်တွေ ရှိတော့ ရုပ်နာမ်ပဲ ဆက်သွားပြီးသကာလ နေပြန်တော့ "ဒုက္ခသစ္စာ"ဖြစ်၍ "ဒုက္ခသစ္စာ"ပဲ ချုပ်မှာပဲ ဆိုတာ မှတ်ထားလိုက်တာပေါ့။ အဲ–**ခန္ဓာကိုယ်ထဲမှာ ဘယ်အခါ ကြည့်ကြည့် ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာမှ**

**တစ်ပါး ဘာမှ မရှိပါဘူး၊ ဉာဏ်မျက်လုံးသာ တပ်ကြည့်ကြပါနော်။** ရှင်အနုရာဓ ကျုပ်တို့ မေးသာ လေးခွန်းရှိပြီ။ အရှင်ဘုရား၏ဆရာ ဂေါတမမြတ်စွာဘုရားကတော့ ယောကျ်ားချွန်, ယောကျ်ားမွန်, ယောကျ်ားထူး အင်မတန် ထူးတဲ့ပုဂ္ဂိုလ်တဲ့ အတုမရှိတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ဘယ်လိုများ ဒီ-လေးခွန်းကို ပြောလေ့, ဟောလေ့ ရှိပါလိမ့်မလဲလို့ မေးလိုက်တဲ့ အခါကျတော့ မြတ်စွာဘုရားတော့ဖြင့် ဒီအမေးမျိုးကို မေးလဲ မမေးပါဘူး၊ ဖြေလဲ မဖြေပါဘူးလို့ ဖြေလိုက်တယ်နော်။ **သူမေးတာက ဒိဋ္ဌိ-လေးမျိုး မေးတာ။ ပထမမေးခွန်းက "သဿတဒိဋ္ဌိ။" ဒုတိယမေးခွန်းက (ဥစ္ဆေဒဒိဋ္ဌိ)။ တတိယမေးခွန်းက "ဧကစ္စ သဿတဒိဋ္ဌိ။" တစ်စိတ်တစ်ဒေသဒိဋ္ဌိပေါ့။ စတုတ္ထမေးခွန်းက "အမရာဝိက္ခေပဒိဋ္ဌိ"နဲ့ မေးလိုက်ပါတယ် ဆိုတော့ "ဒိဋ္ဌိ"နဲ့ချည်း မေးနေတာ။** ဒိဋ္ဌိနဲ့ချည်း မေးပြီးသကာလ နေတော့ ပုဂ္ဂိုလ်, သတ္တဝါ မရှိတာ၊ ပုဂ္ဂိုလ်, သတ္တဝါ လုပ်ပြီးသကာလ ဒိဋ္ဌိနဲ့ မေးနေတော့ ဘုရားက ဖြေပါ့ (မဖြေပါ)။ အဲ-**"အဗျာကတသံယုတ်"** ဆိုပြီးသကာလ မဖြေတဲ့-သံယုတ်ဟာ တစ်ကျမ်းလုံးပါပဲ ဒကာဒကာမတို့ ဖြေစရာ မရှိလို့ မဖြေတာပဲ။ ဒီ-ဒကာဒကာမတွေကော ဒီထဲ ပုဂ္ဂိုလ်, သတ္တဝါ ပါသေး (မပါပါ)။ ဒီ-ပစ္စုပ္ပန်ဘဝလဲ မပါ၊ အနာဂတ်မှာကော (မပါပါ)။ **အဲတော့ ပုဂ္ဂိုလ်, သတ္တဝါကို မပါဘူးဆိုတာ ဝိပဿနာ-မလုပ်ခင် ရှေးဦးစွာ ဒါကို ဆုံးဖြတ်ချက် ချထားရမယ်။** အဲတော့ ဒီ-ရဟန်းလေးဟာ ဘယ့်နှယ်ဖြစ်လာတုန်းလို့ မေးတဲ့ အခါကျတော့ တိတ္ထိတွေက သူ့ကို ဘုရားတော့ဖြင့် ဒီလို မဟောပါဘူးလို့ သူကဖြေဆိုလိုက်တော့ တိတ္ထိတွေက သူ့ပေါ် အပြစ်တင်ပြီး သွားကြတယ်နော်။ ဒီ-ရဟန်းလေးဟာ သက်န်းဝတ်တာ ရင်လဲ မကြာသေးလို့ လူမိုက်ကလေး, လူငယ်လေးရင်လဲ ဖြစ်ပါလိမ့်မယ်။ အသက်ကြီးလို့ ရှိလို့ ရှိရင်လဲ ပညာ-မရှိတဲ့ ပုဂ္ဂိုလ်ရင်လဲ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ဒီ-အဓိပ္ပါယ် မဖြေနိုင်ဘူးဆိုပြီး သူတို့ အပြစ်တင်ပြီးသကာလ ပြန်သွားကြ။ ကဲ့ရဲ့ပြီး ပြန်သွားကြတယ် ဆိုပါတော့နော်။ ဒါနဲ့ ဒီ-'အနုရာဓ'ဆိုတဲ့ ကိုယ်တော်လေးကလဲ သူ-သံသယ ဝင်လာပြန်တယ်လို့ မှတ်ရလိမ့်မယ်။ ဩော်...တိတ္ထိတွေက အခု-ပုစ္ဆာလေးချက် မေးသွားတယ်။ ဒီထက် ပိုမိုပြီးသကာလ မေးစရာတွေကလဲ ရှိသေးတယ်၊ ဒီထက် ပိုမိ မေးလို့ ရှိရင်ဖြင့် ငါဘယ်လိုလုပ်ပြီး ဖြေရပါ့မလဲ ဆိုတဲ့ သူ့စိတ်ထဲ သံသယ မလာဘူးလား။ အဲ-သံသယ ရှိနေတဲ့အတွက် သူကိုယ်တိုင် ဘယ်လို သံသယ ရှိနေတုန်းဆိုလို့ရှိရင် ပုဂ္ဂိုလ်သေလို့ ရှိရင်ဖြင့် ပုဂ္ဂိုလ်, သတ္တဝါပဲ ရှိလေရော့လား၊ သို့မဟုတ် ပုဂ္ဂိုလ်, သတ္တဝါသေရင် နိဗ္ဗာန်သွားတာပဲလား၊ ဒီ-သံသယ ဝင်လာပါတယ်။ သံသယလဲ ဝင်လာတယ်၊ ပုဂ္ဂိုလ်, သတ္တဝါ ရှိတဲ့-ဒိဋ္ဌိယောင်လေးလဲ ဝင်မလာဘူးလား။ အင်း-သူသည်ကား ပုဂ္ဂိုလ်, သတ္တဝါ ရှိလေရော့လား ဆိုတော့ ရှိလေရော့လား ဆိုတာက-"ဝိစိကိစ္ဆာ။" အင်း-ပုဂ္ဂိုလ်, သတ္တဝါသေလို့ ရှိရင် နိဗ္ဗာန်သွားတဲ့ပုဂ္ဂိုလ်များ ရှိလေသလားလို့ မေးတာက ပုဂ္ဂိုလ်ဖြစ်လာတဲ့အတွက် ဒိဋ္ဌိကလဲ-ရှိ။ ဒါဖြင့် 'အနုရာဓ'မှာ ဘာရှိနေတယ် ဆိုတာ ပေါ်ရောပေါ့၊ **"ဒိဋ္ဌိ, ဝိစိကိစ္ဆာ"-ရှိ၊ ဒီ-ရဟန်းလေးမှာ။** အဲဒါ-**"ခန္ဓဝဂ္ဂသံယုတ်၊ ထေရ်ရဝဂ်"မှာ ပါပါတယ်တဲ့။ "အနုရာဓ"မှာ ကိုက သတ္တဝါရှိလေရော့လား။ သတ္တဝါသေရင် နိဗ္ဗာန်ပဲ သွားလေရော့လား။** သတ္တဝါရှိလေရော့လားလို့ ဆိုတော့ ဒါ-ဘာ

သံထွက်လာပါလိမ့်၊ ဝိစိကိစ္ဆာ–သံထွက်လာ။ သတ္တဝါသေလို့ ရှိရင် နိဗ္ဗာန်များ သွားသေးသလား လို့ ဆိုတာကတော့ ဘာသံထွက် (ဒိဋ္ဌိသံထွက်ပါတယ်)။ **၁–နံပါတ်က “ဝိစိကိစ္ဆာ–သံ၊ ” ၂–နံပါတ်က “ဒိဋ္ဌိ–သံ၊ ”သူ့–ဝမ်းထဲ မရှင်းတဲ့–အမိပ္ပါယ် ထွက်မလာဘူးလား။** အဲဒီလို ထွက်ပြီးသကာလ လာတော့ ကိုင်း–ဒီလို နေလို့တော့ မဖြစ်သေးဘူး ဆိုပြီးသကာလ ဘုရားဆီ သွားတယ်နော်။ အရှင်ဘုရားတဲ့ တပည့်တော် အရှင်ဘုရားကျောင်းဝင်းနားမှာ သက်ကယ်မိုးကျောင်းနဲ့ သီတင်းသုံးနေတုန်း တိတ္ထိတွေ ဝင်လာပြီး သတ္တဝါသေရင် ဖြစ်သေးသလား၊ သတ္တဝါသေရင် မဖြစ်တော့ဘူးလား၊ သတ္တဝါသေရင် ဖြစ်ချည်တစ်လှည့်, မဖြစ်ချည်တစ်လှည့်လား၊ သတ္တဝါသေရင် မဖြစ်သည်မဟုတ်, ဖြစ်သယောင်ယောင် ရှိသေးသလား ဆိုတဲ့–ပုစ္ဆာလေးချက်ကို မေးတယ်ဘုရား။ တပည့်တော်ကတော့ ဘုရားတော့ ဒီလို မဟောပါဘူးလို့ ဖြေလိုက်ပါတယ်။ ဖြေလိုက်ပင် ဖြေငြားသော်လည်း တပည့်တော်မှာ သူတို့က ဒီထက်တက်ပြီး ပုစ္ဆာတွေ မေးမယ်ဆိုလို့ ရှိရင်ဖြင့် တပည့်တော် ဖြေဖို့ရာ ဘုရားအလိုကျ၊ မကျမှာ အင်မတန် စိုးရိမ်ပါတယ်၊ ဆိုတာ ဘုရား–သွားလျှောက်။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အကဲခတ်လိုက်တယ်။ ဩော်...ငါ့လူ ‘အနုရာဓ’ကိုက **“အယံဘိက္ခု ဣမံလဒ္ဓိယံ ဒေါသံ နဇာနာတိ။”** ဤ–အနုရာဓဆိုတဲ့ ပုဂ္ဂိုလ်လေးသည်ကားလို့ ဆိုလို့ ရှိရင်ဖြင့်တဲ့ သူ့အယူကိုပဲ သူသည်ကားလို့ ဆိုလို့ ရှိရင်ဖြင့်တဲ့ သံသယရှိပြီး နားမလည်ဘဲ ဖြစ်နေတယ်။ သူကိုယ်တိုင်က “ဒိဋ္ဌိ,ဝိစိကိစ္ဆာ မကွာဘဲ ဖြစ်နေတယ်” ဆိုတဲ့–အဓိပ္ပါယ် ဘုရားက ပြောလိုက်ပါတယ်။ အဲဒါ–“ဒိဋ္ဌိ, ဝိစိကိစ္ဆာ”ကွာမှ သောတာပန် ဖြစ်ရမှာကိုး။ သူကိုယ်တိုင်က **“အယံဘိက္ခု ဣမံလဒ္ဓိယံ ဒေါသံ နဇာနာတိ။”** အယံဘိက္ခု–ဤ ‘အနုရာဓ’ ဆိုတဲ့ ရဟန်းလေးသည်၊ အတ္တနော–မိမိ၏၊ လဒ္ဓိယံ–အယူဖြစ်သော၊ ဒေါသံ–အပြစ်ကို၊ နဇာနာတိ–သူယူထားတဲ့ အယူကို သူအပြစ် သူမသိရာဘူး။ သူယူထားတာက ကြည့်ပါလား၊ သတ္တဝါသေရင် ဖြစ်များဖြစ်လေသေးသလား၊ သတ္တဝါပဲ ရှိလေရော့လား ၁–နံပါတ် မလာဘူးလား။ ဒါဖြင့် သူ့အယူကိုက အပြစ်သင့်နေပြီ။ သတ္တဝါရှိလေရော့လား ဆိုကထည်းက “ဝိစိကိစ္ဆာ” မလာသေးဘူးလား။ သတ္တဝါသေရင် နိဗ္ဗာန်သွားလေရော့လား ဆိုတဲ့ သတ္တဝါရှိတဲ့ အဓိပ္ပါယ်ကော မရောက်ဘူးလား။ “ဒိဋ္ဌိ” အဓိပ္ပါယ်ကော မရောက်ဘူးလား။ သူကိုယ်တိုင်က “ဝိစိကိစ္ဆာနဲ့ဒိဋ္ဌိ”ပြုတ်ပါရဲ့လား (မပြုတ်ပါ)။ အဲဒါကြောင့် “အဋ္ဌကထာဆရာ”က **“အယံဘိက္ခု ဣမံလဒ္ဓိယံ ဒေါသံ နဇာနာတိ။”** ဤ–‘အနုရာဓ’ ဆိုတဲ့ ရဟန်းလေးသည်၊ မိမိ၏၊ အယူကို၊ ခုနက “ဒိဋ္ဌိ,ဝိစိကိစ္ဆာ”ရှိနေတဲ့ သဘောပေါ့။ အယူဟု ဆိုအပ်သော အပြစ်ကို၊ သူယူထားတဲ့ အပြစ်ကို သူမသိရာဘဲ ဖြစ်နေလို့ ငါ့ဆီ လာမေးတာကိုးလို့ ဘုရားက ရိပ်မိပါတယ်။ **ဘုရားက “တိပရိဝဋ္ဋဒေသနာ” ဟောရရှာတယ်။ “တိပရိဝဋ္ဋဒေသနာ” ဆိုတာက “အနိစ္စ, ဒုက္ခ, အနတ္တ” ပါပဲနော်။** ကဲ–ဒါနဲ့ ဩော်...ဘုရားက တွေးရှာတယ်၊ ‘အနုရာဓ’ကိုက “ဝိစိကိစ္ဆာ”က လဲ မပြုတ်သေး၊ “ဒိဋ္ဌိ”ကလဲ မပြုတ်သေးပါကလားလို့ ဘုရားက ရိပ်မိပါတယ်။ အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ရှေ့ပိုင်းက ဒိဋ္ဌိပြုတ်ထားတာကို နားလည်မှ ဝိပဿနာ နောက်က လိုက်ရှုကြပါ။ ရှေ့ပိုင်းက ပြထားတဲ့ ကိုယ့်ခန္ဓာဖြစ်စဉ်လေးတွေ သိတော့မှ ဒီ–ဖြစ်စဉ်လေးတွေကိုမှ

ဩော်...ဒါလေး–စိတ်ဖြစ်လာလို့ ရှိရင် စိတ်–အနိစ္စ၊ ဝေဒနာဖြစ်လာရင် ဝေဒနာ–အနိစ္စ၊ သညာဖြစ်လာရင် သညာ–အနိစ္စ ဆိုတဲ့ "စိတ္တာနုပဿနာ"တို့, "ဝေဒနာနုပဿနာ"တို့, "ဓမ္မာနုပဿနာ"တို့ ဆိုတာ ဒိဋ္ဌိပြုတ်ပြီး ဉာဏ်ထဲက နေပြီးသကာလ နာမ်ရုပ်တွေ သိပြီးသကာလ "ဝိစိကိစ္ဆာ"တွေ ရှင်းတဲ့အခါကျတော့မှ ဝိပဿနာ ရှုရမှာ။ ဒကာဒကာမတို့ စကားကို ဒီ–ခန္ဓာ၏ ယခု–ဖြစ်စဉ်, ဖြစ်စဉ်ကလေးတွေကို **"သရာဂံစိတ္တံ သရာဂံစိတ္တန္တိ ပဇာနာတိ။"** သိအောင်လုပ်ပါ ဆိုတော့ စိတ်ပေါ်တာ စိတ်ပေါ်တယ်လို့ သိအောင်ကွ၊ ပုဂ္ဂိုလ်, သတ္တဝါ ပေါ်တယ်လို့ ထင်မှာ ဘုရားက အင်မတန် ကြောက်တယ်နော်။ **"သုခံဝါ ဝေဒနံ ဝေဒယမာနော သုခံဝေဒနံ ဝေဒယာမိတိ ပဇာနာတိ။"**လို့ ဘုရားက "သတိပဋ္ဌာန်ပါဠိတော်ကြီး"များ ဟောထားပြန်တော့ ဝေဒနာပေါ်တာ ဝေဒနာလို့ သိကွနော်။ **"သမုဒယဓမ္မာနုပဿိဝါ ဝေဒနာသု ဝိဟရတိ၊ ဝယဓမ္မာနုပဿိဝါ ဝေဒနာသု ဝိဟရတိ။"**ဆိုတာ ဒါလေးတွေကလဲ ဖြစ်တယ်, ပျက်တယ်လို့ မင်း–သိပေးပါ ဆိုတော့ ပုဂ္ဂိုလ်, သတ္တဝါ ပျောက်အောင်လို့ကိုပဲ "သတိပဋ္ဌာန်လေးပါး" မထားဘူးလား (ထားပါတယ်)။

ဒါ–ရှေးဦးစွာ သောတာပတ္တိမဂ် ရချင်လို့ ရှိရင် "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" ဖြုတ်ရမှာ ဖြစ်နေတော့ ဒကာဒကာမတို့ ဒါလေးဟာ အကြောင်းတရားလေး၊ စက္ခုဝိညာဏ်လေး မြင်စိတ်ကလေး မဖြစ်လား၊ မြင်စိတ်ဟာ မြင်စိတ်ပဲ၊ ပုဂ္ဂိုလ်, သတ္တဝါဟုတ်ကဲ့။ အင်း–ဒီထည်းကိုက သတ္တဝါဟုတ်သေးရဲ့ (မဟုတ်ပါ)။ တစ်ခါ မြင်စိတ်ချုပ်သွားတဲ့ အခါကျတော့ **"တိဏ္ဏံ သင်္ဂတိ ဖဿော၊" "ဖဿပစ္စယာ ဝေဒနာ"** ဆိုပြီးသကာလ **"တိဏ္ဏံ သင်္ဂတိ ဖဿော"** ဆိုတော့ ဖဿလေးပဲ ပေါ်လာတယ် ထားပါတော့ သဟဇာတ အဖြစ်နဲ့ ပေါ်လာတဲ့–ဖဿလေး ဟာလဲ ပုဂ္ဂိုလ်, သတ္တဝါလား၊ ဖဿလား (ဖဿပါ)။ အလိုလို ပေါ်တာလား, အကြောင်းကြောင့် ပေါ်တာလား။ ဒါဖြင့် အကြောင်းကြောင့် ပေါ်တဲ့အကျိုး–ဖဿ ဆိုရင်ကော လွဲပါ့ (မလွဲပါ)။ အကြောင်းကြောင့် ပေါ်တဲ့အကျိုး–ဖဿလို့ သိလိုက်သဖြင့်လဲ "ဝိစိကိစ္ဆာ" သေသွားတယ်လို့ မှတ်လိုက်စမ်းပါ။ အကြောင်းထဲမှာလဲ ပုဂ္ဂိုလ်, သတ္တဝါ မပါပါဘူး၊ အကျိုးထဲ မှာကော (မပါပါ)။ ဒီလို သိထားပြန်တော့လဲ "ဒိဋ္ဌိ"က ကပ်သေးရဲ့ (မကပ်ပါ)။

ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး 'အနုရာဓ' သွားလျှောက်တဲ့ အခါကျတော့ ငါ့၏ချစ်သားကိုကပဲ သူယူထားတဲ့ အပြစ်ကို သူ့ဝမ်းထဲမှာ သင့်နေတဲ့ အပြစ်ကို သူမသိဘဲ ဖြစ်ပြီးသကာလ နေတယ် ဆိုပြီးသကာလ သူ့ကိုပဲ တရားဟောဦးမှ တော်မယ်။ **"ဒိဋ္ဌိ, ဝိစိကိစ္ဆာ ပြုတ်တဲ့–တရား" ဟောရဦးမယ်။** ဒကာဒကာမတို့ လူမမာတစ်ယောက်ရှိလို့ ဆရာလာခေါ်တဲ့လူကို၊ ဆရာလာခေါ်တဲ့လူကို ကုရဦးမလို ဖြစ်နေတာ။ သူ့ကိုယ်တိုင်က ရှင်းရှင်းလင်းလင်းလား၊ ဝေဒနာက (မရှင်းပါ)။ ဒါဖြင့် သူ့လဲ–ကု၊ နောက်လူလဲ–ကု ဆိုတဲ့–အဓိပ္ပါယ်မျိုး မရောက်ပေ။ ဒီမှာ သူကလာပြီး သူ–မသိလို့ လာမေးတဲ့–အဓိပ္ပါယ်ကို ပင်လျှင်ပဲ သူ့ကိုယ်က ဝေဒနာသည်ကြီး ဖြစ်နေတာ ဘုရားက သိတော့ သူ့–ကုဦးမှ တော်မယ်၊ တိတ္ထိတွေ ဖြေဖို့, မေးဖို့ ဆိုတာ နောက်ထားပါဦး။ ရှင်အနုရာဓကို ကုသရမယ်ဆိုတာ ကျေနပ်ကြပြီလား။ ဘုရားက ကိုင်း–ငါ့ရဟန်းကိုက သူသင့်နေတဲ့–အပြစ် သူ–မသိ

ဘဲ ဖြစ်ပြီးသကာလ နေတာ သူ့ပဲ-တရားဟောဦးမှ တော်မယ်ဆိုပြီး **"တိပရိဝဋ္ဋဒေသနာ"**ဆိုတဲ့ဥစ္စာကို ပါဠိတော်မှာ သေသေချာချာ ဟောပါတယ်။

ဒါတွေဟာ ခန္ဓာတွေပဲ မဟုတ်ဘူးလား။ ဒီခန္ဓာတွေ ဥပမာမယ် ဒါ-ဝိညာဏက္ခန္ဓာ ထားပါတော့၊ စက္ခုဝိညာဏ် မြင်တယ်ဆိုတော့ ဝိညာဏက္ခန္ဓာပဲ မဟုတ်လား၊ ဝိညာဏ-သိတာပဲ၊ ရူပါရုံ-အဆင်း သိတဲ့-ဝိညာဏ်၊ အဲဒါလေး စဉ်းစားကြည့်စမ်းပါလားတဲ့ မြင်ပြီး ပျက်တာပဲ မဟုတ်လား၊ မြင်ပြီးတာရှည် ရှိသေးလား၊ **"စက္ခုဝိညာဏ် အနိစ္စံ"**ပဲ မဟုတ်လား။ စက္ခုဝိညာဏ်-မြင်မှု စက္ခုဝိညာဏ်သည်၊ အနိစ္စံ-မမြဲ၊ ဖြစ်ပြီးပျက်တဲ့ တရားပဲလို့ ဆိုရင် လွဲပါ့ (မလွဲပါ)။ ကောင်းပြီ ဒါလေးကို ဘုရားက ကဲကွာတဲ့ မင့်ကိုပဲ ငါ-ဟောပါ့မယ်။ ခန္ဓာငါးပါးထဲက အကုန်-ဟောဖို့ပါပဲ။ အကုန်-ဟောဖို့ပင် ဖြစ်လင့်ကစား ဒကာဒကာမတွေ ရှေ့မှာ တန်းထားတာပဲ ရှင်းပြီးပြပါမယ်နော်။ တစ်ခုသိလို့ ရှိရင်လဲ အကုန်-အတူတူပေါ့။ ဟောဒီ-ဝိညာဏ်စိတ်ကလေးဟာ ဒကာဒကာမတို့ပဲ အကဲခတ်ကြည့်ပါ၊ အနိစ္စလား, နိစ္စလား (အနိစ္စပါ)။ မြင်ပြီး ဘာဖြစ်သွား၊ သြော်...မြင်ပြီး ပျက်တာပဲ၊ မျက်လုံးထဲမှာ ပေါ်ပြီး မျက်လုံးထဲမှာ ပျက်တာပဲ။ ဒီ့ပြင်နေရာများ ရွှေ့သေးလား (မရွှေ့ပါ)။ အဲဒီ-အနိစ္စဖြစ်တဲ့ တရားလေးကို ဘုရားက 'အနုရာဓ'တဲ့ ဒုက္ခလား, သုခလားကွလို့ မေးလိုက်တော့ ဘယ့်နှယ်ဖြေ၊ ကြည့်လေ "ဒုက္ခသစ္စာ"လေးပဲ-သူ။ ဒီတရားလေးဟာ အနိစ္စဆိုလဲ ဟုတ်တာပဲ၊ ဒုက္ခဆိုရင်ကော (ဟုတ်ပါတယ်)။ အဲဒီ-အနိစ္စ, ဒုက္ခဖြစ်တဲ့ ဒီ-ဝိညာဏ်ကလေးဟာ ဒကာဒကာမတွေက တွေးစမ်းပါလားတဲ့ **"ဧတံ မမ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ။"**ဆိုတဲ့ဥစ္စာ မြန်မာလို ပြန်လိုက်တော့ **"ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ"**လို့ ဆိုနိုင်ကြရဲ့ (မဆိုနိုင်ကြပါ)။ ဒါဖြင့် "ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ" နဂိုကကိုက မပါဘူး၊ ပါကြရဲ့ (မပါပါ)။ **သြော်...ဒါဖြင့် ဒီတရားလေးဟာ အနိစ္စတရား၊ ဒုက္ခတရား၊ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်တဲ့-တရား။** ဒါဖြင့် **"အနိစ္စ, ဒုက္ခ, အနတ္တ" တရားလေး။** အဲဒါ ဒကာဒကာမတွေက ကိုယ့်မြင်စိတ်ကလေး ပေါ်တိုင်း, ပေါ်တိုင်းလဲ ဤအတိုင်းပဲ၊ ဒါလေးဟာ ဖြစ်ပျက်-အနိစ္စပဲ၊ ဖြစ်ပျက်-ဒုက္ခပဲ၊ ဖြစ်ပျက်-အနတ္တပဲ၊ ဖြစ်ပျက်-"ဒုက္ခသစ္စာ"ပဲလို့ ခင်ဗျားတို့ မြင်တဲ့အခါ မြင်စိတ်ရှုပေးပေါ့။ တစ်ခါ ဒီတရားလေးကိုက **"အနိစ္စ, ဒုက္ခ, အနတ္တ"**တရားလေး ဖြစ်နေတော့ 'အနုရာဓ'တဲ့ သူကဖြစ်စေတဲ့ ဥပမာမှာ သူနဲ့ ပတ်သက်ပြီးသကာလ အတူတကွဖြစ်တဲ့ စက္ခုဝိညာဏ်, ဖဿ။ ဖဿဆိုတော့ သင်္ခါရက္ခန္ဓာဖြစ်သွားပြီ။ အဲဒီ-သင်္ခါရက္ခန္ဓာ ဖြစ်သွားတော့ ဒီ-သင်္ခါရက္ခန္ဓာလေးဟာလဲ အနိစ္စလား, နိစ္စလား (အနိစ္စ)။ အဲဒီ-အနိစ္စဖြစ်တဲ့ တရားကို ဒုက္ခလို့ ဆိုကြမလား, သုခလို့ ဆိုကြ (ဒုက္ခပါ)။ အဲဒီ-အနိစ္စ, ဒုက္ခ ဖြစ်တဲ့-ဖဿလေးကို ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာလို့ ဆိုနိုင်ကြရဲ့ (မဆိုနိုင်ပါ)။ မဆိုနိုင်ရင် "အနတ္တ"ပဲ။ ဒါဖြင့် ဒီတရားတွေ ပေါ်လာသရွေ့ **"အနိစ္စ, ဒုက္ခ, အနတ္တ"**ချည်းပဲ။ ဒီဘက်က ပေါ်လာတာကော (အနိစ္စ, ဒုက္ခ, အနတ္တပါ)။ ဒီဘက်က ပေါ်လာတာ (အနိစ္စ, ဒုက္ခ, အနတ္တပါ)။ ဒီဘက်က ပေါ်လာတာ (အနိစ္စ, ဒုက္ခ, အနတ္တပါ)။ ဒီဘက်က သေတဲ့-စိတ်ကလေးကကော (အနိစ္စ, ဒုက္ခ, အနတ္တပါ)။ ဒီဘက်က ပဋိသန္ဓေစိတ်ကလေးကကော (အနိစ္စ, ဒုက္ခ, အနတ္တပါ)။ ဒါဖြင့် ဒကာဒကာမတို့ ပုဂ္ဂိုလ်, သတ္တဝါ နဂိုက မပါဘူး။

ဒကာဒကာမတွေသန္တာန်မှာ ပုထုဇဉ်စိတ်သန္တာန်မှာ တိဟိတ်ဖြစ်လို့ ရှိရင်ဖြင့် ၄၅–ပါးသော စိတ်ကို ပေါ်ရာရှုပါ။ ဒွိဟိတ်ဖြစ်လို့ ရှိရင် ၃၆, ၃၇–ကိုပဲ ရှုပါလို့ ပြောထားတော့ ခင်ဗျားတို့သန္တာန် ပေါ်ရာကို–ရှု။ သို့သော် ဘုန်းကြီးတို့ **"သမ္မောအင္ဂကထာဆရာ"က ပြပြီးသကာလ ထားတာ ကတော့ စိတ်ပေါ်မှာ "ဒိဋ္ဌိ" အများဆုံး ဆိုခြင်းကြောင့် "စိတ္တာနုပဿနာ–ရှု"ရင် ပိုကောင်း တယ်။ "ဒိဋ္ဌိ"ပြုတ်တော့ သောတာပန်–တည်လွယ်တယ်။** အဲ–ဒိဋ္ဌိက ဘယ်သူ့ပေါ်မှာ သာ များပါလိမ့်၊ စိတ်ပေါ်မှာ သာများတဲ့အတွက် ဘယ်စိတ် စားချင်တဲ့စိတ် လာရင်လဲ ဖြစ်ပျက်ရှုပါ။ အိပ်ချင်တဲ့စိတ် လာရင် (ဖြစ်ပျက်ရှုရမယ်)။ ပျံ့လွင့်တဲ့စိတ် လာရင် (ဖြစ်ပျက်ရှုရမယ်)။ အကုန်– ရှုရမယ် မဟုတ်လား (ရှုရပါမယ်)။ အေး–ယုတ်စွအဆုံး ကျင်ကြီး, ကျင်ငယ် စွန့်ချင်တဲ့စိတ် လာ ကော၊ ဖြစ်ပျက်ရှုရမှာပဲ။ သွားချင်တဲ့စိတ်ကလေး လာရင် (ဖြစ်ပျက်ရှုရမယ်)။ အင်း–လှမ်းချင်တဲ့ စိတ်ကလေး လာရင်ကော (ဖြစ်ပျက်ရှုရမယ်)။ အဲ–သူ့နေရာနဲ့သူ စိတ်ကလေးက ဟဒယဝတ္ထုပေါ် ပေါ်တဲ့စိတ်ဖြင့် ဟဒယဝတ္ထုပေါ် ဉာဏ်တည့်ရှု။ မျက်လုံးထဲ ပေါ်တဲ့စိတ်ဖြင့် မျက်လုံးထဲ ဉာဏ် တည့်ရှုပေါ့။ ဝမ်းသာတဲ့စိတ်ကလေး လာပြီ၊ ဘယ့်နှယ်လုပ်ကြ (ဖြစ်ပျက်ရှုရမယ်)။ ဝမ်းနည်းတဲ့ စိတ်ကလေး လာပြန်၊ အကုန်–ဖြစ်ပျက်ရှုရမယ်လို့ ဘုရားက ဒီ–စိတ်တွေပေါ်လဲ အကုန်–ဒိဋ္ဌိပြုတ် ရမယ် ဆိုတော့ ဖြစ်ပြီးပျက်တာတွေ ရှုနေတော့ နဂိုကလဲ ပုဂ္ဂိုလ်, သတ္တဝါ မဟုတ်လို့ ဖြစ်ပျက်– အနိစ္စပဲဆိုတာ မသေချာဘူးလား။ဖြစ်ပျက်–ဒုက္ခပဲ ဆိုရင်ကော (သေချာတယ်)။ ဖြစ်ပျက်သည်ကား လို့ ဆိုရင် ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်တဲ့ အနတ္တပဲ ဆိုရင်ကော သေချာတယ် မဟုတ်လား။ အဲဒီကဲ့သို့ သေချာပြီးသကာလ နေတော့ ဘုရားကလဲ ဟောရာတယ်၊ **"သရာဂံစိတ္တံ သရာဂံစိတ္တန္တိ ပဇာနာတိ၊ သဒေါသံစိတ္တံ သဒေါသံစိတ္တန္တိ ပဇာနာတိ၊ သမောဟံစိတ္တံ သမောဟံစိတ္တန္တိ ပဇာ နာတိ။"** ပေါ်ရာရှုပါကွာ၊ မင်းတို့သန္တာန် ပေါ်တဲ့စိတ်တွေ အကုန်–ရှုပါ ဆိုပြီးသကာလ ရှုလိုက်လို့ ရှိရင် ရှေ့ပိုင်းက ဧည့်သည်စိတ်က ၆–ခု၊ အတွင်းဧည့်သည်စိတ်က (၅–ခု)၊ အိမ်သည်စိတ်က (၂–ခု)။ဩော်...ဒါတွေပေါ်လာလို့ရှိရင် အပြင်ဧည့်သည် မရှိလို့ အတွင်းဧည့်သည် ရှိရင်လဲ အတွင်း ဧည့်သည်ရှုပေါ့။ အပြင်ဧည့်သည် ပေါ်ရင်လဲ (အပြင်ဧည့်သည်ရှုရမှာပါ)။ အိမ်သည် ၂–ခု၊ တစ်ခုခု ပေါ်နေရင်ကော၊ တစ်ခုခု ရှုရလိမ့်မယ် ဆိုတာ သေချာပြီလား။ အတွင်းဧည့်သည်ရယ်, အပြင်ဧည့် သည်, အိမ်သည်ရယ်လို့ ဆိုပြီးသကာလ မဂ္ဂင်ငါးပါးနဲ့ ရှုပေးကြစမ်းပါ။ ရှုပေးတဲ့ အခါကျတော့ ဖြစ်တာနဲ့ ပျက်တာပဲ တွေ့မှာပါပဲ။ အင်း–ဖြစ်တာနဲ့ ပျက်တာသည် **"ဟုတွာ အဘာဝင္မေန အနိစ္စံ၊** ဆိုတဲ့အတိုင်း **ဟုတွာ**–ဖြစ်ပြီး၍၊ **အဘာဝေန္ဓေန**–ဉာဏ်နေရာ၌ မရှိခြင်းသည်ပင်လျှင်၊ **အနိစ္စံ**–အနိစ္စ ပဲ ဆိုသဖြင့် ဖြစ်ပြီးပျက်သွားတဲ့ တရားဟာ ရှိသေးရဲ့လား (မရှိပါ)။ အဲဒါ မရှိတာက ဘယ့်နှယ်ခေါ် ကြ (အနိစ္စ)။ မရှိတာ မရှိမှန်း သိတာက၊ အဲ–'ဝိပဿနာမဂ်' သေချာ–ဖြစ်သွားတော့ 'ဝိပဿနာ မဂ်' မရဘဲနဲ့လဲ 'လောကုတ္တရာမဂ်' မရနိုင်ဘူး။ ဒါဖြင့် 'ဝိပဿနာမဂ်' ရင့်သန် လာပြန်တော့လဲ 'လောကုတ္တရာမဂ်' ဖြစ်သွားတာပဲ။ဒါဖြင့် ခင်ဗျားတို့တာဝန်က 'မဂ်' ရပါလို၏လို့ ဆုတောင်းရမယ့် အလုပ်ကို အသာ ချိတ်ထားပြီးသကာလ 'ဝိပဿနာမဂ်'ကို ကိုယ်တိုင်ကြိုးစားပါ။ 'ဝိပဿနာမဂ်'ကို

ကိုယ်တိုင်ကြိုးစားလို့ ရှိရင် **'ဝိပဿနာမဂ်' ရင့်လာလို့ ရှိရင် 'လောကုတ္တရာမဂ်' ဖြစ်မယ်။** ဩော်...တို့ အလုပ်က ရှုဖို့အလုပ်ပဲ။ အဲဒီတော့ ဒကာဒကာမတွေ အလုပ်က ဘယ်စိတ်ပေါ်လာလာ ကိုယ်ပေါ်မှာ ယားတဲ့စိတ် ပေါ်လာလဲ ယားတဲ့နေရာလေး ဖြစ်ပျက်ရှုပေါ့။ နာတဲ့စိတ် ပေါ်လာရင် (နာတဲ့စိတ် ဖြစ်ပျက်ရှုရမယ်)။ ဝမ်းထဲမှာ ဝမ်းသာစိတ်ကလေး ပေါ်လာတယ် (ဝမ်းသာတဲ့စိတ် ဖြစ်ပျက်ရှုရမယ်)။ အင်း–စိတ် မချမ်းသာတာလေး ပေါ်လာတယ် (စိတ် မချမ်းသာတာ ဖြစ်ပျက်ရှုရမယ်)။ သံသယ စိတ်ကလေး ပေါ်လာတယ် (သံသယစိတ်ကလေး ဖြစ်ပျက်ရှုရပါမယ်)။ စိတ်က ဟိုပြေး, ဒီပြေး "ဥဒ္ဓစ္စ"လေး ပေါ်လာတယ် (ဥဒ္ဓစ္စ ဖြစ်ပျက်ရှုရပါမယ်)။ အကုန်–ဖြစ်ပျက်ရှု၊ ဖြစ်ပျက်ရှုရမှာချည်းပဲ။ ကိုယ့်သန္တာန် ထင်ထင်ရှားရှား ပေါ်လာတာ ဟူသရွေ့ ဖြစ်ပျက်သာ ရှုချ။ ဖြစ်ပြီးပျက်တဲ့ တရားပဲ ဆိုတာ သေချာပြီလား။

အဲဒီကဲ့သို့ ဟောလိုက်တော့ 'အနုရာဓ'က **ခန္ဓာငါးပါးစလုံးကို ဖြစ်ပျက်တွေ ဘုရားက ဟောလိုက်တော့ သူ–သဘောကျသွားပြီ။ ဩော်...ပုဂ္ဂိုလ်, သတ္တဝါ နဂိုက မပါဘူး၊ "အနိစ္စ, ဒုက္ခ, အနတ္တ"သာ ရှိတယ်၊ သူ–သဘောကျသွား။** အဲဒီ–ကျေကျေနပ်နပ် သဘောကျ သွားတော့မှ သူ့ကိုပဲ တစ်ခါ ပြန်ပြီး စစ်ပြန်တယ်။ **သူ့–စစ်ပုံလေးပြ။** 'အနုရာဓ'တဲ့ ခန္ဓာငါးပါး ရှိပါတယ်ကွာတဲ့ သတ္တဝါမှာ–စုလိုက်ထည်းက ခန္ဓာငါးပါးထက် ပိုရှိသေးရဲ့လား (မရှိပါ)။ အဲတော့ မင်းကို ငါ–မေးချင်တယ် ဆိုပြီး တရားနဲ့ ဖြေမှရမယ့် ပုဂ္ဂိုလ်ဖြစ်နေတော့ တရားနဲ့ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" သတ်ပေးရမယ့် ပုဂ္ဂိုလ်ဖြစ်နေလို့ ဘုရားက တရားနဲ့ ဖြေပေးနေတယ် ဆိုတာ သေချာမှတ် ရမယ်။ ဒါဖြင့် ခုနက "အနိစ္စ, ဒုက္ခ, အနတ္တ" လက္ခဏာရေး–သုံးပါး ဟောပြီးလို့ 'အနုရာဓ'သဘော ကျသွားတော့မှ ပြန်စစ် ပြန်တယ်နော်။ **ဟေး–"အနုရာဓ"** ဟောဒီထဲကွာ ခန္ဓာငါးပါးရှိတယ်၊ ရုပ်ကို မင်းသည်ကားလို့ ဆိုရင် သတ္တဝါ ဆိုမလားလို့ မေးလိုက်တာ၊ ဘယ့်နှယ်ဖြေကြပါ။ ရုပ်ကို သတ္တဝါလို့ ဖြေမလားလို့ မေးလိုက်တယ်၊ မဟုတ်ဘူးပဲ ဖြေရမယ်။ ရုပ်ကို သတ္တဝါလို့ ဆိုမလား (မဟုတ်ပါ)။ ရုပ်တရား၌ သတ္တဝါလို့ ဆိုမလား (မဟုတ်ပါဘူး)။ ရုပ်မှတစ်ပါး ဒီပြင်တရားကိုပဲ သတ္တဝါလို့ ဆိုမလား (မဟုတ်ပါဘူး)။ ရှိတာ အခု–ရုပ်,နာမ်ပဲ ရှိတယ် မဟုတ်လား၊ ရုပ်,နာမ် ခန္ဓာငါးပါးပဲ ရှိတော့ အခု–မေးပုံလေး သတိထားစမ်း။ 'အနုရာဓ'တဲ့ ရုပ်ကို သတ္တဝါ ဆိုမလားကွ လို့ မေးလိုက်တယ် ဆိုတော့ မဆိုပါဘူးဘုရား။ ခုနက "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" သေသွားလို့ အဖြေ ထွက်လာပြီ။ ဒကာဒကာမတွေ တိတ္တိမေးတဲ့ အမေးကို ဖြေတတ်အောင်လို့ သင်ပေးပါပြီနော်။ 'အနုရာဓ' ရုပ်ကို သတ္တဝါလို့ ဆိုမလားလို့ မေးတော့ သူ–ဘယ့်နှယ်ဖြေ၊ မဆိုပါဘူး။ ဝေဒနာကို ကော သတ္တဝါလို့ ဆိုမလား (မဆိုပါ)။ သညာကော (မဆိုပါ)။ စေတနာဆိုတဲ့ သင်္ခါရတွေကော (မဆိုပါ)။ စိတ်ကို သတ္တဝါလို့ ဆိုမလား (မဆိုပါ)။ ဘာမှ ဆိုစရာ ပါမှ မပါဘဲ။ သတ္တဝါနဂိုက မပါလို့ ဒကာဒကာမတို့လဲ ဆိုစရာ မရှိပါဘူး။ 'အနုရာဓ' မေးတော့လဲ 'အနုရာဓ'က ဆိုစရာ မရှိပါဘူးလို့ သူ–ဖြေပါတယ်။ ဒါဖြင့်ကွာတဲ့ ငါ–ဆက်မေးပါရစေဦးတဲ့ ဘုရားက ရုပ်၌ သတ္တဝါ လို့ ဆိုမလားလို့ မေးလိုက်တယ်။ ဘယ့်နှယ်ဆိုကြ (မဆိုပါ)။ ဒါဖြင့် ရုပ်ကို ကြဉ်ပြီးသကာလ

သတ္တဝါတစ်ပါး တခြားလို့ ဆိုမလားလို့ မေးရင် (မဆိုပါ)။ ရုပ်မှတစ်ပါးကော သတ္တဝါ ရှိရဲ့လား (မရှိပါ)။ ဝေဒနာမှတစ်ပါးကော မရှိပါဘူးတဲ့၊ "ရုပ်, ဝေဒနာ, သညာ, သင်္ခါရ"ပဲ ရှိတာလို့ မှတ်လိုက်တာပေါ့။ ဒါနဲ့ အခု-ပုစ္ဆာနှစ်ခု ဘုရားက သူ့-မေးလိုက်ပြီးသကာလ သုံးခုမြောက် တစ်ခါ မေးပြန်တယ်။ ဒါဖြင့် ကွာတဲ့ မင်း ဒီ-ခန္ဓာငါးပါးကို သတ္တဝါလို့ ဆိုမလားလို့ မေးပြန်၊ ဆိုနိုင်ကြရဲ့ (မဆိုနိုင်ပါ)။ ခန္ဓာငါးပါးဟာ ခန္ဓာငါးပါးပဲ ဆိုရမယ် ဒကာဒကာမတို့ သတ္တဝါ ပါရဲ့လား (မပါ)။ အဲဒီတော့ 'အနုရာဓ'တဲ့ "ရုပ်, ဝေဒနာ, သညာ, သင်္ခါရ" အပေါင်းကိုပဲ မင်း-သတ္တဝါ ဆိုမလားလို့ မေးလိုက်တဲ့အခါကျတော့ နောဟေတံ ဘန္တေ-တပည့်တော် မဆိုပါဘူးဘုရား။ ဒါဖြင့် သတ္တဝါ မပါကြောင်း-သူ သူ့အထဲ ရှင်း-မသွားသေးဘူးလား။ ကိုင်း-ဒါဖြင့် ပုစ္ဆာသုံးခု ပြီးသွားပြီးနော်။ ၁-နံပါတ်က ရုပ်ကို သတ္တဝါ ဆိုမလား (မဆိုပါ)။ ဝေဒနာကို သတ္တဝါ ဆိုမလား (မဆိုပါ)။ သညာ ဆိုမလား (မဆိုပါ)။ သင်္ခါရ ဆိုမလား (မဆိုပါ)။ ဝိညာဏ်ဆိုတဲ့ စိတ်ကို ဆိုမလား (မဆိုပါ)။ ဒီဟာလဲ ပုစ္ဆာတစ်ခု။ ရုပ်မှတစ်ပါး ဒီဟာတွေကို သတ္တဝါ ဆိုမလား (မဆိုပါ)။ ဒီဟာတွေလဲ သတ္တဝါ ဆိုလို့ကော ရရဲ့ (မရပါ)။ အဲတော့ နဂိုက မရှိတာကို မရှိဘူး သိထားရမယ်။ နဂိုက မရှိတာ မရှိဘူး မှတ်ထားမှ အချိုးတည့်တော့မပေါ့ဆိုတာ သဘောပါပြီလား။ **ဒါနဲ့ အခု-ပုစ္ဆာ ရုပ်ကို သတ္တဝါခေါ်မလား၊ ၁-နံပါတ် အမေးပုစ္ဆာ ပြေသွားပြီ။ ရုပ်မှတစ်ပါး သတ္တဝါကို ဆိုမလားဆိုတာကော ဆိုစရာ ရှိရဲ့လား (မရှိပါ)။ "ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်"မှတစ်ပါး ပုဂ္ဂိုလ်, သတ္တဝါများ ရှိရဲ့လား (မရှိပါ)။ အဲ-မရှိဘူးဆိုတာ သိသွားတော့ ပုစ္ဆာနှစ်ခု မပြေသေးဘူးလား (ပြေပါတယ်)။ ဒါဖြင့် ရုပ်နာမ် ခန္ဓာငါးပါးကို သတ္တဝါ ဆိုမလား၊ မဆိုနိုင်ဘူးတဲ့၊ ဒါ-သတ္တဝါ မဟုတ်ဘူး၊ ခန္ဓာငါးပါး-ခန္ဓာငါးပါးပဲ။** ဒီပြင် ဘာပါသေး (မပါပါ)။ ဒါဖြင့် ကွာတဲ့ 'အနုရာဓ' ပုစ္ဆာသုံးခု ငါ-မေးပြီးပြီ။ **စတုတ္ထပုစ္ဆာ ငါ-မေးဦးမယ်ဆို သူ-"ဒိဋ္ဌိ, ဝိစိကိစ္ဆာ" ပြုတ်, မပြုတ် မေးနေတာ။ ဒါဖြင့် ကွာတဲ့ ခန္ဓာငါးပါးမှတစ်ပါးကို သတ္တဝါ ဆိုမလားလို့ မေးလိုက်တယ်။ ရုပ် မဟုတ်တာ သတ္တဝါ ဆိုမလား (မဆိုနိုင်ပါ)။ ဝေဒနာ မဟုတ်တာ သတ္တဝါ ဆိုမလား (မဆိုနိုင်ပါ)။ သညာ မဟုတ်တာ သတ္တဝါ ဆိုမလား (မဆိုနိုင်ပါ)။ သင်္ခါရ မဟုတ်တာ သတ္တဝါ ဆိုမလား (မဆိုနိုင်ပါ)။ ဝိညာဏ် မဟုတ်တာကို၊ သတ္တဝါ မဆိုနိုင်ဘူး ဆိုတော့ မပါဘူး ပြောတာနဲ့ ရှင်း-မသွားသေးဘူးလား။ ပါကော ပါသေးရဲ့လား (မပါပါ)။ အဲ-မပါတော့ ရှင်း ပြီးသကာလ သွားပြီတဲ့။**

ဘုရားကလဲ 'အနုရာဓ' ရှင်းပေးတာနဲ့ အခု-ဒကာဒကာမတွေ ဘုန်းကြီးဟောထားလို့ သိထားတာနဲ့ တစ်ထပ်ထည်း ကျသွား။ အလုပ်လုပ်ရုံပဲ ကျန်တော့။ အလုပ်လုပ်ဖို့ အရေးကြီးနေတယ်၊ ဒါ-ဖြိုင်ဖြိုင် လုပ်နေဖို့ အရေးကြီးနေတယ်။ စိတ်တွေ ပေါ်တိုင်း, ပေါ်တိုင်း ရှုနိုင်ဖို့ အရေးကြီးပါတယ် ဆိုတာကော ပေါ်ကြ (ပေါ်ပြီ)။ အဲဒီတော့ ဘုန်းကြီးက အထူး-မပြောပါဘူး ဒကာဒကာမတို့၊ ကိုယ့်မှာ "ဒိဋ္ဌိ,ဝိစိကိစ္ဆာ" ရှိနေလို့ရှိရင် ငရဲမျိုးစေ့ ဝမ်းထဲမှာ 'အနုသယ' သဘောနဲ့ ကိန်းနေတယ်လို့ မှတ်လိုက်စမ်းပါ။ ငရဲမျိုးစေ့ ကိန်းပြီးသကာလ နေတော့ ကျုပ်တို့သည် ငရဲကောင်, ငရဲပင်ကြီးဟာ သေသည့် အခြားမဲ့ဥ္စတဲ့ ဒီ-ငရဲမျိုးစေ့ဟာ နတ်ပြည်ရောက်သွားလဲ မင်-မရသေးလို့ ရှိရင် ငရဲမျိုး

စေ့ နတ်ပြည်ပါသွားတာ။ ဗြဟ္မာပြည်ရောက်ရော (ပါပါတယ်)။ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ"သာ မပြုတ်လို့ရှိရင် "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" ဆိုတဲ့–ငရဲမျိုးစေ့ဟာ ဗြဟ္မာဝမ်းထဲမှာကော 'အနုသယ' သဘောနဲ့ မရှိဘူးလား (ရှိပါတယ်)။ အေး–ဒါကြောင့် **"ဒိဋ္ဌာနုသယော အနုသေတိ၊" "ယမိုက်ပါဠိတော်"**များမှာ အင်မတန် လာပါတယ်နော်။ အဲဒါတွေ ထောက်ကြည့်တဲ့ အခါကျတော့ ဩော်...ဘယ်သွားနေလို့မှ စိတ်–မချရပါလား၊ ငရဲမျိုးစေ့ မရှိရင် ငရဲစိတ်ချရ။ ငရဲမျိုးစေ့ ရှိလို့ ရှိရင်ဖြင့် လူ့ပြည်နေကော၊ စိတ်–မချရ။ နတ်ပြည်သွားကော (စိတ်–မချရ)။ ဗြဟ္မာပြည်သွားကော စိတ်–မချရသေးပါဘူးတဲ့။ ဒါဖြင့် ငရဲမျိုးစေ့ ဖြုတ်ဖို့ ဆိုတော့ ခန္ဓာငါးပါးဟာလဲ သိထား၊ ဖြစ်ပျက်တရားမှန်းလဲ သိထား၊ ဖြစ်ပျက် သိလို့ ဖြစ်ပျက်မုန်းအောင်–လုပ်၊ ဖြစ်ပျက်ဆုံးမှသာလျှင် "နိဗ္ဗာန်"မြင်မှ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ"က ငရဲမျိုးစေ့ ဝမ်းထဲမှာ မဂ်က နေပြီးသကာလ ချေမှုန်းပစ်လိုက်တော့ အကုန်–ပြုတ်ပြုတ် ပြုန်းတယ်ဆိုတာ မှတ်ရလိမ့်မယ်။ ဒါဖြင့် ငရဲမျိုးစေ့ ဝမ်းထဲ ရှိနေတဲ့ ပုဂ္ဂိုလ်မှာ သားကိစ္စ, သမီးကိစ္စ, စီးပွားရေးကိစ္စထက် ကိုယ့်ဝမ်းထဲမှာ ရှိတဲ့ ငရဲမျိုးစေ့၊ ဩော်...ငါသေလို့ ရှိရင် ငရဲရောက်သွားမှာပဲ ဆိုလို့ ရှိရင်ဖြင့် **သားကိစ္စ, သမီးကိစ္စ, ဆွေကိစ္စ, မျိုးကိစ္စထက် "ဒိဋ္ဌိ"ဖြုတ်မှု, "ဝိစိကိစ္ဆာ" ဖြုတ်မှု အရေးကို ခင်ဗျားတို့ ကြီးဖြစ်အောင် ကြီးပါဆိုတာ အခု–တရား အရည်လည်လာလို့ ပြောတယ်**။ ကိုယ့်ကိုယ်ထဲမှာ "ဒိဋ္ဌိ,ဝိစိကိစ္ဆာ" ဆိုတဲ့–ငရဲမျိုးစေ့ ရှိတယ်၊ အဲဒါ–အရင် ထုတ်ပစ်နိုင်မှ ကိုယ့်ကိုယ်ကို သနားရာ ရောက်ပါတယ်။ ဒကာဒကာမတို့ ကိုယ့်ကိုယ်ကို သနားရင်းအစစ်က "ဒိဋ္ဌိ,ဝိစိကိစ္ဆာ" ဝမ်းထဲမှာ ရှိတဲ့–ငရဲမျိုးစေ့ကို ဖယ်ထုတ်ဖို့အရေးကို ကြီးအောင် အရေးတကြီး လုပ်နေတဲ့ ပုဂ္ဂိုလ်သာ ကိုယ့်ကိုယ်ကို သနားတဲ့ပုဂ္ဂိုလ်။ "ဒိဋ္ဌိ,ဝိစိကိစ္ဆာ"အရေးတကြီး ဖြုတ်နေတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်ကိုယ်ကို သနားတဲ့ပုဂ္ဂိုလ်။ အဲတော့ ရောဂါရှိလို့ရှိရင် ပျောက်တာ အကောင်းဆုံးပဲ ဆိုတာသည် ဘာမှ ဆုံးဖြတ်ချက် ချပေးနေစရာ မလိုပါဘူး။ ငရဲမျိုးစေ့ ရှိနေတဲ့ရောဂါကို ငရဲမျိုးစေ့ အရင်ကုပစ်ပြီးမှ ကျုပ်တို့သည်ကားလို့ ဆိုရင် အေးအေးချမ်းချမ်း နေဖို့ ဝတ္တရား မရှိဘူးလား (ရှိပါတယ်)။ အဲဒီ–ငရဲမျိုးစေ့ ရှိနေတော့ ဒီ–"ဒိဋ္ဌိ,ဝိစိကိစ္ဆာ"ကပဲ ပဋိသန္ဓေအကျိုး ပေးလိုက်တဲ့ အခါကျတော့ ငရဲကောင်ကြီးတွေ ဖြစ်ပြီး မလာပေဘူးလား (လာပါတယ်)။ ဒီ–ငရဲကောင်ကြီးတွေ ဘယ်သူကများ စီမံလိုက်ပါလိမ့်မတုန်း ဆိုတော့ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" ရှိလို့ ကံက စီမံလိုက်တာ။ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" ရှိတော့ဖြင့် ကံက စီမံလိုက်တော့ ကျုပ်တို့မှာ ငရဲကောင် ဆိုတဲ့–ခန္ဓာကြီး မပေါ်ပေဘူးလား။ ဥပပတ်ပဋိသန္ဓေ ဘွားခနဲ ပေါ်လာတော့ ဩော်..."ဒိဋ္ဌိ, ဝိစိကိစ္ဆာ" ရှိတဲ့ပုဂ္ဂိုလ်မှာ ငရဲမှာ ရတဲ့ပစ္စည်းနဲ့ ဆပ်ရသလား, ခန္ဓာနဲ့ ဆပ်ရသလား (ခန္ဓာနဲ့ ဆပ်ရ)။ ကဲ–ဒကာဒကာမတို့ ဒီပြင်ဟာ မကြည့်ပါနဲ့။ ဝက်တွေသည်ကားလို့ ဆိုလို့ရှိရင် ဒီပြင်–နွား ပခုံးနဲ့ပဲ အမှုထမ်းရ။ မြင်းမှာလဲ ဒကာဒကာမတို့ သိတဲ့အတိုင်းပဲ အင်း–ပခုံးနဲ့ပဲ အမှုထမ်းရတယ်ပဲ ထားပါဦးတော့နော်။ ဝက်က ဘာနဲ့ လူတွေအတွက် အမှုထမ်းရသတုန်း မေးလို့ရှိရင်ဖြင့် အသားနဲ့ အမှုထမ်းရ။ ဆိတ်က (အသားနဲ့ အမှုထမ်းရ)။ ကဲ–ဒါဖြင့် ခင်ဗျားတို့ ဘယ်အမှုထမ်း ကြိုက်သတုန်းလို့ မေးလို့ရှိရင်ဖြင့် ဖြစ်ခြင်းဖြစ် မြင်းဖြစ်ရတာ တော်သေး။ ဝက်ဖြစ်ရတာတော့ တော်ပါ့မလား။ ခုနက အသားနဲ့ အမှုထမ်း

ရတဲ့ ငါးတို့, ဝက်တို့, ကြက်တို့ ဆိုတော့ သာ–မဆိုးဘူးလား၊ အသားနဲ့ အမှုထမ်းရ။ ဒါဖြင့် ငရဲကျတော့ ဘာနဲ့ကျုပ်တို့ နှစ်စေအောင် လုပ်ရမှာပါလိမ့်၊ ခန္ဓာနဲ့နှစ်စေအောင် အမှုထမ်းရမယ်ဆိုတော့ ဝက်လိုပဲ အသားနဲ့ အမှုထမ်းသလို–ဖြစ်။ အသားနဲ့ အမှုထမ်းရမှာ ဖြစ်နေတော့ ထမ်းနိုင်ကြပါ့မလား လို့ မေးကြည့်တော့ ဘယ်သူမှ ဒီထဲ–ထမ်းနိုင်မယ့်ပုဂ္ဂိုလ် တစ်ယောက်မှ မပါဘူး။ ဒီထက် ဆိုးဝါးတာက အသားနဲ့လဲ အမှုထမ်းရသေးတယ်၊ အသေလဲ မသေရဘူးတဲ့။ ဝက်က ဥပမာ–လုံနဲ့ မိသွားတယ်ဆို သေပြီးသကာလ သူ့–အသားနဲ့ အမှုထမ်းရ၊ သေသွားတာပဲ။ သေပြီးတော့ အသားတွေက အမှုထမ်းနေတော့ သူ–သိသေးရဲ့လား (မသိ)။ တော်သေးတယ်နော်။ ငရဲကတော့ မီးထဲမှာ အရှင်လတ်လတ်နဲ့ အမှုထမ်းရ။ အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သြော်...ဒီ–ငရဲဟာ ကွာတဲ့၊ ငါဘုရား ဖြစ်တဲ့နေ့ကပဲ စပြီး မြင်ပါတယ်တဲ့၊ အရှင်အတိုင်း အမှုထမ်းရတာဟော့တဲ့၊ ကံ–မကုန်သရွေ့ အရှင်အတိုင်း မီးထဲမှာ အမှုထမ်း၊ ကြေးရည်တွေထဲမှာ အမှုထမ်း၊ ဓားခုတ်ခံပြီး ဒီနေရာကပြတ်ပြီး ဒီနေရာမှာပဲ ပြန်ဆက်ပြီးအမှုထမ်းဆိုတော့ အသေအမှုထမ်းရလို့ရှိရင်လဲ တော်သေး။ တစ်ခါ သတ်ပြီးသေ၊ သေတဲ့အသားတွေ အရပ်ကဝေစား ကိစ္စ–မရှိဘူး။ အဲဒါ–တော်သေးတယ်လို့ ဆိုထိုက်, မဆိုထိုက် (ဆိုထိုက်တယ်)။ ဟိုမှာ အရှင်လတ်လတ် အမှုထမ်းရမယ် ဆိုတော့ ဒကာဒကာမတို့ ဒီထဲမှာ မီးထဲမှာ ပြေးရမယ်၊ မီးထဲမှာပဲ အသွားအပြန် လုပ်နေရမယ်။ လောင်လိုက်တဲ့–မီးကလဲ ဒီနေရာမှာ မီးက ခြေထောက်လောင်လိုက်တာ ခြေထောက်ပါကျွတ်ကျ၊ နောက်ခြေထောက်နဲ့ ပြန်ပြေး၊ ပြေးတဲ့ခြေထောက် ပြန်ကျွတ်ကျ ဆိုတော့ ဒကာဒကာမတို့ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" သတ္တိ သေးသလား (မသေးပါ)။ ဒါဖြင့် ဒီအရေးဟာ ဒကာဒကာမတို့ သားရေး, သမီးရေး, စီးပွားရေးထက် အပါယ်ရေသောက်မြစ် ဖြတ်ရေးကို ပိုကြီးရမယ်လို့ ဘုန်းကြီးများ ဟောတာသည် ဒကာဒကာမတို့ ငြင်းဆန်ပြီး ပေတေတေ လုပ်နေဖို့တော့ မတော်ဘူး ထင်တယ်။

'အနုရာခ'ကို အခု–ဝတ္ထုသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဘုရားသည် "သစ္စာ"ဆိုက်အောင် 'အနုရာခ'ဟောရ။ အခု–"အနိစ္စ, ဒုက္ခ, အနတ္တ"သာ ဟောသေးတာကိုး၊ ပုဂ္ဂိုလ်, သတ္တဝါ မပါပုံသာ သူ–ဖြတ်ပါသေးတယ်ဆိုတာ သဘောကျ။ အဲဒီတော့ သူ့–"ဒိဋ္ဌိ, ဝိစိကိစ္ဆာ"တော့ ဒကာဒကာမတွေ သိတဲ့အတိုင်းတဲ့ ခုနက လေးချက် မေးလိုက်ကထည်းက သူ–"ဒိဋ္ဌိ, ဝိစိကိစ္ဆာ" ရှိသေးရဲ့လား (မရှိပါ)။ ရုပ်ကို သတ္တဝါ ဆိုမလား ဆိုတော့လဲ ဘယ့်နှယ်ဖြေကြ (မဆိုပါ)။ **ဝေဒနာကို သတ္တဝါ ဆိုမလား (မဆိုပါ)။ ဝေဒနာမှတစ်ပါးကိုကော သတ္တဝါ ဆိုမလား (မဆိုပါ)။ ခန္ဓာငါးပါးအပေါင်း သတ္တဝါ ဆိုမလား (မဆိုပါ)။ ခန္ဓာငါးပါးမှ တစ်ပါးသောတရားကို သတ္တဝါ ဆိုမလား (မဆိုပါ)။** အဲတော့ ဒကာဒကာမတွေက သိနေတော့ သြော်...ဘယ်သတ္တဝါ ပါရမတုန်း၊ အနိစ္စတရား, ဒုက္ခတရား, အနတ္တတရား, ဒုက္ခသစ္စာတရားတွေပဲ။ ဒါမှတစ်ပါး ဘာမှ မရှိဘူး ဆိုတာ ဒကာဒကာမတွေ ပေါ်ကြ (ပေါ်ပါပြီ)။ ဒါဖြင့် သတ္တဝါသေရင် ဖြစ်သေးသလား ဆိုတာ ဖြေစရာ ရှိရဲ့လား (မရှိ)။ သတ္တဝါသေရင် မဖြစ်တော့ဘူးလား ဆိုတာကော (ဖြေစရာ မရှိပါ)။ ပုဂ္ဂိုလ်မှ မပါပဲဘဲ၊ ရုပ်နာမ် အဖြစ်အပျက်ပဲ ရှိတာ။ **သတ္တဝါကို ပါကြရဲ့လား (မပါပါ)။**

**အဲဒါ–ဒီနေ့ ရှင်းနေအောင် ဟောပါတယ်။ နက်ဖြန် "သစ္စာ"ဆိုက်အောင် ဟောပါလိမ့်မယ်။** ဒီ–ခန္ဓာငါးပါး ဖြစ်ပျက်တရားမှတစ်ပါး ဘာများ ရှိသေး (ဘာမှ မရှိပါ)။ အဲဒါ–ခင်ဗျားတို့ အိမ်ကျတဲ့ အခါကျတော့ ဘုန်းကြီးသင်ထားတဲ့ ပေါ်တဲ့စိတ်တွေကို အကုန်–ရှုပြီးသကာလ နေကြလို့ ရှိရင် အဖြစ်အပျက်တွေ မြင်လို့ ရှိရင်လဲ ဒိဋ္ဌိကွာပါလိမ့်မယ်။ ကွာရုံတင် မကဘူး၊ ဒီ–ဖြစ်ပျက်တွေဟာ ကိုယ့်အသေ ကိုယ်မြင်ရသဖြင့် ကိုယ့်ဖြစ်ပျက် ဆိုတာ ကိုယ့်အသေလို့ ဟောခဲ့။ အဲဒီ–ကိုယ့်အသေ ကိုယ်မြင်ရသဖြင့်လဲ ဒီ–အသေချည်း လိုချင်သေးရဲ့၊ မလိုချင်ရင် မုန်းလာလိမ့်မယ် ဆိုတဲ့ **"နိဗ္ဗိန္ဒဉာဏ်"**တွေ မတက်ပေဘူးလား။ **"ဧဝံ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယာသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ။"**ဆိုတဲ့အတိုင်း ငြီးငွေ့လာပါလိမ့်မယ်နော်။ ငြီးငွေ့ လာပြီးသကာလ သြော်...ကိုယ်–ခဏခဏ ဖြစ်ပြီး၊ ကိုယ်–ခဏခဏ သေနေရတဲ့ အဖြစ်၊ စိတ်ကလေးတွေဟာ နဂိုက မိမိ–ထင်နေတယ် မိမိ–မွေး မိမိ–သေနေရတဲ့ အသေကြီးကို နောက်ဉာဏ်ကနေ ရှုတဲ့ အခါကျတော့ **သြော်...မိမိ အဖြစ်ကြီးဟာ "ဒုက္ခသစ္စာ" အစစ်ပါလားလို့ ပေါ်လာလိမ့်မယ်။** တတိယအဆင့်ကျတော့ "ဒုက္ခသစ္စာ" အစစ်ပါလို့ မပေါ်ပါနဲ့ဆိုလို့ ရပ့် (မရပါ)။ အဲဒီ–"ဒုက္ခသစ္စာ" အစစ်ကယ်လို့ ပေါ်လာသည်နဲ့ တစ်ပြိုင်နက်တည်းတဲ့ တစ်ခါတည်း ခင်ဗျားတို့ **ဒုက္ခ–ပိုင်ပိုင်နိုင်နိုင် သိလို့ ခင်ဗျားတို့ ရှုနေတဲ့ဉာဏ်သည် ဒုက္ခဘက် မလှည့်ဘဲနဲ့ "နိရောဓ"ဘက်–လှည့်။** လှည့်သည်နဲ့ တစ်ပြိုင်နက်တည်းလဲ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ"အမြစ်ပါ ပြုတ်သွား။ ငရဲမျိုးစေ့တွေ ပြုတ်ထွက်သွား။ ဘယ်တော့မှ မကျတော့ဘူး ဆိုတာလဲ တစ်ခါတည်း မှတ်ပေတော့။ ဒါဖြင့် ဒကာ ဒကာမတို့ ဒုက္ခချုပ်ရာ မြင်မှ ငရဲမျိုးစေ့ဟာ လုံးလုံး–ရှင်းမယ်။ ။

♠♠♠♠♠♠♠♠

( မန္တလေးမြို့ဟော )

## ၁၂ . ၂ . ၆၁

## ၅၄-အနုရာဓရဟန်း ဒိဋ္ဌိ, ဝိစိကိစ္ဆာကွာပြီး ရဟန္တာဖြစ်ပုံ တရားတော်။

## ( "အနုရာဓသုတ်" အဆုံး။ )

မှတ်ချက်။ ။

(၁)။ "သံယုတ်အဋ္ဌကထာဆရာ"က ဘုရားတာဝန်, သာဝကတာဝန်ကိုလဲ ယနေ့-အစောကြီးက ပြောနေပါတယ်။

(*)(၂)။ မိမိ-ခန္ဓာအစဉ် မိမိ-ဉာဏ်ဝင်ရင်လဲ ပြတ်မှာပဲ။

(၃)။ ဘယ်ခန္ဓာမှ ရုပ်ခန္ဓာ, နာမ်ခန္ဓာ မလာတာ ဘာခေါ်ကြ၊ "နိဗ္ဗာန်"ပဲဆိုတာ သေချာပြီလား။

(*)(၄)။ "အကြောင်းသတ်တရား" ဆိုတာ သေချာပြီလား။

(၅)။ ဝေစားလို့ မရတဲ့ပစ္စည်းက "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊"ဆိုတဲ့-"ဓမ္မဂုဏ်တော်။" ကိုယ်လုပ်မှ ကိုယ်ရမယ် ဆိုတဲ့-စကားဟာ ရှေ့ပိုင်းက ရှင်းသွားပြီ။

(***)(၆)။ **"သံသရာ" ဆိုတာ ခန္ဓာ, အာယတန, ဓာတ်တို့၏ မပြတ်လည်ရာ "သံသရာ" ဆိုတော့ ခန္ဓာ, အာယတန, ဓာတ်တွေဟာ နိဗ္ဗာန်ချန်လုပ် ကျန်တာ ဘာသစ္စာတုန်း (ဒုက္ခသစ္စာ)။ အဲဒါတွေ လည်နေပါတယ် ဆိုထည်းက ဘာတွေ လည်ပတ်နေတာ၊ "ဒုက္ခသစ္စာ" လည်ပတ်နေတာသည် "သမုဒယ" မရှိဘဲနဲ့ ပတ်လို့ ဖြစ်ပါ့ (မဖြစ်ပါ)။ ဒါဖြင့် "သမုဒယ"ကိုမှ မဖြတ်လို့ရှိရင် "ဒုက္ခ"ချည်းဟာ လည်ပတ်နေမှာပေါ့။**

(၇)။ "ဓမ္မပဒ"မှာ လာတဲ့အတိုင်း မိမိ-တည်းဟူသော "မဂ္ဂင်" ယဉ်ကျေးမှု ရှိမှ မိမိ-အားကိုးရာ ရှိပါတယ်။

(၈)။ "အင်္ဂုတ္တိုရ်ပါဠိတော်" ဒီ-တရားလေးကို "နိစ္စ"လို့များ ထင်နေလို့ ရှိရင် ဟောဒီ-"မဂ်" ဘယ်တော့မှ မပေါ်ဘူးတဲ့။

(**)(၉)။ "သစ္စာနုလောမိကဉာဏ်"လို့ကော ယနေ့-မပြောဘူးလား။

(*)(၁၀)။ "ရှင်အနုရာဓ။"

(*)(၁၁)။ ခင်ဗျားတို့သန္တာန်မှာ သေသေချာချာ "ဒုက္ခ" ဖြစ်တာတွေကို သိစေချင်လို့

**ဟောနေတာ။**

(*)(၁၂)။ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာ တန်းနေတာပဲ။

(**)(၁၃)။ **ယနေ့-တရားမှာ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ဘာပဲ ပေါ်ပေါ်၊ "ဒုက္ခသစ္စာ" ပေါ်၍ "ဒုက္ခသစ္စာ" ချုပ်တာပဲ-ရှိ။**

(၁၄)။ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာက-'သစ္စာ၊' အဲဒီဟာ လျော်အောင်သိတာက- 'အနုလောမိကဉာဏ်၊' ဒါက-'သစ္စာ၊' ဒီက-'အနုလောမိကဉာဏ်၊' ဒါ ကြောင့် ပေါင်းလိုက်တော့ **"သစ္စာနုလောမိကဉာဏ်။"**

(***)(၁၅)။ **ဖြစ်-ဒုက္ခ, ပျက်-ဒုက္ခမှတစ်ပါး ဘာမှ မရှိဘူးလို့ ဆုံးဖြတ်ချက် ချနိုင်လို့ ရှိရင်ဖြင့် "မဂ်ဉာဏ်" ပေါ်လာတာ။**

(၁၆)။ **"အနုရာဓ"ကို အရှုခိုင်းတယ်။ ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာ မင်း-သေချာ မှတ်ထားလို့ ရှုကွ၊ ဘုရားက ခိုင်းတာနော်။**

**#** ခန္ဓာထဲမှာ ဖြစ်နေတဲ့-ဖြစ်စဉ် ရှိတယ်။ အဲဒီ ခန္ဓာထဲမှာ ဖြစ်နေတဲ့-ဖြစ်စဉ်တွေကို ဘုရားနှင့်တကွ ဘုရား၏တပည့်သားများက ပြောဖို့ရာ ဝတ္တရား ရှိတယ်လို့ မှတ်ရမယ်နော်။ **"သံယုတ်အဋ္ဌကထာဆရာ"က** ငါဘုရားသည်၊ ပဋိပတ္တိကျင့်စဉ်ကို ဟောခြင်းကိုသာလျှင်တဲ့၊ ငါ၏တာဝန် ယူပါတယ်။ သူ့တာဝန်က ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကျင့်စဉ်ကို ဟောဖို့ရာ သူ့-တာဝန်ပဲ။ အဲတော့ ကိုယ့်ကျင့်တဲ့ ကျင့်စဉ်လေး၏ ပြည့်စုံမှုဟာတော့ဖြင့် ဟောဒီ-ဒကာဒကာမတွေ၏ တာဝန်ပဲလို့ မှတ်ပါနော်။ အဲတော့ ယနေ့-တရားမှာ သေချာမှတ်ပါ။ ဘုန်းကြီးကလဲ ဘုရားတပည့်သားဖြစ်နေတဲ့အတွက် ကျင့်စဉ်ပဲ ဟောတတ်တယ်ဆိုတာ မှတ်ဖို့ပဲနော်။ ကိုယ့်ကိလေသာကို ကိုယ့်ဉာဏ်နဲ့ ဖြတ်ပြီးသကာလ ကိုယ့်ခန္ဓာ ဓာတ်သိမ်းဖို့ကျတော့ ကိုယ့်ဟာကိုယ် လုပ်ယူရလိမ့်မယ် မှတ်ကြစမ်းပါ။ ဘုရား၏ဝတ္တရား ယခု-တရားနာနေကြတဲ့ ဒကာဒကာမတွေ၏ဝတ္တရား ဆိုတော့ **ဝတ္တရား-နှစ်မျိုး** ရှိတယ်နော်။ မကျင့်တတ်, ကျင့်တတ်အောင် ဟောမှုက ဘုရား၏ဝတ္တရား-ရှိ။ ဒီ-ဟောတဲ့အတိုင်း ကျင့်ပြီးသကာလ တဏှာဓာတ်သိမ်း, ဒုက္ခငြိမ်းတဲ့ နိဗ္ဗာန်ကြီး သွားဖို့ရာတော့ဖြင့် ပဋိပတ်-ပြည့်စုံမှုရာတော့ဖြင့် ဒီ-တရားနာတဲ့ ဒကာဒကာမတွေ၏ ကိုယ့်ဟာကိုယ် လုပ်ယူရမယ့် ဝတ္တရားပဲလို့ မှတ်စမ်းပါ။ အဲဒါကြောင့် **ဘုရားတာဝန်, သာဝကတာဝန်ကိုလဲ ယနေ့-အစောကြီး က ပြောနေပါတယ်။** ကိုယ့်အလုပ်, သူ့အလုပ် နှစ်မျိုး-သိပြီးသကာလ ထားကြပါ ဆိုတာ အစောကြီးကပဲ ပြောပါတယ်နော်။ အဲတော့ ကျင့်စဉ်ကို ဟောဖို့အလုပ် ဆိုတော့ ဘုရားက ကျင့်ရမယ့် အလုပ် ဘယ်မှာရှိပါလိမ့်မတုန်း ဆိုတော့ သူ-**"ခန္ဓာပဋိစ္စသမုပ္ပါဒ်"**ပဲ လက်ညှိုးထိုးပြမှာပဲ။ အဲဒီ- "ခန္ဓာပဋိစ္စသမုပ္ပါဒ်"ဟာ ဖြတ်ချင်လဲ-ရ၊ မဖြတ်ချင်လဲ-ရ။ မဖြတ်ချင်ရင် **"ဒုက္ခက္ခန္ဓသာ သမုဒယော ဟောတိ။"** မဖြတ်ချင်လို့ ရှိရင် ဒုက္ခတွေနဲ့ပဲ နေရစ်ပေတော့၊ ဒုက္ခဖြစ်ကြောင်းတွေနဲ့ မင်းတို့ ဒုက္ခ

အပြည့်အစုံနဲ့ နေရစ်ပေတော့ ဆိုတာ သေချာပြီနော်။ ဟာ-"ပဋိပတ္တိ" တပည့်တော်တို့ ပြည့်စုံအောင် လုပ်ပါတော့မယ်၊ ဖြတ်တဲ့နည်းပဲ ဖြတ်ပါတော့မယ်ဆိုလို့ရှိရင် **"ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ၊"** ဒုက္ခအစုကြီး ချုပ်သွားမှာပဲ။ ဒါဖြင့် ကိုယ့်ဒုက္ခ ကိုယ်သိမ်းချင်ရင်ဖြင့် ကိုယ့်-"ပဋိစ္စသမုပ္ပါဒ်" ကိုယ် -ဖြတ်ရလိမ့်မယ်။ ဒါကြောင့် ဒုက္ခကြီး လုလု မရ ရအောင် ကိုယ့်-"ခန္ဓာပဋိစ္စသမုပ္ပါဒ်" မဆက် အောင်ဖြင့် အနာဂတ်ဘဝနဲ့ မဆက်အောင် ကြိုးစားကြပါ ဆိုတာ သတိပေးရတယ်နော်။ ဘယ့်နှယ် ကြောင့် ဘုရားက အနာဂတ်ဘဝနဲ့ မဆက်ရအောင် ဟောပါလိမ့်မတုန်းလို့ မေးတဲ့ အခါကျတော့ အနာဂတ်ဘဝမှာ လာမှာက "ဇာတိ, ဇရာ, မရဏ"လို့ မရှိဘူးလား (ရှိပါတယ်)။ ဒါ-အနာဂတ်ဘဝ မှာ ခင်ဗျားတို့ ကိုယ့်-"ပဋိစ္စသမုပ္ပါဒ်။" ကိုယ့်-"ခန္ဓာပဋိစ္စသမုပ္ပါဒ်" ကိုယ်-မဖြတ်နိုင်လို့ ရတဲ့- "ဒုက္ခသစ္စာ။" "ဇာတိပိ ဒုက္ခသစ္စံ၊ ဇရာပိ ဒုက္ခသစ္စံ၊ မရဏမ္ပိ ဒုက္ခသစ္စံ၊ ဒီဘက်လာမယ့် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿမ္ပိ ဒုက္ခသစ္စံ။" ဆိုတဲ့အတိုင်း ဒါ-ဘာဖြစ်လို့ ရကြပါလိမ့်။ ကိုယ့်ခန္ဓာ ကိုယ်ကို ဉာဏ်နဲ့ "ပဋိစ္စသမုပ္ပါဒ်" မဖြတ်လိုက်တာနဲ့ ဒုက္ခချည်း ဆက်ရတယ် ဆိုရင် သဘောကျ။ ဒါဖြင့် ဒကာဒကာမတို့ ဉာဏ်နဲ့ ဖြတ်ပြန်တော့လဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးနှင့်တကွ ရှင် သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်တို့ အနာဂတ်ဘဝ မလာတာ ဘာကြောင့်ပါလိမ့်မလဲလို့ မေးဖို့ မလို ဘူးလား။ သူ့-"ခန္ဓာပဋိစ္စသမုပ္ပါဒ်"ကို သူ-မဂ်နဲ့ ဖြတ်လိုက်လို့။ သူ့-ရှင်အဿဇိပေးတဲ့ မဂ်ဉာဏ်နဲ့ တစ်ခါဖြတ်လိုက်တယ်၊ နောက်-ဘုရားဆီမှာ ရှင်သာရိပုတ္တရာ "ဝေဒနာနုပဿနာ"တွေ နာပြီး သုံး ခါ ဖြတ်ချလိုက်တော့ ရှင်သာရိပုတ္တရာကြီး အနာဂတ်-"ဇာတိ, ဇရာ, မရဏ"တွေ ရှိသေးရဲ့ (မရှိပါ)။ ဒါဖြင့် သူ့-ခန္ဓာအစဉ် သူ့-ဉာဏ်ဝင်လို့ ပြတ်တာပဲ။ သေသေချာချာ မှတ်ပါ၊ ဒီ-တစ်လုံးကို သြော်... **မိမိ-ခန္ဓာအစဉ် မိမိ-ဉာဏ်ဝင်ရင်လဲ ပြတ်မှာပဲ။** မိမိ-ခန္ဓာအစဉ်ကို မိမိ-ဉာဏ်ဝင်လိုက်လို့ ရှိရင်လဲ ဒီဘဝ မပြတ် နောက်ဘဝ ပြတ်ဖို့ပဲ။ ထက်လာတဲ့ ပုဂ္ဂိုလ်ဖြစ်လဲ ဒီဘဝ ပြတ်ဖို့ပဲ ဆိုတာဟာ ဘာမှ သံသယ မရှိပါနဲ့၊ ရဲရဲတင်းတင်း လုပ်ပါလို့ ဆိုထားတယ်နော်။ ရဲရဲတင်းတင်း ဝိပဿနာ- ရှုပြီး ဝိပဿနာဉာဏ်က မဂ်ဉာဏ်ဖြစ်အောင် လုပ်ပါလို့ တာဝန်ခံပါတယ်။ ဘာကြောင့် တာဝန်ခံ သတုန်းလို့ မေးတဲ့အခါကျတော့မှ ဘုရား-ပရိနိဗ္ဗာန်စံခါနီး သုဘဒ်ရဟန်းကြီး ဆိုတဲ့-စာပါသားကို၊ စာပါသားက မေးတဲ့နေရာများ ကြည့်ပါလား။ အရှင်ဘုရား မရှိတဲ့အခါ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာတွေများ ကွယ်တော့မှာလားလို့ မမေးလား။ **"ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိ အဿ။"** ဆိုပြီးသကာလ **"မဟာဝါ"**မှာလဲ ဟောထားတယ်၊ **"မိလိန္ဒပဉှာ"**မှာလဲ ပါပါတယ်။ အဲဒါတွေ ထောက်ကြည့်တော့ 'သုဘဒ်ရဟန်းကြီး' ဣမေဟိ-ဤရဟန်းတို့သည် [ဝါ] ဤလူတို့သည်၊ သမ္မာ-ကောင်းစွာ၊ ဝိဟရေယျုံ-မဂ်ဆိုက်အောင် ကျင့်ကြံနိုင်ကြကုန်သည် ဖြစ်ပါအံ့၊ အရဟန္တေဟိ-ရဟန္တာပုဂ္ဂိုလ်တို့မှ၊ အသုညော-မဆိတ်သော၊ လောကော-လောကကြီးသည်၊ ဟောတိ-ဖြစ်ရ၏။ ရဟန္တာ မဆိတ်ပါဘူးကွာ၊ မင်းတို့-ကျင့်သာ ကျင့်ပါ။ အကျင့်ကွယ်ရင် ကွယ်လိမ့်မယ်။ အကျင့် မကွယ်ရင် ဘယ်အခါမှ မကွယ်ဘူးဟေ့ 'သုဘဒ် ရဟန်းကြီး'-ရ၊ သေချာ-မှတ်ပါကွလို့ ဘုရား-ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံးပိတ် သူ့ချွတ်ပြီး သူ- အနာဂါမ်တောင် တည်သေးတယ်။ အဲဒါတွေ ထောက်ကြည့်တဲ့ အခါကျတော့လဲ ဒကာဒကာမတို့

ကိုယ်–ရဲရဲတင်းတင်း ဝိပဿနာမဂ်က လောကုတ္တရာမဂ်ဖြစ်ဖို့အရေး ကိုယ့်–"ပဋိစ္စသမုပ္ပါဒ်" ကိုယ် မဂ်နဲ့ ဖြတ်တဲ့–အရေးဟာ ဘယ်အချိန် ဖြတ်ဖြတ် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်နိုင်တာချည်းပဲ ဆိုတာ တကယ်သာ 'မဂ်'ဆိုက် တကယ်သာ ပြတ်တာပဲ ဆိုတာ သေချာပြီလား။ ဒါဖြင့် တို့–လုပ်တာနေရတယ်၊ ရမှ, ရပါမလားလို့ ဒီ–သံသယတွေ မလိုပါနဲ့၊ ထည့်ပြီး မစဉ်းစားပါ နဲ့ လုပ်သာ လုပ်ပါ။ တစ်နေ့က ပြောသလို **ဝါးနှစ်လုံး ပွတ်သာ ပွတ်ပါလို့** ပြောတယ်နော်။ ပူတာ ဟာ ပွတ်လို့ပူတာ၊ မီးထွက်တာသည် ထွက်ချိန်ရောက်လို့ထွက်။ အဲတော့ ပူရင်ထွက်ရမှာပဲ ဆိုတဲ့– အဓိပ္ပါယ် **'မိလိန္ဒပဉှာ'**သချာ–ဟော၊ **"နာမရူပ ပရိစ္ဆေဒကျမ်း"**မှာ သေချာ–ပြောထားပြန်တော့ ဩော် ...တို့တာဝန်က မနေမနား ဝါးပွတ်သော ယောကျ်ားကဲ့သို့ ဝိပဿနာရှုဖို့ရာ တို့တာဝန်၊ တကယ် လောကုတ္တရာမဂ် ပေါ်လာဖို့ရာကဖြင့် သူပြည့်စုံတဲ့အခါ ပေါ်လာမှာပဲ ဆိုတဲ့ဥစ္စာ "ဒုက္ခ"ပိုင်းခြားနိုင် ပေါ်လာမှာပဲ။ အဲဒါကြောင့် ဘာမှ အားငယ်စရာ မရှိဘူး ဆိုတဲ့အကြောင်းကော 'သုဘဒ်ရဟန်းကြီး' ဟောသဖြင့်လည်းကောင်း၊ ဝါးနှစ်လုံးပွတ်ပုံကို သေသေချာချာ ဟောသဖြင့် မိလိန္ဒမင်းကြီးကို ရှင်နာဂသိန်က ဟောသဖြင့်လည်းကောင်း ရအောင်လုပ်ရင် ရမယ်ဆိုတာ မှတ်ကြဖို့ပဲ။ ဒွိဟိတ်ဖြင့် နောက်ဘဝရမှာပဲ၊ တိဟိတ်ဖြင့် ကလျာဏမိတ္တနဲ့ အင်္ဂါ–လေးချက်ညီရင် ရကြဖို့ပါပဲ။ ဒါဖြင့် နိဗ္ဗာန် ရချင်လို့ ရှိရင်ဖြင့် အနာဂတ်ဘဝ ခန္ဓာဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ လက်ဦးစွာ ရမှာပဲ။ အနာဂတ်မှာ ဘာလာတတ်ပါလိမ့်၊ "ဇာတိ, ဇရာ, မရဏ။" အဲဒီ–"ဇာတိ, ဇရာ, မရဏ"ကို ဒကာဒကာမတို့ သူ– အကြောင်း မရှိဘဲနဲ့ လာသလားလို့ ဇာတိကလဲ–ခန္ဓာ၊ ဇရာကလဲ–ခန္ဓာ၊ မရဏကလဲ–ခန္ဓာ ဆိုတာ ရိပ်မိပြီလား။ သူ့ရှေ့က ခန္ဓာတွေက ကျေးဇူးပြုလို့ ဒီ–ခန္ဓာ လာရတာ။ သူ့ရှေ့က ခန္ဓာတွေက ကျေးဇူး မပြုရင်၊ ဒီ–ခန္ဓာတွေ လာနိုင်ပါ့မလား၊ ဇာတိ–ခန္ဓာ၊ ဇရာ–ခန္ဓာ၊ မရဏ–ခန္ဓာတွေ လာနိုင် ပါ့မလား (မလာနိုင်)။ အဲဒါ–သေချာ စဉ်းစားတော့မှ ဩော်...သူ့ရှေ့က ခန္ဓာတွေကို ကျုပ်တို့သည် ကားလို့ ဆိုလို့ ရှိရင် မလိုချင်တဲ့–မဂ်ဉာဏ်နဲ့ ဖြတ်လိုက်ရလို့ ရှိရင်ဖြင့် အနာဂတ်ခန္ဓာဟာ ချောမော ပြီး ဇာတ်သိမ်းသွားမှာပဲ ဆိုနိုင်ကြ။ ကဲ–ဒါဖြင့် သူ့ရှေ့က ခန္ဓာလေးကလဲ ဒကာဒကာမတွေက လစ်လစ်ပြီး သွားတယ်တဲ့ မရှုဖြစ်ကြဘူး ဆိုတော့ ပြန်ပြောလိုက်ပါတယ်။ ဒီ–"ဃာနဝိညာဏ်" စိတ်ကလေး ဖြစ်မယ်။ ဥပမာ–အနံ့ကလေးကို လေက ယူဆောင်လာတယ်၊ အနံ့ကလေး လေက ယူဆောင်လာတော့ နှာခေါင်းထဲမှာ လူရှင်ဖြစ်နေတော့ 'ဃာနပသာဒ'နဲ့သွား မထိခိုက်ဘူးလား၊ ထိခိုက်တဲ့အခါကျတော့ မွှေးတယ်,ပုပ်တယ် ဆိုတဲ့–သိစိတ်ကလေး မပေါ်ဘူးလား။ 'ဃာနဝိညာဏ်' ပေါ်ရော။ အဲဒါလေး ဒကာဒကာမတွေက ဒီကနေပြီးသကာလ **"ဃာနဝိညာဏ် အနိစ္စံ"**လို့ ဖြစ်ပျက် ရှုလိုက်။ ဒီကနေ ဝိပဿနာမဂ်နဲ့ ရှုပေးပါနော်။ ရှုလိုက်တော့ **"ဃာနဝိညာဏံ အနိစ္စံ"**လို့ ရှုလိုက် တဲ့ အခါကျတော့ **"ဃာနဝိညာဏံ အနိစ္စတော ဇာနတော ပဿတော။"** အနိစ္စလို့ သူကို ဇာန ပဿ–ရှုလဲ ရှု, မြင်လဲ မြင်အောင် ဒကာဒကာမတွေ ကြိုးစားကြမယ် ဆိုလို့ ရှိရင်ဖြင့်တဲ့ မြင်တဲ့ အတိုင်းပါပဲ ဒီကြားထဲ မဂ်ဝင်သွားတယ် ဆိုတာ မသေချာဘူးလား (သေချာတယ်)။ ဝိညာဏက္ခန္ဓာ ကို ဖြစ်ပျက်ရှုလိုက်တော့ ဖြစ်ပျက်–မဂ် မဖြစ်သေးဘူးလား။ အဲတော့ ဒကာဒကာမတွေပဲ စဉ်းစား ကြည့်တာပေါ့တဲ့ 'ဃာနဝိညာဏ်'ကို အနိစ္စရှုလိုက်တဲ့အတွက် 'ဃာနဝိညာဏ်'နဲ့ တွဲနေတဲ့ ဝေဒနာ

တွေ, သညာတွေ, ဖဿတွေ အတူတကွ တွဲပြီးသကာလ 'သဟဇာတပစ္စယော'ဆိုတဲ့အတိုင်း အနိစ္စ မရောက်ကျဘူးလား (ရောက်ပါတယ်)။ စိတ်ကလေး တစ်ခုတည်း အနိစ္စရောက်တာလား, ယှဉ်ဖော် ယှဉ်ဖက်နှင့်တကွ အနိစ္စရောက်တာလား (ယှဉ်ဖော်ယှဉ်ဖက်နှင့်တကွ အနိစ္စရောက်တာပါ)။ အဲ တော့ **"ဃာနဝိညာဏံ အနိစ္စံ" ဆိုတာက "စိတ္တာနုပဿနာ" ဖြစ်အောင်လို့သာ ဟောရပါတယ်။ "ဝေဒနာနုပဿနာ"လဲ ပါသွားတယ်။ "ဓမ္မာနုပဿနာ"လဲ ပါသွားတာပဲ ဆိုတာ မှတ်လိုက်တာပေါ့။** ကောင်းပြီ ဒါဖြင့် 'ဃာနဝိညာဏ်'က-'အနိစ္စ၊' ရှုတာက-'မဂ္ဂ'ဖြစ်သွားပြီဆိုတာ သဘောကျ။ ဒါက -ပစ္စုပ္ပန်ဘဝ ကိုယ့်မျက်လုံး ကိုယ်ရှုတာ။ ဒါက လာပြီလား, မလာသေးဘူးလား၊ မလာသေးတော့ ဒကာဒကာမတို့ ဘယ့်နှယ် သူ့-ရှုလိုက်တဲ့ အခါကျလို့ရှိရင် မလာသေးတာသည် မလာတော့ပါဘူး၊ ဘာကြောင့် မလာတော့ပါတုန်း ဆိုလို့ရှိရင်ဖြင့်တဲ့ မဂ်က ဒီဥစ္စာကို ဒကာဒကာမတို့ **"နိစ္စသညာ"** ပယ်ချလိုက်တယ်နော်။ "နိစ္စသညာ" ပယ်ချတယ် ဆိုတော့ ဒီ-ကြည့်စမ်းပါလား၊ **"ဃာနဝိညာဏံ အနိစ္စတော ဇာနတော ပဿတော။"**ဆိုတော့ သူ့ကို ဖြစ်ပြီးပျက်တဲ့-ဓမ္မလို့ရှုလိုက်တော့ "နိစ္စသညာ" မပယ်လိုက်ဘူးလား။ "နိစ္စသညာ" ပယ်လိုက်တယ် ဆိုထည်းကိုက "နိစ္စဒိဋ္ဌိ"ကကော ဒီထဲမှာ အ တွင်းဝင်ပြီး နိစ္စလို့ ထင်မှားနေတဲ့ ဒိဋ္ဌိကကော (ပယ်တယ်)။ သူ့-ဖြစ်ပျက်တာ မြင်လို့ရှိရင် "နိစ္စ သညာ"ကော ရှိသေးရဲ့လား (မရှိပါ)။ "နိစ္စဒိဋ္ဌိ"ကော မရှိဘူးတဲ့ ဒါ-ဝိပဿနာမဂ်နဲ့ ပယ်ထားတဲ့ ဥစ္စာ၊ ဝိပဿနာမဂ်နဲ့ ပယ်ထားတဲ့အတွက် အဲတော့ ဒိဋ္ဌိ မရှိလို့ရှိရင်ဖြင့် ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ် ချုပ်တဲ့ ကံတွေ ဒီကြားထဲ ဝင်နိုင်သေးရဲ့ (မဝင်နိုင်ပါ)။ လိုရင်းတော့ဖြင့် **"ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိ အုပ်ချုပ်တဲ့ကံ"တွေ လာနိုင်သေးရဲ့။ မလာနိုင်တော့ ဒီ-ကံတွေလာမှ ဒီ-"ဇာတိ, ဇရာ, မရဏ" လာမှာဆိုတော့ ဒီ-သုံးခုလဲ မဂ်က သတ်ထားတယ်။** အဲတော့ ဒီ-ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံတွေကိုလဲ သတ်ပြီးသကာလ ထားတော့ကို ဒကာဒကာမတွေ အခု-အမြင်ပဲ ပြပါတယ်တဲ့ ဒါ- **တရား နည်းပေးပြီးသကာလ** ဩော်...တို့ခန္ဓာအစဉ်က ဒီ-မဂ် မဝင်ရင် ဒီတိုင်းတန်းမယ်။ မဂ်မဝင် ရင် ၁, ၂, ၃, ၄ မတန်းပေဘူးလား။ တန်းပြီးသကာလ အနာဂတ်ဘဝနဲ့လဲ တစ်ခါတည်း စုတေမနေ သေလွန်ရင် မဆက်ပေဘူးလား (ဆက်ပါတယ်)။ ကဲ-ဒါဖြင့် အနာဂတ်ခန္ဓာတွေနဲ့ မဆက်ရအောင် **"ဃာနဝိညာဏံ အနိစ္စတော ဇာနတော ပဿတော မိစ္ဆာဒိဋ္ဌိ ပဟီယျတိ။"**ဆိုတဲ့အတိုင်း ဒါလေး -ဖြစ်ပျက်ရှုလိုက်။ နံစိတ်ကလေး ဖြစ်ပျက်ရှုချလိုက်။ သူက-ဖြစ်ပျက်ဖြစ်သွား။ 'အနိစ္စ' မဖြစ်ဘူး လား၊ 'အနိစ္စ'ဖြစ်သွားတော့ 'အနိစ္စသညာ' လာသေးရဲ့လား (မလာပါ)။ 'နိစ္စဒိဋ္ဌိ'ကော၊ မလာတော့ ဒိဋ္ဌိမှ မလာဘဲနဲ့, ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်ကော လာပါ့ (မလာပါ)။ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံကော (မလာပါ)။ ဒါဖြင့် "ကမ္မဘဝပစ္စယာ ဇာတိ" (မလာပါ)၊ "ဇာတိပစ္စယာ ဇရာ မရဏ" (မလာပါ)။ ဘယ့်နှယ် ကြောင့် မလာပါလိမ့်မတုန်းလို့ မေးဖို့ မလိုဘူးလား။ အို...ဒီထည်းက နိစ္စသညာ, နိစ္စဒိဋ္ဌိကို ကျုပ် တို့ ဝိပဿနာမဂ်နဲ့ ချေမှုန်းပစ်လိုက်ပြီ။ အဲတော့ ဒီဘက်မှာ ဒိဋ္ဌုပါဒါန် လာချင်လို့ ရပါ့ (မရပါ)။ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံတွေကော (မလာပါ)။ ကံမှ မရှိတဲ့ ပုဂ္ဂိုလ်ဟာ နောက်ဘဝ "ကမ္မဘဝပစ္စယာ ဇာတိ"က လာပါ့ (မလာပါ)၊ "ဇာတိပစ္စယာ ဇရာ မရဏ"ကော၊ မလာနိုင်ဘူး ဒကာဒကာမတို့ ဒါ -ရဲရဲတင်းတင်း ဆုံးဖြတ်ချက် ချပါနော်။ အဲတော့ ဒါ-ဘယ်သူ၏ အတန်းတုန်း ဆိုတော့ တရား

နာနေတဲ့ ပုဂ္ဂိုလ်၏ ခန္ဓာတန်းလို့ ဆိုရင် လွဲပ ့(မလွဲပါဘူး)။ ဒါဖြင့် ကိုယ့်ခန္ဓာကို ကိုယ့်ဉာဏ်နဲ့ ဖြတ်တာပဲ။ ဘုရားက နည်းပေးထားတယ်။ နည်းပေးထားတဲ့ အတိုင်း ဘုရားက နည်းပေးတဲ့-ကိစ္စ၊ ခင်ဗျားတို့က ရှုတဲ့-အလုပ်။ ဒါဖြင့် ကိုယ့်အရေးကို ကိုယ်သိတဲ့ ပုဂ္ဂိုလ်က ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့-ကံ လာသေးရဲ့ (မလာပါ)။ ဒါဖြင့် ဒီ-အပါယ်ဇာတိ, အပါယ်ဇရာ, အပါယ်မရဏကော မလာတော့ဘူးတဲ့ ဒိဋ္ဌိရှိမှ ကျမှာကိုး။ ဒီထဲမှာ ဒိဋ္ဌိပယ်လိုက်ပြီးတဲ့ "နိစ္စသညာ"လဲ ပယ်လိုက်တယ်၊ ခိုင်တယ်, မြဲတယ်လို့ကော ယူသေးလား (မယူပါ)။ **"ဃာနဝိညာဏံ အနိစ္စတော ဇာနတော ပဿတော"**ပဲ။ ဃာနဝိညာဏ်-စိတ်ကလေး ပေါ်လာတဲ့အခါ ဖြစ်ပျက်ရှုလိုက်တာပဲ၊ ရှုလိုက်တဲ့အခါ ကျတော့ ဖြစ်ပျက်-မဂ် ဆိုထည်းက ဒီက-အနာဂတ်အကြောင်းတွေ ဘယ့်နှယ်နေတုန်း၊ မလာဘူး။ အနာဂတ်အကျိုးက (မလာပါ)။ ဩော်...အနာဂတ်အကြောင်းမှ မလာတော့ အနာဂတ်အကျိုးက ဘယ့်နှယ်နေတုန်း၊ မလာနိုင်ဘူး ဆိုတာ သေချာပြီလား။ ခုနက စကားပြောခဲ့တယ် ဆရာဘုန်းကြီးက၊ ဒကာဒကာမတို့ နောက်ခန္ဓာဟာ "ဒုက္ခသစ္စာ၊" "နိဗ္ဗာန်"ဆိုတာ ဘာပါလိမ့်မတုန်း၊ နောက်ခန္ဓာ မလာတာဟာ "နိဗ္ဗာန်"ပဲ။ **ဘယ်ခန္ဓာမှ ရုပ်ခန္ဓာ, နာမ်ခန္ဓာ မလာတာ ဘာခေါ်ကြ၊ "နိဗ္ဗာန်"ပဲ ဆိုတာ သေချာပြီလား။** အဲဒီတော့ နောက်ခန္ဓာ မလာချင်ဘူး ဆိုတော့ နောက်ခန္ဓာ လာကြောင်းကို သတ်မှ နောက်ခန္ဓာ မလာမှာပဲ။ စဉ်းစားကြည့်ပါတဲ့ 'နောက်ခန္ဓာ'ဆိုတာ အနာဂတ်ဘဝ အဝေးကြီး ရှိပါသေးတယ်၊ သေမှ ဖြစ်ရမှာပါ။ နောက်ခန္ဓာ လာကြောင်းကို 'ဃာနဝိညာဏ်'ကို နံတဲ့စိတ်ကလေး နှာခေါင်းထဲ ပေါ်တယ်။ ပေါ်သည်နဲ့ တစ်ပြိုင်နက်တည်း ဒါလေး ဒကာဒကာမတွေက သူကိုပဲ နောက်-ဝိပဿနာမဂ်နဲ့ ရှုနိုင်လို့ ရှိရင်ဖြင့် ရှုသာ ရှုပါ၊ ရှုလိုက်တဲ့ အခါကျတော့ ဖြစ်ပျက်၊ ရှုတာက-မဂ် ဖြစ်သွားတော့ ခုနက ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့-ကံ ဆိုတဲ့ဥစ္စာ လာသေးလား (မလာပါ)။ လိုရင်းတော့ တဏှာဖြစ်လဲ တဏှာ, ဥပါဒါန်, ကံ။ ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့-ကံ အတူတူပဲ၊ ရှင်းကြပြီလား။ ရှင်းတော့ **"အကြောင်းသတ်တရား"ဆိုတာ သေချာပြီလား။** ဒီ-အကျိုးကို အထူးသတ်ဖို့ လိုသေးလား (မလိုပါ)။ အကြောင်းသုံးခု သေရင် ဟို-အကျိုးသုံးခု ဘယ့်နှယ်နေတုန်း၊ မလာတော့ ခင်ဗျားတို့တာဝန် ဘာပါလိမ့်မတုန်း မေးတဲ့အခါကျတော့ ခင်ဗျားတို့ ကိုယ့်သန္တာန် ပေါ်တဲ့စိတ် ဃာနဝိညာဏ်-စိတ်ပေါ်လဲ၊ ဃာနဝိညာဏ်-စိတ်ရှု၊ လျှာပေါ် ပေါ်တဲ့စိတ် ပေါ်လာရင်ကော (လျှာပေါ် ပေါ်တဲ့စိတ်ရှု)။ ဖြတ်လိုက်ရင် ဒီအကြောင်းသုံးခု ဘယ့်နှယ်တုန်း (သေပါတယ်)။ ကိုယ်ပေါ် ပေါ်တဲ့စိတ်ကလေး သုခ, ဒုက္ခတွေ ရှုလိုက်ပြန်တော့လဲ ဘာသေသတုန်း မေးရင် ဘယ့်နှယ်ပြောကြ၊ အနာဂတ်အကြောင်းသုံးခု သေတယ်လို့ လေးလေးစားစား မှတ်ပါ။ အနာဂတ်အကြောင်းသုံးခု သေတော့ အနာဂတ်အကျိုးဆိုတာ ပေါ်ခွင့်ကို ရသေးရဲ့ (မရ)။ အဲဒါကြောင့် ဒီဘက်က "ဒုက္ခသစ္စာ"တွေ သိမ်းချင်လို့ သိမ်းသွားတာ မဟုတ်ပါဘူး၊ ဒီဟာတွေကို ခင်ဗျားတို့က အကြောင်းတွေ သိမ်းနိုင်တဲ့အတွက် ဟောဒီ-မဂ်က ဒီအကြောင်းတွေ သိမ်းနိုင်တဲ့အတွက် ဒီအကျိုးတွေ ခင်ဗျားတို့ မလာတာဘဲ, မရတာဘဲ ဆိုတာ သေချာပြီလား။ ဒါသူများ ခန္ဓာလား, ဒကာဒကာမတို့၏ခန္ဓာ ဒကာဒကာမတို့ ဖြတ်တာလား စဉ်းစားကြည့်။ အဲ-ကိုယ့်လာမယ့်

"ပဋိစ္စသမုပ္ပါဒ်"ကို ကိုယ်ဉာဏ်နဲ့ ကြားကနေ ဝင်လိုက်တာ။ သူများဖြတ်ပေးလို့ ရသလား၊ ကိုယ့်ဉာဏ်နဲ့ ဒီစိတ်ပေါ်ရင် ဒီနောက်က မဂ်လိုက်မယ် ဆိုပြီး ဖြတ်လိုက်လို့ ရှိရင် မပြီးဘူးလား။ ဒါဖြင့် စဉ်းစားကြည့်ပါ၊ ကိုယ်-ခင်မင်တဲ့၊ ကြင်နာတဲ့ မိန်းမ-သန္တာန်မှာဖြစ်တဲ့ မြင်စိတ်နောက်က ကိုယ့်မဂ်ကို သူ့သန္တာန်သွားဝင်လို့ ရပါ့၊ မရဘူး။ အဲဒီတော့ ကိုယ်လုပ်မှ ကိုယ်ရမယ်။ ကိုယ့်-"ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ်"ကို ကိုယ့်ဉာဏ်နဲ့ ဖြတ်ရ။ ခင်ပွန်းသည်ဉာဏ်နဲ့ ဒကာမသန္တာန် ဖြစ်တဲ့-"ပဋိစ္စသမုပ္ပါဒ်"ဖြတ်လို့ မရ။ ဒါကြောင့်တဲ့ **"ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊"** **ဝိညူဟိ**-ပညာရှိတို့သည် [ဝါ] ရှုတတ်တဲ့ ပုဂ္ဂိုလ်သည်၊ **ပစ္စတ္တံ**-အသီးသီး၊ **ဝေဒိတဗ္ဗော**-ခံစားအပ်၏၊ ကိုယ့်ဟာကိုယ် ခံစားရတာ။ ယောကျ်ားလုပ်ရင် ယောကျ်ားခံစားရတာပဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်။ ဒါ-ကိုယ့်ဟာကိုယ် လုပ်ယူကြလို့ ဆိုတာ သတိပေးပါတယ်။ ခုနတုန်းက ယုတ္တိထုတ်ပြခဲ့ပါတယ်။ 'ရာဟုလာ' ဆိုတာ 'ယသော်ဓရာ'မွေး ဘုရား၏ရင်သွေး ဆိုတာ အားလုံးပဲ ကြားဖူးကြပါတယ်, သိလဲ သိကြပါတယ်လို့ ဆုံးဖြတ်ချက် ချပါတော့နော်။ ဒကာဒကာမတို့ 'ရာဟုလာ'ကို **"ရာဟုလောဝါဒသုတ်"** ဆိုပြီး၊ 'ရာဟုလောဝါဒ' ဆိုတာ 'ရာဟုလာ'က-ရာဟုလာ၊ 'ဩဝါဒ'က-ဩဝါဒပေးတာ၊ 'သုတ်'ကတဲ့ သူ-ကျင့်စဉ်လေး ပေးတယ်။ သူ့-"ကျင့်စဉ်သုတ်"ကို ဟောရရှာ။ ဒီတိုင်း နိဗ္ဗာန်ကို ထမ်းခေါ် မသွားနိုင်လို့ပေါ့။ ထမ်းခေါ်သွားနိုင်ရင် "ရာဟုလောဝါဒသုတ်"လို့ ဟောဖို့ လိုသေးလား (မလို)။ တော်ကြာ "သီလသုတ်" ဟောရ၊ သီလလေး ရင့်လာတော့ သမထ၊ သမထလေး ရင့်လာတော့ ဝိပဿနာ မဟောရဘူးလား။ အမျိုးမျိုး ဆွဲတင်ရတာ ကြည့်သာ ထောက်လိုက်လို့ ရှိရင်ဖြင့် သူ့တရားက သူ့ဆောင်ဖို့ နည်းပေးတာပဲ။ **ဝေစားလို့ မရတဲ့ပစ္စည်းက "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊" ဆိုတဲ့ -"ဓမ္မဂုဏ်တော်။" ကိုယ်လုပ်မှ ကိုယ်ရမယ် ဆိုတဲ့-စကားဟာ ရှေ့ပိုင်းက ရှင်းသွားပြီ။** ရှုလိုက်တော့ အနာဂတ်အကြောင်းသုံးခု ဘာဖြစ်ကြ၊ အနာဂတ်သုံးခု ပြတ်တယ်နော်။ သူများရှုလို့ ပြတ်တာလား, မိမိရှုလို့-ပြတ်။ ဒါဖြင့် ကိုယ်လုပ်လို့ ကိုယ်ရ။ မိမိလုပ်လို့ ရတာ ဆိုတာ ဉာဏ်ထဲမှာ ရှင်းလင်းသွားပါပြီလား။ ကိုယ်လုပ်မှ ကိုယ်ရမှာ ဘာမှ ချေးထူ မနေနဲ့။ ချေးထူတာသည် ဒကာဒကာမတို့ သိတဲ့အတိုင်းတဲ့ ကိုယ့်သံသရာ ကိုယ်ဆက်တာပဲ။ **"သံသရာ" ဆိုတာ ခန္ဓာ, အာယတန, ဓာတ်တို့၏ မပြတ်လည်ရာ "သံသရာ" ဆိုတော့ ခန္ဓာ, အာယတန, ဓာတ်တွေဟာ နိဗ္ဗာန်ချုန်လုပ် ကျန်တာ ဘာသစ္စာတုန်း (ဒုက္ခသစ္စာ)။ အဲဒါတွေ လည်းနေပါတယ်, လည်နေပါတယ် ဆိုထည်းက ဘာတွေ လည်ပတ်နေတာ၊ "ဒုက္ခသစ္စာ"လည်ပတ်နေတာသည် "သမုဒယ"မရှိဘဲနဲ့ ပတ်လို့ဖြစ်ပါ့ (မဖြစ်ပါ)။ ဒါဖြင့် "သမုဒယ"ကိုမှ မဖြတ်လို့ ရှိရင် "ဒုက္ခ"ချည်းဟာ လည်ပတ်နေမှာပေါ့။** ကဲ-အခု 'ဃာနဝိညာဏ်'လေးတစ်လုံး ဖြစ်ပျက်ရှုလိုက်တယ်။ ဖြစ်ပျက်ရှုလိုက်တဲ့အတွက် လည်းစေတတ်တဲ့ အကြောင်းတွေ ရှိသေးရဲ့လား (မရှိပါ)။ ဒါဖြင့် လည်းစရာအထည် ပေါ်သေးရဲ့ (မပေါ်ပါ)။ အဲဒီတော့ ဒီထဲမှာ ဃာနဝိညာဏ်လာလဲ အနိစ္စရှု၊ ဇိဝှါဝိညာဏ် ဆိုတဲ့-စားစိတ်လာလဲ ဘာလုပ်

ကြ (အနိစ္စရှု)။ ကာယဝိညာဏ် ဆိုတဲ့–စိတ်တွေ လာရင် (အနိစ္စရှု)။ ကဲ–မနောဝိညာဏ်တွေ လာပြီ (အနိစ္စရှု)။ မနောဝိညာဏ် ဆိုတော့ လောဘတွေ, ဒေါသတွေ, မောဟတွေပေါ့၊ ဒါတွေလာ ဘာ လုပ်ကြ (အနိစ္စရှု)။ အကုန်–ဖြစ်ပျက်ရှုလိုက်တော့ ဒီ–ရှုတဲ့လူသာ ဒီ–မဂ်ရတယ်၊ မရှုတဲ့လူ (မရပါ)။ ကဲ–ဒါဖြင့် ဒကာဒကာမတို့ နေရာကျပါပြီ၊ ကိုယ်လုပ်မှ ကိုယ်ရမယ် ဆိုတာ ဘုရားကလဲ **"ဓမ္မပဒ" မှာ လာတဲ့အတိုင်း မိမိ–တည်းဟူသော "မဂ္ဂင်" ယဉ်ကျေးမှု ရှိမှ မိမိ–အားကိုးရာ ရှိပါတယ်။** မိမိ–တည်းဟူသော မဂ္ဂင် မရှိရင် မိမိအားကိုးရာ မရှိပါဘူး၊ သံသရာလည်သွားမှာပဲ ဆိုတာ သေ ချာပြီလား။ အဲဒါကြောင့် ဟောဖို့, ပြောဖို့တာဝန်က ဘုရား–မရှိသည့်နောက် ဘုန်းကြီးများတို့၏ တပည့်သားတို့၏ တာဝန်ပေါ့၊ ကျင့်ဖို့တာဝန်ကတော့ သာဝကတွေ၏တာဝန် ဆိုတာကော ပေါ်ပြီ လား။ အဲဒီတော့ ဒီ–ဖြစ်ပျက်ဟာ ဘာသစ္စာ၊ "ဒုက္ခသစ္စာ"နော်။ "ဒုက္ခသစ္စာ"ကို "ဒုက္ခသစ္စာ"လို့ နောက်က ရှုပေးလိုက်တဲ့ အခါကျလို့ ရှိရင်ဖြင့် ဩော်…ဒုက္ခသစ္စာမြင်တဲ့–"မဂ်" မလာပေဘူးလား (လာပါတယ်)။

အဲ–ဒီမဂ်က အလိုလို ပေါ်သလားလို့ မေးတဲ့အခါကျတော့မှ ဒကာဒကာမတို့ မြတ်စွာဘုရား သခင် ကိုယ်တော်က **"အင်္ဂုတ္တိုရ်ပါဠိတော်"**များ ဟောထားတာ ရှိတယ်နော်။ အဲတော့ **ဒီ–တရား လေးကို "နိစ္စ"လို့များ ထင်နေလို့ ရှိရင် ဟောဒီ–"မဂ်" ဘယ်တော့မှ မပေါ်ဘူးတဲ့။** ဒီ– ပေါ်လာတဲ့ တရားလေး ဃာနဝိညာဏ်–စိတ်၊ ဇိဝှါဝိညာဏ်–စိတ်၊ ကာယဝိညာဏ်–စိတ်ကလေးကို ခိုင်တယ်, မြဲတယ် ထင်နေရင် ဘယ်တော့မှ မဂ် မပေါ်ဘူး။ ဒီမဂ် မပေါ်လို့ရှိရင် "အနုလောမဉာဏ်၊" "သစ္စာနုလောမိကဉာဏ်"တောင် မရဘူး။ "သစ္စာနုလောမိကဉာဏ်"မှ မရလို့ ရှိရင်ဖြင့် သောတာ ပတ္တိမဂ်ကော ရပ့်၊ သောတာပတ္တိမဂ်မှ မရဘဲနဲ့ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိ ဖိုလ်, အရဟတ္တဖိုလ် ဆိုတာတွေကော၊ မရနိုင်ဘူး ဆိုတော့ ဒါလေးကို တစ်ခါတည်း အနိစ္စဖြစ်သွား လို့ရှိရင်ဖြင့်တဲ့ "သစ္စာနုလောမိကဉာဏ်" အရင်လာရတာပဲ။ "သစ္စာနုလောမိကဉာဏ်"ဆိုတာ **"သစ္စာ နုလောမိကဉာဏံတိ ဝိပဿနာဉာဏံ၊"** သစ္စာနုလောမိကဉာဏံတိ–သစ္စာနဲ့ လျော်တဲ့ဉာဏ် ဟူ သည်ကား၊ ဝိပဿနာဉာဏံ–ဖြစ်ပျက်ကိုမြင်တဲ့ ဝိပဿနာဉာဏ်ပဲ။ **"သစ္စာနုလောမိကဉာဏ်"ဆိုတာ ဘာပါလိမ့်၊ "ဝိပဿနာဉာဏ်။"** ဒါလေး–လွယ်လွယ်အောက်မေ့ မနေနဲ့၊ ခင်ဗျားတို့ ရှုနေတဲ့ဉာဏ် ဟာ သစ္စာနဲ့ လျော်တဲ့ဉာဏ် ရပါပြီ။ ဖြစ်ပျက်က ဘာသစ္စာ (ဒုက္ခသစ္စာ)၊ သိတာက (မဂ္ဂသစ္စာ)၊ ဒါ–"ဒုက္ခသစ္စာ"ကို အလျော်သိတဲ့ဉာဏ် ခင်ဗျားတို့ မရဘူးလား။ အဲ–"သစ္စာနုလောမိကဉာဏ်" သာ ရမယ် ဆိုရင် နောက်–မဂ်ရဖို့ အနီးလေး ကျန်တော့တယ်။ အဲဒါကြောင့် **ဝိပဿနာဉာဏ်က– အနန္တရပစ္စယော၊ မဂ်ဉာဏ်က–အနန္တရပစ္စည်း၏ပစ္စယုပ္ပန် ဆိုတာ သေချာမှတ်ထား။** ဝိပဿနာ ဉာဏ်ပြီး ဘယ်ဉာဏ်လာမယ် (မဂ်ဉာဏ်လာပါမယ်)။ မဂ်ဉာဏ်လာပြီး ဖိုလ်ဉာဏ်လာမှာပဲ၊ ဖိုလ် ဉာဏ်လာပြီး ပစ္စဝေက္ခဏာဉာဏ်လာမယ် ဆိုတော့ ခင်ဗျားတို့ ဘာပူစရာ ရှိတော့။ ဒါကြောင့် ဘယ် စိတ် ပေါ်လာလာ ဘာလုပ်ကြ (ဖြစ်ပျက်ရှုရမယ်)။ ရှုလိုက်ရင် "သစ္စာနုလောမိကဉာဏ်" ရတယ် [ဝါ] ဝိပဿနာဉာဏ်–ရ။ သူ–နာမည်တစ်မျိုး ပေးလိုက်စမ်း၊ "သစ္စာနုလောမိကဉာဏ်"တဲ့ သစ္စာနဲ့

လျော်တဲ့ဉာဏ် ရပြီ။ သစ္စာသိရင် မဂ်ရတာကိုး။ သစ္စာနဲ့ လျော်တဲ့ဉာဏ် ရနေလို့ ရှိရင် ရှေ့နည်းနည်းသာ လိုတော့တယ် ဆိုတာကော ပေါ်ကြ။ ကိုင်း-ဒါဖြင့် ဖြစ်ပျက်ဟာ ဘာသစ္စာ (ဒုက္ခသစ္စာ)၊ သိတာက (မဂ္ဂသစ္စာ)၊ ကဲ-မလျော်ဘူးလား။ ဩော်..."ဒုက္ခသစ္စာ"ကို "ဒုက္ခသစ္စာ"လို့ လျော်စွာသိတယ်။ ခန္ဓာဆိုတာက တခြားမဟုတ်ပါဘူး၊ မြင်စိတ်လဲ ခန္ဓာပဲ၊ ကြားစိတ်လဲ ခန္ဓာပဲနော်၊ နံစိတ်တွေကော ခန္ဓာချည်းပဲ ဆိုတာ သေချာပြီလား။ ကိုင်း-ဒီခန္ဓာတွေဟာ ဘာသစ္စာတွေ (ဒုက္ခသစ္စာ)။ ဒါဖြင့် ဒုက္ခသစ္စာ-ဒုက္ခသစ္စာလို့ ရှုရှု ပေးပါနော်။ ဝိပဿနာမဂ်နဲ့ ရှုရှု၊ ရှုရှု ပေးလိုက်တော့ သစ္စာနဲ့ လျော်တဲ့ဉာဏ် ရပြီ။ ဒါက-သစ္စာ၊ ဒါက-လျော်တဲ့ဉာဏ်၊ ဟော-"သစ္စာနုလောမိကဉာဏ်"ရပြီ၊ "သစ္စာနုလောမိကဉာဏ်"ရတယ် ဆိုလို့ ရှိရင်ပဲ ဒကာဒကာမတွေ မပူပါနဲ့တော့တဲ့ မဂ်ဓမ္မလေး ရဖို့ မဝေးတော့ဘူး။ မဂ်ရတယ်ဆို သောတာပန်တည်ဖို့ကော၊ မဝေးတော့ဘူး ဆိုတော့ ဒီဉာဏ်ရဖို့ရာ ၁-နံပါတ် အရေးကြီး။ အဲတော့ ၁-နံပါတ်ကစ မလုပ်ဘဲနဲ့ ၂-နံပါတ်လဲ သွားပြီးသကာလ မလိုချင်နဲ့ ရမှာ မဟုတ်ဘူး၊ ၃-နံပါတ် လိုချင်လို့ကော (မရပါ)။ လုပ်ယူရမယ့်ပစ္စည်း တောင်း-မယူနဲ့လို့ ဆိုတာလဲ ဆရာဘုန်းကြီးက သတိပေးပြန်တယ်။ ဒီက-ဖြစ်ပျက်မြင်မှ ဖြစ်ပျက်က ဘာသစ္စာ (ဒုက္ခသစ္စာ)၊ မြင်တဲ့ဉာဏ်က မဂ်ဉာဏ်ဆိုတော့ **"သစ္စာနုလောမိကဉာဏ်"လို့ကော ယနေ့-မပြောဘူးလား။** သူက-သစ္စာ၊ သူက-သစ္စာနဲ့ လျော်အောင်သိတဲ့ဉာဏ်၊ "သစ္စာနဲ့ လျော်အောင်သိတဲ့ဉာဏ်" ခင်ဗျားတို့ ရထားပြီတဲ့ အဲတော့ ဒီဥစ္စာ ဒီတိုင်း ရတာလား၊ ဒီ-ပေါ်လာတာကို ဂရုစိုက်လိုက်လို့ ရတာလား။ အဲတော့ ဂရု မစိုက်တဲ့ပုဂ္ဂိုလ်၊ သတိထား၊ ဝိရိယစိုက်၊ ပညာနဲ့ မရှုတဲ့ပုဂ္ဂိုလ် ဘယ်ကတာ-ရ၊ ရနိုင်ပ့် (မရနိုင်တော့ပါ)။ ထိုကဲ့သို့ မရလို့ ရှိရင် ခုနက သူနောက်ကမှ လာရမယ့်-သောတာပတ္တိမဂ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်တွေ လာနိုင်ပ့်မလား (မလာနိုင်တော့ပါ)။ ဒါဖြင့် သတိထား၊ ဝိရိယစိုက်၊ ပညာနဲ့-ရှု ပေါ်တိုင်း၊ ပေါ်တိုင်း။ အခု-သစ္စာ၊ လျော်တဲ့ဉာဏ် ဒါ-ကျေနပ်ပြီလား။ ဖြစ်ပျက်က ဘာသစ္စာ (ဒုက္ခသစ္စာ)၊ "ဒုက္ခသစ္စာ"လို့ သိတဲ့ဉာဏ်က သစ္စာကို သစ္စာလို့ လျော်သိတဲ့ဉာဏ်ဟာ အင်မတန် နေရာကျတဲ့ဉာဏ်၊ အရင်တုန်းကတော့ သစ္စာကို ငါထင်နေတာ၊ ငါနံတယ်၊ ငါစားတယ် ဆိုပြီး ထင်နေကြတာ၊ သစ္စာ-သစ္စာရယ်လို့ သိရဲ့လား (မသိပါ)။ အဲတော့ "သစ္စာနုလောမိကဉာဏ်"မှ မရဘဲနဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရချင်လို့ ဖြစ်ပ့်မလား၊ ဘယ်နည်းနဲ့မှ မဖြစ်ဘူး ဆိုတာ သေချာပြီလား။

**"ရှင်အနုရာဓ"** ဇာတ်ကိုပဲ ပြန်ပြီး သွားရလိမ့်မယ်နော်။ 'အနုရာဓ'က မနေ့က ဘုရားဆီ သွားပြီးသကာလ တိတ္ထိတွေက ရှေ့တက် မေးလို့ ရှိရင်ဖြင့် သူ-ဘယ်လိုဖြေရပ့်မတုန်း ဆိုတော့ သူမှာ ဘာရှိနေတယ်လို့ ဘုန်းကြီးက ဟောခဲ့တုန်း၊ **"ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ"** ရှိနေတယ်လို့ ဘုရားက ဟောလိုက်တယ်နော်။ သူယူထားတာကိုးက မှားနေတယ်။ အဲဒါ-သူဟာသူ မသိဘူးတဲ့ 'အနုရာဓ'က။ သတ္တဝါပဲ ရှိသေးသလား ဆိုတော့ 'ဝိစိကိစ္ဆာ'မဟုတ်ဘူးလား၊ ရှိသေးသလားလို့ ကိုယ့်စိတ်ထဲမှာ နှစ်ခွဖြစ်နေတာ ဘာခေါ်ကြ (ဝိစိကိစ္ဆာ)၊ သတ္တဝါသေလို့ ရှိရင် နိဗ္ဗာန်သွားတယ်လားလို့ ထင်ပြန်လို့ ရှိရင်လဲ သတ္တဝါဟူသော အယူက-'ဒိဋ္ဌိ၊' သွားလေသလား ဆိုတာက-'ဝိစိကိစ္ဆာ၊' ဒီတိုင်း မနေ

ဘူးလား။ သေသေချာချာ 'အနုရာဓ'မှတ်ကွာ မင်းကိုယ်တိုင် မဟာန်သေးဘူး၊ ဘုရားက အပြစ်တင်လိုက်ပြီ။ **ခင်ဗျားတို့သန္တာန်မှာ သေသေချာချာ "ဒုက္ခ" ဖြစ်တာတွေကို သိစေချင်လို့ ဟောနေတာ။** အဲတော့ ဒီဥစ္စာက 'အနုရာဓ'တို့က နမူနာ ထားတာ။ ဘုရားက ပြောတာကိုလဲ နည်းယူတာ၊ ခင်ဗျားတို့သန္တာန် ဖြစ်စဉ်ကို သိပါ၊ ရှင်းပြီလား။ အဲတော့ ဒကာဒကာမတွေ **ဖြစ်ပျက် ဘာသစ္စာ (ဒုက္ခသစ္စာ)၊ ဩော်...ဖြစ်ပျက်ဟာ "ဒုက္ခသစ္စာ၊" ဖြစ်တာလဲ ဘာသစ္စာ (ဒုက္ခသစ္စာ)၊ ပျက်တာလဲ (ဒုက္ခသစ္စာ)။ ကဲ–တစ်ခါ ဒီတရားလေးကတော့ "ဒုက္ခသစ္စာ"ရှိပါစေတော့ ဖြစ်ပျက်ပြီး သွားပြီ၊ သူနောက်က "တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ"တွေက ပေါ်လာတော့ ဒါလေးတော့ ခင်ဗျားတို့က ဘယ်လိုဆိုကြပါ့ (ဒုက္ခသစ္စာ)၊ ဖြစ်တာလဲ (ဒုက္ခသစ္စာ)၊ ပျက်တာလဲ (ဒုက္ခသစ္စာ)။ "ဝေဒနာပစ္စယာ တဏှာ"လေးကျတော့ ဘယ့်နှယ်ဆိုကြပါ့၊ "ဒုက္ခသစ္စာ။" ဖြစ်တာလဲ (ဒုက္ခသစ္စာ)၊ ပျက်တာလဲ (ဒုက္ခသစ္စာ)။ "တဏှာပစ္စယာ ဥပါဒါန်"လေးကျတော့ ဘယ့်နှယ်ဆိုကြပါ့ (ဒုက္ခသစ္စာ)၊ ဖြစ်တာလဲ (ဒုက္ခသစ္စာ)၊ ပျက်တာလဲ (ဒုက္ခသစ္စာ)။ မင်း–ဘယ်တော့မှ ပုဂ္ဂိုလ်, သတ္တဝါ မရှိဘူး ဆိုတာ သေချာ–မှတ်။ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာ တန်းနေတာပဲ။** ခန္ဓာထဲမှာ ခင်ဗျားတို့ တန်းချင်တာသာ–တန်း၊ ဘယ်စိတ် တန်းတန်း၊ ဘယ်–'ပဋိစ္စသမုပ္ပါဒ်' လာလာ ဘာဖြစ်၍ ဘာပျက်တာ–ရှိ၊ အဲ–ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ ရှိတော့ သတ္တဝါသေရင် ဖြစ်သေးသလား ဆိုတာဟာ ဘာမှ ပြောစရာ မလိုတော့။ ဘာကြောင့်တုန်း ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ ရှိနေတယ်၊ သတ္တဝါကို မပါဘူး။ **ခင်ဗျားတို့သန္တာန် မြင်စိတ်ဖြစ်လဲ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ၊ မြင်ပြီး လိုချင်တဲ့စိတ်ဖြစ်ရင်ကော (ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ)။ လိုချင်ပြီး စွဲလမ်းတဲ့စိတ်ဖြစ်ရင်ကော (ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ)။ စွဲလမ်းပြီး အားထုတ်တဲ့စိတ်ဖြစ်ရင်ကော (ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ)။ ဒါပဲ ရှိတာပဲ၊ နောက်–အနာဂတ်ဘဝမှာ သံသရာ–မဆုံးသေးလို့ ဇာတိလာပြန်တော့လဲ ဘာတုန်း (ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ)။ ဇရာလာပြန်တော့ကော (ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ)။ မရဏလာပြန်တော့ (ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ)။ ဒါဖြင့် ခင်ဗျားတို့ဟာ ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာပဲ ရှိတယ်လို့ ခင်ဗျားတို့ဉာဏ်ထဲမှာ ဒီလို–"သစ္စာနုလောမိကဉာဏ်"ရရင် မဂ်ရတော့မယ်–မှတ်။ ဒါဖြင့် ယနေ့–တရားမှာ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ဘာပဲ ပေါ်ပေါ်၊ "ဒုက္ခသစ္စာ" ပေါ်၍ "ဒုက္ခသစ္စာ" ချုပ်တာပဲ–ရှိ။** 'အနုရာဓ' ဒီတိုင်းဟောပါတယ်နော်။ ခင်ဗျားတို့ ဒကာဒကာမတို့ ဘုန်းကြီးပြောနေရတာ၊ ဟောမဖြစ်လို့ ပြောနေရတာ၊ "သမုတိသစ္စာ"နယ်ကမှ မဟောလို့ ရှိရင်လဲ "ပရမတ္ထသစ္စာ" မပေါ်လို့ ဟောနေရတယ် ဆိုတာလဲ သေချာမှတ်ပါ။ တကယ် ပေါ်နေတာကတော့ ဘယ်တရားတွေ ပေါ်နေတယ် ဆိုတာ ရိုပ်မိကြ၊ ဘာတွေ ပေါ်နေ၊ ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာပဲ ရှိတယ်နော်။ စင်စစ်အားဖြင့်တော့ ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာမှတစ်ပါး ဘာရှိသေး (ဘာမှမရှိ)။ ဒါဖြင့် ဒကာဒကာမတို့ ခန္ဓာကိုယ်ထဲမှာ ခင်ဗျားတို့သန္တာန် စိတ်ပေါင်း ၄၅–ရှိတယ်လို့ ပြောထားတယ်။ ဒွိဟိတ်ဖြစ်ခဲ့ ၃၇–လို့ ပြောထားတော့ အဲဒီတရားတွေဟာ ခင်ဗျားတို့ လာတိုင်း, လာတိုင်း ဒုက္ခဖြစ်၍ ဒုက္ခပျက်တဲ့ တရားပဲလို့ ရှုရှုပေး။ ဒုက္ခဖြစ်၍ အဲ–ဒုက္ခပျက်တာပဲလို့ ခင်ဗျားတို့

က ဒီကနေပြီး မဂ္ဂင်နဲ့သာ ရှုရှုပေးဆိုတော့ "သစ္စာနုလောမိကဉာဏ်။" ဒါက–သစ္စာ၊ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာက–'သစ္စာ၊' အဲဒီဟာ လျော်အောင်သိတာက–'အနုလောမိကဉာဏ်၊' ဒါက –'သစ္စာ၊' ဒီက–'အနုလောမိကဉာဏ်၊' ဒါကြောင့် ပေါင်းလိုက်တော့ "သစ္စာနုလောမိက ဉာဏ်။" ဒါဖြင့် ဒကာဒကာမတို့ မသာလှချင် ဘာလုပ်ရမယ်၊ "သစ္စာနုလောမိကဉာဏ်" ဖြစ်အောင် လုပ်ရ။ "သစ္စာနုလောမိကဉာဏ်" ပြီးလို့ ရှိရင်ဖြင့် ဒီဟာတွေ ဖြစ်ပျက်ကို မြင်တာက–"သစ္စာနု လောမိကဉာဏ်"နော်။ ဖြစ်ပျက်ကို မုန်းလာတာတွေလဲ "သစ္စာနုလောမိကဉာဏ်"တွေပဲ၊ ၎င်း– ဖြစ်ပျက်ကို **ဖြစ်–ဒုက္ခ, ပျက်–ဒုက္ခမှတစ်ပါး ဘာမှ မရှိဘူးလို့ ဆုံးဖြတ်ချက် ချနိုင်လို့ ရှိရင်ဖြင့် "မဂ်ဉာဏ်" ပေါ်လာတာ။** ဖြစ်–ဒုက္ခ၊ ပျက်–ဒုက္ခမှတစ်ပါး ဘာမှ မရှိတော့ဘူးဆို လို့ ရှိရင်ဖြင့် ဒါ–ချုပ်မသွားပေဘူးလား။ ချုပ်သွားရင် ဒီနေရာမှာ "ဒုက္ခသစ္စာ" ချုပ်သွားတော့ကို **"နိရောဓသစ္စာ"ပေါ်တယ်။** ဪ...ဒုက္ခနိရောဓ ဘယ့်နှယ်ဆိုကြ (နိဗ္ဗာန်)။ အဲဒီကျတော့ ဒီက– မဂ္ဂင်ရှစ်ပါး သွားဖြစ်။ ဒီက–ဒုက္ခသာ ချုပ်သွားအောင် ရှုလိုက်၊ နောက်က–မဂ္ဂင် ဘယ်နှစ်ပါးဖြစ် လာ (ရှစ်ပါး)။ အရင်တုန်းက "သစ္စာနုလောမိကဉာဏ်"တုန်းက–ငါးပါး၊ နောက်ကျတော့ တစ် ခါတည်း "ဒုက္ခ" အစစ်တွေပဲလို့ ဆုံးဖြတ်ချက် ချပြီးသကာလ မလိုချင်တဲ့ဉာဏ် ပေါ်လဲ ပေါ်ပါရော ရှေ့က–ရှုစရာ ဒုက္ခတွေ တစ်ခါတည်း–ချုပ်၊ အဲဒီကျတော့ ချုပ်တာက–**"နိရောဓသစ္စာ၊"** နောက်က **မဂ္ဂင်ရှစ်ပါးက (မဂ္ဂသစ္စာ)**။ မဂ်ပြီး ဖိုလ်လာမှာပဲ ဆုတောင်းရတာ ဟုတ်ကဲ့လား။ ဘယ်–မဂ်, ဖိုလ်လာတာ "အကာလိကော။" "အကာလိကော"ဆိုတော့ ဟောဒီ–မဂ်ရှစ်ပါးလဲ ပေါ်ပြီးရော ဒီ– သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊ ဖိုလ်စိတ်တွေ ပေါ်လာတယ်ဆိုတာ ရိပ်မိပြီလား။ ဒါဖြင့် **မဂ်က–အနန္တရ ပစ္စည်း၊ ဖိုလ်က–အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်လို့ "ပဋ္ဌာန်းပါဠိတော်"** အများကြီး လာပြီးသကာလ နေတဲ့အတွက် တို့–မဂ်ရတဲ့ ပုဂ္ဂိုလ်ဟာ ဖိုလ်ရအောင် ဆုတောင်းဖို့ လိုသေးလား (မလိုပါ)။ ဘာက ဆုတောင်းလို့မရဘူးလို့ ပြောသတုန်းမေးတော့မှ "အကာလိကော"သာ မှတ်လိုက်။ "အကာလိကော" ဘယ့်နှယ်ဆိုကြ၊ အခါမလင့် အကျိုးပေးတယ်ဆို ဟော–မဂ်ချုပ်ပြီး ဘာလာတုန်း၊ ဖိုလ်လာတယ် ဆိုတော့ သောတာပန်ပုဂ္ဂိုလ် မဖြစ်သေးဘူးလား။ ကဲ–တစ်ခါ အပါယ်လေးပါး တံခါးတွေကော ဘယ့်နှယ်တုန်း (ပိတ်တယ်)။ ငရဲအိုး သိမ်းလို့ ငရဲမီး ငြိမ်းတာတွေကော ခုနက ပြောခဲ့တဲ့ ဖ– ဌာနတွေကော ဖြစ်သေးရဲ့လား၊ အန္ဓ, အစ္ဆ, အဝဲတွေ ဖြစ်နိုင်သေးရဲ့လား (မဖြစ်နိုင်)။ အဲဒီတော့ နောက်ဘဝ လှချင်လဲ ဒါ–လုပ်ရမှာပဲ။ အသေ လှချင်လဲ၊ ဒါ–လုပ်ရမှာပဲဆိုတော့၊ ဟာ–မဂ်လေးတန် အစဉ်ရချင်ပါတယ်ဆို ဘဝတောင် မရှိဘူးလို့ ဆုံးဖြတ်ချက် ချပါ။ အဲဒီလို **"အနုရာဓ"ကို အရှင်ဘုရား ခိုင်း တယ်။ ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာ မင်း–သေချာ မှတ်ထားလို့ ရှုကွ၊ ဘုရားက ခိုင်းတာနော်။** ငါဘုရားသည်ကားလို့ ဆိုလို့ရှိရင် အစထည်းက မင်းကို ဒါ–ဟောလာတယ်၊ ဒုက္ခဖြစ်၍ ဒုက္ခချုပ် တာသာ မင်း–ရှုနေပါလို့ ဟောလိုက်တဲ့အတွက် ဒကာဒကာမတို့ သေသေချာချာ စဉ်းစားကြည့်လိုက် တော့ ဘုရားဟောတော်မူတာသည် ဘယ်တော့မှ ခန္ဓာကိုယ်ထဲမှာ သုခကြား မညှပ်ဘူး ဆိုတာလဲ မပေါ်လာဘူးလား။ **"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ"**ဆိုတာ ခန္ဓာငါးပါးရှိရင် ဘာတဲ့တုန်း၊


ဒုက္ခချည်းပဲ ဆိုတော့ ခင်ဗျားတို့က ကျုပ်က အိုဇာတာကောင်းတယ်လေး, ပျိုဇာတာကောင်းတယ်လေး ရှုပ်မနေစမ်းနဲ့၊ အိုဇာတာ, ပျိုဇာတာ ကျုပ်ဖို့ ဘယ်အခါမှ မကောင်းဘူး ဆိုတာ ဆုံးဖြတ်ချက်ချနိုင်ပြီလား။ ဘာဖြစ်၍ ဘာပျက်တာသာ ခန္ဓာကိုယ်ထဲ ရှိတုန်း (ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာ ရှိတယ်)။ အဲဒီ–ဒုက္ခဖြစ်၍ ဒုက္ခပျက်တာ ခန္ဓာကိုယ်ထဲ ပေါ်တဲ့စိတ် ဟူသရွေ့ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာ ချည်း–ရှု။ ရှုပါများရင် ဘာဖြစ်မယ် ထင်တုန်း၊ မုန်းမယ်၊ မုန်းပါများလို့ ရှိရင် မလိုချင်တဲ့ဉာဏ် မလာပေဘူးလား၊ လာရင် ဆုံးမယ်။ ဆုံးသွားလို့ ရှိရင် ဘာဆုံးတာတုန်း မေးရင် ဒုက္ခဆုံးတာ။ ဒုက္ခဆုံးတာ ဘာခေါ်မယ် (နိဗ္ဗာန်)။ ဆုံးတာမြင်တဲ့ဉာဏ်–မဂ်ဉာဏ်,ဖိုလ်ဉာဏ် မဆိုနိုင်ဘူးလား။ အဲ–'အနုရာဓ' ဒီတိုင်း ဟောပါတယ် ဆိုတာ သေချာကြ။ ဒါဖြင့် သတ္တဝါသေရင် ဖြစ်သေးသလား ဆိုတာတွေ ပြောဖို့ လိုသေးလား၊ မလိုတော့ဘူး၊ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာ တစ်ကိုယ်လုံးမှာ ရှိတယ်လို့သာ ရှုနေပါ။ ။

**ဤတွင် ၁၉၆၁ခုနှစ် မန္တလေးမြို့ဟော "အနုရာဓသုတ်" ပြီး၏။**

♠♠♠♠♠♠♠♠

## ပဋိစ္စသမုပ္ပါဒ်တရား (၁၂)ပါး၊ ထင်ရှားပေါ်လွင်-မာတိကာ အစဉ်။

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။




အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်။ ဗြဟ္မာ, သိကြား၊ စသည်များက၊ ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့် လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မျှော်။

(လက်သဆောင်မှတ်) မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့် ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ် ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ် သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

၎င်းစက်ဝိုင်းတွင်ပါသော ဝေဒနာနိရောဓာ၊ တဏှာနိရောဓော ဟူသော ဖြတ်လမ်း၏ အလုပ်လုပ်စဉ်မှာ ဝေဒနာကို အနိစ္စမြင်လျှင် ဝိပဿနာမဂ် ဝင်လာသောကြောင့် ပဋိစ္စသမုပ္ပါဒ် ပြတ်ပါ၏။

ဝေဒနာနှင့် သဟဇာတဖြစ်သော သညာ, သင်္ခါရ, ဝိညာဏ်, ရုပ်, ဝိတက်, ဝိစာရ တို့ကိုလည်း ရှုနိုင်ကြပါ၏။ အားလုံးဖြတ်လမ်း ဖြစ်နိုင်ပါ၏။ ၎င်းရှုမှတ်နည်းမှာ "နိဒါနဝဂ္ဂသံယုတ်ပါဠိတော် သမ္မသနသုတ်"မှာ လာပါ၏။